# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ကတိသစ္စာမပြုရသေးသောတပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၄) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၃ |
| (၅) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၃ |
| (၆) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၆ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၈ |
| (၈) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၁၄ |
| (၉) | နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။ | ၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁၀) | ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၁၅ |
| | (က) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ | |
| | (၁) **“မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ | ၁၅ |
| | (၂) **“မဘိမ်းမြို့နယ်၊ ငါးအိုး- မဘိမ်းကားလမ်းမပေါ်ရှိ နမ့်ပုန်းပုန်းလယ်ပုတ်လယ်ကွင်းကို ဖြတ်၍ (၂၅)ပေ တံတားတစ်စင်းတိုးချဲ့တည်ဆောက်ပေးရန်အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၆ |
| | ( ခ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ | |
| | (၁) **“ရွာငံမြို့နယ်၊ တောင်ကြားကျေးရွာနှင့် ပိတုန်းကိုင်းကျေးရွာချင်းဆက်လမ်းပေါ်တွင် ဘေလီ(သို့မဟုတ်) သံကူ ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ | ၁၈ |
| | (၂) **“ရွာငံမြို့နယ်အတွင်းရှိ အင်းကြီးကျေးရွာမှ ပယ်ကင်းကျေးရွာ၊ ကျောက်တောကျေးရွာနှင့် သဖန်းပင်ကျေးရွာ ကျေးရွာချင်းဆက် လမ်း(၆)မိုင်ကို ကျောက်ချောလမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၉ |
| | ( ဂ) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏**“ညောင်ရွှေမြို့နယ်၊ တောင်ခြေမြင်းစခွန့်ကျေးရွာအုပ်စု၊ လွယ်ခေါ့ကျေးရွာနှင့် လုံကန်ကျေးရွာအုပ်စုရှိ အ.ထ.က(ခွဲ) ကျောင်း(၂)ကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာ/ ဆရာမများ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၂၂ |

(ဃ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်းနှင့် နန်းသီတာလမ်း၊ လမ်းလေးဆုံတွင် မီးပွိုင့်နှင့် လူကူးမျဉ်းကြားများထားရှိပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(၂) **"ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ပေါစံသီးရွာ အမှတ်(၃၇) အ.မ.ကကျောင်းအား အ.မ.က (မူလွန်) ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၅

(၃) **"ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေအင်းကျေးရွာရှိ အ.လ.က (ခွဲ)အား အ.လ.က ကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆

(င) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုင်းကိုင်မြို့နယ်၊ ဖောင်းမိန်းကျေးရွာရှိ ဖောင်းမိန်းဆည်အား ကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇

(၂) **"ရှမ်းပြည်နယ်အတွင်းရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို မြို့နယ်အဆင့်ပါမကျန် ရေရှည်၊ ပုံမှန်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၉

(စ) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏**"လင်းခေးမြို့နယ်တွင် ခရိုင်အဆင့်နှင့်အညီ အားကစားပွဲကြည့်စင်နှင့် အားကစားလေ့ကျင့်ရေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၁

(ဆ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လွိုင်လင်မြို့နယ်၊ ခေါင်းနွံ့ ကျေးရွာအုပ်စု၊ ကွန်လောင်း-ငါးမိုင်းကျေးရွာ (၂၄)နာရီ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၃

(၉) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်စာသင်ဆောင် အသစ်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄

(၁၀) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းဆတ်မြို့နယ်တွင် လိုအပ်နေသော ခရိုင်/ မြို့နယ်အားကစားမှူးများခန့်ထားပေးရန်၊ ခရိုင်အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံကြီးတို့ကို အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၆

(၁၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း။ ၃၈

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၆)ကြိမ်မြောက် အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ဆေးလိပ်ငွေ့ကင်းစင် မြို့တော်များ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၄၀

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၄

**(ခ) (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၅

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၆

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၄၆

(၄) အစည်းအဝေးမတက်ရောက်နိုင်သောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၄၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၄၈

(က) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်မှ ဆိုင်းလျှံဒေသသို့ ဆက်သွယ်ထားသော လမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၈

(၂) **“မိုင်းရှူးရတနာမြေ လုပ်ကွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ခွင့်”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၀

(ခ) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မဘိမ်းမြို့နယ်၊ အထက်ရမ်းဘိုရွာ မူလတန်းကျောင်းအတွက် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၅၄

(ဂ) ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်မဲမြို့နယ်၊ ကျွဲကုန်းကျေးရွာအုပ်စု၊ မွေ့တော်ကျေးရွာကားလမ်း တောင်ဘက်ခြမ်းရှိ နေအိမ်မြေကွက်များ ကျေးရွာမြေငှားဂရန် ရရှိနိုင်ရေး”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၆

(ဃ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးများ ကူးစက်ပြန့်ပွားခြင်း မရှိအောင်ကာကွယ်ခြင်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၈

(င) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“သိန္နီမြို့နယ်၊ စစ်ဆင်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနချုပ် အမှတ်(၁၆)ရှေ့ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပေပါပုံးများ တားဆီးထားခြင်းကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၉

(စ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၌ တိုင်းရင်းသားဘာသာစာပေသင် ဆရာ/ ဆရာမများ စာပေကျွမ်းကျင်မှု ရှိ/ မရှိ စစ်ဆေးပေးရန်နှင့် မြို့နယ်တိုင်းတွင် ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၁

(ဆ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန်မြို့နယ်ရှိ ရုပ်သံထပ်ဆင့် လွှင့်စက်ရုံ (၅)ရုံ (အဆောက်အဦ)အား ပညာရေး၊ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၆၄

(ဇ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပန်မြို့နယ်၊ ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော ဓာတ်မှန်ခန်း အဆောက်အဦအား ဆောက်လုပ်ပေးမည့် အစီအစဉ်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၇

(ဈ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ မဟာဗျူဟာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ချက်များကို မည်ကဲ့သို့ ဆောင်ရွက်ထားသည်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၆၉

(ည) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့နယ်၊ မိုင်းပတ်(အထက်) ကျေးရွာ အုပ်စု၊ ပုံခိတ် အ.မ.က မူလွန်ကျောင်းတွင် စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ**"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၇၃

(ဋ) ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်ဆောင် ကျေးရွာသွား ကိုယ်ထူကိုယ်ထလမ်းအား အဆင့်မြှင့် တင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၇၅

(၂) **"မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စုအတွင်းရှိ ဖဖေ ကျေးရွာ ကိုယ်ထူကိုယ်ထလမ်းအား အဆင့်မြှင့်တင် ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၆

(ဌ) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာအတွင်း ဆေးပေးခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ "**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၇၈

(၃) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းပျဉ်းမြို့နယ်၊ ပြည်သူ့ဆေးရုံ၊ လက်ရှိခွဲစိတ်ခန်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၈၀

(၆) ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၈၂

(၇) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၈၄

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၈၅

(ဂ) **(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၆

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၇

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာ ခြင်း။ ၈၇

(၄) အစည်းအဝေးမတက်ရောက်နိုင်သောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၇

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၈၉

(က) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“မိုင်းပန်- မုံးထ- မုံးထော်လမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်း မရှိသည့်ကိစ္စ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၈၉

(၂) **“မိုင်းပန်မြို့နယ်၊ ဝိုးလိုင်းကျေးရွာအုပ်စုရှိ တုံမောင်းရေလှောင်တမံအား တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၃

(ခ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“လွိုင်လင်မြို့နယ်အတွင်းရှိ ပန်အုံ- လုံအောင်- နောင်ယာဆိုင်းတောင်နောက်-ဟိုတင့် ပြည်ထောင်စုလမ်းမကြီးတွင် ကျန်ရှိသော မြေသားလမ်း (၃)မိုင်ခွဲခန့်ကို ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးမည့် အစီအစဉ်”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၅

(ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ရှမ်းပြည်နယ်အတွင်း ရောင်းချလျက်ရှိသော မော်တော်ယာဉ်သုံး ဓာတ်ဆီ၊ ဒီဇယ်ဆီများ သတ်မှတ်အရည်အသွေး၊ အချင်အတွယ်နှင့် ဈေးနှုန်းတို့ကို စစ်ဆေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၉၇

(၂) “**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်များအား ယုံကြည်စိတ်ချရသော စာတိုက်ဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(ဃ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေး အဆိုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ**”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၂

(၂) **“တောင်ကြီးမြို့အဝင် မြေပုံအနီးနှင့် အနောက်မြို့ပတ်လမ်းဆုံတွင် ငွေကြေးကောက်ခံနေခြင်းကို မည်သည့်ဌာနမှ ဆောင်ရွက်နေကြောင်း သိရှိလိုပါသည်”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၇

( င ) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ကွတ်ခိုင်မြို့နယ်၊ ပန်ကိုင်ကျေးရွာအုပ်စု၊ ပန်ကိုင်ကျေးရွာ ဟောင်း ပတ်ဝန်းကျင်ဒေသတွင် ရွှေနှင်းမှုန်ကုမ္ပဏီမှ ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း**”နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၀၉

( စ ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်းရှိ (၆)နှစ်အရွယ် မူကြိုကလေးငယ် များ၏ သွားပိုးစားရောဂါဖြစ်ပွားမှု ကျဆင်းလာစေရန်**” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၃

(ဆ) ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မိုင်းဖြတ်မြို့နယ်၊ နမ့်ယွန်းကျေးရွာအုပ်စု၊ နားအယ် ကျေးရွာရှိ လားဟူအက်ချီရှည် “ကွီ” လူမျိုးများအတွက် ကျေးလက်အိမ်ရာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ**” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၆

( ဇ ) ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“မဘိမ်း မြို့ရှိ အိမ်များအတွက် မြေငှားဂရန်ရရှိရေး ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၇

(ဈ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **“ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စု၊ ရွှေပုထိုး (မြောက်)ရွာရှိ အခြေခံ ပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၉

(၂) **“ရှမ်းပြည်နယ်အတွင်းရှိ မြို့များတွင် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၀

(ည) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“မိုးနဲမြို့နယ်အဝင် နမ့်ဟူးစိမ့်စမ်းရေထွက် ဧရိယာ အတွင်း ကျူးကျော်နေထိုင်ပြီး သဲဖြုန်းဖြည့်ခြင်း၊ ကျောက်ရိုးစီခြင်း၊ လူနေထိုင်ရန် ယာယီတဲအိမ် ဆောက်ခြင်း”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၁

(၂) **“မိုးနဲမြို့နယ်အတွင်းရှိ ရှေးဟောင်း အမွေအနှစ်များ၊ သဘာဝစိမ့်စမ်းရေထွက်များ၊ သယံဇာတများနှင့် ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၃

(၆) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအားတိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၂၉

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၃၅

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၄၁

## (ဃ) (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၄၂

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၄၃

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၄၃

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၄၃

(၅) ကြိုယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၄၆

**၄**

(က) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မိုးနဲမြို့နယ်၌ ဓာတ်လိုက်သေဆုံးသွားသော စိုင်းစိုး ပြည့်ဝင်း ကိစ္စနှင့် ပတ်သက်၍အမှုမှန်ပေါ်ပေါက်စေရေး ဖြေရှင်းဆောင်ရွက်ပေးရန်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၆

(၂) **"မိုးနဲမြို့နယ်အား ရှေးဟောင်းသမိုင်းဝင် မြို့အဖြစ် သတ်မှတ်ပေးခြင်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်သော မြို့အဖြစ် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/ မရှိ** "နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၀

( ခ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း အသက်(၈၀)နှစ်နှင့် အထက်သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေး၊ စားဝတ်နေရေး နှင့်လူအိုရုံများပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၅၄

( ဂ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မိုင်းခတ်မြို့နယ်၊ မိုင်းနွန်းကျေးရွာအုပ်စု၊ ပါကန် ကျေးရွာမှ ယန်းလုံကျေးရွာသစ်သားတံတားထိပ်ထိ မြေသားလမ်း(၂)ဖာလုံအား ကျောက်ခင်းလမ်းခင်းပေး ရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၇

(၂) **"မိုင်းခတ်မြို့နယ်၊ မိုင်းနွန်းကျေးရွာအုပ်စုရှိ နမ့်နွန်း ချောင်းကူးသစ်သားတံတားကိုကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန်အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၅၈

(ဃ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၏ **"ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစုများ၏ ရှေးရိုးရာထုံးတမ်းစဉ်လာအရ မြေအသုံးချမှု"** နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၆၀

( င) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) "**နမ့်ဆန်မြို့နယ်၊ လွယ်ရှန်စခန်းရှိ Micro Wave Radio El Card ကို အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၄

(၁) **“နမ့်ဆန်မြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု (၁၁)အုပ်စုတွင် ZTE ကုမ္ပဏီမှ တာဝါတိုင်တည် ဆောက်ပြီး လွှင့်ဖမ်းစက် တပ်ဆင်နိုင်ခြင်း မရှိသေး သည့်ကိစ္စ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၆

(စ) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုးနဲ မြို့နယ်၊ ကျိုင်းတောင်းမြို့တွင် တိဟုန်းချောင်းရေလွှဲ တံခါး တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၇၀

(ဆ) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ကွတ်ခိုင်မြို့နယ်၊ ဟိုမော- လော့ခွမ်ကျေးရွာအုပ်စု၊ လွယ်လွမ်ချောင်းစပ်မှ လော့ခွမ်ကျေးရွာ၊ ဟိုမော ကျေးရွာအထိ မြေသားလမ်းအား ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၁

(၂) **“ကွတ်ခိုင်မြို့နယ်၊ မန်နိမ်းအွန်ကျေးရွာအုပ်စုရှိ မိုင်းယု- လုံကမ်သွားလမ်းခွဲမှ မန်နိမ်းအွန်- ရှောက်ပန်ကုန်းသွား မြေသားလမ်းကို ကျောက်ချောလမ်းခင်းခြင်း၊ နမ့်ပန်း ချောင်းကူးတံတား၊ ရေလွှဲမြောင်းနှင့် တံတားများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၇၂

(ဇ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“မိုင်းရှူးမြို့နယ်၊ ရပ်ကွက်(၂)ရှိ ရွှေဟသ်ာဈေးကြီးနှင့် ရပ်ကွက်(၄)အတွင်းရှိ ဈေးသစ်ဈေးတို့အား စည်ပင် သာယာလှပရေး”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၄

(၂) **“မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်- လွိုင်ဆောင်ထောက် ရတနာမြေဒေသအား စည်ပင် သာယာရေး နယ်နိမိတ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၅

(ဈ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအတွင်းရှိ ပင်ဖြစ်-ဆတ်သေ(၆)မိုင်(၃)ဖာလုံလမ်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၈

(၂) **“ရပ်စောက်မြို့နယ်၊ မကျီးကုန်း ကျေးရွာအုပ်စု ကြာအင်း-မြောင်းတော်- ဝန်စိုလမ်းတွင် ကျန်ရှိသော (၅)မိုင်ကျော် ခန့်နှင့် ကံဆိုတံတားတည်ဆောက်ခြင်း လုပ်ငန်းတို့အား ဖြည့်စွက်ရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ”**နှင့်စပ် လျဉ်းသည့်မေးခွန်း။ ၁၇၉

(၆) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၁၈၁

(၇) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ရှမ်းပြည်နယ်လျှပ်စစ် ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၈၂

(၈) ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၁၈၅

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၈၉

**( င) (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၉၀

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၉၁

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကြေညာခြင်း။ ၁၉၁

(၄) အစည်းအဝေးမတက်ရောက်နိုင်သောပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့် ပန်ကြားခြင်း။ ၁၉၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၉၃

(က) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်း မြို့နယ်၊ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်မော်- ဝမ်ကန်ကျေးရွာချင်း ဆက် မြေသားလမ်းအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၃

(ခ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"သိန္နီ မြို့နယ်ရှိ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိသော ယာဉ်များ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၉၅

(ဂ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝမ်မိုင်- လွယ်ဆိုင် ကျေးရွာချင်းဆက် မြေသားလမ်း(၈)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၉၈

(ဃ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လွိုင်လင် မြို့နယ်၊ မိုင်းပွန် စံပြကျေးရွာ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုပါသည်"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၀

(င) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"နမ့်စန် လေယာဉ်ကွင်းမှတစ်ဆင့် မြို့ပြလေကြောင်းလိုင်း လေယာဉ်ဖြင့် အချိန်မီသွားလာနိုင်ရေး"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၂

(စ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော်အင်္ဂါစဉ်(Protocol) ထုတ် ပြန်ထားသော်လည်း ပြည်နယ်အဆင့်အင်္ဂါစဉ် (Protocol)"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၆

(ဆ) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ရှိ မင်္ဂလာကန်တော် တိမ်ကောခြင်းမှ ကာကွယ်ရန် အတွက် ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ/ မရှိ "**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၂၁၁

(ဓ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတုံမြို့နယ်၊မိုင်းပတ်(အထက်)ကျေးရွာအုပ်စုရှိ ပုံခိတ်-ပုံတီ-ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၁၃

(ဈ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ကြီးမြို့အဝင်ရှိ Eastern Park ကလေးကစားကွင်း မြေနေရာသည် မည်သည့်ဌာနမှ စီမံခန့်ခွဲခြင်း ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၁၅

(ည) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟိုင်းနန်းကျေးရွာအုပ်စုရှိ နမ့်လိုင်ကိုက်ချောင်းပေါ်တွင် တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ "**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၈

(ဋ) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးနဲမြို့နယ်၊ နမ့်မော်ဆွန် ကျေးရွာအုပ်စုရှိ မောင်ခိုင်မောင်နိုင် ဘုရားရှေ့ ရေထွက်ပေါက် (၃)ပေါက်မြေနေရာနှင့် နောင်ကျော့ အင်း မြေနေရာများပေါ်တွင် သက်ဆိုင်ရာများက နေအိမ်များ တည်ဆောက်ခွင့်ပေးလာခြင်း**"နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၀

(ဌ) ဦးအေးမောင်၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"နမ့်ခမ်းမြို့နယ်၊ မန်လုံကျေးရွာအုပ်စု၊ မန်လုံကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်ထားသော ကျောက်လမ်းအား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ**"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၃

(ဍ) ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာအတွက် စိမ့်စမ်းရေသွယ်ယူပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၅

(ဎ) ဦးဒါဝိဒ်၊မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"မိုင်းဆတ်-တာချီလိတ်ဆက်သွယ်သည့်(၆၄)မိုင် ကျောက်ခင်းလမ်းအား ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ် လမ်းအဖြစ် ပြုပြင်ပေးရန် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၇

(ဏ) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ္မတူ မြို့နယ်ရှိ မုံးရင်ရေလှောင်မြေသားတမံသည် မိုးရွာသွန်းမှု ကြောင့် ပျက်စီးသွားသဖြင့် သင့်လျော်သော ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၃၆

(၆) တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရေးရာကော်မတီ ဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၂၄၀

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၏ ခရိုင်/ မြို့နယ်ရုံးများ တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၄၂

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၂၅၂

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ပြီးစီးကြောင်း နှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၂၅၆

- ဆုံးဖြတ်ချက်များ ၂၅၇

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (ပထမနေ့)မှတ်တမ်း

## ၁၃၈၀ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်

## ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

## [ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေး ထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

ကျွန်ုပ်သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက် ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အားလုံးထိုင်နိုင်ပါပြီ။ ယခုကတိသစ္စာပြုပြီးတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာသို့ ပြန်လည်နေရာယူရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး အစည်းအဝေးနားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း(၁၄၁)ဦးရှိသည့် အနက်

ဒီကနေ့ အစည်းအဝေးကို (၁၂၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆.၅၂%)ရှိပြီး တက်ရောက် တဲ့ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၂-၁၂-၂၀၁၈ ရက်နေ့ (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၃) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၄) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၅)ရက်။

(၅) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၆) ဦးကျကဖော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၇) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၈) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၉) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၅)ရက်။

(၁၀) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၅)ရက်။

(၁၁) ဦးကိန်မိုင်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၁၂) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၅)ရက်။

(၁၃) ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

(၁၄) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၁၅) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁) ရက်။

(၁၆) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁) ရက်။

(၁၇) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၅)ရက်။

(၁၈) ဗိုလ်မှူးဆန်းလင်းကြည်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၁၉) ဗိုလ်ကြီးကျော်သူဝင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၅)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆) ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြီးမှာ ပြန်လည်တွေ့ဆုံကြတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မိမိတို့ရဲ့ လွှတ်တော် ကိုယ်စားလှယ်တာဝန်၊ ရေးရာကော်မတီတာဝန်နှင့် သီးခြားပေးအပ်ထားသော တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျ ရွက်ဆောင်နိုင်ကြပြီး ပြည်သူတို့၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို အစဉ်ဖော်ဆောင်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံများမှာ လွှတ်တော်များသည် နိုင်ငံ၏ အသက်သွေးကြောများဖြစ်ကြောင်း ဖော်ညွှန်းထားတာကို သိရှိမှတ်သားမိပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားဆောင်ရွက်ရန် ဖြစ်သော်လည်း လုံးဝသီးခြားခွဲ၍ မရဘဲ၊ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုတော့ ရှိနေပါတယ်။ အပြန်အလှန်ထိန်းကျောင်းသော်လည်း တစ်ဆက်တည်းရှိနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မိမိတို့ ရှမ်းပြည်နယ်လွှတ်တော်မှာ အုပ်ချုပ်ရေးတာဝန်ယူထားတဲ့ အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သလို ပြည်နယ်လွှတ်တော် အစည်းအဝေးတိုင်းမှာ တရားရေးမဏ္ဍိုင်မှ အဆင့်အမြင့်ဆုံး တာဝန်ယူထားတဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ကိုယ်တိုင်တက်ရောက်တဲ့အတွက် လွှတ်တော်အစည်းအဝေးမှာပင် မဏ္ဍိုင်(၃)ရပ်က အပြန်အလှန်ထိန်းညှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိသာထင်ရှားပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် သာမန်အားဖြင့် (၄)ကြိမ် ကျင်းပပြုလုပ်ရန် လျာထားပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအတွက် ၂၀၁၆ ခုနှစ်မှာ ပုံမှန်အစည်းအဝေး(၃)ကြိမ်နဲ့ အရေးပေါ် အစည်းအဝေး(၁)ကြိမ်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်မှာ ပုံမှန်အစည်းအဝေး (၅)ကြိမ်နဲ့ အရေးပေါ်အစည်းအဝေး (၁)ကြိမ်ကိုလည်းကောင်း၊ ယခု ၂၀၁၈ ခုနှစ်မှာ ဒီပုံမှန်အစည်းအဝေးအပါအဝင် ပုံမှန်အစည်းအဝေး (၄)ကြိမ်နဲ့ အရေးပေါ်အစည်းအဝေး (၁)ကြိမ်ကိုလည်းကောင်း ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးအပိုင်းမှာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အချို့တို့က မိမိတို့ရဲ့ လေ့လာအားနဲ့ ဥပဒေကြမ်းများကို ရေးဆွဲပြီး လွှတ်တော်ကို တင်သွင်းခဲ့တာရှိပါတယ်။ သို့သော်လည်းဘဲ ယခုအစည်းအဝေးကာလအထိ ယင်းဥပဒေကြမ်းများနဲ့ စပ်လျဉ်းပြီး လွှတ်တော်မှာ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း မဆောင်ရွက်နိုင်သေးတာကို တွေ့ရှိရပါတယ်။ ယခုအစည်းအဝေးမှာလည်းပဲ လွှတ်တော် ကိုယ်စားလှယ်ရေးဆွဲထားတဲ့ ဥပဒေကြမ်း(၂)ခု ရှိပါတယ်။ ဒါကို သက်ဆိုင်ရာနဲ့ ရေးဆွဲ ထားတဲ့ ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များက အပတ်တကုတ်ကြိုးစားပြီး ရေးဆွဲတင်သွင်းသော ဥပဒေကြမ်းများကို အတည်ပြုပြဋ္ဌာန်းနိုင် ရေးအတွက် ရှမ်းပြည်နယ်အစိုးရနှင့် ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက အပြုသဘောဆောင်သည့် အကူအညီမျိုးကို အချိန်နှင့်တစ်ပြေးညီ ပေးစေလိုပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဥပဒေကြမ်းရေးဆွဲရာမှာ ရေးထုံးများ၊ လိုအပ် သော အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစေရေးအတွက် အကူအညီလိုအပ်ပါက ဥပဒေပညာရှင် များဖြင့် ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အကူအညီတောင်းခံကြရန် အကြံပြုလိုပါတယ်။ ရှမ်းပြည်နယ်ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့ဆိုတာ ရှမ်းပြည်နယ်တရားလွှတ်တော်၏ အစီအမံနှင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ဖွဲ့စည်းတဲ့ အဖွဲ့ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးမှာ ဆောင်ရွက်ရန် အဆို(၁)ခုနဲ့ လွှတ်တော်ကိုယ်စားလှယ်(၃၀)ဦးက ကြယ် ပွင့်ပြမေးခွန်း စုစုပေါင်း(၇၉)ခု ပေးပို့ထားတာ ရှိပါတယ်။ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းဆိုင်ရာ နည်းဥပဒေ ၁၀၅ နည်းဥပဒေခွဲ(င)မှာဆိုလို့ရှိရင် လွှတ်တော် ကိုယ်စားလှယ်(၁)ဦးသည် လွှတ်တော်အစည်းအဝေးတစ်ရပ်အတွင်း ကြယ်ပွင့်ပြမေးခွန်း (၁၀)ခုထက်ပို၍ မေးမြန်းခြင်းမပြုရန် ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းခြင်းဆိုင်ရာ စည်း

ကမ်းချက်များနှင့် ပတ်သက်၍ နည်းဥပဒေ ၁၀၂၊ နည်းဥပဒေခွဲ(ခ)မှာ မေးခွန်းတစ်ရပ်သည် အကြောင်းကိစ္စတစ်စုံတစ်ခုကို သိလို၍ စုံစမ်းမေးမြန်းသော အချက်သာပါရှိရမည်ဆိုသည့် အချက်ကိုလည်း လိုက်နာဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ မေးခွန်းအချို့ဆိုရင် မေးခွန်းတစ်ခုတည်းမှာပင် မေးခွန်းနှင့် သက်ဆိုင်သည့် ခေါင်းစဉ်အပြင် နေရာဒေသ အများအပြားအတွက် လမ်း၊ တံတားကိစ္စ၊ ပညာရေး၊ ကျန်းမာရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ရေနှင့် လျှပ်စစ်မီးကိစ္စ၊ ဆက်သွယ်ရေးကိစ္စ စသည့်ကဏ္ဍစုံ မေးမြန်းထားတာကို စိစစ် တွေ့ရှိရပါတယ်။ ဖြစ်သင့်တာကတော့ မိမိသိလိုသော အကြောင်းကိစ္စတစ်ခုအတွက် မေးခွန်းတစ်ခုအဖြစ် သတ်သတ်မှတ်မှတ် မေးမြန်းစေလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းနဲ့ အဆိုများဟာ ကတိကဝတ် ဖြစ်ပေါ်စေပါတယ်။ ဒါတွေကို ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် စိစစ်ရေးကော်မတီက စိစစ်မှတ်တမ်း တင်ထားရှိပြီး အစိုးရအဖွဲ့နဲ့ ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ တင်ပြဆောင်ရွက်ခဲ့တာ ရှိပါတယ်။ အစိုးရအဖွဲ့နဲ့ လွှတ်တော်ရဲ့ ညှိနှိုင်းဆောင်ရွက်ချက်များဟာ ခေါက်ရိုးကျိုးနေတဲ့ Top down ဆိုတဲ့ Centralization ကို အတတ်နိုင်ဆုံး ဖြေလျှော့သော နည်းလမ်းများဖြင့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတို့ရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းရင်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ ပြည်သူတို့နဲ့ တည်ဆောက်ထားတဲ့ ဒီမိုကရေစီယန္တရားကြီး မယိမ်းမယိုင်စေဘဲ တိုးတက်ခိုင်မာအောင် ထိန်းသိမ်းကာကွယ်ဖို့လည်း အထူးလိုအပ်လှပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်တာကြောင့် အားလုံး လိုလားတောင့်တနေကြသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှခွင့်ရှိသော ဖက်ဒရယ် ပြည်ထောင်စုစနစ်ပေါ်ထွန်းရေးအတွက်လည်းဝိုင်းဝန်းကူညီကြပါစို့ ပြောကြားရင်း နိဂုံးချုပ် ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာ ကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဒေသအသီးသီးမှ

လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တက်ရောက်လေ့လာကြသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းရင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပါ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့်အညီ တာဝန်များကို အားကြိုးမာန်တက် ထမ်းဆောင်နေကြတဲ့အတွက် အထူးဝမ်း မြောက်မိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေး၊ စောင့်ကြည့်ရေး၊ ထိန်းကျောင်းရေးတို့နှင့် ပတ်သက်ပြီး ပြည်နယ်အဆင့် ပြဋ္ဌာန်းခွင့်ရှိတဲ့ ဥပဒေများ တင်သွင်းဆောင်ရွက်လျက် ရှိသကဲ့သို့ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ဖြင့် ထိန်းကျောင်းတည့်မတ်ဆောင်ရွက်နေကြတာလဲ ဝမ်းမြောက်ဖွယ်တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်ရုံးက ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာတဲ့ အခါဖြစ်စေ၊ သက်ဆိုင်ရာဌာနများက မူကြမ်းရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြလာသည့် အခါဖြစ်စေ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပတ်သက်ဆက်စပ်နေသည့် ဌာနဆိုင်ရာများဖြင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးစိစစ်ပြီး ပြည်နယ်ဥပဒေချုပ်၏ သဘောထားရယူလျက် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြ အတည်ပြုချက်ရယူပြီး ဥပဒေမူကြမ်းအား လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေမူကြမ်းများအား စိစစ်ရာ၌ ပြည်ထောင်စုကပြဋ္ဌာန်းထားသည့် ဆက်စပ်နေသော ဥပဒေများကို ကျော်လွန်ကွဲလွဲမှုမရှိစေရေးအတွက် အကြိမ်ကြိမ်စိစစ်နေရပြီး ကြန့်ကြာမှုများရှိပါက နားလည်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရှမ်းပြည်နယ် အစိုးရအဖွဲ့အား ပြည်နယ်ဝန်ကြီးဌာန (၉) ခု ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းသည် ၂၇-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဝန်ကြီး ဦးဆွေသိန်း၏ တာဝန်များကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဦးစိုင်းရဲနိတ်လုံက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၏ တာဝန်များကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဖြစ်သူ ဦးစိုးညွန့်လွင်က ပူးတွဲတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဝန်ကြီးဌာန (၉) ခု အစား ဝန်ကြီးဌာန (၈)ခုကို ပြင်ဆင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြထားပါတယ်။ အဲဒီလိုတင်ပြရတာကလည်း လုပ်ငန်းချင်းဆက်စပ်ဆောင်ရွက်နေရသည့် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနကို ပူးပေါင်းပြီး ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ဝန်ကြီးဌာနတစ်ခုတည်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို တင်ပြထားပါတယ်။ ထိုကဲ့သို့ လုပ်ငန်းသဘောတူဆက်စပ်နေသည့် ဝန်ကြီးဌာန (၂)ခုကို တစ်ခုတည်း ပေါင်းစည်းဖွဲ့စည်းနိုင်ခြင်းအားဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဆက်သွယ် ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့ပြီး ပြည်နယ်အတွင်း စီမံကိန်းများကိုလည်း ပိုမိုထိရောက်အောင် လျာထားဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသအတွင်း လိုအပ်ချက်များကို မေးခွန်းမေးမြန်းပြီး ဆောင်ရွက်ပေးနိုင်ရန် တင်ပြချက်များကို တွေ့ရှိရပါတယ်။ ယခုအခါ အစိုးရအဖွဲ့အနေဖြင့် စီမံအုပ်ချုပ်ရာ၌ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး မိန့်ကြားသွားသကဲ့သို့ပါပဲ။ Top Down စနစ်ဖြင့် စီမံအုပ်ချုပ်နေခြင်းမဟုတ်ဘဲ Bottom Up စနစ်ဖြင့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့မှသာ ဒေသတွင်းလိုအပ်ချက်များကို အောက်ခြေက အလေးထားတင်ပြခြင်းဖြင့် မိမိဒေသတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့ဒေသအတွင်း အကောင်အထည်ဖော်လိုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်စီမံကိန်းရေးဆွဲစဉ်ကပင် ထည့်သွင်းရေးဆွဲပါက ပြည်နယ်စီမံကိန်းလုပ်ငန်းများရေးဆွဲသည့်အခါတွင် ဦးစားပေးထည့်သွင်းရေးဆွဲရာ၌ ပိုမိုအဆင်ပြေ လွယ်ကူနိုင်ပါကြောင်းကိုလည်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စတင်တာဝန် ထမ်းဆောင်ခဲ့သည့် (၃)နှစ်ကျော်ကာလအတွင်း ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်များကိုလည်း တင်ပြလိုပါတယ်။

အခွင့်ကြုံတုန်း မိမိအနေဖြင့် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်းနဲ့ အခွန်ကောက်ဆိုင်ရာကိစ္စရပ်များအပေါ် မှတ်သားမိသမျှကိုလည်း အနည်းငယ် တင်ပြလိုပါတယ်။ ရသုံးမှန်းခြေငွေ စာရင်းဆိုတာ တစ်မျိုးသားလုံး၏ စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေ စုစုပေါင်းမည်မျှရတယ်။ ယင်းငွေများကို မည်သည့်ကဏ္ဍမှာ မည်ကဲ့သို့

သုံးစွဲမည်၊ မည်ကဲ့သို့ ရင်းနှီးမြှုပ်နှံမည်စသဖြင့် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့် စာရင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဖြစ်ပေါ်သည့် ငွေကြေး ကိစ္စများကို ကြိုတင်ခန့်မှန်း၍ ရည်မှန်းချက် ချမှတ်ထားသည့် နှစ်စဉ်ဘဏ္ဍာရေးစာရင်း တစ်ခုဖြစ်သလို ငွေ သို့မဟုတ် ငွေနှင့် အလားသဏ္ဍာန်တူ တန်ဖိုးရှိသော ကိစ္စရပ်များအား ဘဏ္ဍာရေး သဘောထားနှင့်အညီ ရှေ့လာမည့်နှစ်တွင် ရရန်၊ ပေးရန်တို့ကို ကြိုတင်ခန့်မှန်း ရေးဆွဲထားသည့် ဘဏ္ဍာရေးစီမံကိန်းဖြစ်သည်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိရန်နှင့် ငွေကြေးကို ထိရောက်စွာ စီမံကွပ်ကဲနိုင်ရန် စာရင်းပညာဆိုင်ရာ နည်းစနစ်တစ်ရပ် ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရှမ်းပြည်နယ်၏ မူလခန့်မှန်း ခြေစာရင်းအရရေးဆွဲပြီး ရငွေပိုင်းတွင် အခွန်အကောက် ရငွေ ကျပ် သန်းပေါင်း ၁,၄၂၇.၈၅၉ သန်း၊ အခြားသာမန် ရငွေ ကျပ် သန်းပေါင်း ၈,၅၁၉.၅၂၃ သန်းနှင့် အခွန်ဝေစု ကျပ် သန်းပေါင်း ၂,၁၄၈.၃၉၆ သန်း၊ စုစုပေါင်း သာမန်ရငွေ ကျပ် သန်းပေါင်း ၁၂,၀၉၅.၇၇၈ သန်းနှင့် အသုံးစရိတ်ပိုင်း သာမန်အသုံးစရိတ် ကျပ် သန်းပေါင်း ၄၆,၃၅၀.၄၉၃ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် သန်းပေါင်း ၇၁,၁၁၄.၆၀၃ သန်း၊ စုစုပေါင်း အသုံးစရိတ် ကျပ် သန်းပေါင်း ၁၁၇,၄၆၅.၀၉၆ သန်း လျာထားခဲ့ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ လိုငွေအတွက် ပြည်ထောင်စုမှထောက်ပံ့ငွေ ကျပ် သန်းပေါင်း ၁၀၅,၃၆၉.၃၁၈ သန်း လျာထား ရရှိခဲ့ပါတယ်။

၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်း ၂၅ ခု ဖြစ်ပြီး ဗဟိုအဖွဲ့အစည်း ၅ ခု၊ ဦးစီးဌာန ၁၈ ခု၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း ၁ ခုနှင့် စည်ပင်သာယာရေးအဖွဲ့တို့ဖြင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေရငွေ၊ သုံးငွေတို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ (၉/၂၀၁၈)လအထိ ယာယီရငွေ / သုံးငွေစာရင်း အရ အခွန်အကောက် ရငွေကျပ် သန်းပေါင်း ၁,၉၀၅.၅၃၉ သန်း၊ အခြားသာမန် ရငွေ ကျပ် သန်းပေါင်း ၁၃,၇၅၂.၉၈၅ သန်း၊ အခွန်ဝေစုရငွေ ကျပ် သန်းပေါင်း ၁,၆၆၄.၅၂၇ သန်း ငွေလုံးငွေရင်းရငွေ ကျပ် သန်းပေါင်း ၁.၇၅၆ သန်း၊ ပြည်ထောင်စု ထောက်ပံ့ငွေ ကျပ် သန်းပေါင်း ၁၀၅,၃၆၉.၃၁၈ သန်း၊ စုစုပေါင်း ကျပ် သန်းပေါင်း ၁၂၂,၆၉၄.၁၂၅ သန်း ရရှိထားပြီး ရငွေရရှိမှုအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၁၀၄.၄၅% နှင့် သာမန်အသုံးစရိတ် ကျပ် သန်းပေါင်း ၄၆,၂၆၂.၆၀၂ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်

သန်းပေါင်း ၇၀,၂၄၆.၄၉၈ သန်း စုစုပေါင်းအသုံးစရိတ် ကျပ် သန်းပေါင်း ၁၁၆,၅၀၉.၁၀၀ သန်း အသုံးစရိတ် သုံးစွဲမှုအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၉၉.၁၉% အကောင်အထည် ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဆက်လက်ပြီး ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ် ၊ (ဧပြီလမှ စက်တင်ဘာလအထိ) အကောင် အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေကို အောက်ပါအတိုင်းတင်ပြအပ်ပါတယ်-

၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာ(၆) လ စီမံကိန်း ရည်မှန်းချက်မှာ ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ဘီလီယံ ပေါင်း ၁,၉၂၉.၅၈၅ ဘီလီယံ အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါတယ်။

၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာ (၆)လ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ဘီလီယံ ပေါင်း ၁,၉၂၉.၅၈၅ ဘီလီယံရရှိရန် ရည်မှန်းထားရာမှာ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလကုန် အထိ) ကျပ် ဘီလီယံပေါင်း ၂,၀၂၈.၀၆၂ ဘီလီယံ ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၅.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၈.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

လယ်ယာကဏ္ဍကြီးအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာ (၆)လစီမံကိန်း ရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီး စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးသည် ပုံမှန်ဈေးနှုန်းများ အရ ၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

စက်မှုကဏ္ဍကြီးအနေဖြင့် ၂၀၁၈ခုနှစ်၊ ဧပြီမှ စက်တင်ဘာ (၆)လ စီမံကိန်း ရည်မှန်းချက်တွင် စက်မှုကဏ္ဍကြီးစုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး သည် ပုံမှန်ဈေးနှုန်းများအရ ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ဝန်ဆောင်မှုကဏ္ဍကြီး အနေဖြင့်၂၀၁၈ခုနှစ်၊ ဧပြီမှ စက်တင်ဘာ(၆)လစီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းဝန်ဆောင် မှုတန်ဖိုးသည် ပုံမှန် ဈေးနှုန်းများအရ ၁၀.၅ ရာခိုင်နှုန်းတိုးတက် ခဲ့ပါတယ်။ ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ခွင့်ပြု ပြည်နယ်/ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေများအား တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ခွင့်ပြု ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ကျပ် ဘီလီယံပေါင်း ၁၆၅.၇၇၅ ဘီလီယံ ဖြစ်ပါတယ်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှာ ကျပ်

ဘီလီယံပေါင်း ၃၅၈.၂၇၈ ဘီလီယံ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း လုပ်ငန်းအမျိုးအစား အလိုက် ဆောင်ရွက်ရန် ခွင့်ပြုထားသည့် လမ်းတံတားလုပ်ငန်းအနေဖြင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှာ ၆၂.၁၄ % နှင့် ခွင့်ပြုရန်ပုံ ငွေ ကျပ် ဘီလီယံပေါင်း ၁၀၀.၀၆၀ ဘီလီယံ၊ ရှမ်းပြည်နယ်အတွက် ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၁၅.၂၄ % နှင့် ခွင့်ပြု ရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၄၇.၁၁၈ ဘီလီယံဖြင့် လည်းကောင်း၊ လျှပ်စစ်မီး ရရှိရေးလုပ်ငန်းအနေဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၁၃.၈၆ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၂၂.၃၂၆ ဘီလီယံ ၊ ရှမ်းပြည်နယ်အတွက်ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ ၏ ၅၂.၅၀ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၁၆၂.၂၉၇ ဘီလီယံ ဖြင့်လည်းကောင်း၊ ရေရရှိရေးလုပ်ငန်း အနေဖြင့်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၄.၉၄ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၇.၉၆၀ ဘီလီယံ ၊ ရှမ်းပြည်နယ်အတွက် ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၂.၂၀%နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၆.၈၁၀ ဘီလီယံဖြင့် လည်းကောင်း၊ ရုံးအဆောက်အဦ ဆောက်လုပ်မှု လုပ်ငန်းအနေဖြင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ ၃.၂ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၅.၁၅၈ ဘီလီယံ၊ ရှမ်းပြည်နယ်အတွက်ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၂.၄၁ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၇.၄၃၉ ဘီလီယံ ဖြင့်လည်းကောင်း၊ ဝန်ထမ်းအိမ်ယာဆောက်လုပ်မှု လုပ်ငန်းအနေဖြင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ ၅.၄၈ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံ ပေါင်း ၈.၈၂၀ ဘီလီယံ၊ ရှမ်းပြည်နယ်အတွက် ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၆.၈၇%နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၂၁.၂၄၈ ဘီလီယံဖြင့် လည်းကောင်း၊ အခြားတည်ဆောက်ရေး လုပ်ငန်းများအနေဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ၃.၆၀% နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၅.၇၉၅ ဘီလီယံ ၊ ရှမ်းပြည်နယ်အတွက် ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၉.၅၂%နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၂၉.၄၃၆ ဘီလီယံ ဖြင့်လည်းကောင်း၊ ပညာရေးလုပ်ငန်းများအနေဖြင့် ရှမ်းပြည်နယ်အတွက် ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၈.၂၅ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၂၅.၅၁၃ ဘီလီယံ ဖြင့်လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းများအနေဖြင့် ရှမ်းပြည်နယ် အတွက် ခွင့်ပြုသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ၂.၃၀ % နှင့် ခွင့်ပြုရန်ပုံငွေ ကျပ် ဘီလီယံပေါင်း ၇.၁၂၀ ဘီလီယံ ဖြင့်လည်းကောင်း အသီးသီးဆောင်ရွက်ရန် လျာထားပါ ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြပြောကြားလိုတာကတော့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စား လှယ်တော်များအနေဖြင့် ဥပဒေပြုရေး၊ စီမံကိန်း ရေးဆွဲရေး၊ ရသုံးမှန်းခြေငွေစာရင်းပြုစုရေး နှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေအရ လည်းကောင်း ၊ ပြည်နယ်လွှတ်တော် ဥပဒေ၊ နည်းဥပဒေနှင့်အညီ အကောင်းမွန်ဆုံးသော အကြံပြုချက်များဖြင့် ပြည်နယ်တစ်ခုလုံး မြို့ပြကျေးရွာဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတရုံးမှ (၂၆-၁၀-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁၈၆ (၁)/ ၈ / သမ္မတရုံးဖြင့် သဝဏ်လွှာပေးပို့လာပါတယ်။ သဝဏ်လွှာအပြည့်အစုံမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား ပေါင်းစပ်၍ “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန”အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်အရ လွှတ်တော်၏ သဘောတူညီချက် ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့ အပ်ပါသည်ဟု ဖော်ပြပါရှိပါတယ်။ ဒါကြောင့်ပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား ပေါင်းစပ်၍ “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန”အဖြစ် ပြင်ဆင်နိုင်ရန်အတွက်လွှတ်တော်ရဲ့ သဘောတူညီချက်ရယူမှာ ဖြစ်ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား ပေါင်းစပ်၍ “ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန”အဖြစ် ပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား ပေါင်းစပ်၍ “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန”အဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို ရှမ်းပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာရှိ အစိုးရ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးမှု အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာရှိ အစိုးရ အလယ်တန်းကျောင်းကို ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်တွင် အစိုးရ အလယ်တန်းကျောင်းအဖြစ် အသိအမှတ်ပြုခြင်းခံရပါတယ်။ ယခုအခါ ဆရာ/ ဆရာမ (၁၂)ဦးဖြင့် စာသင်ကြားပေးနေပါတယ်။ စာသင်ခန်းနှင့် အတန်းအရေအတွက်မမျှ ဖြစ်နေပါတယ်။ မူလတန်းကျောင်းအဖြစ်အသိအမှတ်ပြုကတည်းက ပညာရေးဌာနမှ ကျောင်းဆောင်သစ်အဆောက်အဦ တစ်ခုမျှ မရခဲ့ဖူးပါ။ ကိုယ်ထူကိုယ်ထကျောင်းဆောင်ဖြင့်သာ သင်ကြားပေးနေရပါတယ်။

ကြေးတိုင်နှင့် မြေစာရင်းအင်းဦးစီးဌာနမှ ထုတ်ပေးသော ပုံစံ(၁၀၅)ပါ (၆.၂၂)ဧကလည်း ပညာရေးပိုင်မြေအဖြစ် ရယူထားပြီးလည်းဖြစ်ပါတယ်။ သို့ပါသောကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာရှိ အစိုးရ အလယ်တန်းကျောင်း အတွက် သင့်တော်သော ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ် ပေးမှု အစီအစဉ် ရှိ/ မရှိ လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေး အစီအစဉ် ရှိ/မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းရှိ (၁၂၀×၃၀)ပေ၊ အုတ်ညှပ် (၂)ထပ်ဆောင် အပြီးသတ်ဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၈.၀၀သန်းအား (၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်ဖြင့် ရန်ပုံငွေခွဲဝေ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျောင်းတွင် အလယ်တန်းဆင့် ကျောင်းသား/ ကျောင်းသူ ၅၇ ဦး၊ မူလတန်းဆင့် ကျောင်းသား/ ကျောင်းသူ ၅၆ ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ ၁၁၃ ဦး၊ စာသင်ခန်း ၉ ခန်း ရှိပါတယ်။ စာသင်ခန်း လုံလောက်မှုရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၉၀× ၃၀)ပေ အုတ်ညှပ်(၁)ထပ် ဝန်ထမ်းအိမ်ရာသာ လိုအပ်ကြောင်း တင်ပြထားသည့်အတွက် ဦးစားပေး အစီအစဉ်ဖြင့် ထည့်သွင်းလျာထား တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးမောင်ညိုက ဒုတိယ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ငါးအိုး- မဘိမ်းကားလမ်းကို တံတားတစ်စင်းတိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်း ငါးအိုး- မဘိမ်း ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၅၈/၁ နှင့် ၅၈/၂ ကြားရှိ တာရိုးသည် မိုးကြီးသောအခါ ရေလျှံနိုင်ပါတယ်။ ဒေသခေါ် နမ့်ပုန်းပုန်း လယ်ပုတ်လယ်ကွင်းကို ဖြတ်၍ တာဘောင် တင်ထားသော နေရာဖြစ်ပါတယ်။ ထိုတာရိုးတွင် (၂၅)ပေတံတားတစ်စင်းနှင့် ပေ(၃၀)ကျော် တံတားတစ်စင်း စုစုပေါင်း တံတား (၂)စင်းရှိသော်လည်း မလုံလောက်ပါ။ တစ်ချိန်က ရေကျော်ခဲ့သောကြောင့် တာရိုးကျိုးခဲ့ဖူးပါတယ်။ ထို့ကြောင့် (၂၅)ပေတံတားတစ်စင်း တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းကို လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာတဲ့ ဧည့်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုမေးမြန်းထားတဲ့ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ငါးအိုး- မဘိမ်းကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၅၈/၁ နှင့် ၅၈/၂ ကြားရှိ နမ့်ပုန်းပုန်း လယ်ပုတ်ကွင်းကို ဖြတ်၍ တာဘောင်တင်ထားသော တာရိုးသည် မိုးကြီးသောအခါ ရေလျှံနိုင်ပါသဖြင့် (၂၅)ပေ တံတားတစ်စင်းတိုးချဲ့ တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်အစိုးရမှ စီမံခန့်ခွဲပြီး လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ငါးအိုး- မဘိမ်းလမ်း၊ မိုင်(၀/၀- ၅၈/၂) ၅၈ မိုင် ၂ ဖာလုံ အရှည်ရှိပါတယ်။ အဲ့ဒီလမ်းပေါ်မှာရှိတဲ့ မိုင်တိုင်(၅၈/၁ - ၅၈/၂) လမ်းအပိုင်းမှာ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်အထိတွင် မြေသားတာဘောင်မတင်မီအထိ တံတားအမှတ်(၂/၅၉) အရှည် (၄၀)ပေ၊ သစ်တားတံတား ၁ စင်းသာရှိခဲ့တဲ့အတွက်ကြောင့် ရေလမ်းကြောင်းစီးထွက်နိုင်မှုပမာဏနှင့် ရေဝင်ပမာဏ ကိုက်ညီမှုမရှိခြင်း၊ လမ်းသားများ နိမ့်ကျနေခြင်းတို့ကြောင့် ရေဖြတ်ကျော်မှုများရှိခဲ့ပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တံတားအမှတ် (၁/၅၉) အရှည် (၄၀)ပေ၊ တစ်လွှာတစ်ထပ် ဘေလီတံတား(၁)စင်းနှင့်

အကျယ် ၂၄ ပေ၊ အမြင့် ၃ ပေ မြေသားတာဘောင်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းတံတား ၂ စင်း၏ အကွာအဝေးသည် (၈၁၀)ပေမျှသာကွာ ဝေးပါတယ်။ မြေသားတာဘောင်တင်ပြီးနောက်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ မဘိမ်းမြို့၏ မိုးရွာသွန်းမှု အများဆုံးအချိန်မှာ အဆိုပါ တာဘောင်အပေါ်တွင် ရေဖြတ်ကျော်၍ ရေကြီးရေလျှံခြင်းများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ မြေသားတာဘောင်၏ လမ်းဘေး ဝဲ/ ယာမှာလည်း စပါးခင်းများစိုက်ပျိုးထားရှိပြီး လမ်းတာဘောင်ကိုဖြတ်၍ တံတား ၂ စင်းကြားမှာ နောက်ထပ် တံတားသစ်တစ်စင်း ထပ်မံတည်ဆောက်မည်ဆိုပါက ရေလမ်းကြောင်း အသစ်ဖောက်လုပ်ရမည် ဖြစ်တဲ့အတွက်ကြောင့် ရေလမ်းကြောင်း အဝင်/ အထွက်ရှိတဲ့ လယ်စိုက်ခင်းများ ပျက်စီးမှု ဖြစ်ပေါ်လာနိုင်ပါတယ်။

ငါးအိုး- မဘိမ်းလမ်း မိုင်(၅၈/၁- ၅၈/၂)အတွင်း မြေသားတာဘောင်လမ်းအပိုင်းမှာ ယခုရှိပြီးတံတားအမှတ် (၁/၅၉) အရှည် (၄၀)ပေ၊ တစ်လွှာတစ်ထပ် ဘေလီတံတားနှင့် တံတားအမှတ် (၂/၅၉) အရှည် (၄၀)ပေ၊ သစ်သားတံတားတို့၏ ရေလမ်းကြောင်း စီးထွက်နိုင်မှုပမာဏနှင့် ရေဝင်ပမာဏသည် မျှတကိုက်ညီမှုရှိနေပါသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ (၂၅)ပေ၊ တံတားတစ်စင်း တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရှောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရှောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ကျွန်တော်အနေနဲ့ ရှောင်မြို့နယ် တောင်ကြားကျေးရွာ၊ ပိတုန်းကိုင်းကျေးရွာချင်းဆက်လမ်းပေါ်တွင် ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှာင်မြို့နယ်မှာ ခနူ၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်စွာ နေထိုင်ကြပါတယ်။ ယခု တောင်ကြားကျေးရွာတွင် ပအိုဝ်းလူမျိုး၊ ပိတုန်းကိုင်းကျေးရွာတွင် ပလောင်လူမျိုး နေထိုင်လျက်ရှိပြီး ၎င်းကျေးရွာနေရာများတွင် ပိတုန်းကိုင်းချောင်း ရှိပါတယ်။ ပိတုန်းကိုင်းကျေးရွာနှင့် တောင်ကြားကျေးရွာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း ဖောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ထိုသို့ ဖောက်လုပ်ထားသော်လည်း ပိတုန်းကိုင်းချောင်းကူးတံတားမရှိသဖြင့် ဒေသခံများ သွားလာရေး ခက်ခဲမြဲ ခက်ခဲလျက်ရှိပါတယ်။

၎င်းပိတုန်းကိုင်းချောင်းတံတားကို ဘေလီတံတားသော်လည်းကောင်း၊ သံကူကွန် ကရစ်သော်လည်းကောင်း ဆောက်လုပ်ပေးမည်ဆိုပါက ဒေသခံများသွားလာရေး လွယ်ကူ မည်ဖြစ်သလို နိုင်ငံတော်မှ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်တွင် ချမှတ်ပေးထားသည့် မြေသား လမ်းလည်း အသုံးဝင်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှာင်မြို့နယ်အတွင်း ရှာင်- အောင်ပန်းလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မှုကြောင့် ဖျက်ဆီးရန် ကျန်ရှိနေသော ဘေလီတံတားကို အစားထိုး တည်ဆောက်ပေးမည်ဆိုပါကလည်း နိုင်ငံတော်ဘတ်ဂျက်သက်သာမည်ဖြစ်သလို ဒေသခံများ သွားလာမှု အဆင်ပြေချောမွေ့မည်ဟုလည်း အကြံပြုတင်ပြလိုပါတယ်။ သို့ဖြစ်ပါသော ကြောင့် တိုင်းရင်းသားပြည်သူလူထုများ ကုန်စည်ရောင်းဝယ်ဖောက်ကား သွားလာရေးခက်ခဲ နေသော တောင်ကြားကျေးရွာ- ပိတုန်းကိုင်းကျေးရွာချင်းဆက် ပိတုန်းကိုင်းချောင်းကူး တံတားကို ဘေလီ(သို့မဟုတ်) သံကူကွန် ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိကိုသိရှိလိုပါ၍ ဒေသခံများကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။

ကျွန်တော်အနေနဲ့ ဒုတိယမေးခွန်း ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှာင်မြို့နယ်အတွင်းရှိ အင်းကြီးကျေးရွာ၊ ပယ်ကင်းကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ ကျောက်တောကျေးရွာများမှာ လမ်းပန်းဆက်သွယ် ရေးခက်ခဲမှုကြောင့် ဒေသခံများ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဖွံ့ဖြိုးမှုမှာ နောက်ကျပြီး အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

ရှာင်မြို့နယ်အတွင်း ဒေသခံပြည်သူများမှာ မိုးတွင်းကာလသီးနှံကိုသာ အဓိကထား စိုက်ပျိုး လုပ်ကိုင်စားသောက်ကာ အသက်မွေးဝမ်းကြောင်းပြုနေရသော ဒေသဖြစ်ပါတယ်။

မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့မှာ များစွာထိခိုက်နစ်နာကြရပြီး စိုက်ပျိုးထားသော သီးနှံစရိတ်များလည်း ဆုံးရှုံးနစ်နာကြရပါတယ်။ ၎င်းကျေးရွာများသည် မိုးတွင်းကာလသီးနှံများကို သယ်ယူရာတွင် မိမိတို့စိုက်ပျိုးထားသော ခြံ (သို့မဟုတ်) အိမ်များမှ ကားလမ်းမသို့ သယ်ယူစရိတ်သည် ကားလမ်းမှ သက်ဆိုင်ရာ ရောင်းဝယ်ဖောက်ကားရသော မြို့/ တိုင်းဒေသကြီးများသို့ သယ်ယူစရိတ်ထက် ပိုမိုများပြား နေခြင်းများကြောင့် ဒေသခံများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ထံ တောင်းဆိုမှုများ ပြုလုပ်လာကြရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းများရေးဆွဲပြီး ဘတ်ဂျက်ချမှတ်ပေးရာတွင် ဦးစားပေး(၁)၊ ဦးစားပေး(၂)(၃)စသည်တို့ရှိပါတယ်။ အမှန်တွင် ပယ်ကင်းကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ ကျောက်တောကျေးရွာ ရွာချင်းဆက်လမ်းများသည် ဦးစားပေး(၁)ဖြစ်ရမည်ကို ယုံကြည်ရပါတယ်။ ထိုကြောင့် နှစ်ပေါင်းများစွာ ဒေသခံများ မျက်စိပိတ်နားပိတ်နေရသော လမ်းပန်းဆက်သွယ်ရေးအခက်အခဲကို ဖြေရှင်းပေးသင့်ပါသည်ဟုလည်း ယုံကြည်ရပါတယ်။

သို့ဖြစ်ပါ၍ အင်းကြီးကျေးရွာ၊ ပယ်ကင်းကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ ကျောက်တောကျေးရွာချင်းဆက်လမ်း(၆)မိုင်ကို ကျောက်ချောလမ်းအဖြစ် ဘတ်ဂျက်နှစ်အလိုက်သော်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် သော်လည်းကောင်း ထည့်သွင်းလျာထားဖို့ အစီအစဉ် ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့် မရှိသည်၊ ရှိပါက မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးမှ မေးမြန်းလာသော မေးခွန်း(၁)ဖြစ်တဲ့ ရွာငံမြို့နယ်၊ တောင်ကြားကျေးရွာနှင့် ပိတုန်းကိုင်းကျေးရွာချင်းဆက်လမ်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း ဖောက်လုပ်ထားပြီးဖြစ်သော်လည်း ပိတုန်းကိုင်းချောင်းကူးတံတားမရှိသောကြောင့် ဒေသခံ

များသွားလာရေးမှာ ခက်ခဲလျက်ရှိပါသဖြင့် အဆိုပါ ပိတုန်းကိုင်းချောင်းကူးတံတားကို ဘေလီ(သို့မဟုတ်) သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ပိတုန်းကိုင်း- တောင်ကြားကျေးရွာချင်း ဆက်လမ်း(၄/၀)မိုင်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ပြည်နယ်ဘတ်ဂျက်)ဖြင့် မြေသားလမ်းဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ သံကူကွန်ကရစ်တံတား(၁)စင်း တည်ဆောက်နိုင်ရေးအတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့အားကွင်းဆင်း လေ့လာစေပြီး ကွင်းဆင်းတွေ့ရှိချက်အပေါ်မူတည်၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်း လျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးမှ မေးမြန်းလာသော မေးခွန်း(၂)ဖြစ်တဲ့ ရွာငံမြို့နယ်အတွင်းရှိ အင်းကြီးကျေးရွာမှ ပယ်ကင်း ကျေးရွာ၊ကျောက်တောကျေးရွာနှင့်သဖန်းပင်ကျေးရွာချင်းဆက်လမ်း(၆)မိုင်ကို ကျောက်ချော လမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းရေးဆွဲပေးပါရန် အစီအစဉ် ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်မှ ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အင်းကြီး- ပယ်ကင်း- သဖန်းပင်- ကျောက်တောလမ်းပိုင်းသည် (၆/၀)မိုင်ရှိသည့် ကျေးရွာချင်းဆက်လမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှာ ထည့်သွင်းလျာထားခဲ့သော်လည်း ဘဏ္ဍာငွေ အချိုးကျ ခွဲဝေရရှိမှုနှင့် ဦးစားပေးအစီအစဉ်အရ ပါဝင်ခြင်း မရှိခဲ့တဲ့အတွက် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းရေးဆွဲသည့်အခါ ဦးစားပေးအဖြစ် ထည့်သွင်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်လည်း အင်းကြီး- ပယ်ကင်း- သဖန်းပင်- ကျောတောလမ်းအား မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ အဆိုပါ လမ်းပိုင်းသည် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော တစ်ကြောင်းထိုး မြေသားလမ်းသာဖြစ်ပြီး အကျဉ်းဆုံးနေရာမှာ အကျယ်(၁၂)ပေနှင့် အကျယ်ဆုံးနေရာမှာ ပေ(၂၀)ခန့်သာရှိတဲ့အတွက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် မြေသားလမ်းအဖြစ် ဦးစွာအဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရွာငံမြို့နယ်၊ အင်းကြီး- ပယ်ကင်း- သဖန်းပင်- ကျောက်တောကျေးရွာ ချင်းဆက်လမ်း(၆/၀)မိုင်ကို မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းမှာ ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ (၁၂-၁၂-၂၀၁၈) (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ညောင်ရွှေမြို့နယ်၊ တောင်ခြေမြင်းစခွန့် ကျေးရွာအုပ်စုနှင့် လုံကန်ကျေးရွာအုပ်စုမှာရှိတဲ့ အ.ထ.က(ခွဲ)လွယ်ခေါ့နှင့် အ.ထ.က(ခွဲ) လုံကန်တို့ရှိ ကျောင်း(၂)ကျောင်းမှာ လိုအပ်နေတဲ့ ဆရာ/ ဆရာမများ အမြန်ဆုံးခန့်ထားပေးရန်အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ညောင်ရွှေမြို့နယ်မှာရှိတဲ့ အ.ထ.က(ခွဲ)လွယ်ခေါ့နှင့် အ.ထ.က(ခွဲ) လုံကန်တို့ဟာ ပြီးခဲ့တဲ့ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဝင်ရောက်ဖြေဆိုရာ တစ်ဦးတစ်ယောက်မျှ အောင်မြင်ခြင်းမရှိခဲ့ပါဘူး။ ယခု ပညာသင်နှစ်မှာလည်း ဆရာ/ ဆရာမများ မလုံလောက်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဆရာ/ ဆရာမများ အနေနဲ့လည်း

ဘာသာရပ်ပြ ဆရာ/ ဆရာမတွေ လိုအပ်နေတာကို တွေ့ရပါတယ်။ လွယ်ခေါ် ကျောင်းမှာဆိုလို့ရှိရင် ကျောင်းသားများမှာ သူငယ်တန်းမှ ဒသမတန်းအထိ ၂၂၆ ဦး ပညာသင်ကြားခဲ့ပြီးတော့မှ ခွဲဝေချထားတာကတော့ ဆရာမ ၂၂ ဦး ဖြစ်ပြီး၊ ခန့်ထားတာ ၁၇ ဦးပဲ ရှိပါတယ်။ လစ်လပ်တာ ၂ ဦးရှိပါတယ်။ ဘာသာရပ် ဆရာမကတော့ အင်္ဂလိပ်စာနှင့် မြန်မာစာအတွက် လိုအပ်ပါတယ်။ ပြီးတော့မှ လုံကန်ကျောင်းမှာဆိုလို့ရှိရင် ခွဲဝေချထားတာကတော့ ၁၉ ဦး ရှိပြီး လစ်လပ်က ၂ ဦး ရှိပါတယ်။ အထက်တန်းပြ ၅ ဦးမှာလည်း ဓာတုဗေဒနှင့် ဘောဂဗေဒ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ ကျောင်းသားမိဘနှင့် ကော်မတီများက ပြင်ပမှ ဆရာ/ ဆရာမများကို မိမိတို့ရဲ့ အစီအစဉ်နဲ့ ငှားရမ်းပြီး သင်ကြားနေတာကို တွေ့ရပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ လိုအပ်လျက်ရှိတဲ့ ဆရာ/ ဆရာမများကို အမြန်ဆုံးခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ အ.ထ.က(ခွဲ)လွယ်ခေါ်ကျောင်းနှင့် အ.ထ.က(ခွဲ) လုံကန်တို့ရဲ့ ကျောင်း(၂)ကျောင်းမှာ လိုအပ်လျက်ရှိတဲ့ ဆရာ/ ဆရာမများအား ပညာသင်နှစ်မကုန်ဆုံးမီ အမြန်ဆုံးခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေမြင်းစခွန့် ကျေးရွာအုပ်စု၊ လွယ်ခေါ်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လွယ်ခေါ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ (၆၀)ဦးရှိပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/ ကျောင်းသူ (၂၉)ဦး ရှိပါတယ်။ အထက်တန်းပြ ဆရာ၊ ဆရာမများမှာ ခွဲဝေ(၅)ဦး၊ ခန့်ထား(၃)ဦးရှိပြီး၊ လစ်လပ်(၂)ဦး ရှိခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီး၏ ၇.၉.၂၀၁၈ ရက်စွဲပါ အမိန့်စာအမှတ် (၀၉၇)ဖြင့် လစ်လပ်နေသော အထက်တန်းပြဆရာ (၂)ဦးကို ခန့်ထားပေးပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းကျောင်းသား၊ ကျောင်းသူ (၇၅)ဦးရှိပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား/ ကျောင်းသူ (၃၅)ဦးနှင့် အထက်တန်းပြဆရာ၊ ဆရာမ(၅)ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ညောင်ရွှေမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ လုံကန်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အထက်တန်း ကျောင်းသား/ ကျောင်းသူ

(၁၃၆)ဦးရှိပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/ ကျောင်းသူ (၇၄)ဦး ရှိခဲ့ပါတယ်။ အထက်တန်းပြ ဆရာ၊ ဆရာမများမှာ ခွဲဝေ(၅)ဦး၊ ခန့်ထား(၅)ဦးရှိပြီး လစ်လပ်မရှိခဲ့ပါ။ ၂၀၁၈-၂၀၁၉ ပညာနှစ်မှာ အထက်တန်းကျောင်းသား/ ကျောင်းသူ (၁၃၅)ဦးရှိပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား/ ကျောင်းသူ (၆၆)ဦးနှင့် အထက်တန်းပြ ဆရာ/ ဆရာမ(၅)ဦးဖြင့် ပညာသင်ကြား ပေးလျက်ရှိပါတယ်။ အဆိုပါ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ကျောင်း(၂) ကျောင်းတွင် အထက်တန်းပြ ဆရာ/ ဆရာမ ခွဲဝေ(၅)ဦး၊ ခန့်ထား(၅)ဦးစီရှိပြီး၊ လစ်လပ်မရှိပါ ။ ကျောင်းသားဦးရေများပြားမှုရှိလာပါက ထပ်မံလိုအပ်သော ဆရာ၊ ဆရာမများကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြ မေးမြန်းမှာကတော့ မီးပွိုင့်နှင့် ပတ်သက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့၊ အမှတ်(၅) အ.ထ.ကနှင့် အမှတ်(၅)ဈေးအနီးရှိ အရှေ့မြို့ပတ်လမ်းနှင့် နန်းသီတာလမ်း၊ လမ်းလေးဆုံတွင် အနောက်ဘက်မှ အရှေ့ဘက်သို့လာသော ယာဉ်များသည် အတက်ဘက်ဖြစ်နေ၍ လမ်းဖြတ်ကူးရာတွင် အန္တရာယ်ရှိနိုင်ခြင်း၊ ကျောင်းဖွင့်ချိန်နှင့် တောင်ကြီးဈေးနေ့ တိုက်ဆိုင်သောနေ့တွင် ယာဉ်၊ လူတို့သည် လမ်းတစ်ဘက်မှတစ်ဘက်သို့ ဖြတ်ကူးရာတွင် အန္တရာယ်များခြင်းကြောင့် အဆိုပါ လမ်းလေးဆုံတွင် မီးပွိုင့်နှင့် လူကူးမျဉ်းကြားများ ပြုလုပ်ပေးရန် လိုအပ်သည်ဟု ယူဆပါသဖြင့် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

တောင်ကြီးမြို့၊ အမှတ်(၅) အ.ထ.က နှင့် အမှတ်(၅)ဈေးအနီးရှိ အရှေ့မြို့ပတ်လမ်းနှင့် နန်းသီတာလမ်း၊ လမ်းဆုံတွင် မီးပွိုင့်များထားရှိပေးရန်နှင့် လူကူးမျဉ်းကြားများထားရှိပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းမှ မေးမြန်းလာတဲ့ တောင်ကြီးမြို့၊ အမှတ်(၅) အ.ထ.ကနှင့် အမှတ်(၅)ဈေးအနီးရှိ အရှေ့မြို့ပတ်လမ်းနှင့် နန်းသီတာလမ်း၊ လမ်းလေးဆုံမှာ မီးပွိုင့်များထားရှိပေးရန်နှင့် လူကူးမျဉ်းကြားများထားရှိပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အမှတ်(၁၈)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲကွပ်ကဲမှုအောက် ခရိုင်(၃)ခရိုင်မှာ ယာဉ်ထိန်းတပ်ဖွဲ့ဝင် အင်အား (၁၀၃)ဦးဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းများ ထိန်းသိမ်းရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး တောင်ကြီးမြို့ပေါ်မှာ မီးပွိုင့် (၁၁)ခု၊ အေးသာယာမြို့မှာ မီးပွိုင့်(၁)ခု၊ ရွှေညောင်/ ညောင်ရွှေမှာ မီးပွိုင့်(၄)ခု၊ ဟဲဟိုးမှာ မီးပွိုင့်(၁)ခု၊ ကလော/ အောင်ပန်းမှာ မီးပွိုင့်(၃)ခု၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့မှာ မီးပွိုင့်(၁)ခု၊ စုစုပေါင်းမီးပွိုင့်(၂၁)ခုဖြင့် နေ့စဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းတဲ့ အမှတ်(၅)အခြေခံပညာ အထက် တန်းကျောင်းနှင့် အမှတ်(၅)ဈေးအနီးရှိ အရှေ့မြို့ပတ်လမ်းနှင့် နန်းသီတာလမ်းလေးခွ ဆုံနေရာမှာ မီးပွိုင့်ထားရှိပေးရန်နှင့် လူကူးမျဉ်းကြားရေးဆွဲပေးရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်းနှင့် အဆိုပါနေရာ၌ ကျောင်းတက်/ ကျောင်းဆင်းချိန်များမှာ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရန် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်(၂)ဦးဖြင့် နေ့စဉ်တာဝန် ချထား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၂၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မေးခွန်း(၂၃)ကို တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ပေါ်စံသီးရွာအမှတ်(၃၇) အ.မ.က ကျောင်းအား အ.မ.က(မူလွန်)အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ မေးမြန်းရမည်ဆိုလျှင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေအင်းကျေးရွာရှိ ၊ အ.လ.က(ခွဲ)အား အ.လ.က ကျောင်းအဆင့် တိုးမြှင့်ပေးမည့် အစီအစဉ် ရှိ/ မရှိကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၂၃)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ကျောင်းအဆင့်တိုး မေးခွန်းတွေကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ပေါ်စံသီးရွာအမှတ်(၃၇)၊ အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းပိုင်မြေ (၁.၅၅) ဧကရှိပြီး ကျောင်းမြေ ပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်း ရှိပါတယ်။ စာသင်ဆောင်များ အနေဖြင့် (၉၀×၂၄×၁၂)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ (၆၀×၃၀×၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၂)ဆောင် ရှိပါတယ်။

ကျောင်းသားဦးရေများအနေဖြင့် KG ၂၁ ဦး၊ ပထမတန်း ၁၈ ဦး၊ ဒုတိယတန်း ၂၀ ဦး၊ တတိယတန်း ၁၅ ဦး၊ စတုတ္ထတန်း ၁၄ ဦး၊ စုစုပေါင်း ၈၈ ဦးနှင့် တန်းခွဲ ၅ ခုရှိပါတယ်။ ပင်မကျောင်းဖြစ်သော (ကျုံး)အခြေခံပညာအထက်တန်းကျောင်းနှင့် (၆)မိုင်ခန့်ကွာဝေးပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အ.မ.က ပေါ်စံသီးသည် မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် တင်ပြထားခြင်း မရှိပါ။ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၃၀-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ခ)/ ၂၈၅၅/ အခမြဲ (ကျောင်းတိုး)(၂၀၁၈)ဖြင့် ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးများ ခေါ်ယူထားပြီး ဖြစ်ပါကြောင်းနှင့် မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် တင်ပြလာပါက အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက် တင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လင်းလေအင်းကျေးရွာရှိ အ.မ.က(ခွဲ)အား အ.လ.က အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ လင်းလေ အင်းရွာ အ.လ.က(ခွဲ)ကျောင်းသည် ကျောင်းပိုင်မှု ကျောင်းမြေ (၁.၇၇)ဧကရှိပြီး ကျောင်းမြေ ပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်းရှိပါတယ်။ သဇင်ဆောင် (၇၂×၂၄)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် စာသင်ခန်း(၄)ခန်း၊ ချယ်ရီဆောင် (၃၆×၂၄)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင် စာသင်ခန်း(၄)ခန်း၊ ငုဝါဆောင်(၂၇×၁၈)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် ဆောင် စာသင်ခန်း(၁)ခန်း၊ သစ်ခွဆောင်(၉၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် စာသင်ခန်း(၃)ခန်း၊ ရုံးခန်း(၂၇×၂၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ခန်း၊ စုစုပေါင်း အဆောင် ၅ ဆောင်ရှိပါတယ်။ ကျောင်းသားဦးရေအနေဖြင့် KG ၂၀ ဦး၊ ပထမတန်း ၁၀ဦး၊ ဒုတိယတန်း ၉ ဦး၊ တတိယတန်း ၈ ဦး၊ စတုတ္ထတန်း ၂၃ ဦး၊ စုစုပေါင်း မူလတန်းအဆင့်တွင် ကျောင်းသား/ ကျောင်းသူ ၇၀ ဦး၊ တန်းခွဲ ၅ ခုရှိပါတယ်။ ပဉ္စမတန်း ၁၆ ဦး၊ ဆဋ္ဌမတန်း ၂၃ ဦး၊ သတ္တမတန်း ၁၅ ဦး၊ အဋ္ဌမတန်း ၂၂ ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်တွင် ၇၆ ဦးရှိပြီး၊ တန်းခွဲ ၄ ခုရှိပါတယ်။ ပင်မကျောင်းဖြစ်သော အ.ထ.က (ခွဲ) မဲနယ်တောင်ကျောင်းနှင့် (၁)မိုင်ခန့်ကွာဝေးပြီး တောင်တက်လမ်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အ.လ.က(ခွဲ) လင်းလေအင်းသည် အ.လ.ကကျောင်းအဆင့် တိုးမြှင့် ဖွင့်လှစ်ရန် တင်ပြထားခြင်း မရှိခဲ့ပါ။ အ.လ.က(ခွဲ)သက်တမ်း (၂)နှစ်ရှိပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အ.လ.က ကျောင်းအဆင့် တိုးမြှင့်နိုင်ရေးအတွက် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၃၀- ၈- ၂၀၁၈ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ခ)/ ၂၈၅၅/ အခမြဲ (ကျောင်းတိုး)(၂၀၁၈)ဖြင့် ကျောင်းအဆင့်တိုးများ ခေါ်ယူထားပြီး ပင်းတယ မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံး၏ ၂၉-၁၀-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၂၃၄၇/ အခ-မြဲ (ကျောင်းတိုး)(၂၀၁၈)ဖြင့် တင်ပြထားပါသဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အသီးသီးမှ လူကြီးမင်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး စိတ္တသုခ၊ ကာယသုခနှင့်

ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းကိုင်မြို့နယ် လယ်သမားများအတွက် မရှိမဖြစ် အလွန်လိုအပ် လျက်ရှိတဲ့ ဖောင်းမိန်းဆည်ကိစ္စ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ဖောင်းမိန်းဆည်ဟာ မိုင်းကိုင်မြို့နယ် အရှေ့ဘက်ရှိ ဆင်ခြေဖုံး အရှေ့ရပ်ကွက်မှာ ရှိပါတယ်။ အဲ့ဒီဆည်ကို ဖောင်းမိန်းရွာအပြင် နောင်မွန်းရွာ၊ ဝင်းခင်းရွာတို့မှ လယ်မြေအများ အပြားဟာ အဆိုပါဆည်ရေကို အသုံးပြုကြပါတယ်။ ဆည်မှာ လက်ယက်ဆည်သာ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအလယ်လောက်မှာ အလွန်လိုအပ်နေတဲ့ အချိန်တွင် မိုးသည်းထန်စွာ ရွာတဲ့အတွက်ကြောင့် သုံးထားသည့် သစ်၊ ဝါးများ ဆွေးမြေ့ပြီး ရေထဲမျှောပါသွားပါတယ်။ မပျက်စီးရင်လည်း နှစ်တိုင်းဆိုသလို သစ်၊ ဝါးများခုတ်ပြီး နှစ်တိုင်းလိုလို ပြုပြင်နေရပါတယ်။ တချို့နှစ်ဆိုရင် တစ်နှစ်ထဲမှာ နှစ်ခါသုံးခါ ပြုပြင် လျက်ရှိပါတယ်။ အသုံးပြုတဲ့ လယ်ဧကအားဖြင့်တော့ (၄၁၈.၅) ဧကဖြစ်ပြီး လယ်သမား အားဖြင့် ၈၉ ဦး ရှိပါတယ်။ တင်ပြလျှောက်ထားချက်အရ ၂၀၁၆ ခုနှစ်၊ လွိုင်လင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကနေပြီးမှ ကွင်းဆင်းစစ်ဆေး တိုင်းထွာ တွက်ချက်ပြီး အထက်ကို ဆက်လက်လျှောက်ထားပြီးဖြစ်ကြောင်း သိရပါတယ်။ လယ်သမား များကလည်း မျှော်လင့်ချက်ကြီးမားစွာနဲ့ လယ်သမားများရဲ့ဆန္ဒအရ မေးမြန်းရခြင်း ဖြစ်ပါ တယ်။ မိုင်းကိုင်မြို့နယ်ရဲ့ အဓိကအသက်မွေးဝမ်းကြောင်းကလည်း လယ်ယာမြေလုပ်ငန်း များ ဖြစ်ပါတယ်။

ထို့ကြောင့် မိုင်းကိုင်မြို့နယ်၊ ဆင်ခြေဖုံးအရှေ့ရပ်ကွက်၊ ဖောင်းမိန်းကျေးရွာ လယ်သမားများအသုံးပြုလျက်ရှိသော လုံးဝပျက်စီးသွားသည့် ဖောင်းမိန်းဆည်အား ကွန်ကရစ်ဆည်အဖြစ် အနီးဆုံးဘဏ္ဍာရေးရန်ပုံငွေဖြင့် အသစ်ပြန်လည် တည်ဆောက် ပေးပါရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သည့်အချိန်ကာလတွင် ဆောက်လုပ်ပေးမည်ကို သိရှိလို သည့်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ

အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ မေးမြန်းတဲ့ မိုင်းကိုင်မြို့နယ်၊ ဆင်ခြေဖုံးအရှေ့ရပ်ကွက်၊ ဖောင်းမိန်းကျေးရွာ လယ်သမားများ အသုံးပြုလျက်ရှိသော လုံးဝပျက်စီးသွားသည့် ဖောင်းမိန်းဆည်ကို ကွန်ကရစ်ဆည်အဖြစ် အနီးဆုံးဘဏ္ဍာရေးရန်ပုံငွေဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သည့်အချိန်ကာလမှာ ဆောက်လုပ်ပေးမည်ကို သိရှိလိုသည်မေးခွန်းနဲ့ပတ်သက်၍ မိုင်းကိုင်မြို့နယ်၊ ဖောင်းမိန်းကျေးရွာရှိ ဖောင်းမိန်းဆည်ကို ကွန်ကရစ်ဆည်အဖြစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအား မိုင်းကိုင်မြို့နယ်၏စီမံကိန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနတို့ ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲ တင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက ဒုတိယ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော် ဆက်လက်မေးမြန်းမည့် ဒုတိယမေးခွန်းကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဟာ တိုးတက်တဲ့ နိုင်ငံတွေနဲ့နှိုင်းယှဉ်လျှင် စည်းကမ်း၊ ဥပဒေလိုက်နာတဲ့နေရာမှာ လိုအပ်ချက်တွေ များစွာရှိနေပါတယ်။ ဥပဒေနှင့် ယှဉ်ပါးမှု မရှိသေးဘူးလို့လည်းဆိုနိုင်ပါတယ်။ မရှိမဖြစ် အမြဲလိုအပ်နေတဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ဖွံ့ဖြိုးတိုးတက်ရန် အရေးအားလုံးမှာလည်း ဥပဒေ လိုအပ်လျက်ရှိနေပါတယ်။ ထို့အတူပဲ မိမိလုံခြုံရေးမှာလည်း စည်းကမ်းဥပဒေလည်း မရှိလို့ မဖြစ်ပါဘူး။ ယခုခေတ်ကြီးမှာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များဟာလည်း အပြိုင်အဆိုင်အသုံးပြုလာတာကို တွေ့ရပါတယ်။ တစ်ချို့က တရားဝင်လိုင်စင်ကားတွေ၊ လိုင်စင်ဆိုင်ကယ်တွေဖြစ်ပြီး၊ တစ်ချို့က လိုင်စင်မဲ့ကားတွေ ဖြစ်နေပါတယ်။ မော်တော်ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ တောရော မြို့ပါ

မယုံနိုင်လောက်အောင် များပြားလာနေတယ်ဆိုတာကိုတော့ ဘယ်သူမှ ငြင်းလို့မရပါဘူး။ ထို့အတူပဲ ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးရတာလည်း များလှပါပြီ။ ဒဏ်ရာရစရာ လောက်တော့ ပြောစရာမလိုတော့ပါဘူး။ မြို့ကြီးတွေမှာ ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများ ခဏခဏ ပြုလုပ်နေပေမဲ့ နယ်တွေမှာတော့ ခဏခဏမပြုလုပ်ဘဲ ပြည်သူ တွေမေ့လောက်တဲ့အခါကျမှ ထထပြီးလုပ်လေ့ရှိတာကြောင့် ပြည်သူများမှ ပိုက်ဆံသာကုန်ပြီး အဆိုပါစည်းကမ်းဥပဒေများဟာ ပြည်သူတွေရဲ့ ခေါင်းထဲမှာ စွဲမြဲသွားခြင်းမရှိပါဘူး။ ထို့ကြောင့် အထူးလိုအပ်နေတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်တကွ အလွန် အရေးကြီးသော ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်း၊ ကားထိုင်ခုံ ခါးပတ်ပတ်ခြင်းများအား ဓလေ့ ထုံးတမ်း အစဉ်အလာတစ်ခုပမာ ပြည်သူများထံ အစဉ်စွဲကပ်ငြိတွယ်သွားစေရေး ပညာ ပေးခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို မြို့နယ်အဆင့်ပါမကျန် ရေရှည်ပုံမှန်ခဏခဏ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်းရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်တကွ အလွန်အရေးကြီးသော ဆိုင်ကယ် ဦးထုပ်ဆောင်းခြင်း၊ ကားထိုင်ခုံခါးပတ် ပတ်ခြင်းများအား ဓလေ့ထုံးတမ်း အစဉ်အလာ တစ်ခုပမာ ပြည်သူများထံ အစဉ်စွဲကပ်ငြိတွယ်သွားစေရေး ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို မြို့နယ်အဆင့်ပါမကျန် ရေရှည်ပုံမှန် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ(NRSC)မှ ဖွဲ့စည်းတာဝန်ပေးထားသော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်(၈)ရပ်မှ မော်တော်ဆိုင်ကယ်စီးသူများ ဦးထုပ်ဆောင်းစေရေး၊ မော်တော်ကားစီးသူများ ထိုင်ခုံခါးပတ် ဝတ်ဆင်စေရေး အသိပညာ ပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ရန် ဟူသောအချက်ကို အကောင်အထည်

ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ အသိပညာပေးခြင်း (၇၁၉)ကြိမ်၊ ကျောင်းသား/ ကျောင်းသူ (၆၀၉၄၆)ဦး၊ ပြည်သူ(၄၈၀၇၅)ဦး၊ ဝန်ထမ်း (၄၀၉၇)ဦး၊ တပ်ဖွဲ့ဝင် (၆၇၈၃)ဦး၊ ယာဉ်မောင်း/ ယာဉ်နောက်လိုက်(၁၃၃၆၁၆)ဦးတို့အား အသိပညာပေးနိုင်ခဲ့ပြီး စစ်ဆေးအရေးယူမှုအနေဖြင့် မော်တော်ဆိုင်ကယ် (၁၅၄၆)စီး၊ မော်တော်ယာဉ်(၇၄၂)စီး၊ စုစုပေါင်း(၂၃၈၈)မှုတို့ကို စစ်ဆေးအရေးယူနိုင်ခဲ့ပါတယ်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ရာမှာ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲများရုံးစိုက်ရာ မြို့ကြီးတွေဖြစ်တဲ့ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးစသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုများ ရုံးစိုက်ရာမြို့များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ဖြန့်ခွဲတာဝန်ချထားသော မြို့နယ်များမှအပ ကျန်မြို့နယ်များတွင် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ အဆိုပါမြို့နယ်များတွင် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အစီအမံဖြင့် ယာဉ်/ စည်းတပ်ဖွဲ့ဝင်များ တာဝန်ချထား ဆောင်ရွက်လျက်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်း၊ သတင်း၊ မီဒီယာ၊ အင်တာနက်စာမျက်နှာများမှတစ်ဆင့် အသိပညာ ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အား လုံလောက်မှုရှိလာပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်တကွ အလွန်အရေးကြီးသော ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း၊ ယာဉ်ထိုင်ခုံခါးပတ် ပတ်စေခြင်းတို့ကို ဓလေ့ထုံးတမ်း အစဉ်အလာ တစ်ခုပမာ ပြည်သူများ လိုက်နာစေရေးအတွက် ပညာပေးအရေးယူခြင်းများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရေရှည်ပုံမှန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ လင်းခေးမြို့နယ်တွင်

ခရိုင်အဆင့်နှင့်အညီ အားကစားပွဲကြည့်စင်နှင့် အားကစားလေ့ကျင့်ရေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်ကို ၂၀၀၄ ခုနှစ်မှစတင်ပြီး မြို့နယ်(၄)ခု၊ မြို့(၂)ခုဖြင့် ခရိုင်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ခရိုင်မြို့အဖြစ် အဆင့်တိုးမြှင့်ပြီးသော်လည်း ယခုလက်ရှိ အသုံးပြုနေတဲ့ မြို့နယ်အားကစားကွင်းအား ခရိုင်အားကစားကွင်းအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ထို့ပြင် ခရိုင်/ မြို့နယ် အားကစားပြိုင်ပွဲကျင်းပသည့်အခါ တက်ရောက်ချီးမြှင့်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲများ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် အထူးဧည့်သည်တော်များနှင့် ပြည်သူလူထုများအတွက် နေရာထိုင်ခင်းလုံလောက်မှုမရှိရုံသာမက အားကစားထူးချွန်သောလူငယ်များ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အားကစားပြိုင်ပွဲများသွားရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် လေ့ကျင့်ရန် အားကစားလေ့ကျင့်ရေးရုံလည်း လိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ ခရိုင်အဆင့်နှင့်အညီ အဓိကအားကစားပွဲကြည့်စင် (၁၅၀ပေ× ၃၀ပေ)နှင့် အားကစားလေ့ကျင့်ရေးရုံ (၁၅၀ပေ× ၁၀၀ပေ)ကို လင်းခေးမြို့တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်ရဲ့ လင်းခေးမြို့နယ် အားကစားပွဲကြည့်စင်၊ အားကစားလေ့ကျင့်ရေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လင်းခေးခရိုင်၊ လင်းခေးမြို့နယ်တွင် အားကစားပွဲကြည့်စင် (၁၅၀×၃၀)ပေနှင့် အားကစားလေ့ကျင့်ရေးရုံ (၁၅၀×၁၀၀) ပေအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက် ငွေလုံးငွေရင်း အသုံးစရိတ်၌ ဦးစားပေးထည့်သွင်းလျာထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများအားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျေးလက်ကျေးရွာ (၂၄)နာရီ လျှပ်စစ်မီးလင်းရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

လှိုင်လင်မြို့နယ်၊ ခေါင်းနွဲ့ကျေးရွာအုပ်စု၊ ချိုခမ်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါတွင် မီးလင်းနိုင်မည့် အခြေအနေသို့ ရောက်ရှိနေပါတယ်။ မီးလင်းရေးအတွက် ရန်ပုံငွေများ အတည်ပြုချမှတ်ပေးပါသော ရှမ်းပြည်နယ်လွှတ်တော်နှင့်တကွ စီမံဆောင်ရွက်အကောင်အထည်ဖော်ပေးပါသော ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဒေသခံကျေးလက်သူ/ ကျေးလက်သားများကိုယ်စား လေးစားစွာ တင်ပြပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့အစည်းအဝေးမှာ ချိုခမ်းရွာနှင့် ကပ်လျက်တည်ရှိသော ကွန်လောင်း- ငါးမိုင်းကျေးရွာ (၂၄)နာရီ လျှပ်စစ်မီးရရှိရေးအတွက် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကွန်လောင်း- ငါးမိုင်းကျေးရွာသည် အိမ်ခြေ(၉၆)အိမ်နှင့် လူဦးရေ(၆၄၀)ဦးခန့် နေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ယခု မီးလင်းနေတဲ့ ချိုခမ်းကျေးရွာနဲ့ ကပ်လျက်တည်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ချိုခမ်းကျေးရွာ မီးလင်းရေးအတွက် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးလိုင်းသည် ကွန်လောင်း- ငါးမိုင်းကျေးရွာအစပ်ကနေ ဖြတ်သန်းသွယ်ယူထားပါတယ်။ ထို့ကြောင့် ကွန်လောင်း- ငါးမိုင်းကျေးရွာကို မီးလင်းရေး ဆောင်ရွက်မည်ဆိုပါက အလွန်လွယ်ကူသည့် အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။

ထို့ကြောင့် လှိုင်လင်မြို့နယ်၊ ခေါင်းနွဲ့ကျေးရွာအုပ်စု၊ ကွန်လောင်း- ငါးမိုင်းကျေးရွာ (၂၄)နာရီ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါရန် လေးလေးစားစား တင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့

တင်ပြချက်ကို မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းချုပ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်၊ ခေါင်းနွဲ့ကျေးရွာအုပ်စု၊ ကွန်လောင်း-ငါးမိုင်းကျေးရွာလျှပ်စစ်ဓာတ် အားရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)၊ ၁၁ကေဗွီ ဓာတ်အားလိုင်း(၂)မိုင်အတွင်းတွင် ၁၁ကေဗွီ ဓာတ်အားလိုင်း (၂)မိုင်၊ ၁၁/၀.၄ကေဗွီ ၁၀၀ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းတို့ ပါဝင်ထားရှိပြီးဖြစ်ပါ တယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းစီမံကိန်းလုပ်ငန်းများအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပစ္စည်းများ သက်ဆိုင်ရာ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး(စတို)သို့ ရောက်ရှိ နေပြီဖြစ်ပါတယ်။ တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်မှ တင်ဒါခေါ်ယူ ဆောင်ရွက်နေပြီ ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။

ပြည်သူလူထုကိုယ်စား ကျွန်မမေးမြန်းသွားမှာကတော့ မိုင်းရှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်နေသည့် နှစ်ထပ်စာသင်ဆောင်အသစ် ဆောက်လုပ်ပေးရေးကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်ရှိ မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ အထက်တန်းအဆင့် (၃၄၅)ဦး၊ အလယ် တန်းအဆင့် (၆၃၆)ဦး၊ မူလတန်းအဆင့်(၅၅၃)ဦးဖြင့် စုစုပေါင်း ကျောင်းသူ/ ကျောင်းသား (၁၅၃၄)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

လက်ရှိတွင် စာသင်ဆောင် (၉)ဆောင်ရှိပြီးဖြစ်သော်လည်း ခရေဆောင်မှာ ဟောခန်းအဖြစ် အသုံးပြုလျက်ရှိခြင်း၊ ကံ့ကော်ဆောင်မှာ ပျက်စီးယိုယွင်းဟောင်းနွမ်းနေပြီး ကျောင်းသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သောကြောင့် အောက်ထပ်စာသင်ခန်း(၄)ခန်းကိုသာ အသုံးပြုနေရခြင်း၊ ခတ္တာဆောင်မှာလည်း မြို့နယ်ပညာရေးမှူးရုံးမှ တစ်မြို့နယ်လုံးသို့ ဖြန့်ဝေပေးမည့် စာအုပ်များ၊ စာရေးကိရိယာများကို ထားရှိရန်အတွက် အသုံးပြုနေရခြင်းအတွက်ကြောင့် တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသူ/ ကျောင်းသား (၁၅၀၀)ကျော်အတွက် စာသင်ဆောင်များ လုံလောက်မှု မရှိကြောင်း တွေ့ရှိရပါတယ်။

တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသော ကျောင်းသားဦးရေကြောင့် ထက်/ လယ်/ မူ အဆင့်အားလုံးအတွက် စာသင်ဆောင်များ မလုံလောက်တော့ပါသဖြင့် နှစ်ထပ်စာသင်ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးသွားရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် နှစ်ထပ်စာသင်ဆောင်အသစ်(၁)ဆောင်အား သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောက်လုပ်ပေးသွားရန်အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ပညာသင်နှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းရဲ့ မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်း

ကျောင်း၌ လိုအပ်လျက်ရှိသည့် စာသင်ဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးသွားရန် အစီအစဉ် ရှိ/ မရှိမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းမြေပိုင်ဆိုင်မှု (၁၀.၂၈) ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်း ရှိပါတယ်။ နှင်းဆီဆောင် (၂၁၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၇)ခန်း၊ ခတ္တာဆောင် (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် (၂)ခန်း၊ စကားဝါဆောင်(၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၄)ခန်း၊ ငုဝါဆောင် (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်(၄)ခန်း၊ ခရေဆောင် (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၄)ခန်း၊ စံပယ်ဆောင် (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်(၄)ခန်း၊ ကံ့ကော်ဆောင်(၁၄၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၈)ခန်း၊ စွယ်တော်ဆောင်(၁၅၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁၀)ခန်း၊ ဂန္ဓမာဆောင်(၁၂၀×၃၀)ပေ RC တစ်ထပ်ဆောင်(၄)ခန်း၊ စုစုပေါင်း စာသင် ဆောင် (၉) ဆောင် ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG ၉၃ ဦး၊ ပထမတန်း ၉၉ ဦး၊ ဒုတိယတန်း ၁၃၀ ဦး၊ တတိယတန်း ၁၁၃ဦး၊ စတုတ္ထတန်း ၁၁၅ ဦး၊ မူလတန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၅၅၀ ဦးနှင့် တန်းခွဲ(၁၂)ခုရှိပါတယ်။ ပဉ္စမတန်း ၁၅၇ ဦး၊ ဆဋ္ဌမတန်း ၁၁၈ ဦး၊ သတ္တမတန်း ၁၉၂ ဦး၊ အဋ္ဌမတန်း ၁၅၅ ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်တွင် ၆၂၂ ဦးနှင့် တန်းခွဲ ၁၅ ခု ရှိပါတယ်။ နဝမတန်း ၁၇၅ ဦး၊ ဒသမတန်း ၁၆၇ ဦး၊ အထက်တန်းအဆင့် စုစုပေါင်း ၃၄၂ ဦးနှင့် တန်းခွဲ ၇ ခုရှိပါတယ်။ မူလတန်း/ အလယ်တန်း/ အထက်တန်း စုစုပေါင်း ကျောင်းသား/ ကျောင်းသူ ၁၅၁၄ ဦးနှင့် တန်းခွဲ ၃၄ ခု ရှိပါတယ်။

မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသောကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ခွင့်ရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ခေါင်းစဉ်ဖြင့် (၁၄၀×၃၀)ပေ RC နှစ်ထပ်အတွက် ရန်ပုံငွေ ကျပ်(၂၀၁.၆)သန်းဖြင့် လျာထား တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်

ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင်ပြည်သူအများ၏ ဆန္ဒအရလည်းကောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတိုးတက်မြင့်မားလာစေရေးအတွက် ရည်မှန်းချက်ထားရှိ၍ ပြည်သူ့အကျိုးပြုကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့သည် ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ မိုင်းဆတ်မြို့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နယ်စပ်မြို့တစ်မြို့လည်းဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများသည် လွန်ခဲ့သော (၂)နှစ်ခန့်မှစပြီး ကျန်းမာရေးနှင့် အားကစားကဏ္ဍ နိမ့်ကျနေတာကို တွေ့ရှိရပါတယ်။ အဆိုပါ ကွင်းဆင်းလေ့လာတွေ့ရှိချက်အရ ဘက်စုံဖွံ့ဖြိုးသော အားကစားလုပ်ငန်းများ နိမ့်ကျရသော အကြောင်းအရင်းများကို တိုင်းရင်းသား ပြည်သူလူထုအတွင်း လေ့လာဆန်းစစ်ရာတွင် မြို့နယ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားဖွဲ့စည်းထားသော အဖွဲ့စည်းများ ဖွဲ့စည်းထားသော်လည်း ၎င်းအဖွဲ့များ သက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဦးဆောင်စည်းရုံး ဆောင်ရွက်ရမည့် အားကစားမှူးများ၊ အားကစားအရာရှိများမှာ လွန်ခဲ့သော (၂)နှစ်ခန့်မှစပြီး လာရောက်တာဝန်ထမ်းဆောင်ခြင်း မရှိသဖြင့် တာဝန်ယူ ဆောင်ရွက်ရသော အားကစားမှူးတာဝန်ခံ၏ လုပ်ငန်းအားနည်းချက်များကြောင့် အားကစားကဏ္ဍ ကျဆင်းခဲ့ရကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏ မူဝါဒရည်မှန်းချက်များအရ မြို့နယ်များအလိုက်၊ ကဏ္ဍအလိုက် အားကစားများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ကြိုးပမ်းနေသောအချိန် ဖြစ်ပါတယ်။

မိုင်းဆတ်မြို့နယ်သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ ဖွဲ့စည်းပုံအရ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးအရာရှိများ ခန့်အပ်ထားသော မြို့နယ်ဖြစ်ပါတယ်။ ခရိုင်/ မြို့နယ်အားကစားမှူးများ မရှိသဖြင့် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော ခရိုင်အားကစားကွင်းမှာ ပျက်စီးမှုများရှိလာပြီး နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားသော မိုးလုံလေလုံအားကစားရုံမှာ ဝမ်းနည်းဖွယ်ရာ ပျက်စီးနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ခရိုင်/ မြို့နယ်တွင် လိုအပ်နေသော ခရိုင်/ မြို့နယ်အားကစားမှူးများ ခန့်ထားပေးပါရန်နှင့် ချို့ယွင်းနေသော ခရိုင်အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံကြီးအတွင်း ပျက်စီးနေသောကြမ်းခင်းများ၊ တံခါးများနှင့် လျှပ်စစ်မီးများကို အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါ၍ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်ရဲ့ မိုင်းဆတ်မြို့နယ်တွင် လိုအပ်လျက်နေတဲ့ ခရိုင်/ မြို့နယ်အားကစားမှူးများ ခန့်ထားပေးရန်နှင့် ချို့ယွင်းနေသော ခရိုင်အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံအား ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်တွင် အားကစားမှူး ခန့်ထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့၏ ၅-၁၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁၀၀၃/ ဝထ/ရပန (၃၁၆)ဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန၊ နေပြည်တော်သို့တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ပျက်စီးနေသော ခရိုင်အားကစားကွင်း အုတ်တံတိုင်း (၂၂၀၈)ပေ ပြုပြင်ရန်အတွက် ရန်ပုံငွေကျပ် (၅၅.၂) သန်း၊ မီတာ(၄၀၀) ပြေးလမ်းအတွက် ရန်ပုံငွေကျပ် (၅၀) သန်း၊ မိုးလုံလေလုံအားကစားရုံကြီးအတွင်း ပျက်စီးနေသော လျှာထိုးကြမ်းခင်း (၈၀×၁၆၀)ပေ ပြုပြင်ရန်အတွက် ရန်ပုံငွေကျပ်(၃၅)သန်း၊ အားကစားရုံ လျှပ်စစ်မီးတပ်ဆင်ခြင်း ကျပ်သန်း (၁.၈၂)တို့အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ် ဘတ်ဂျက်ငွေလုံးငွေရင်း အသုံးစရိတ်၌ တင်ပြတောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေ ခွင့်ပြုငွေရရှိပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၁) ဖြစ်ပါတယ်။ အစီအစဉ်အရ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လက်ခုပ်မတီးမိဖို့ သတိပြုစေလိုပါတယ်။ ယခုအဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသိန်း (ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး)သည် (၂၇-၉-၂၀၁၈) ရက်နေ့တွင် လည်းကောင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်)သည် (၁၉-၁၀-၂၀၁၈) ရက်နေ့တွင် လည်းကောင်း အသီးသီး ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပါတယ်။

၎င်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကွယ်လွန်အနိစ္စ ရောက်ရှိသွားခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁(က)အရ ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသိန်း (ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး)သည် (၂၇-၉-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်)သည် (၁၉-၁၀-၂၀၁၈) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁(က)အရ လွှတ်တော်သို့ တင်သွင်းလာပါတယ်။ ဒီအဆိုဟာ လွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူပါတယ်။

ဒါကြောင့် မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့(၂)ဦး ကွယ်လွန် အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၆)ကြိမ်မြောက် အာရှပစိဖိတ် ဒေသတွင်းနိုင်ငံများ၏ ဆေးလိပ်ငွေ့ကင်းစင် မြို့တော်များ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၆)ကြိမ်မြောက် အာရှပစိဖိတ် ဒေသတွင်း နိုင်ငံများ၏ ဆေးလိပ်ငွေ့ကင်းစင် မြို့တော်များ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ (၆)ကြိမ်မြောက် အာရှပစိဖိတ် ဒေသတွင်း နိုင်ငံများ၏ ဆေးလိပ်ငွေ့ကင်းစင် မြို့တော်များ အလုပ်ရုံ ဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့်ကိစ္စကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီးမှ ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါ တယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ဦးဆောင်လမ်းညွှန်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ကျန်းမာရေးဌာန၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်ပညာရေးဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင်လှုပ်ရှားမှုကို အကျဉ်းချုံးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြခွင့်ပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများရဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအဖွဲ့ South East Asia Tobacco Control Alliance (SEATCA) ဒေသတွင်းနိုင်ငံများ ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် နှစ်စဉ်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို အရှေ့တောင်အာရှနိုင်ငံများမှာ အလှည့်ကျ ကျင်းပပါတယ်။ ၂၀၁၈ခုနှစ်အထိတော့ (၆)ကြိမ်မြောက် ကျင်းပပြီးစီးပြီးဖြစ်ပါကြောင်း ဦးစွာ တင်ပြ လိုပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။

ခေါင်းစဉ်အနေနဲ့ကတော့ **"ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်လှုပ်ရှားမှုများ အနက်မှ ပင်းတယရွှေဥမင်လိုဏ်ဂူအသိအမှတ်ပြုဆုချီးမြှင့်ခံရမှု"**ဆိုပြီးတော့ တင်ပြတာ

ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်အထိ ဆေးလိပ်ငွေ့ကင်းစင်တဲ့ နေရာ၊ ဆေးလိပ်ငွေ့ကင်းစင်တဲ့ဒေသ မရှိခဲ့ပါဘူး။ ၂၀၁၅ ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ 3rd Regional Workshop for Smoke-free Cities in ASEAN and Summit of Smoke-free leaders အစည်းအဝေးပွဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံက သွားရောက်ခဲ့တဲ့ ကိုယ်စားလှယ်များက ကတိပြုခဲ့သည့်အတိုင်း ရှမ်းပြည်နယ် အင်းလေးဒေသနှင့် ပင်းတယ ရွှေဥမင်လိုဏ်ဂူနှင့် ပုဂံဒေသတွေကို ဆေးလိပ်ငွေ့ကင်းစင် ဒေသများအဖြစ် စတင် အကောင်အထည်ဖော် သဘောတူသည့်နောက်ပိုင်းမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ဆောင်ရွက်တဲ့ ရည်ရွယ်ချက်အနေနဲ့ (၄)ခုရှိပါတယ်။

ပထမ(၁)ခုကတော့ (၂၀၁၅)ခုနှစ်တွင် ကတိပြုထားခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ အမွေအနှစ်နေရာတွေကို ဆေးလိပ်ငွေ့ကင်းစင်သည့်ဒေသ ဖြစ်လာစေဖို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်(၂)ကတော့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေမှာ တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်(၃)အနေနဲ့ ကျန်းမာကြံ့ခိုင်သော နိုင်ငံသား ကောင်းများ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ နောက်ဆုံး ရည်ရွယ်ချက် (၁)ခုကတော့ အနာဂတ်မျိုးဆက်သစ်များအပါအဝင် လူသားအားလုံးကို တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုးကျိုးများမှ ကင်းဝေးစေပြီးတော့ သန့်ရှင်းသောလေကို ရှူရှိုက်နိုင်စေဖို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာအမျိုးမျိုးဟာ မကူးစက်တတ်သော ရောဂါများဖြစ်တဲ့အပြင် သေဆုံးမှုနှုန်းလည်း မြင့်မားလျက်ရှိပါတယ်။ ရောဂါအတော်များများမှာလည်း ဆေးလိပ်နဲ့ ဆေးရွက်ကြီးထည့် ပစ္စည်းများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် မကူးစက်တဲ့ ရောဂါများ ကာကွယ်ရာမှာလည်း အထောက်အကူ ဖြစ်စေဖို့အတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်တာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုမှ စတင်ပြီးတော့ ဆောင်ရွက်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုတဲ့ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား/ကျောင်းသူများနဲ့ လူထုအားလုံးပူးပေါင်းပြီးတော့ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် လူထုလမ်းလျှောက်ပွဲ ကျင်းပပါတယ်။ (၂၀၁၆)ခုနှစ်မှာတော့ ပြည်သူ/ ပြည်သားအားလုံးပေါင်း (၄၆၂၆၈၅)ဦး ပါဝင်ဆင်နွှဲကြပါတယ်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲမှာတော့ စုစုပေါင်း (၆၆၃၈၉၆)ဦး ဝင်ရောက်ပါဝင် ဆင်နွှဲကြပါတယ်။ လက်ရှိ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ

(၂)ပတ်ကျင်းပပြီး ဖြစ်ပါတယ်။ လူထုတွေ တက်တက်ကြွကြွ ပါဝင်ဆင်နွှဲခဲ့တဲ့ မှတ်တမ်းလည်း ရှိခဲ့ပါတယ်။ နောက်တစ်ခုလုပ်ရှားမှုကတော့ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲများကို ကျင်းပတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ မြို့နယ်(၅)မြို့နယ်မှာ (၅)ကြိမ် ကျင်းပပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း မှာတော့ မြို့နယ် ၂၁ ခုမှာ ၂၇ ကြိမ်အထိ ကျင်းပနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ အထိတော့ မြို့နယ်(၁၁) မြို့နယ်မှာ (၁၂) ကြိမ် ကျင်းပပြီးတော့ ကျောင်းသား/ ကျောင်းသူနှင့် အားကစားဝါသနာရှင်ပေါင်း(၈၉၂၆)ဦး ပါဝင်ဆင်နွှဲပြီး အသိပညာပေးလုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ထပ် လှုပ်ရှားမှုတစ်ခုအနေနဲ့တော့ လူထု စက်ဘီးစီးနင်းခြင်းဖြစ်ပါတယ်။ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ညောင်ရွှေ၊ ပင်းတယ၊ လားရှိုး၊ ကွန်ဟိန်းမြို့နယ်တွေမှာ အကြိမ်(၂၀) ကျင်းပပြီးတော့ ကျောင်းသား/ ကျောင်းသူ အားကစားဝါသနာရှင်များ(၅၀၀၀)နီးပါးခန့် ပါဝင်ဆင်နွှဲခဲ့ပြီး ပညာပေးလုပ်ငန်း တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ထပ် အသိပေးလှုပ်ရှားမှုအနေဖြင့် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွေကို တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်တို့မှာ (၁)ကြိမ်စီနှင့် လားရှိုးမှာ (၂)ကြိမ်ကျင်းပခဲ့ရာ ဝါသနာရှင် ဆရာဝန် စုစုပေါင်း (၂၀၅)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အသိပညာပေးလုပ်ငန်းတွေကို လည်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ အသိပညာပေးနဲ့ ပညာပေးဟောပြောပွဲလုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါတယ်။ အသိပညာပေးဆွေးနွေးပွဲများအဖြစ် ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ခရိုင်/ မြို့နယ်များအားလုံးကို သွားရောက်ပြီးတော့ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီ ဆွေးနွေးပွဲတွေမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများကို ဖိတ်ကြားပြီးတော့ အသိပညာပေးခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ခရိုင်တွေအားလုံးကို အသိပညာပေး ဟောပြောပွဲ သွားရောက်ဆောင်ရွက် ခဲ့တဲ့ အနေအထားလေး တင်ပြရတာဖြစ်ပါတယ်။ တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ မိုင်းဆတ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကျောက်မဲ၊ လားရှိုး၊ ဟိုပန်ခရိုင်တွေကို သွားပြီးတော့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ပင်းတယရွှေဉမင်လိုဏ်ဂူကို ပထမဆုံး ဆေးလိပ်ငွေ့ကင်းစင်တဲ့ နေရာအဖြစ် ကြေညာနိုင်ဖို့အတွက် ပထမအကြိမ် သွားရောက်ပြီး တော့ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပတာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲမှာ ကျွန်တော်နဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းတို့မှ ဦးဆောင်ပြီးတော့ ကျင်းပဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

အစည်းအဝေးပွဲ ကျင်းပပြီးစီးတဲ့ နောက်ပိုင်းမှာတော့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှာ ပင်းတယရွှေဥမင်လိုဏ်ဂူကို မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ နေရာအဖြစ် ကမ္ဘာကိုကြေညာနိုင်ခဲ့ပါတယ်။ အဲ့ဒီ ကြေညာတဲ့အခမ်းအနားမှာတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ပြီး ကြေညာပေးခဲ့တဲ့ မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ကြေညာပြီးနောက်ပိုင်းမှာတော့ ဂေါပကလူကြီးများနှင့် ရပ်မိရပ်ဖများအားလုံးရဲ့ ဝိုင်းဝန်းထိန်းသိမ်းမှုကြောင့် South East Asia Tobacco Control Alliance (SEATCA)ကနေ ချီးမြှင့်တဲ့ အသိအမှတ် ပြုဆုကိုလည်း လက်ခံရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ (၂၀-၁၁-၂၀၁၈)ရက်နေ့မှ (၂၁-၁၁-၂၀၁၈)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟွိုင်အမ်မြို့မှာ ကျင်းပပြုလုပ်တဲ့ (၆)ကြိမ်မြောက် အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ မြို့တော်များ ဆေးလိပ်ငွေ့ကင်းစင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျွန်တော်အပါအဝင် မြန်မာနိုင်ငံက ကိုယ်စားလှယ် ၇ ဦး တက်ရောက်ခဲ့ပါတယ်။ အဲ့ဒီမှာ ပင်းတယ ရွှေဥမင်ဘုရားကို အသိအမှတ်ပြုဆုချီးမြှင့်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံး ဆေးလိပ်ငွေ့ကင်းစင် နယ်မြေနေရာအဖြစ် ကမ္ဘာကို ကြေညာနိုင်ခဲ့တဲ့အတွက် ပင်းတယ ရွှေဥမင်ဘုရားလိုဏ်ဂူ အတွက် South East Asia Tobacco Control Alliance (SEATCA) Smoke-free Award ချီးမြှင့်တာ ဖြစ်ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်ရေးလှုပ်ရှားမှုများအား စဉ်ဆက်မပျက် ဆောင်ရွက်နိုင်ဖို့အတွက် အသိအမှတ်ပြုသောအားဖြင့် Plague of Recognition အသိအမှတ်ပြုဆုကို ပေးထားခဲ့တာ ဖြစ်ပါတယ်။ **6th Regional Meeting** အပြီးမှာ ဘာတွေဆက်လက်ဆောင်ရွက်မယ်ဆိုတာကိုလည်း အဲ့ဒီအစည်းအဝေး မှာ တင်ပြခဲ့ပါတယ်။ တင်ပြချက်အနေနဲ့ မြန်မာနိုင်ငံဟာ Smoke-free Cities Asia Pacific Network မှာ ဒုတိယဥက္ကဋ္ဌအနေနဲ့ လက်ခံတာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကတော့ ကမ္ဘောဒီယားနိုင်ငံက ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌအဖြစ် လက်ခံပြီးဖြစ်တဲ့အတွက် လာမည့် သက္ကရာဇ်(၂၀၂၀)အရောက်တွင် ရှမ်းပြည်နယ် အင်းလေးဒေသ(သို့မဟုတ်)ပင်းတယဒေသမှာ (၈)ကြိမ်မြောက် အာရှပစိဖိတ်ဆိုင်ရာဆေးလိပ်ငွေ့ကင်းစင်ရေးမြို့တော်များ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ကတိပြုခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ အင်းလေးဒေသအား ဆေးလိပ်ငွေ့ကင်းစင်တဲ့ ဒေသအဖြစ်လည်းကောင်း၊ တောင်ကြီးမြို့တော်အား ဆေးလိပ်ငွေ့ကင်းစင်ဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်သည့်အပြင် လက်ရှိဆောင်ရွက်လျက်ရှိသော မြို့နယ်(၄၈)မြို့နယ်မှ အထင်ကရနေရာနှင့် ဘုရားပုထိုးနေရာ(၁၀၆)နေရာတို့ကိုလည်း ဆေးလိပ်ငွေ့ကင်းစင်နေရာများဖြစ်ပေါ်လာစေရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ ကျွန်တော့်အနေနဲ့

အလေးအနက် တိုက်တွန်းပြောကြားရင်း တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် (ကြာသပတေးနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (ဒုတိယနေ့)မှတ်တမ်း

# ၁၃၈၀ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်

# ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

# [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း( ၁၄၁ )ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇.၉၄%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာ

ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃-၁၂-၂၀၁၈ ရက်နေ့ (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းစွံဆိုင်း၊စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁) ရက်။

(၃) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၁)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ) နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းလင်းမြတ်က ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်မှ ဆိုင်းလျှံဒေသသို့ ဆက်သွယ်ထားသော

လမ်းအား ကျောက်ချောလမ်းအဖြစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု ဆိုင်းလျှံဒေသသည် အဖိုးတန် ကျောက်မျက်ရတနာထွက်ရှိရာ ဒေသဖြစ်ပြီး မြန်မာနိုင်ငံအတွက် ဘဏ္ဍာငွေ အမြောက်အမြား ရှာဖွေပေးရာဒေသဖြစ်ပါတယ်။ လက်ရှိ ဆိုင်းလျှံဒေသတွင် ရှုခင်းသာ၊ စခန်းသာ၊ အောင်ချမ်းသာ၊ ဂိုထောင်၊ နမ့်တိန်၊ အလယ်ဈေး၊ ရှမ်းဈေး၊ နတ်မောက်ဈေး၊ ကွက်သစ်၊ ဂဲချောင်း၊ ဝမ့်ခုန်၊ ဆိုင်းလျှံ အစရှိသော ကျေးရွာ၊ ရပ်ကွက်များ တည်ရှိပြီး အိမ်ထောင်စု(၆၁၇)စုနှင့် အ-မ-က ကျောင်း(၂)ကျောင်း၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ တို့ရှိပြီးလူဦးရေ(၄၀၀၀)ကျော် နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိပါတယ်။ လက်ရှိအခြေ အနေတွင် ဝမ်ကန်မှ ဆိုင်းလျှံဒေသသို့ ဆက်သွယ်ထားသောလမ်းသည် အရှည်(၅)မိုင်ခန့် ရှိပြီး အဆင်းအတက်ကြီးခြင်း၊ ကျဉ်းမြောင်းပြီး ကျောက်တုံး၊ ကျောက်ခဲများနှင့် အလွန် တစ်ရာမှ ကြမ်းတမ်းခြင်း၊ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှုမရှိခဲ့သဖြင့် လမ်းဟူ၍သာ မည်ကာမတ္တ သတ်မှတ်နိုင်ပြီး နွေ၊ မိုး၊ ဆောင်း တစ်ဆယ့်နှစ်ရာသီကာလပတ်လုံး ဒေသခံ ရဟန်းရှင်လူ ပြည်သူလူထုများ၊ ကျောင်းသား/ ကျောင်းသူလေးများ ခက်ခဲပင်ပန်းစွာ သွားလာလုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရ အနေဖြင့် ဆိုင်းလျှံဒေသရှိ ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်နေသော ဝမ်ကန် ဆိုင်းလျှံလမ်းပိုင်းအား နီးစပ်ရာ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ထည့်သွင်းလျာထားပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဆိုင်းလျှံဒေသရှိ ပြည်သူလူထုများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေး ဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူး မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် မေးမြန်းလာတဲ့ မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်မှဆိုင်းလျှံဒေသသို့ ဆက်သွယ်ထားသော လမ်းအရှည်(၅)မိုင်အား ကျောက်ချောလမ်းအဖြစ်ဖောက်လုပ်ပေးရန် ရှမ်းပြည်နယ်အစိုးရမှ နီးစပ်ရာဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ပါရန် အစီအစဉ်

ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ထည့်သွင်းလျာထားပေးမည်ကို သိရှိလိုပါသည် ဆိုတဲ့ကြယ်ပွင့်ပြ မေးခွန်းနှင့်စပ်လျဉ်းပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်ချုပ်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်မှဆိုင်းလျှံဒေသသို့ ဆက်သွယ်ထားသော လမ်းပိုင်းသည် အရှည်(၅/၀)မိုင်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ အတက်အဆင်း မြင့်မားပြီး၊ လမ်းမျက်နှာပြင်မှာ ကျောက်တုံးကျောက်ခဲများဖြင့် ကြမ်းတမ်းသည့် လမ်းပိုင်း ဖြစ်၍ လမ်းအကျယ်မှာလည်း(၁၀)ပေခန့်သာရှိသဖြင့် မြေသားလမ်းအဖြစ် ဦးစွာအဆင့်မြှင့် တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါလမ်းပိုင်းအား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ၎င်းလမ်းပိုင်းပေါ်ရှိ ကျေးရွာ(၁၀)ရွာမှ အိမ်ခြေ (၆၁၅)အိမ်နှင့် လူဦးရေ(၄၇၂၅)ဦးတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုနိုင်မည် ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာ အုပ်စု၊ ဝမ်ကန်မှ ဆိုင်းလျှံ ဒေသသို့ ဆက်သွယ်ထားတဲ့ လမ်းအရှည် (၅)မိုင်အား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီရဲ့ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍ လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍လည်းကောင်း ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ် က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** ဒုတိယမေးခွန်းအနေနဲ့ မိုင်းရှူးရတနာမြေလုပ်ကွက် တစ်နိုင်တစ်ပိုင်လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်း သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကျောက်မျက်ရတနာထွက်ရှိရာ ဒေသများ ဖြစ်သော မိုးကုတ်မြို့နှင့်ခန္တီးမြို့များတွင် လက်လုပ်လက်စား တစ်နိုင်တစ်ပိုင်လုပ်ပိုင်ခွင့်များ ချထားပေးပြီး စတင်တူးဖော် လုပ်ကိုင်ခွင့်ပြုနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကြီးကြပ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ -

(က) မိုင်းရှူးရတနာမြေအတွက် လက်လုပ်လက်စား၊ တစ်နိုင်တစ်ပိုင် တူးဖော် လုပ်ကိုင်ခွင့်များကို မည်သည့်အချိန်တွင် စတင်ချထားဆောင်ရွက်ပေးမည် နည်း။

(ခ) မည်သည့်နေရာများအား တစ်နိုင်တစ်ပိုင်လုပ်ကွက်များအဖြစ် ချထား သတ်မှတ်ပေးမည်နည်း။

(ဂ) တစ်ဦးတစ်ယောက်လျှင် လုပ်ကွက်အရေအတွက် မည်မျှအထိ လျှောက်ထား လုပ်ဆောင်နိုင်သနည်း။

(ဃ) လုပ်ကွက်တစ်ကွက်အတွက် ဧရိယာအကျယ်အဝန်း သတ်မှတ်ချက်မည်မျှဖြစ် သနည်း။

(င) လုပ်ကွက်တစ်ကွက် လျှောက်ထားရယူလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခ ပမာဏ အစရှိသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဝန်ကြီး။** လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ မြန်မာနိုင်ငံအတွင်းမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စတဲ့ တိုင်းနှင့်ပြည်နယ် (၄)ခုတို့တွင် ရတနာမြေများတည်ရှိပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုပေးချက်နဲ့ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကွက်များကို စတင်ချထားပေးနိုင်ခဲ့ပါတယ်။ ကျန်သည့် ပြည်နယ်နှင့် တိုင်းများမှာ ညှိနှိုင်းဆဲ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အနေနဲ့ဆိုရင် နယ်မြေအနေအထားအရ ကွင်းဆင်းတဲ့ အချိန်မှာ ကြန့်ကြာမှုရှိတဲ့အတွက် မေးခွန်း(က)ဖြစ်တဲ့ မိုင်းရှူးရတနာနယ်မြေအတွက် လက်လုပ်လက်စား တစ်နိုင်တစ်ပိုင် တူးဖော်လုပ်ကိုင်ခွင့်များကို မည်သည့်အချိန်တွင် စတင်ချထား ဆောင်ရွက်ပေးမည်နည်းဆိုတဲ့ မေးခွန်းနဲ့ မေးခွန်း(ခ)ဖြစ်တဲ့ မည်သည့်နေရာများအား တစ်နိုင်တစ်ပိုင် လုပ်ကွက်များအဖြစ် ချထားသတ်မှတ် ပေးမလဲဆိုတဲ့ မေးခွန်းတွေအတွက် အဖြေကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တို့ ညှိနှိုင်းဆဲဖြစ်တဲ့ အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မေခွန်း(ဂ)ဖြစ်တဲ့ တစ်ဦးတစ်ယောက်လျှင် လုပ်ကွက်အရေအတွက် မည်မျှအထိ လျှောက်ထားလုပ်ဆောင်နိုင်သနည်းဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ကတော့ တည်ဆဲလက်ရှိ ညွှန်ကြားချက်တွေအရ မိသားစုတစ်ခုကို အများဆုံးလုပ်ကွက်(၃)ကွက်အထိ လျှောက်ထားနိုင်မှာဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မေးခွန်း(ဃ)ဖြစ်တဲ့ လုပ်ကွက်တစ်ကွက်ကို ဧရိယာအကျယ်အဝန်း သတ်မှတ်ချက်အနေနဲ့ လုပ်ကွက်တစ်ကွက်ကို (၁)ဧကလို့ လက်ရှိမှာသတ်မှတ်ထားတဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ မေးခွန်း(င)ဖြစ်တဲ့ လုပ်ကွက်တစ်ကွက် လျှောက်ထား လုပ်ကိုင်ရယူနိုင်ဖို့ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခ ပမာဏအနေနဲ့ကတော့ လုပ်ကွက်(၁)ကွက် (၁)ဧကအတွက် အာမခံစပေါ်ငွေကျပ် (၅)သိန်းပေးသွင်းရမည်ဟု သတ်မှတ်ထားတဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ အချက်(၅)ချက်သာ မေးမြန်းထားသော်လည်းပဲ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့ ရက်စွဲနဲ့ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၈၆/၂၀၁၈မှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်များ သိသင့်သိထိုက်တဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကောက်နုတ်ချက်တွေကို အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။

အမိန့်ကြော်ငြာစာရဲ့အပိုဒ်(၁)မှာတော့ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့နဲ့ ပတ်သက်တဲ့လုပ်ပိုင်ခွင့်တွေ လုပ်ထုံးလုပ်နည်းတွေကို ဖော်ပြထားတာတွေ့ရပါတယ်။ ညွှန်ကြားချက် (၃)(က)မှာဆိုလို့ရှိရင် လက်လုပ်လက်စားထုတ်လုပ်ဖို့ ခွင့်ပြုမိန့် လျှောက်ထားခြင်းနဲ့ စပ်လျဉ်း၍ တည်ဆဲဥပဒေအတိုင်း ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းသဘောတူချက်နှင့်အညီ လုပ်ငန်းအတွက်ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းသတ်မှတ်ပြီး သတ်မှတ်ကာလအတွင်းမှာ သတ်မှတ်ထားတဲ့ဈေးနှုန်းတွေ ပေးသွင်းပြီးတော့ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးဖို့ ငြင်းပယ်ခြင်းပြုဖို့ရန်အတွက် ပြည်နယ်ကော်မတီကိုလုပ်ပိုင်ခွင့် ပေးထားတာတွေ့ရပါတယ်။ကော်မတီဖွဲ့စည်းနိုင်ရေးအတွက်ကိုတော့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆဲဖြစ်ပါတယ်ခင်ဗျား။

ညွှန်ကြားချက်အပိုဒ်(၃)(ခ)မှာတော့ လက်လုပ်လက်စားလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးခြင်းအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့်အမိန့်နှင့်ညွှန်ကြားချက်များအား ပြည်နယ်ကော်မတီမှ ဆက်လက်ရည်ညွှန်းလျက် ထပ်ဆင့်ထုတ်ပြန်ပေးရပါတယ်။ အပိုဒ် (၃)(ဂ)မှာတော့ ဝန်ကြီးဌာနကနေပြီးတော့ သဘောတူသတ်မှတ်ပေးထားတဲ့ ဧရိယာထဲမှာ လက်လုပ်လက်စားလုပ်ကွက်များအဖြစ်

ပြည်နယ်ကော်မတီက အကွက်ရိုက်ပြီးတော့ သတ်မှတ်ပေးရပါတယ်။ အပိုဒ်(၃) (ဃ)မှာ ဖော်ပြတာကတော့ လုပ်ကွက်တွေချထားပေးဖို့အတွက် ရွေးချယ်မှုစနစ်ကို ပြည်နယ်ကော်မတီက ဝိုင်းဝန်းပြီးတော့ ညှိနှိုင်းသတ်မှတ်ပေးရမှာဖြစ်ပါတယ်။

အပိုဒ်(၄)မှာကတော့ လျှောက်ထားတဲ့သူတွေအတွက် ဖော်ပြထားတာတွေ့ရှိရပါတယ်။ အပိုဒ်(၄)(က)မှာဆိုလို့ရှိရင် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က လျှောက်ထားတဲ့ပုဂ္ဂိုလ်ကိုစိစစ်တဲ့အချိန်မှာ ဒေသခံပုဂ္ဂိုလ် ဖြစ်ရပါမယ်။အပိုဒ်(၄)(ခ)အရ လျှောက်ထားတဲ့သူကိုယ်တိုင်လက်မှတ်ရေးထိုးထားသော သတ်မှတ်တဲ့ လျှောက်လွှာပုံစံနဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။ အပိုဒ်(၄)(ဂ)မှာကတော့ လျှောက်လွှာနဲ့အတူတူပူးတွဲတင်ပြဖို့ လိုအပ်တဲ့အချက်တွေကို ဖော်ပြထားတာဖြစ်ပါတယ်။ ပူးတွဲတင်ပြရမှာတွေကတော့ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ လိုင်စင်ဓါတ်ပုံ(၂)ပုံ၊ ရဲစခန်းထောက်ခံစာမူရင်း၊ အိမ်ထောင်စုစာရင်း ဖဖ/ဖ မိတ္တူမှန်နှင့် ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုအကြီးစား၊ အလတ်စား၊ အသေးစားတူးဖော် ထုတ်လုပ်ခွင့်ရရှိထားသူ မဟုတ်ကြောင်း ကိုယ်တိုင်ကတိခံဝန်ချက် စတဲ့အချက်တွေကို ကိုယ်တိုင်လျှောက်ထားရမှာ ဖြစ်ပါတယ်။ လျှောက်ထားတဲ့ နေရာမှာလည်း ပြည်နယ်ကော်မတီကနေပြီးတော့ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကနေ သတ်မှတ်ပေးထားသော ဧရိယာထဲမှာရှိတဲ့ အကွက်တွေကိုပဲ လျှောက်ထားရမှာဖြစ်ပါတယ်။ မိသားစုတစ်ခုကို (၃)ကွက်ထက်ပိုပြီးတော့ လျှောက်ထားလို့မရပါဘူး။ စပေါ်ငွေအနေနဲ့လည်းတစ်ကွက်ကို ကျပ်ငါးသိန်းပေးသွင်းရမှာ ဖြစ်ပါတယ်။ အဆိုပြုလျှောက်လွှာတွေခေါ်တဲ့အချိန်မှာ အချိန်ကာလအကန့်အသတ်နဲ့ ခေါ်ဖို့ဖြစ်ပြီးတော့ လျှောက်လွှာတွေကို သတ်မှတ်တဲ့ရက်အတွင်းမှာ တင်သွင်းရမှာဖြစ်ပြီး တည်ဆဲဖြစ်တဲ့ ပြည်ထောင်စု ဥပဒေ၊ ပြည်နယ်ဥပဒေများကိုလည်းလိုက်နာရမှာဖြစ်ပါတယ်။

အပိုဒ်(၅)မှာကတော့ ခွင့်ပြုမိန့်ရရှိသူနဲ့ပတ်သက်တဲ့ လိုက်နာရမည့်စည်းကမ်းချက်တွေကို ဖော်ပြထားတာဖြစ်ပါတယ်။ အပိုဒ်(၅)(ခ)မှာ စက်ကိရိယာနဲ့ပတ်သက်တဲ့ စည်းကမ်းသတ်မှတ်ချက်ကိုဖော်ပြထားပြီးတော့ အပိုဒ်(၅)(ဂ)မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရ သတ်မှတ်ထားသော စည်းကမ်းချက် တွေကိုလိုက်နာဖို့ဖော်ပြထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ အပိုဒ်(၅)(ဃ)မှာကတော့ လျှောက်ထားတဲ့သူ၊ လုပ်ပိုင်ခွင့်ရတဲ့သူ ကိုယ်တိုင်လုပ်ကိုင်ဖို့ဖော်ပြထားပြီးတော့ အပိုဒ်(၅)(င)မှာကတော့ တည်ဆဲဥပဒေ၊နည်းဥပဒေတွေကို လိုက်နာဖို့၊ အပိုဒ်(၅)(စ)မှာတော့ သတ်မှတ်ထားတဲ့အခွန်အခများနှင့်ရတနာခွန်များကို စနစ်တကျပေးဆောင်ဖို့၊ အပိုဒ်(၅) (ဆ)မှာကတော့ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ လုပ်ကိုင်ခြင်းမပြုဖို့၊ အပိုဒ်(၅)(ဇ)မှာကတော့ ကျောက်မျက်ရတနာမှအပ အခြားသော ဓာတ်သတ္တုများတူးဖော်ခြင်းမပြုဖို့နဲ့ တစ်ကယ်လို့ တွေ့ရှိခဲ့မယ်

ဆိုလို့ရှိရင် သက်ဆိုင်ရာကို သတင်းပို့ဖို့၊ အပိုဒ်(၅)(ဈ)မှာတော့ ပြည်နယ်လုပ်ကွက်စိစစ်ရေး အဖွဲ့က သတ်မှတ်ထားသောညွှန်ကြားချက်တွေကို လိုက်နာဖို့၊ အပိုဒ်(၅)(ည)မှာတော့ ခွင့်ပြုမိန့်သက်တမ်းကုန်ပြီးတဲ့နောက်မှာ သက်တမ်းတိုးမြှင့်ခြင်းကိုခွင့်ပြုမပေးဘဲနဲ့ ခွင့်ပြုမိန့် အသစ်ထုတ်ပေးနိုင်ရေးအတွက်လျှောက်ထားဖို့၊ အပိုဒ်(၅)(ဋ)မှာကတော့ လုပ်ကွက်အတွင်း မှာရှိတဲ့ သစ်တောသစ်ပင်တွေကို တတ်နိုင်သမျှချန်လှပ်၍ လုပ်ငန်းလုပ်ကိုင်ဖို့ ဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။

အပိုဒ်(၆)မှာကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနဲ့ ပတ်သက်တဲ့ အသေးစိတ်စည်းကမ်းချက်တွေကို ဖော်ပြထားတာဖြစ်ပါတယ်။ အပိုဒ်(၆)(က)မှာ မြစ်ချောင်း နဲ့ပတ်သက်တဲ့ စည်းကမ်းချက်၊ အပိုဒ်(၆)(ခ)မှာတောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်၊ မြစ်ချောင်းများ၊ သဘာဝရေဝေရေလဲတွေနဲ့ပတ်သက်တဲ့ စည်းကမ်းချက်များ၊ အပိုဒ် (၆)(ဂ)မှာ မျှောထိုး၊ ပန်းထိုးရှာဖွေတဲ့နေရာမှာ အနည်ပါတဲ့ရေတွေကို စီမံခန့်ခွဲဖို့ကိစ္စနဲ့ ပတ်သက် တဲ့စည်းကမ်းချက်၊ အပိုဒ်(၆)(ဃ)မှာဆိုလို့ရှိရင် မိုင်းပိတ်သိမ်းတဲ့အချိန်မှာ လိုက်နာရမည့် စည်းကမ်းချက်တွေကိုဖော်ပြထားတာကိုတွေ့ရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းခြင်းကိစ္စများ ပြီးတာနဲ့ ဒီဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်တွေမှာ အဓိကကတော့ ရှမ်းပြည်နယ်မှာ မိုးမိတ်ခရိုင်နဲ့ လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းရှူးမြို့နယ်ဖြစ်ပါတယ်။ သက်ဆိုင်ရာနယ်မြေမှာ လက်လုပ်လက်စားလုပ်ကွက်များ ချထားပေးရေးညှိနှိုင်းပြီးတဲ့အချိန်မှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမောင်ညို က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို ၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်း သွားမည့် မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ အထက် ရမ်းဘိုရွာ အစိုးရမူလတန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ အထက်ရမ်းဘိုရွာရှိ အစိုးရမူလတန်းကျောင်းကို ၁၉၈၂ - ၁၉၈၃ ပညာသင်နှစ်မှာ အစိုးရမူလတန်းကျောင်းအဖြစ် အသိအမှတ်ပြုခံခဲ့ရပါတယ်။ ယခုပညာသင်နှစ်အထိဆိုလျှင် (၃၆)နှစ်ပင်ပြည့်ခဲ့ပါပြီ။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးထားသော ပုံစံ(၁၀၅)ပါ (၁.၅)ဧက ပညာရေးပိုင်မြေလည်းရရှိထားပြီးဖြစ်ပါတယ်။ ယခုအချိန်အထိ ကိုယ်ထူကိုယ်ထ ကျောင်းဆောင်များနှင့်သာ သင်ကြားနေရပါတယ်။ နိုင်ငံတော်မှ တည်ဆောက်ပေးထားသော ကျောင်းဆောင်မရှိသေးပါ။ သို့ပါသောကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ အထက်ရမ်းဘိုရွာ အစိုးရမူလတန်းကျောင်း အတွက် နိုင်ငံတော်မှ ထိုက်သင့်သော ကျောင်းဆောင်သစ်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ ကျောင်းဆောင်သစ် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ရမ်းဘိုကျေးရွာအုပ်စု၊ ရမ်းဘို(ထက်) ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းရှိ (၆၀×၃၀)ပေ၊ သွပ်မိုး အုတ်ညှပ်(၁)ထပ်ဆောင် (မူကြိုဆောင်)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၁.၆ သန်းဖြင့် ရန်ပုံငွေခွဲဝေ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ကျောင်းတွင် ကျောင်းသားဦးရေ စုစုပေါင်း ၄၀ဦးသာ ရှိပြီး (၇၂×၂၂)ပေ၊ သွပ်မိုးပျဉ်ကာ(၁)ထပ်ဆောင်နှင့် (၆၀×၃၀)ပေ၊ အုတ်ညှပ်(၁)ထပ်ဆောင် စုစုပေါင်း စာသင်ဆောင်(၂)ဆောင် ရှိနေပါသဖြင့် စာသင်ခန်း လုံလောက်မှု ရှိပါတယ်။၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း (၉၀×၃၀)ပေ အုတ်ညှပ်(၁)ထပ် အသစ် တည်ဆောက် နိုင်ရန်အတွက် မဘိမ်းမြို့နယ်ရဲ့ ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းလျာထားတင်ပြသွား မည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းထွန်းဝင်း (ခ)စိုင်းနော်ခမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါ။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း (ခ)စိုင်းနော်ခမ်း ဖြစ်ပါ တယ်။ ကျွန်တော် ဒီနေ့မေးမြန်းသွားမှာကတော့ ၂၀၁၆ခုနှစ် အစိုးရ၏ ရက်(၁၀၀) စီမံကိန်း အတွင်း ဆောင်ရွက်ခဲ့သော ကျေးရွာမြေဌာနဂရန် ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်၊ ကျွဲကုန်း ကျေးရွာအုပ်စု၊ မွေတော်ကျေးရွာရှိ နေအိမ်ခြံဝင်းများကို ၂၀၁၆ ခုနှစ်၌ အစိုးရ၏ ရက်(၁၀၀) စီမံကိန်းဖြင့် ကျေးရွာမြေငှားဂရန် ရရှိရေးဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျွဲကုန်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာ ကားလမ်းရဲ့တောင်ဘက်ခြမ်းရှိ နေအိမ်မြေကွက် များကို ယာမြေအစိတ်အပိုင်းဖြစ်နေတာကို တွေ့ရှိရပါတယ်။ အဆိုပါ ကားလမ်း တောင်ဘက် ခြမ်းရှိနေအိမ်များသည် နှစ်ပေါင်း(၂၁)နှစ်ခန့် ဆောက်လုပ်နေထိုင်ခဲ့သူများဖြစ်ပြီး၊ မြို့နယ် အုပ်ချုပ်ရေးမှူးမှ သီးသန့်အမှုတွဲများဖြင့် သက်ဆိုင်ရာသို့ ဆက်လက်တင်ပြ ဆောင်ရွက်မည် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ယနေ့ကာလအထိ အစိုးရ၏ ရက်(၁၀၀)စီမံကိန်းအတွင်း (၂)နှစ်ကျော် ကာလအထိ စီမံကိန်းတွင် ပါ ဝင်သောမွေတော်ကျေးရွာကားလမ်းတောင်ဘက်ခြမ်းရှိ နေအိမ် မြေကွက်များ ကျေးရွာမြေငှားဂရန်ရရှိနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် သွားမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များနှင့် တက်ရောက်လာသူများ

အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်းမှ မေးမြန်းလာတဲ့ ကျောက်မဲမြို့နယ်၊ ကျဲကုန်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာရှိ နေအိမ်ခြံဝင်းများကို ၂၀၁၆ ခုနှစ်မှစ၍ အစိုးရ၏ ရက်(၁၀၀)စီမံကိန်း(၂)နှစ်ကျော်ကာလအထိ စီမံကိန်းတွင်ပါဝင်သော မွေတော်ကျေးရွာ ကားလမ်းတောင်ဘက်ရှိ နေအိမ်မြေကွက်များ ကျေးရွာမြေငှားဂရန်ရရှိနိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်မေးခွန်းနဲ့ပတ်သက်၍ အောက်ပါအတိုင်းပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်-

ကျောက်မဲမြို့နယ်၊ ကျဲကုန်းကျေးရွာအုပ်စု၊ မွေတော်ကျေးရွာအား ၂၀၁၆-၂၀၁၇ ခုနှစ် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးစီမံချက်အရ မြေပြင်ကွင်းဆင်း တိုင်းတာစိစစ်ခဲ့ရာ မူလရွာမြေ(၄၄.၇၃)ဧကရှိပြီးတော့ စိုက်ပျိုးမြေ(၂၂.၁၃)ဧကနှင့် အခြားမြေ(၄.၀၀)ဧက၊ စုစုပေါင်း (၇၀.၈၆)ဧကရှိပါကြောင်းနှင့် နေအိမ်ခြံဝင်း(၁၃၁)ကွက် တိုင်းတာရရှိခဲ့ပြီး မူလရွာမြေ (၄၄.၇၃)ဧကအတွင်းရှိ နေအိမ်ခြံဝင်း (၈၉) ကွက်အား ကျေးရွာမြေငှားဂရန် ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

မွေတော်ကျေးရွာကားလမ်းတောင်ဘက်ခြမ်းတွင် စိုက်ပျိုးမြေဧရိယာ(၂၂.၁၃)ဧကရှိပြီး အဆိုပါမြေဧရိယာအတွင်းမှ ကားလမ်း၊ လှည်းလမ်းနှင့် စက်မှုမြေငှားဂရန်လျှောက်ထားရမည့် မြေဧရိယာများအား ချန်လှပ်၍ ကျန်ရှိသည့် မြေဧရိယာ (၁၇.၂၉)ဧကအား မွေတော်ကျေးရွာနေ ဦးလာဘပါ(၄၂)ဦးမှ ကျေးရွာမြေအဖြစ် အသုံးပြုရန် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန်ခွင့်ပြုမိန့် အမိန့်အမှတ် (၁၆/၂၀၁၇) ဖြင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

၎င်းမြေနေရာရှိ နေအိမ်ခြံဝင်းကွက် (၄၂)ကွက်အား ကျေးရွာမြေငှားဂရန်ရရှိရေးအတွက် ဦးလာဘပါ(၄၂)ဦးမှ လျှောက်ထားပြီးဖြစ်ပါကြောင်းနှင့် ယင်းမြေကွက် (၄၂)ကွက်သည် လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပါသောကြောင့် လမ်းမြေဧရိယာနှင့် လွတ်ကင်းမှု ရှိ/မရှိ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့၊ လမ်းဦးစီးဌာနတို့နှင့် ကွင်းဆင်းစိစစ်ပြီး ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ကျွန်တော် တင်ပြဆွေးနွေးသွားမှာကတော့ မြန်မာနိုင်ငံမှာ လေ့လာဆန်းစစ်ချက်အရ မန္တလေး၊ လားရှိုး၊ မော်လမြိုင်မြို့နယ်တို့တွင် အသည်းရောင် အသားဝါဘီပိုးနှင့်စီပိုးဖြစ်ပွားမှုနှုန်းထား အများဆုံးဖြစ်နေတယ်လို့ သိရပါတယ်။ အသည်းရောင်အသားဝါရောဂါဟာ တစ်ကမ္ဘာလုံးကူးစက်ပျံ့ပွားမှုနှုန်း မြန်ဆန်လျက်ရှိပြီးတော့ ကူးစက်မှန်းမသိလိုက်ပါက အချိန်မရွေး အသက်ဆုံးရှုံးနိုင်တာဖြစ်တဲ့အတွက် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်-

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ပိုးများ ကူးစက်ပြန့်ပွားခြင်းမရှိအောင် ကာကွယ်ခြင်း၊ ပညာပေး ဟောပြောပွဲများကို မြို့ပေါ်မှ ကျေးရွာများအထိ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ပိုးများ ကူးစက်ပြန့်ပွားခြင်း မရှိအောင် ကာကွယ်ခြင်း၊ ပညာပေး ဟောပြောပွဲများကို မြို့ပေါ်မှ ကျေးရွာများအထိ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ကလေးများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း အစီအစဉ်အရ ကလေး အသက်(၂)လ၊(၄)လနှင့်(၆)လတို့တွင် ငါးမျိုးစပ်ကာကွယ်ဆေးကို (၂၀၁၂)ခုနှစ်မှစ၍ ယနေ့ထိထိုးနှံပေးလျက် ရှိပါသည်။ ၎င်းငါးမျိုးစပ် ကာကွယ်ဆေးတွင် အသည်းရောင်ဝါ(ဘီ) ကာကွယ်ဆေးပါဝင်ပြီး ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၆ခုနှစ်၊ အောက်တို

ဘာလမှစ၍ မွေးကင်းစကလေးများကို မွေးမွေးပြီးချင်း (၂၄)နာရီအတွင်း Hepatitis B Birth dose ကာကွယ်ဆေးကိုလည်း ထိုးနှံပေးလျက် ရှိပါသည်။ ပြည်နယ်ကုသရေးဦးစီးဌာနမှ မြို့နယ်ဆေးရုံများအားလုံးတွင် ဆေးရုံတက်လူနာများအား အသည်းရောင် အသားဝါ (ဘီ)ပိုး စစ်ပေးနိုင်ရန် Test Kit များကို ဝေငှထားပြီးဖြစ်ပါသည်။ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် အခါအားလျော်စွာ အသည်းရောင်အသားဝါပိုးရပ်စ်ရောဂါပိုးကူးစက်ပျံ့နှံ့ပုံ၊ ကလေးများအား ကာကွယ်ဆေးထိုးနှံပေးရန် အရေးကြီးပုံ၊ ရောဂါမကူးစက်အောင် နေထိုင်စားသောက်နည်းများအား ပြည်သူများအကြား ပညာပေးပြောကြားခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်းတယမြို့တွင် ပရဟိတအဖွဲ့ဝင် (၁၂၃၃)ဦးအား ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် အသည်းရောင်အသားဝါ(ဘီ)ပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလမှစ၍ ပင်းတယမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်နှင့် သွေးလှူရှင် စုစုပေါင်း (၂၀၀၀)ဦးကို (HIV ၊ Hepatitis B၊ Hepatitis C) စစ်ဆေးပေးရန်နှင့် Hepatitis B ကာကွယ်ဆေးထိုးရန် ပုဂ္ဂလိကအလှူရှင်မှ ရရှိသောအလှူငွေများနှင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ ဆုမွန်ကောင်းတောင်းရင်းနူတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့်မေးခွန်းကတော့ သိန္နီမြို့နယ်၊ စစ်ဆင်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနချုပ်၊ အမှတ်(၁၆)ရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ခရီးသွားမိဘပြည်သူများ၏ အသက်အန္တရာယ်ဖြစ်စေသည့် ပေပါပုံးများတားဆီးထားခြင်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

သိန္နီမြို့နယ်တွင် စစ်ဆင်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနချုပ် ၊ အမှတ်(၁၆)မှ ပြည်သူပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန်တပ်စွဲနေထိုင်လျက်ရှိပါတယ်။ “တပ်မတော်သာအမိ၊တပ်မတော်သာအဖ” ဟူသောဆောင်ပုဒ်အတိုင်း မိဘတို့သည် သားသမီးများကို အကျင့်စာရိတ္တကောင်းမွန်ရန် သွန်သင်ဆုံးမပေးခြင်း၊ ကောင်းမွန်သော အကျိုးရလာဒ်များဖြစ်စေရန် လမ်းညွှန်ပေးခြင်း၊ ဘေးအန္တရာယ်မကျရောက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်း စသည့်ဝတ္တရားများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု နားလည်သဘောပေါက်ထားပါတယ်။ ယခုအချိန်မှာတော့ “ပြည်သူသာအမိ၊ပြည်သူသာအဖ” ဟု ပြောင်းလဲ သုံးနှုန်းနေသည်ကိုလည်းတွေ့ရှိရပါတယ်။ ဤကဲ့သို့ ပြောင်းလဲသုံးနှုန်းခြင်းသည်လည်းပြည်သူများ၏အကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်နေခြင်း ဖြစ်သောကြောင့် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းမ ကြီးများဥပဒေအခန်း(၅)၊ ပုဒ်မ ၉၊ ပုဒ်မခွဲငယ်(ဂ)၌ လမ်းမကြီးပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့် ပစ္စည်းကို တမင်ထားရှိပါက ပြစ်မှုပြစ်ဒဏ်မြောက်ကြောင်းကိုလည်း အတိအလင်း ဖော်ပြထားပါတယ်။ တပ်နယ်နိမိတ်အတွင်းလုံခြုံရေးအရထားရှိရန် လိုအပ်သည်ဆိုပါက သံဆူးကြိုးဖြင့် ပြုလုပ်ထားသည့်ဘေလီများကို ညတွင်ချထားပြီး မနက်တွင်ပြန်လည်သိမ်းသည့်စနစ်ကိုလည်း အခြားမြို့နယ်တွင် ကျင့်သုံးနေသည်ကို တွေ့ရှိရပါတယ်။ ထိုစနစ်ကို ကျင့်သုံးပါက ခရီးသွား ပြည်သူများ၏အသက်အန္တရာယ်ကို ထိခိုက်မည်မဟုတ်ကြောင်းကိုလည်း အကြံပြု တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပေပါပုံးများထဲတွင် ဗြုန်းထည့်ပြီးနှစ်ပေါက်အောင် တားဆီးထားသည်ကို ဖယ်ရှားပေးပါရန်နှင့် စ.က.ခ(၁၆)ရှေ့တွင် ဤကိစ္စကြောင့် Accident(၂)ကြိမ် ဖြစ်ခဲ့ပြီး မတ်လ(၁၃)ရက်နေ့တွင် ဖြစ်ပွားသည့် Accident မှာ ယာဉ်နောက်လိုက်တစ်ဦး အသက်ဆုံးရှုံးခဲ့ပြီး ယာဉ်များပျက်စီးခဲ့ကြောင်းကိုလည်း လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးထံသို့ ကျွန်မကိုယ်တိုင် ဝန်ကြီးရုံးခန်းတွင် စက်တင်ဘာလ (၃) ရက်နေ့တွင် ဆွေးနွေးတင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တားဆီးထားသည့် အဆိုပါပေပါပုံးများကြောင့် ခရီးသွားမိဘပြည်သူများ၊ ကားသမားများက Social Media များတွင်အကြိမ်ကြိမ်တင်ခဲ့သော်လည်း နိုဝင်ဘာလ ၂၀ ရက်နေ့အထိတိုင် ဖယ်ရှားပေးခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဗြုန်းထည့်ပြီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တားဆီးထားသည့် ပေပါပုံးများကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိနှင့်ရှိပါက မည်သည့်နေ့ရက်တွင် ဖယ်ရှားပေးမည်နည်း။ မရှိပါက အဘယ်ကြောင့်နည်း

စသည်တို့ကို သိရှိလိုပါသဖြင့် ခရီးသွားမိဘပြည်သူများနှင့် ထိခိုက်နစ်နာသူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေး ဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ပဏာမဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မှ မေးမြန်းလာတဲ့ သိန္နီမြို့နယ်၊ အမှတ်(၁၆)၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ရှေ့ ပြည်ထောင်စု လမ်းမကြီးပေါ်တွင် အသက်အန္တရာယ်ဖြစ်စေသည့် ပေပါပုံးများ တားဆီးထားခြင်းကို ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်နေ့ရက်တွင် ဖယ်ရှားပေး မည်နည်း။ မရှိပါက အဘယ်ကြောင့် မဖယ်ရှားပေးနိုင်သည်ကို သိရှိလိုပါသည်ဆိုသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ကျွန်တော်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး သိန္နီ မြို့နယ်၊ အမှတ်(၁၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ်(၁)ဂိတ်ရှေ့ မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီး ခန့်မှန်းမြေပုံညွှန်း (LF-922739)ပေါ်တွင် အတားအဆီး အဖြစ်ထားရှိသော ပေပါပုံးများအား ၄-၁၂-၂၀၁၈ ရက်နေ့ ၁၈၀၀ နာရီအချိန်တွင် ဖယ်ရှား ရှင်းလင်းပေးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလုံ က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံ ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက် လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့်

မေးခွန်းကတော့ နေ့စားလပေးစနစ်နဲ့တိုင်းရင်းသားဘာသာစာပေ သင်ကြားပေးမည့် ဆရာ/ ဆရာမများ ခန့်ထားရေးနှင့်စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားဒေသမှာရှိတဲ့ အခြေခံပညာကျောင်းများမှာ စာပေ သင်ကြားနေတဲ့ တိုင်းရင်းသား ကျောင်းသားများအတွက် သက်ဆိုင်ရာ တိုင်းရင်းသားစာပေ သင်ကြားနိုင်ရန် တိုင်းရင်းသားဘာသာကျွမ်းကျင်တဲ့ ဆရာ/ဆရာမများကို နေ့စားလပေး စနစ်ဖြင့် နိုင်ငံတော်ကခန့်ထားနိုင်ရေး လျှောက်လွှာခေါ်တော့မှာ ဖြစ်ပါတယ်။ ပညာ အရည်အချင်းက ကိုးတန်းအောင်အပြင် အခြားအရည်အချင်းသတ်မှတ်ချက်တွေလည်း ရှိပါ သေးတယ်။ သတ်မှတ်ထားတဲ့ အရည်အချင်းများအရ ကျောင်းဆရာ/ဆရာမ မလုံလောက်တဲ့ ကျွန်တော်တို့ မိုင်းကိုင်မြို့နယ်လို မြို့နယ်များအတွက် အထူးသင့်တော်လှပါကြောင်း ထိုအစီအစဉ်ကို လှိုက်လှဲစွာကြိုဆိုပါကြောင်းသိစေအပ်ပါတယ်။ သို့ပါသော်လည်း အဆိုပါ ဆရာ/ဆရာမများကို ကျောင်းတိုင်းမှာ ခန့်ထားပေးနိုင်မှုမရှိခြင်း၊ သက်ဆိုင်ရာ သင်ကြားမည့် တိုင်းရင်းသားဘာသာကိုလည်း ကျွမ်းကျင်မှုမရှိခြင်းစသည့် အားနည်းချက်များမရှိစေရေး သက်ဆိုင်ရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီရဲ့ထောက်ခံချက်ရယူရမှာဖြစ်သလို ခန့်ထားရာ မှာလည်း သင်ကြားသည့်ကျောင်းမှာ သင့်တော်သည့်တိုင်းရင်းသားစာပေကို သင်ကြားနိုင်ဖို့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိမဲဆန္ဒနယ်ထဲက လိုအပ်ချက်များအားလုံးကို မျက်ခြေ မပြတ်စောင့်ကြည့်နေရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းကိုင်မှာဆိုရင် တိုင်းရင်းသားဘာသာစကားသင် ဆရာမများဟာ မြို့နဲ့နီးတဲ့ကျောင်းတွေမှာ စုပုံနေကြပြီး တောင်ပေါ်ကျေးရွာ ဆရာ/ဆရာမ မလုံလောက်တဲ့ ရွာကျောင်းတွေမှာတော့ ခပ်များများ မတွေ့ရပါဘူး။ ထိုကြောင့်အခြေခံစာသင်ကျောင်းများမှာ သက်ဆိုင်ရာ တိုင်းရင်းသားများ၏ စာပေသင်ကြားမှု ဆရာ/ဆရာမများအား နေ့စားလပေးစနစ်ဖြင့် ခန့်ထားရာတွင် သတ်မှတ် ထားသည့် အရည်အချင်းအပြင် သင်ကြားပေးမည့် သက်ဆိုင်ရာ တိုင်းရင်းသားစာပေကို ကျွမ်းကျင်မှု ရှိ/မရှိ စစ်ဆေးပေးရန်နှင့် တိုင်းရင်းသားများရှိရာ မြို့နယ်တိုင်းမှ စာသင် ကျောင်းများတွင် ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ တိုင်းရင်းသားဘာသာစာပေ သင်ကြား

ရန် ဆရာ/ ဆရာမများအား နေ့စားလပေးစနစ်ဖြင့် ခန့်ထားရာတွင် သတ်မှတ်ထားသည့် အရည်အချင်းအပြင် သင်ကြားပေးမည့် တိုင်းရင်းသားစာပေကို ကျွမ်းကျင်မှု ရှိ/ မရှိ စစ်ဆေးပေးရန်နှင့် တိုင်းရင်းသားများရှိရာ မြို့နယ်တိုင်းမှ စာသင်ကျောင်းများတွင် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ တိုင်းရင်းသားဘာသာစာပေသင်ကြားနေသော မြို့နယ်များရှိ ကျောင်းများသို့ နေ့စားလပေး ဆရာ/ ဆရာမများကို န၀မတန်းမှ ဘွဲ့ရအထိ ပညာအရည်ချင်းရှိသော အသက်(၁၈)နှစ်မှ (၃၅)နှစ်အောက် ဒေသခံ တိုင်းရင်းသားစာပေနှင့်ဘာသာစကား ကျွမ်းကျင်သူများကို (၃၂၁)ဦး ခန့်ထားပေးခဲ့ပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် (၃၀၇)ဦးဖြင့် သင်ကြားပေးလျက်ရှိပါတယ်။

တောင်ကြီးမြို့နယ်တွင် ရှမ်း(၃)ဦး၊ ပအိုဝ်း(၂၀)ဦး၊ ဟိုပုံးမြို့နယ်တွင် ရှမ်း(၄)ဦး၊ ပအိုဝ်း (၁၃)ဦး၊ ညောင်ရွှေမြို့နယ်တွင်ပအိုဝ်း(၂)ဦး၊ ဆီဆိုင်မြို့နယ်တွင် ပအိုဝ်း(၃)ဦး၊ ပင်လောင်းမြို့နယ်တွင် ရှမ်း(၆)ဦး၊ ပအိုဝ်း(၃၄)ဦး၊ ဖယ်ခုံမြို့နယ်တွင် ရှမ်း(၁၆)ဦး၊ ပအိုဝ်း (၂)ဦး၊ ကယန်း(၆၇)ဦး၊ ကယား(၃)ဦး၊ ကယော(၁)ဦး၊ လွိုင်လင်မြို့နယ်တွင် ရှမ်း(၂)ဦး၊ ကွန်ဟိန်းမြို့နယ်တွင် ရှမ်း (၁၆)ဦး၊ ကျေးသီးမြို့နယ်တွင် ရှမ်း(၅၁)ဦး၊ မိုင်းကိုင်မြို့နယ်တွင် ရှမ်း(၂၂) ဦး၊ ပလောင်(၁)ဦး၊ မိုင်းရှူးမြို့နယ်တွင် ရှမ်း(၂၀)ဦး၊ နမ့်စန်မြို့နယ်တွင် ရှမ်း(၃)ဦး၊ ပအိုဝ်း(၁)ဦး၊ ပလောင်(၁)ဦး၊ မိုးနဲမြို့နယ်တွင် ရှမ်း(၁၀)ဦး၊ လင်းခေးမြို့နယ်တွင် ရှမ်း (၆)ဦး အသီးသီး ခန့်ထားပေးပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ တိုင်းရင်းသားဘာသာစာပေ သင်ကြားနေသော မြို့နယ်များရှိ ကျောင်းများသို့ နေ့စားလပေး ဆရာ/ ဆရာမများကို န၀မတန်းမှ ဘွဲ့ရအထိ ပညာအရည်ချင်းရှိသော အသက်(၁၈)နှစ်မှ (၃၅)နှစ်အောက် ဒေသခံ တိုင်းရင်းသားစာပေနှင့်ဘာသာစကား ကျွမ်းကျင်သူများကို (၃၃၈)ဦး ခန့်ထားပေးခဲ့ပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တွင် (၃၁၄)ဦးဖြင့် သင်ကြားပေးလျှက်ရှိပါတယ်။

လားရှိုးမြို့နယ်တွင် ရှမ်း(၂၅)ဦး၊ ပလောင်(၂)ဦး၊ သိန္နီမြို့နယ် တွင် ရှမ်း(၁၇)ဦး၊ တန့်ယန်းမြို့နယ်တွင် ရှမ်း(၄၇)ဦး၊ မိုင်းရယ်မြို့နယ်တွင် ရှမ်း(၃၀)ဦး၊ မူဆယ်မြို့နယ်တွင် ရှမ်း(၂)ဦး၊ ကချင် (၅)ဦး၊ ပလောင်(၂)ဦး၊ နမ့်ခမ်းမြို့နယ်တွင် ရှမ်း(၃)ဦး၊ ကချင် (၃)ဦး၊ ပလောင်(၁)ဦး၊ လီဆူ(၁)ဦး၊ ကွတ်ခိုင်မြို့နယ်တွင် ကချင်(၈)ဦး၊ ပလောင်(၃)ဦး၊ ကျောက်မဲမြို့နယ်တွင် ရှမ်း(၂၆)ဦး၊ ပလောင်(၇)ဦး၊ လီဆူ(၁)ဦး၊ သီပေါမြို့နယ်တွင် ရှမ်း (၃၅)ဦး၊ လီဆူ(၂)ဦး၊ နောင်ချိုမြို့နယ်တွင် ရှမ်း(၁)ဦး၊ နမ္မတူမြို့နယ်တွင် ရှမ်း(၁၂)ဦး၊ ပလောင် (၅)ဦး၊ နမ့်ဆန်မြို့နယ်တွင် ပလောင်(၁၄)ဦး၊ မိုးမိတ်မြို့နယ်တွင် ရှမ်း(၃၁)ဦး၊ ကချင် (၁၆)

ဦး၊ လီဆူ(၅)ဦး၊ ပလောင်(၂)ဦး၊ မန်တုံမြို့နယ်တွင် ကချင် (၁)ဦး၊ ပလောင်(၇)ဦး အသီးသီး ခန့်ထားပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ တိုင်းရင်းသားဘာသာ စာပေ သင်ကြားနေသော ဆရာ၊ ဆရာမဦးရေ(၁၁၆)ဦး ရှိသည့်အနက် န၀မတန်းမှ ဘွဲ့ရအထိ ပညာအရည်ချင်းရှိသော အသက်(၁၈)နှစ်မှ (၃၅)နှစ် အောက် ဒေသခံ တိုင်းရင်းသားစာပေနှင့် ဘာသာစကား ကျွမ်းကျင်သူများမှ နေ့စားလပေး (TA)ဆရာ၊ ဆရာမများ(၁၄)ဦး ခန့်ထား ပေးခဲ့ပါတယ်။ လက်ရှိ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ (၁၂၁)ဦးနှင့် အသစ်ထပ်မံ သင်ကြားသောဦးရေ (၈၈)ဦး၊ စုစုပေါင်း (၁၉၅)ဦး သင်ကြားလျက်ရှိပါတယ်။

ကျိုင်းတုံမြို့နယ်တွင် ရှမ်း(၈)ဦး၊ အာခါ(၁၁)ဦး၊ လားဟူ (၄)ဦး၊ မိုင်းယန်းမြို့နယ်တွင် ရှမ်း(၈)ဦး၊ မိုင်းဆတ်မြို့နယ်တွင် ရှမ်း(၂)ဦး၊ လားဟူ(၃)ဦး၊ မိုင်းဖြတ်မြို့နယ်တွင် အာခါ (၂)ဦး၊ လားဟူ(၁၈)ဦး၊ ကချင်(၁)ဦး၊ မက်မန်းမြို့နယ်တွင် ရှမ်း(၇)ဦး၊ လားဟူ(၂၈)ဦး၊ “ဝ”ဘာသာ(၈)ဦး၊ မိုင်းပျဉ်းမြို့နယ်တွင် ရှမ်း(၁၈)ဦး၊ အာခါ(၁)ဦး၊ လားဟူ(၂၂)ဦး၊ တာချီလိတ်မြို့နယ်တွင် ရှမ်း(၃)ဦး၊ အာခါ(၂၀)ဦး၊ လားဟူ(၁)ဦး၊ မိုင်းတုံမြို့နယ်တွင် ရှမ်း (၁၆)ဦး၊ လားဟူ(၁၄)ဦး အသီးသီးသင်ကြားလျက်ရှိပါတယ်။

၎င်းဆရာ၊ ဆရာမများ၏ သင်ကြားပေးမည့် တိုင်းရင်းသား ဘာသာစာပေ ကျွမ်းကျင်မှု ရှိ/မရှိကို သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစာပေယဉ်ကျေးမှု အဖွဲ့နှင့် မြို့နယ်ပညာရေးမှူး တို့ ပူးပေါင်း၍ နှစ်စဉ် စစ်ဆေးပေးလျက်ရှိပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားများရှိရာ မြို့နယ်တိုင်းရှိ စာသင်ကျောင်း များတွင် တိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမများ အသစ်ခန့်ထားပေးရန် ညွှန်ကြားချက်မရှိသေးပါဘူး။ ရှိပါက မြို့နယ်များသို့ လျှောက်လွှာများ ခေါ်ယူပြီး အခြေခံ ပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်း က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တက်ရောက်ချီးမြှင့်ပေး တဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ နမ့်ဆန်မြို့နယ်ရှိ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံအား ပညာရေး (သို့မဟုတ်) ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၂၀၁၃/၂၀၁၄) ဘဏ္ဍာရေးနှစ် ခွင့်ပြု (Budget) ဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ နမ့်ဆန်မြို့ ကျေးရွာ (၅) ရွာဖြစ်သည့် မြို့သစ်ကျေးရွာ၊ ပန်စရီကျေးရွာ၊ အာရမ်းကျေးရွာ၊ မန်ကန်ကျေးရွာ၊ လုံတောက်ကျေးရွာများတွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ(၅)ရုံ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ စက်ရုံတစ်ရုံလျှင် ပေ(၂၀၀)ပတ်လည် သံဇကာခြံစည်းရိုးနှင့် သံဝင်းတံခါးတစ်ခု၊ မီးစက်၊ စက်ရုံ (၁) ရုံ၊ ဝန်ထမ်းအိမ်ရာ (ရေချိုးခန်း၊ ရေလောင်းအိမ်သာ) အပြည့်အစုံအဆောက်အဦ (၁) ခုအားလုံး (Brick nogging) အဆောက်အဦများ ဖြစ်ကြပါတယ်။ စက်ရုံ တစ် (Unit)လျှင် ငွေကျပ်သိန်း (၅၂၀) နှုန်းဖြင့် စက်ရုံ(၅) ခု ပေါင်းအတွက် ငွေကျပ်သိန်းပေါင်း (၂၆၀၀) ကုန်ကျခဲ့ပြီးဖြစ်ပါတယ်။ တည်ဆောက်ခဲ့စဉ်က ရည်ရွယ်ချက်မှာ ပြည်သူလူထုအနေဖြင့် (MRTV)နှင့် ဆက်စပ်ရုပ်သံလိုင်း (၁၄)လိုင်းကို အခမဲ့ကြည့်ရှုနိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် ယင်းစက်ရုံ ပြီးစီးသည်မှာ (၅) နှစ်ရှိပြီဖြစ်သော်လည်း လူထုအတွက် အကျိုးသက်ရောက်မှု လုံးဝမရှိခဲ့ပါ။ ယခုအခါ ၎င်းအဆောက်အဦများကို ထိန်းသိမ်းသူကင်းမဲ့လျက်ရှိပြီး ပျက်စီးယိုယွင်းလျက် ရှိနေပါတယ်။ နိုင်ငံတော်၏ (Budget)လည်း အလဟဿ ဖြစ်လျက်ရှိနေပါတယ်။

ယင်းကိစ္စအား (၁/၂၀၁၆) အရေးပေါ် အစည်းအဝေး၌လည်းကောင်း၊ (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌လည်းကောင်း လွှတ်တော်တွင်ကြယ်ပွင့်ပြမေးခွန်းဖြင့် ကျွန်တော်တင်ပြမေးမြန်းခဲ့ဖူးပြီးဖြစ်ပါတယ်။ (၁၁) ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးက အောက်ပါအတိုင်း ဖြေကြားခဲ့ပါတယ် -

၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆောင်ရွက်ခဲ့သည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံအနက် နမ့်ဆန်မြို့နယ်၊ နမ့်ဆန် (မန်ကန်)၊ မိုင်းငေါ် (မြို့သစ်)၊ လုံတောက် (ပန်စရီ) ကျေးရွာများတွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (အဆောက်အဦ) (၃) လုံးအား ခွင့်ပြုရန်ပုံငွေကျပ် (၁၅၀.၀၀) သန်းဖြင့် တည်ဆောက်ပေးခဲ့ပါသည်။ တာဝါတိုင်နှင့် လွှင့်ဖမ်းစက်တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ရန်ကျန်ရှိနေသော်လည်းပဲ စက်တပ်ဆင်ရေးနှင့် ဝန်ထမ်းခန့်အပ်

ရေးကိစ္စရပ်များ ဆက်လက်တင်ပြတောင်းခံရမည်ဖြစ်ပြီး၊ ရန်ပုံငွေလျာထားရန် အနေအထား နှင့် လက်ရှိခေတ်ကာလအနေအထား ပြောင်းလဲမှုအရ မလိုအပ်တော့ကြောင်း စိစစ်တွေ့ရှိ ရခြင်း၊ ကျေးရွာများတွင် ကိုယ်ပိုင်ဂြိုလ်တုစလောင်းများ (PSI, IPM, Sky Net)တို့ကို ဈေးနှုန်းသက်သာစွာဖြင့် လိုင်းပေါင်းစုံ ဖမ်းယူကြည့်ရှု အသုံးပြုနေနိုင်ကြခြင်း၊ ဒေသခံ ပြည်သူများအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းတံတား၊ ရေရရှိရေး၊ မီးရရှိရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေး ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတင်ပြ ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ချိုးခြိုးချွေတာသောအားဖြင့် ရုပ်သံဖမ်း လွှင့်စက် တပ်ဆင်ခြင်းလုပ်ငန်းအား လူထုအတွက် ဦးစားပေး အကျိုးပြုလုပ်ငန်းအဖြစ် တင်ပြရန် လိုအပ်မှုမရှိသေးခြင်းတို့ကြောင့် လတ်တလောတွင် ရန်ပုံငွေတင်ပြတောင်းခံခြင်း မပြုသင့်ပါကြောင်း ဖြေကြားအပ်ပါသည်ဟု နယ်/ လုံဝန်ကြီးက ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။အရင်အစိုးရရဲ့ ကောင်းမွေဆိုးမွေကို လက်ရှိတာဝန်ယူတဲ့ အစိုးရက လက်ခံရစမြဲဖြစ်ပါတယ်။ အရင်လွှတ်တော်က ဆုံးဖြတ်ပြီးခဲ့တဲ့ ကိစ္စတွေကို အရင်အစိုးရ လက်ထပ်က မပြီးပြတ်သေးတဲ့ လုပ်ငန်းများကို လက်ရှိအစိုးရက ပြီးပြတ်အောင် အကောင် အထည်ဖော်ဆောင်ရွက်ရမှာ တာဝန်ဖြစ်ပါတယ်။ ဒီလောက်များပြားတဲ့ (Budget) ဖြင့် လုပ်ထားတဲ့ စက်ရုံ (၅) ရုံကို ဒီအတိုင်းပဲ ထားတော့မှာလား။ လူထုအကျိုးပြုဖြစ်ဖို့အတွက် ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ စဉ်းစားစေချင်ပါတယ်။ ဥပမာ အဲ့ဒီ အဆောက်အဦကို ထပ်ဆင့်လွှင့်စက်ရုံအတွက် အသုံးမပြုတော့ဘူး၊ ခေတ်နဲ့မလျော်ညီတော့ဘူးဆိုရင် ရွာမှာ အင်မတန်မှ လိုအပ်တဲ့ ကျန်းမာရေး ဆေးပေးခန်း၊ ပညာရေးအတွက် လိုအပ်တဲ့ ဝန်ထမ်း အဆောက်အဦ စသဖြင့် တစ်ခုခု လွှဲပြောင်းလုပ်ဖို့ သင့်လျော်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီ စက်ရုံ (၅) ရုံ အဆောက်အဦကို ရပ်ရွာအတွက် အထူးလိုအပ်တဲ့နေရာဖြစ်တဲ့ ပညာရေးဌာန၊ ကျန်းမာရေးဌာန စသည့်ဌာနများသို့ လွှဲပြောင်းပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရမှ စီစဉ်ထားရှိ ခြင်း ရှိ/ မရှိ သိရှိလို၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာ ခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ မေးမြန်းလာတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်

မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ (Budget)ဖြင့် ဆောင်ရွက်ခဲ့သော ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံအား ရပ်ရွာအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး စသည့် ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဗိုလ်မှူးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆောင်ရွက်ခဲ့တဲ့ ရုပ်သံထပ်ဆင့်လွှင့် စက်ရုံ (၅) ရုံ အနက် နမ့်ဆန်မြို့နယ်၊ နမ့်ဆန် (မန်ကန်)၊ မိုင်းငေါ် (မြို့သစ်)၊ လုံတောက် (ပန်စရီ) ကျေးရွာ များမှာ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (အဆောက်အဦ) (၃) ရုံအား ခွင့်ပြုရန်ပုံငွေကျပ် (၁၅၀.၀၀) သန်းဖြင့် တည်ဆောက်ပေးခဲ့ပြီး တာဝါတိုင်နှင့် လွှင့်ဖမ်းစက် တပ်ဆင်နိုင်ရေး ဆောင်ရွက်ရန် ကျန်ရှိနေပါတယ်။ အဆိုပါ စက်တပ်ဆင်ရန် ကျန်ရှိသည့် စက်ရုံ (၃)ခုရှိ အဆောက်အဦများအား ရပ်ရွာအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေးဌာနများအတွက် အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ရန်အတွက် လွှဲပြောင်းသုံးစွဲရန် လိုအပ်သည့်ဌာန၊ အသုံးပြုမည့်လုပ်ငန်း၊ မြေယာပိုင်ဆိုင်မှုကိစ္စ စသည်တို့ကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ စိစစ်ပြီး ကျိုးကြောင်းဖော်ပြ၍ တင်ပြလာမည်ဆိုပါက လွှဲပြောင်းသုံးစွဲခွင့်ရရှိရေး နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်လက်တင်ပြသွားမှာဖြစ်ပြီး ခွင့်ပြုမိန့်ရရှိပါက အသုံးပြုမည့်ဌာနသို့ လွှဲပြောင်းပေးနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း ၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပန်မြို့နယ် ပြည်သူ့

ဆေးရုံတွင် လိုအပ်လျက်ရှိသော ဓာတ်မှန်ခန်း အဆောက်အဦအား ဆောက်လုပ်ပေးမည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဓာတ်မှန်ခန်း အမှန်တကယ်လိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။ ယခု ဓာတ်မှန်စက်ထားရှိသော အခန်းသည် အရည်အသွေးပြည့်စုံကောင်းမွန်ပြီး၊ ဓာတ်ရောင်ခြည်များ ပြင်ပသို့ မပြန့်လွင့်နိုင်အောင် လုံခြုံမှုမရှိပါကြောင်း ကျွမ်းကျင်သော တာဝန်ရှိသူများက ပြောဆိုခဲ့သောကြောင့် ၎င်းဓာတ်မှန်ခန်းအသစ်အား တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်။ ဓာတ်မှန်စက်မှ ထွက်လာသော ဓာတ်ရောင်ခြည်များသည် ဘေးပတ်ဝန်းကျင် အနီးရှိလူများကို အန္တရာယ်ရှိနိုင်ကြောင်းသိရပါတယ်။ ဓာတ်မှန်ရိုက်ပြီး ထွက်လာသော ဓာတ်ရောင်ခြည်သည် လူတွေအတွက် အန္တရာယ်များသည်ကို ယခင်ဓာတ်မှန်ခန်း အဆောက်အဦ ဆောက်လုပ်စဉ်က မည်သူမျှ ၎င်းအန္တရာယ်ကို မသိခဲ့ပါ။ ယင်းဓာတ်မှန်ခန်းသည် (၃.၅.၁၉၉၀)ခုနှစ်တွင် မြို့နယ်၏ အစီအမံဖြင့် ဆောက်လုပ်ခဲ့ပြီး ဓာတ်မှန်ခန်း၏ အဆောက်အဦသည် လိုအပ်သော အရည်အသွေး ပြည့်မီခြင်း မရှိပါကြောင်း တင်ပြလိုပါတယ်။ လက်ရှိ ဓာတ်မှန်စက် ထားရှိသောအခန်းသည် မြို့နယ်ဆရာဝန်၏ ရုံးခန်းနှင့်တွဲလျက် ထားရှိနေရပါကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းလိုအပ်လျက်ရှိသော ဓာတ်မှန်ခန်းအဆောက်အဦအား မည်သည့်ဘဏ္ဍာနှစ်တွင် လျာထား ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသောကြောင့် လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းအောင်ခမ်းရဲ့ မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိတဲ့ ဓာတ်မှန်ခန်း အဆောက်အဦအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုသည်ဟူသော မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မိုင်းပန်မြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ( ၁၀.၂.၂၀၀၃ ) ရက်နေ့မှ စတင်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ဆေးရုံရဲ့မြေဧကမှာ (၄.၇)ဧက ဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အတွင်းလူနာ (၁၂၀၄) ဦး၊ အပြင်လူနာ (၄၆၆၉) ဦး ရှိပါတယ်။ ဆေးရုံအဆောက်အဦမှာ (၁၆)ခုတင်ဆံ့ ဆေးရုံအဆောက်အဦသာ ဖြစ်ပြီး ဓာတ်မှန်ဆောင်နေရာအခက်အခဲကြောင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ရုံးခန်းနဲ့ ပူးတွဲထားခဲ့ရပါတယ်။ (၂၅) ခုတင်ဆံ့ ဆေးရုံဖွင့်လှစ်ခွင့် ရရှိကတည်းက ဓာတ်မှန်ဆောင် ဆောက်လုပ်

ရန်အတွက် တင်ပြတောင်းခံထားသော်လည်း မရရှိခဲ့ပါသဖြင့် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခွင့်ပြုရန်အတွက် ရှမ်းပြည်နယ်ကုသရေးဦးစီးဌာနရဲ့ (၅.၁၂.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ဓာတ်မှန်ဆောင်/ ကုသ/ ၂၀၁၈(၄၅၁၈)ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့ လေ့လာရေးတက်ရောက်လာကြသော ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်ရေးရာကော်မတီမှ မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အရင်းအမြစ် လိုအပ်ချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လူငယ်လို့ဆိုလိုက်တာနဲ့ လူငယ်ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်အတွက် အကျုံးဝင်နိုင်သော အသက်အပိုင်းအခြားဟာ (၁၈) နှစ်မှ (၃၅) နှစ်ထိ ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ လူငယ်မူဝါဒမရှိသေးသည့် ကမ္ဘာ့နိုင်ငံ (၃၀) ကျော်ထဲတွင် ပါဝင်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံ ရဲ့ လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်မူဝါဒတစ်ရပ် ရရှိရန်လိုအပ်သည်ကို သိရှိခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် လူငယ်မူဝါဒ ရေးဆွဲနိုင်ခြင်း မရှိခဲ့ပါဘူး။ ၂၀၁၂ ခုနှစ်တွင်လည်း လူငယ်အဖွဲ့များ လူငယ်ကွန်ရက်အချင်းချင်း အပြန်အလှန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် ဦးဆောင်ကာ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံ လူငယ်မူဝါဒ ဖြစ်ပေါ်လာရေးတွန်းအားပေးခဲ့သော်လည်း နိုင်ငံရဲ့ အခြေအနေများက မူဝါဒရေးဆွဲရေးဖြစ်စဉ်အတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ပြည်သူများမှရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရ လက်ထက်တွေမှာ လူငယ်မူဝါဒရေးဆွဲရေးသည် ဦးစားပေးဖြစ်လာပြီး လူငယ်များ၏ အရေးပါသောကဏ္ဍကို ချန်လှပ်မထားပဲ အဖက်ဖက်မှ မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးရန် ကြိုးပမ်းအားထုတ်လာမှုနှင့်အတူ လူငယ်များဘက်မှလည်း လူငယ်ကွန်ရက်များ အဖွဲ့အစည်းများပီပီ

ပြင်ပြင်လှုပ်ရှား ဆောင်ရွက်နေချိန်လည်းဖြစ်ပြီး တက်ကြွပြီး လူငယ်ကောင်းကျိုးလိုလားသော လူငယ်များပါဝင်ရန် အဆင်သင့်ဖြစ်လာချိန်လည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒရေးဆွဲရာတွင် လူငယ်များအတွက် အခွင့်အရေး အပြည့်အဝရရှိရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် လူငယ်တွေ့ဆုံဆွေးနွေးပွဲများကို လူငယ်များကိုယ်တိုင် တက်ကြွစွာ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး လူငယ်ထု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အသီးသီးတွင် နိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ၏အသံ ကိုယ်စားပြုသော အကြံပြုချက်၊ တောင်းဆိုချက်များကို ခြုံငုံထည့်သွင်းရေးဆွဲခဲ့ပြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း လူငယ်များဟာ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပုခုံးပြောင်း တာဝန်ယူရမည်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရမည့်သူများဖြစ်သည်နှင့်အညီ ဤမူဝါဒတွင်လည်း ယနေ့နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော ငြိမ်းချမ်းရေးကဏ္ဍကိုလည်း ထည့်သွင်းထားပြီး လူငယ်များကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်ကာ နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေပေးခဲ့နိုင်ရန်လည်း ရည်ရွယ်ထားပါသည်ဟု လမ်းညွှန်ထားတာကိုလည်း တွေ့ရှိရပါတယ်။ လူငယ်များကိုယ်တိုင်ရေးဆွဲထားသော လူငယ်ရေးရာမူဝါဒမှာ ဖြူစင်သောမူဝါဒဖြစ်ပြီး လူငယ်ထုအားလုံးကိုလည်း ကိုယ်စားပြုပြီး လူငယ်များရဲ့ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်မှု တစ်ခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးနောက် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူငယ်ရေးရာကော်မတီများကိုလည်း ဖွဲ့စည်းထားပြီးပြီလည်း ဖြစ်ပါတယ်။ ထို့အတူ ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီကိုလည်း (၂၃.၅.၂၀၁၈)ရက်နေ့တွင် အတည်ပြုဖွဲ့စည်းထားပြီးပြီလို့ သိရှိရပြီး ရှမ်းမြောက်မှ (၇) ဦး၊ ရှမ်းတောင်မှ (၇)ဦး၊ ရှမ်းရှေ့မှ (၇) ဦး၊ စုစုပေါင်း (၂၁) ဦးပါဝင်တဲ့ ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီကိုလည်း ဖွဲ့စည်းထားပြီးလည်း ဖြစ်ပါတယ်။ အဆိုပါလူငယ်များဟာ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ လူငယ်အဖွဲ့အစည်းများစွာထဲမှာမှ ရွေးချယ်တင်မြှောက်ခံထားရသော လူငယ်ကော်မတီဝင်များလည်းဖြစ်ပါတယ်။ အဆိုပါ လူငယ်ကော်မတီဝင်များဟာလည်း သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ တိုင်းရင်းသားလူမျိုးစုပေါင်းစုံတို့ရဲ့ လူငယ်အဖွဲ့အစည်းများကို ဦးဆောင်ဦးရွက်ပြုနေကြသူများဖြစ်တာနဲ့အညီ အတွေ့အကြုံ၊ အရည်အချင်းများလည်း ရှိကြသူများ

ဖြစ်ကြတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် လူငယ်များအတွက် ယနေ့ခေတ်လို နည်းပညာခေတ်၊ လျှင်မြန်သွက်လက် အရှိန် မြင့် ပြေးလွှားတည်ဆောက်နေရသည့်ခေတ်မှာ လူငယ်များရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းတို့ကို ဖော်ပြခွင့်၊ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်သည့်နေရာများကို စီမံဖန်တီးပေးဖို့ မဖြစ်မနေလိုအပ်လာပြီလည်းဖြစ်ပါတယ်။

ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီဟာ ပြည်နယ်အတွင်းရှိ လူငယ်ထုကို ကိုယ်စားပြုတာနှင့်အညီ ကော်မတီရဲ့ မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ညှိနှိုင်းဆွေးနွေးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု အားကောင်းလာစေရန် ပြည်နယ်အစိုးရမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းချိတ်ဆက်ပေးပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကျားမရေးရာ တန်းတူညီမျှမှုရှိစေရေး စသည့်ကိစ္စရပ်များတွင် လူငယ်များပိုမို ပူးပေါင်းပါဝင်လာနိုင်စေမှာဖြစ်ပြီး၊ နိုင်ငံနဲ့ ပြည်နယ်အနာဂတ်အတွက် အားကိုးအားထား ရမည့် လူငယ်များလည်း ပေါ်ပေါက်လာနိုင်မှာလည်း ဖြစ်ပါတယ်။

၂၀၁၇ နိုဝင်ဘာလမှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒမှာ ပါဝင်တဲ့ အပိုဒ် (၄၂) မှာလည်း ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် (နည်းပညာ၊ ဘဏ္ဍာငွေ၊ လူ့စွမ်းအား၊ ပစ္စည်းအင်အား၊ နေရာ) များကို ဖော်ထုတ် သတ်မှတ် ခြင်း၊ အခွင့်အလမ်း ဖန်တီးပေးခြင်းတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သက်ဆိုင်ရာဝန်ကြီးဌာန များ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအလိုက် လူငယ်ရေးရာနှင့်ပတ်သက်၍ လိုအပ်သည့် ရန်ပုံငွေ ကို နှစ်စဉ် ထည့်သွင်းရေးဆွဲ၍ သုံးစွဲရမည်ဟုလည်း ပြဋ္ဌာန်းထားပါတယ်။

သို့ပါသော်ကြောင့် ရှမ်းပြည်နယ်မှာ ဖွဲ့စည်းထားပြီးတဲ့ လူငယ်ရေးရာကော်မတီမှာ လည်း မဟာဗျူဟာလုပ်ငန်းစဉ်ပါ လုပ်ငန်းများကို ဆောင်ရွက်ဖို့ ခေါင်းစဉ်အလိုက် စီမံချက်တွေ ရေးဆွဲထားပြီး လူငယ်ရေးရာ ကော်မတီမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်သည်ဟုလည်း သိရှိရပါတယ်။

သို့ပါသော်ကြောင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီမှ မဟာဗျူဟာလုပ်ငန်းစဉ် များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို လူငယ်ထုအားလုံးရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပြီး၊ ကျွန်တော့်အနေဖြင့် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီမှ မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရင်းအမြစ်များဖြစ်သည့် (နည်းပညာ၊ ဘဏ္ဍာငွေ၊ လူ့စွမ်းအား၊ ပစ္စည်းအင်အား၊ နေရာ) လိုအပ်ချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ UN Agencies များနှင့်အတူ ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် လူငယ်ရေးရာမူဝါဒ ရေးဆွဲနိုင်ခဲ့ပါသည်။

(၆.၃.၂၀၁၈) ရက်နေ့၊ တောင်ကြီးမြို့တွင် ပြည်နယ်အဆင့် လူငယ်ရေးရာကော်မတီဖွဲ့စည်းခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။ (၂၃.၆.၂၀၁၈) ရက်နေ့မှ (၂၄.၆.၂၀၁၈) ရက်နေ့အထိ တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ လူငယ်ကိုယ်စားလှယ်များ၏ ကော်မတီ ဆွေးနွေးပွဲ အခမ်းအနား ပြုလုပ်ခဲ့ပါသည်။ ပြည်နယ်အဆင့် လူငယ်ရေးရာကော်မတီဖွဲ့စည်းခြင်း အခမ်းအနားပြီးနောက် ရှမ်းပြည်နယ်(တောင်ပိုင်း)လူငယ်ကိုယ်စားလှယ် (၇) ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လူငယ်ကိုယ်စားလှယ် (၇)ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူငယ်ကိုယ်စားလှယ်(၇)ဦး၊ ဌာနဆိုင်ရာ (၈)ဦး၊ ပြည်နယ်လွှတ်တော်(၁)ဦး၊ မေတ္တာဖောင်ဒေးရှင်းအဖွဲ့(၁)ဦး၊ စုစုပေါင်း ကော်မတီ(၃၁)ဦး ဖွဲ့စည်းနိုင်ခဲ့ပြီး ၎င်းကော်မတီအဖွဲ့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၃.၅.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၆၂၄၃/ ၅ - ၁၈၀၁/ အစရ (ရှမ်း) ဖြင့် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းမှုကို အတည်ပြုပေးခဲ့ပြီး (၈.၉.၂၀၁၈) ရက်မှ (၉.၉.၂၀၁၈) ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် လူငယ်ကော်မတီ ပုံမှန်တွေ့ဆုံပွဲ တစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်

စီမံကိန်းဆိုင်ရာများထဲမှ လူငယ်မူဝါဒ ထွက်ပေါ်လာပြီးနောက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် မဟာဗျူဟာစီမံချက်အား ဆက်လက်ရေးဆွဲခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လူငယ်မူဝါဒအား ရှင်းလင်းခြင်းနှင့် လူငယ်မူဝါဒ အစည်းအဝေးများကို UNFPA ရန်ပုံငွေ ကျပ်(၁၆၆.၄၇၀)သန်း၊ ဌာနရန်ပုံငွေ ကျပ် ၆၅.၄၈၀ သန်း လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူညီအစ်ကို မောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ကျွန်တော့်အနေနဲ့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝဏ္ဏစိုး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ယနေ့ မေးမြန်းသွားမဲ့ကြယ်ပွင့်ပြမေးခွန်းကတော့ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ်(အထက်)ကျေးရွာအုပ်စု၊ ပုံခိတ်မူလွန်ကျောင်း၊ စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ် (အထက်) ကျေးရွာအုပ်စုအတွင်း နေထိုင်ကြတဲ့ ပြည်သူလူထုများနှင့် သွားရောက်တွေ့ဆုံခဲ့ရာမှာ ပုံခိတ်ကျေးရွာနေ ရပ်မိရပ်ဖများမှ ပုံခိတ်ကျေးရွာ၊ အမက မူလွန်ကျောင်းအတွက် စာသင်ခန်း လုံလောက်မှုမရှိကြောင်း တင်ပြချက်အရ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါတယ်။ အ.မ.က (မူလွန်) ပုံခိတ်ကျောင်းအနေဖြင့် ပညာရေးဌာနမှ တစ်ကြိမ်တစ်ခါမျှ အဆောက်အဦ ဆောက်လုပ်ပေးခဲ့ခြင်း မရှိသေးကြောင်းနှင့် လက်ရှိအသုံးပြုနေတဲ့ စာသင်ဆောင်များဟာ သူတို့ရဲ့ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သောကျောင်းဆောင်များသာဖြစ်ကြောင်း တင်ပြချက် အရ သိရှိခဲ့ရပါတယ်။ ယခုလက်ရှိစာသင်နှစ်မှာ KG တန်းမှ ဆဋ္ဌမတန်းအထိ တန်းခွဲ (၇)ခန်း ဖြင့် ကျောင်းသား၊ကျောင်းသူ (၁၆၉)ဦးတို့အား ပညာသင်ကြားပေးလျက်ရှိရာမှာ စာသင်ခန်း လုံလောက်မှုမရှိကြောင်းနှင့် အဆောက်အဦများ ခိုင်ခံ့မှုမရှိတာတွေကို တွေ့ရပါတယ်။ မကြာ တော့သည့်ကာလမှာ အလယ်တန်းကျောင်းခွဲအဆင့် လျှောက်ထားတိုးမြှင့်ရန်လည်း လိုအပ် လာသည့် အခြေအနေကိုလည်း လေ့လာတွေ့ရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော့်အနေနဲ့ Power Point သုံးပြီးတော့ ဥပမိရုပ်မကောင်းရှာတဲ့ ကျောင်းလေးကို တင်ပြပါရစေ။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ် (အထက်) ကျေးရွာအုပ်စု၊ ပုံခိတ် အ.မ.က မူလွန်ကျောင်းအတွက် စာသင်ဆောင် ဆောက်လုပ်ပေးရန် တိုင်းရင်းသားများမှ ကျွန်တော်က တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်ကိုတင်ပြပြီး ရှမ်းပြည်နယ်အစိုးရကို တောင်းခံလာမှုအပေါ် မှာ ရှမ်းပြည်နယ်အစိုးရမှ ကျောင်းဆောင်သစ်ချပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းစဉ်းစားပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးရဲ့ စာသင်ဆောင် ဆောက်လုပ်ပေး ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်၊ မိုင်းပတ် (အထက်)ကျေးရွာအုပ်စု၊ ပုံခိတ်အခြေခံပညာ မူလတန်း လွန်ကျောင်းသည် (၁-၆-၂၀၁၇) ရက်နေ့တွင် အခြေခံပညာမူလတန်းလွန်ကျောင်း အဖြစ် အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့တဲ့ကျောင်း ဖြစ်ပါတယ်။ လက်ရှိ (KG) သူငယ်တန်းမှ ဆဋ္ဌမတန်း အထိ တန်းခွဲ(၇)ခု၊ ကျောင်းသား/ ကျောင်းသူ အလယ်တန်းအဆင့်(၂၂)ဦးနှင့် မူလတန်း အဆင့်(၁၄၇)ဦး၊ စုစုပေါင်း (၁၆၉)ဦး ရှိပြီး ဆရာ/ ဆရာမ (၆)ဦးတို့ဖြင့် ပညာသင်ကြားပေး လျက်ရှိပါတယ်။

မူလွန်-ပုံခိတ်ကျောင်းသည် (၄၂×၁၈) ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက်ဆောင် (၁) ဆောင် နှင့် (၈၀×၂၆)ပေ သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက်ဆောင် (၁) ဆောင်၊ စုစုပေါင်း(၂)ဆောင် ဆောက်လုပ်ထားရှိပါတယ်။ ၎င်းကျောင်းဆောင်များကို ဆောက်လုပ်ခဲ့သည်မှာ ကြာမြင့် ခဲ့ပြီဖြစ်သဖြင့် လည်းကောင်း၊ ကျောင်းသားဦးရေအရ စာသင်ခန်းလိုအပ်ချက်ရှိသဖြင့် လည်းကောင်း (၉၀×၃၀)ပေ Steel Structure (၁)ထပ်ဆောင် အသစ်ဆောက်လုပ်ရန် အတွက် ကျိုင်းတုံမြို့နယ်ရဲ့ ဦးစားပေး အစီအစဉ်(၅)မှာ တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ မူလွန်-ပုံခိတ်ကျောင်းအား ကျောင်းသားဦးရေအရ (၉၀×၃၀)ပေ Steel Structure (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိရေး အတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေမှ ကျိုင်းတုံမြို့နယ်ရဲ့ဦးစားပေး

အစီအစဉ်မှာ လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက မေးခွန်း (၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စုအတွင်းရှိ ပန်ဆောင်ကျေးရွာသွား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်ဆောင်ကျေးရွာသည် ဝမ်ခုတ်အုပ်စု၊ ကောက်ပျက်ကျေးရွာမှ ဆက်သွယ်ထားပြီး အကျယ်(၈)ပေခန့်သာ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော မြေသားလမ်း ဖြစ်ပါတယ်။ ပန်ဆောင်ကျေးရွာသွား မြေသားလမ်းသည် မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ကောက်ပျက်ကျေးရွာမှ (၄)မိုင်ခန့်သာ ကွာဝေးသော လမ်းလေးဖြစ်ပါတယ်။ ၎င်းလမ်းသည် မြေသားလမ်းဖြစ်သည့်အားလျော်စွာ ပွင့်လင်းရာသီသာ သွားလာနိုင်ပြီး မိုးတွင်းကာလတွင် သွားလာရသည်မှာ အလွန်ပင်ခက်ခဲလှပါတယ်။ ကျေးရွာနေပြည်သူလူထုများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖြင့် အသက်မွေးဝမ်းကြောင်းပြုနေရသော တောင်သူဦးကြီးများသာ ဖြစ်ပါတယ်။ တောင်သူဦးကြီးများမှာ ခက်ခဲပင်ပန်းကြီးစွာ တစ်နှစ်လုံးကြိုးစား၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးမှ ထွက်ရှိလာသော ဆန်၊ စပါး၊ ပြောင်းနှင့် ကောက်ပဲသီးနှံများကို ယနေ့ချိန်ထိ ခက်ခဲစွာ တင်ပို့ရောင်းချနေသည်ကို တွေ့ရှိရပါတယ်။ မိမိသည် ပန်ဆောင်ရွာသို့ ကွင်းဆင်း၍ ရွာသူ/ ရွာသားများနှင့် တွေ့ဆုံပွဲ ကျင်းပသည့်အချိန်တိုင်း ကျေးရွာလိုအပ်ချက်တင်ပြရာ၌ မြေသားလမ်းဖောက်လုပ်ပေးရန် အမြဲတောင်းဆိုလေ့ရှိပါတယ်။ အဆိုပါ ကိုယ်ထူကိုယ်ထ

လမ်းအား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးမည်ဆိုပါက ပန်ဆောင်ကျေးရွာမှ အိမ်ခြေ (၃၃)အိမ်၊ လူဦးရေပေါင်း (၂၃၆) ဦး၊ ပန်တောက်ကျေးရွာမှ အိမ်ခြေ (၄၂)အိမ်၊ လူဦးရေပေါင်း (၁၅၆) ဦး၊ လူဦးရေ စုစုပေါင်း (၃၉၂)ဦးတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် အခြားသော လူနေမှုအဆင့်အတန်း မြင့်မားလာသည်သာမက မိုင်းခတ်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြန်ဆန်လာမှာ ဖြစ်ပါတယ်။

ထို့ကြောင့် မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်ဆောင်ကျေးရွာသွားကိုယ်ထူကိုယ်ထလမ်းအား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ဝန်ကြီးများထံ ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းအနေဖြင့် ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စုအတွင်းရှိ ဖဖေကျေးရွာသွား မြေသားလမ်း ဖောက်လုပ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြ မေးခွန်းနဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စု၊ ဖဖေကျေးရွာသွားမြေသားလမ်းသည် မိုင်းခတ်မြို့နယ်၊ မိုင်းနွန်းကျေးရွာအုပ်စု၊ ပါကန်ကျေးရွာမှတစ်ဆင့် ယန်းလုံကျေးရွာနှင့် ယန်းကျန်ကျေးရွာများမှ ဖြတ်သန်းသွားမှသာ ဝမ်ပင်းကျေးရွာအုပ်စု၊ ဖဖေကျေးရွာသို့ ရောက်ရှိမှာ ဖြစ်ပါတယ်။ ၎င်း ပါကန်ကျေးရွာမှ ဖဖေကျေးရွာအထိ မိုင်အားဖြင့် (၆)မိုင်ခန့် ကွာဝေးလျက်ရှိပါတယ်။ ယခုလက်ရှိတွင် ရွာသူ/ သားများသည် လမ်းအားကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားပြီး (၈)ပေအကျယ်သာရှိတဲ့လမ်းအား ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များသာအသုံးပြု၍ ကျေးရွာအုပ်စုမှ ထွက်ရှိသော ဆန်၊ စပါး၊ ပြောင်း၊ ပဲပုတ်များနှင့် အခြားသော ကုန်စည်များအား ကုန်သွယ်လျက်ရှိနေသည်ကို တွေ့ရှိရပါတယ်။ ကျေးရွာအုပ်စုတွင် နေထိုင်ကြသော ပြည်သူလူထုများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အဓိကအားထား၍ လုပ်ကိုင်စားသောက်ကြသော တောင်သူဦးကြီးများသာ ဖြစ်ပါတယ်။ ၎င်းလုပ်ငန်းများဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြား အထွေထွေကိစ္စများတွင် အဆိုပါလမ်းကို အားကိုးပြီး ခက်ခဲကြမ်းတမ်းစွာ မဖြစ်မနေ နေ့စဉ်နှင့်အမျှ ဖြေရှင်းနေရပြီး လူမှုဒုက္ခသဖွယ်ကြုံတွေ့နေရတာကို အမှန်ပင်သိရှိနိုင်မည် ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုပါလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ယန်းလုံကျေးရွာမှ အိမ်ခြေ (၄၅)အိမ်၊ လူဦးရေ (၂၁၉)ဦး၊ ယန်းကျန်ကျေးရွာမှ အိမ်ခြေ (၂၈) အိမ်၊ လူဦးရေ (၁၁၃) ဦး၊ ဖဖေ (အပေါ်/အောက်) ကျေးရွာ အိမ်ခြေ (၄၈) အိမ်၊ လူဦးရေ (၂၉၈)ဦး၊ ဟွေခတ်ရွာ အိမ်ခြေ (၃၂)

အိမ်၊ လူဦးရေ (၁၉၄)ဦး၊ ဝမ်ကောင်းမိုင်ရွာ အိမ်ခြေ (၁၉) အိမ်၊ လူဦးရေ (၁၀၂)ဦး၊ ဝမ်ဟွေ (ကျကော်) ရွာ အိမ်ခြေ (၁၈)အိမ်၊ လူဦးရေ (၁၀၃)ဦး၊ စုစုပေါင်းလူဦးရေ (၈၂၅)ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းလည်း မြင့်မား လာမည် ဖြစ်ပါတယ်။ ထို့ကြောင့် မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စု၊ ဖဖေကျေးရွာ ကိုယ်ထူကိုယ်ထလမ်းကို မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရမှ လျာထားဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရ အဖွဲ့ဝင် ဝန်ကြီးများထံ ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၁၂)ကိုတစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက် လေ့လာတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲရဲ့ ပထမမေးခွန်း ဖြစ်တဲ့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်ဆောင်ကျေးရွာသွား ကိုယ်ထူကိုယ်ထလမ်း (၄) မိုင်အား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စုအတွင်းရှိ ဖဖေကျေးရွာ ကိုယ်ထူကိုယ်ထလမ်း(၆) မိုင် အား မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လျာထားဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဗိုလ်မှူးကြီးလှဦးမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မေးမြန်းလာတဲ့ ပထမမေးခွန်းကို ဖြေကြားရပါက မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ ပန်ဆောင်ရွာသွားလမ်းဟာ ကောက်ပျက်ရွာမှ ပန်ဆောင်ရွာအထိ (၃/၆) မိုင်ရှိသည့် လမ်းကြောင်းဖြစ်ပြီး လက်ရှိလမ်းအကျယ်မှာ အကျဉ်းဆုံးနေရာတွင် (၈)ပေနှင့် အကျယ်ဆုံးနေရာတွင် (၁၂)ပေခန့်သာရှိပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားတဲ့ လမ်းပိုင်းဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးမည်ဆိုပါက (၄) ပေ Box Culvert (၂)စင်းနှင့် (၃) ပေ၊ Box Culvert (၅) စင်း ထည့်သွင်းတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး ၎င်းဒေသရှိ ကျေးရွာ (၃)ရွာမှ အိမ်ခြေ (၈၅) အိမ်၊ လူဦးရေ (၄၉၅) ဦး တို့အား အကျိုးပြုနိုင်မည်ဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ရန်ပုံငွေထည့်သွင်းလျာထားပြီး မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြ ချက်အပေါ် မူတည်၍လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဖြေကြားရပါက မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာ အုပ်စုအတွင်းမှာရှိတဲ့ ဖဖေကျေးရွာ ကိုယ်ထူကိုယ်ထ လမ်းပိုင်းဟာ ထန်းကိုကျေးရွာမှ ဖဖေ (အောက်) ရွာအထိ (၄/၇) မိုင်၊ ဖဖေ(အောက်)ရွာမှ ဖဖေ(အပေါ်)ရွာအထိ (၁/၁) မိုင်၊ စုစုပေါင်း (၆/၀) မိုင်ရှိသည့် လမ်းကြောင်းဖြစ်ပြီး လက်ရှိလမ်းအကျယ်မှာ အကျဉ်းဆုံး နေရာမှာ (၆)ပေနှင့် အကျယ်ဆုံးနေရာမှာ (၈)ပေခန့်သာရှိပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော လမ်းပိုင်း ဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးမည်ဆိုပါက (၂၅)ပေ ကွန်ကရစ် တံတား (၁) စင်း၊ (၅) ပေ၊ Box Culvert (၂)စင်းနှင့် (၃) ပေ၊ Box Culvert (၅) စင်း ထည့်သွင်းတည်ဆောက်ရန် လိုအပ်မှာဖြစ်ပြီး ၎င်းဒေသရှိ ကျေးရွာ (၇)ရွာမှ အိမ်ခြေ (၂၂၄) အိမ်၊ လူဦးရေ (၁၀၉၃) ဦးတို့ကို အကျိုးပြုနိုင်မှာဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ရန်ပုံငွေ ထည့်သွင်းလျာထားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ ၏ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍ လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းမြထွေး က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်

လေ့လာကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် နန်းမြထွေး ဖြစ်ပါတယ်ရှင်။ ယခု ကျွန်မ ပြည်သူလူထုကိုယ်စား မေးမြန်းမဲ့မေးခွန်းကတော့ ကျွန်မတို့ ပြည်သူလူထု လိုအပ်ချက်ဖြစ်တဲ့ ကျန်းမာရေးဆေးပေးခန်း အဆောက်အဦကို လာမည့် အနီးဆုံးဘတ်ဂျက်မှာ လျာထားထည့်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာဟာ ပင်လုံ-လဲချား လမ်းမပေါ်တွင်ရှိပြီး အိမ်ခြေ (၁၈၀)၊ လူဦးရေ (၁၀၈၀) ဦး နေထိုင်လျက်ရှိပါတယ်ရှင်။ လက်ရှိအချိန်တွင် ကျေးရွာနေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ကျန်းမာရေးမှူး (၁) ဦး၊ ကျန်းမာရေးဆရာမ (၁)ဦးနှင့် သားဖွားဆရာမ (၂)ဦး၊ စုစုပေါင်း (၄)ဦး ရှိပါတယ်ရှင်။ ယခု ကျန်းမာရေး ဝန်ထမ်း(၄)ဦးအတွက် နေထိုင်ရန်နှင့် ဆေးကုသရန် အဆောက်အဦဟာလည်း ကျေးရွာပိုင် အဆောက်အဦတွင် ပညာရေးဝန်ထမ်းများနှင့် မျှဝေအသုံးပြုနေရပါတယ်ရှင်။ ယင်းအဆောက်အဦဟာလည်း ခိုင်ခံ့မှုမရှိတော့ဘဲ ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ အဆောက်အဦ တည်ဆောက်နိုင်ရန်အတွက် မြေနေရာလည်းရှိထားပြီး ဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ နောင်လိုင်ကျေးရွာနှင့် ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူလူထုများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆေးပေးခန်း အဆောက်အဦ တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုပါသောကြောင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေးရဲ့ ဆေးပေးခန်းအဆောက်အဦ တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လှိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်လိုင် ကျေးလက်ကျန်းမာရေးဌာနဟာ (၂၀၁၁)ခုနှစ်တွင် ဖွင့်လှစ်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ နောင်လိုင်ကျေးလက်ကျန်းမာရေးဌာနအနေနဲ့ မြေ (၀.၉၂)ဧကရှိပြီး မြေပေါ်မှာ ဝင်းခြံခတ်ထားပါ

တယ်။ အိမ်သာနှင့်ရေစင်ကို ကျန်းမာရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ ယခုနှစ်(၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လှိုင်လင်မြို့နယ်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ်ဆောက်လုပ်နိုင်ရန်အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း (၄၀၁.၀၀၀) ကိုလည်းကောင်း၊ လှိုင်လင်မြို့နယ်အတွင်းမှာရှိတဲ့ ဟိန်ဒုံ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လှိုင်ကန်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပန်လင်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများအတွက် တစ်ခုလျှင် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၆၃.၀၀၀ သန်းစီနဲ့ ရန်ပုံငွေ (၁၈၉) သန်း ရရှိခဲ့တာဖြစ်ပါတယ်။ နောင်လိုင်ကျေးလက် ကျန်းမာရေးဌာန အဆောက်အဦနဲ့ ဝန်ထမ်းအိမ်ရာရရှိဖို့အတွက် လာမည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်လျာထားစာရင်းမှာ ထည့်သွင်းတင်ပြ တောင်းခံသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ခညောင်းပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်နေ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် အမှန်တကယ် အရေးတကြီး လိုအပ်လျက်ရှိသော မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံရှိလက်ရှိ ခွဲစိတ်ကုသခန်းအား အဆင့်မြှင့်တင် အသစ်ပြန်လည်တည်ဆောက်ခွင့် ရရှိရေးနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်ဟာ လူဦးရေ စုစုပေါင်း(၆)သောင်းကျော် စုပေါင်းနေထိုင်လျက်ရှိပြီး လူဦးရေ၏ (၈၅) ရာခိုင်နှုန်းမှာ ကျေးလက်တောင်ပေါ်ဒေသနေ တိုင်းရင်းသားများ ဖြစ်ကြပါတယ်။ မြို့နဲ့ဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တောင်ပေါ်ဒေသနေ တိုင်းရင်းသားပြည်သူများမှာ ကျန်းမာရေးကိစ္စရပ်များကို မိုင်းပျဉ်းမြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံမှာ လာရောက်အားကိုး ကုသရတာဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံ အခြေအနေကို တင်ပြရမယ်ဆိုပါက ဆေးရုံကြီးကို ၁၉၈၀ ခုနှစ်ကတည်းက တည်ဆောက်ထားတာဖြစ်ပြီး အထွေထွေရောဂါကု ဆရာဝန်

(မြို့နယ်ဆရာဝန်)(၁)ဦး၊ သွားဆရာဝန် (၁)ဦး၊ သူနာပြု ဆရာ/ဆရာမ (၁၅)ဦးနဲ့ ပြည်သူတွေကို ကုသပေးနေတာ ဖြစ်ပါတယ်။ ပြည်သူ့ဆေးရုံမှာ လိုအပ်ချက်များစွာရှိနေသော်လည်း လက်ရှိအရေးတကြီး ဆောင်ရွက်ရန် လိုအပ်နေသည်မှာ ခွဲစိတ်ခန်းကို ပြန်လည်အဆင့်မြှင့်တင် ပြင်ဆင်ဆောက်လုပ်ဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခွဲစိတ်ခန်း ပြန်လည်ပြင်ဆင် ဆောက်လုပ်ဖို့ လိုအပ်တဲ့ အဓိက အကြောင်းများကို တင်ပြရမည်ဆိုပါ က

(က) ခွဲစိတ်ခန်းသည် ကာလကြာမြင့်စွာ တည်ဆောက် ထားသည့် အဆောက်အဦဖြစ်ခြင်း၊

(ခ) လက်ရှိခွဲစိတ်ခန်းသည် သားဖွားခန်းနှင့် ဘေးကပ်လျက် ရှိခြင်းကြောင့် ရောဂါပိုးများ အလွယ်တကူ ကူးစက်နိုင်ခြင်း၊

(ဂ) ခွဲစိတ်ခန်း မျက်နှာကြက်များ ပျက်စီးနေခြင်း၊ ပြူတင်းပေါက်များသည် ခေတ်နှင့်လျော်ညီမှုမရှိသည့် တရုတ်ကတ်မှန်များ တပ်ဆင်ထားပြီး ပြင်ပ လေဝင်လေထွက်များ ရှိနေခြင်းကြောင့် (၁၀၀) ရာခိုင်နှုန်း ပိုးသတ်၍ မရခြင်း၊

(ဃ) ခွဲစိတ်ခန်း မရောက်မီ ဆရာ/ဆရာမများအတွက် ခွဲစိတ်ဝတ်စုံများလဲခန်း၊ ပိုးသတ်ခန်းများ မရှိဘဲ ခွဲစိတ်ခန်းသို့ တိုက်ရိုက်ဝင်နေရခြင်း၊

(င) အူဖြတ်/ အူဆက်/ အူအတက် ခွဲစိတ်ခြင်းကဲ့သို့ အကြီးစားခွဲစိတ် ကုသမှုများအတွက် ခွဲစိတ်ခန်းလက်ရှိအခြေအနေအရ ပိုးသတ်နိုင်ခြင်း မရှိသည့်အတွက် ဆရာဝန်ကြီးနှင့် ဆရာ/ ဆရာမများ၊ အထူးသဖြင့် လူနာ၏ ကျန်းမာရေးအတွက် အလွန်စိုးရိမ်ရခြင်းတို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ Power Point တင်ပြခွင့်ပြုရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ မိုင်းပျဉ်းမြို့နယ်နှင့် တုံတာမြို့မှ လူနာများအပြင် မက်မန်းမြို့နယ်မှ လူနာများပါ လာရောက်အားကိုးကုသနေရတဲ့ ဆေးရုံဖြစ်သည့်အလျောက် ပြည်သူများ၏ ကျန်းမာရေးအတွက် အမှန်တကယ်အရေးတကြီး လိုအပ်လျက်ရှိတဲ့ အခြေအနေ ဖြစ်ပါတယ်။ ခွဲစိတ်ခန်းအား အဆင့်မြှင့်တင် ပြန်လည်ပြင်ဆင်ဆောက်လုပ်မည် ဆိုပါက လက်ရှိခွဲစိတ်ခန်းနှင့် တစ်ဆက်တည်း မြေနေရာလည်း ရှိပြီးဖြစ်ပါတယ်။ မြို့နယ်ဆရာဝန်ကြီးနှင့် ဆေးရုံ ဆရာ/ ဆရာမများမှလည်း ပြည်သူများ၏ အကျိုးစီးပွားကို မျှော်ကိုးလျက် ခွဲစိတ်ခန်းကို ပြန်လည်ပြင်ဆင် အသစ်တည်ဆောက်ပေးစေလိုသည့်ဆန္ဒရှိသည့်အပြင် ပြည်သူများမှလည်း မျှော်လင့်နေသည့်ကိစ္စဖြစ်၍ ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် (၁)ဦး အနေဖြင့် တင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ပြည်သူ့ဆေးရုံရှိ လက်ရှိခွဲစိတ်ခန်းအား ကျန်းမာရေးအဆင့်အတန်းနှင့် ကိုက်ညီသည့် ခွဲစိတ်ခန်းအဖြစ် အဆင့်မြှင့်တင် အသစ်ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မိုင်းပျဉ်းမြို့နယ်နေ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးအကျိုးကို ရည်ရွယ်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုဝင်းရဲ့ မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအသစ်ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်းမှာ စံကိုက်အနေအထားမရှိပါဘူး။ ခွဲစိတ်ခန်းစံကိုက် အသစ်ဆောက်လုပ်ရန်အတွက် ခန့်မှန်းတွက်ချက်ထားတဲ့ ကုန်ကျငွေဟာ ကျပ်(၆၅)သန်း ဖြစ်ပါတယ်။ တွက်ချက်မှု စာရင်းနှင့်အတူ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ ပြည်နယ်ကုသရေးဦးစီးဌာန၊ ကျိုင်းတုံ မြို့ရဲ့ (၅-၁၁-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၉၇၀/ ကတ (ကုသ-အဆ၃) /၂၀၁၈ ဖြင့် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြား ခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းထွန်းဉာဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊**

**သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းထွန်းဉာဏ်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမည့် အဆိုကတော့ **“ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရ ရက်(၁၀၀)စီမံကိန်းကာလအတွင်း မှာ အချို့မြို့များပေါ်ရှိ အချို့ကျေးရွာနှင့် ရပ်ကွက်များတွင် လူနေအိမ်မြေကွက်များနှင့် မြေကွက်များကို မြေဂရန်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆၊ ၂၀၁၇ခုနှစ်များတွင် အချို့မြို့ပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ မြေဂရန် ရှိ/ မရှိ၊ သက်တမ်းတိုးမြင့်ထားခြင်း ရှိ/ မရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် စာရင်း ဇယား ကောက်ယူထားပြီးတာကို လေ့လာတွေ့ရှိရပါတယ်။ ဂရန်နဲ့ ပတ်သက်ပြီး ယနေ့ အချိန်အထိ ဆောင်ရွက်ပေးခဲ့ခြင်း မရှိတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူနေအိမ်မြေကွက်နှင့် မြေကွက်များ မြေဂရန် ရှိခြင်း/ မရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ပတ်သက်သလို ဖြစ်နေပါတယ်။ မြေဂရန်ရှိသော ပြည်သူများအနေဖြင့် အစိုးရဘဏ်များတွင် လည်းကောင်း၊ ပုဂ္ဂလိက ဘဏ်များတွင်လည်းကောင်း စီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးများ လွယ်ကူစွာ ချေးယူနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရပါ တယ်။ သို့ဖြစ်ပါ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဂရန်ထုတ်ပေးနိုင်သော **“ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ် ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်သွင်းအပ် ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မ ကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်တင်သွင်းသည့် **"ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုး ခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ အားလုံးကို လေးစားပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၄ နည်းဥပဒေခွဲ(ဂ)အရ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းဉာဏ် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က တင်သွင်းတဲ့ အဆိုကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် (သောကြာနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့

ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်(သောကြာနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (တတိယနေ့)မှတ်တမ်း

## ၁၃၈၀ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်

## ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

## [သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေး ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း (၁၄၁)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၅.၈၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက် သဂါရဝပြုအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄-၁၂-၂၀၁၈ ရက်နေ့ (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးစိုင်းမြင့်ထူး၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၄) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၀)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၁)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၈)ဦးက မေးမြန်းထားတဲ့မေးခွန်းများကို သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက ပထမ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး

မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပန်- မုံးထ- မုံးထော် လမ်းပိုင်းပြင်ဆင်ထိန်းသိမ်းခြင်း မရှိသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပန်မြို့နယ်၏ အရှေ့ဘက်တွင် မိုင်းပန်-မုံးထ-မုံးထော်လမ်းပိုင်းသည် အထူးစီမံကိန်းကြီး အဖွဲ့ခွဲ(၅)မှ ၁၅- ၁၂- ၂၀၁၀ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး မိုင်းပန်မှ တာဖတ်လျှန်အထိ (၀)မိုင်မှ (၃)မိုင်အထိ ၁၈ ပေ၊ အကျယ် ကျောက်ချောလမ်းခင်းပြီး (၃)မိုင်မှ (၃၁)မိုင် ၄ ဖာလုံ အထိ ၃၄ ပေ၊ မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၁၄- ၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၉၂၁)စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ထပ်မံတာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။ မိုင်းပန်- မုံးထ- မုံးထော် လမ်းပိုင်းသည် ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှစပြီး ယနေ့အထိ ၎င်းလမ်းပိုင်းသည် မည်သည့်ဦးစီးဌာနမှ လာရောက်ပြင်ဆင်ထိန်းသိမ်းခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ပြည်သူများ၏ တင်ပြချက်အရ သိရှိလိုသောအချက်များကတော့-

(၁) မိုင်းပန်- မုံးထ- မုံးထော် လမ်းပိုင်းသည် မည်သည့်ဦးစီးဌာနမှ တာဝန်ယူ ထိန်းသိမ်းပြုပြင်ပေးမည်ကိုသိရှိလိုပါတယ်။

(၂) ပြည်သူများ၏ တင်ပြချက်အရ မိုင်းပန် (၀)မိုင်မှ တောင်ကိုင်းမြောက်ကျေးရွာ (၇)မိုင်အထိအား နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းပေးနိုင်ပါရန် တင်ပြတောင်းဆိုခဲ့ ပါတယ်။ ၎င်းမိုင်းပန် (၀)မိုင် မှ (၇)မိုင် အကြားရှိ လမ်းပိုင်းသည်ပြည်သူများ ၏ စားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း အမြောက်အမြား စိုက်ပျိုး လျက်ရှိသော အပိုင်းဖြစ်ပါ သောကြောင့် စိုက်ပျိုး၍ ထွက်ရှိခဲ့သော သီးနှံများ လွယ်ကူစွာသယ်ယူနိုင်ရေးအတွက် ရည်ရွယ်ပြီး ၎င်းလမ်းပိုင်းရှိ လမ်းများအား နှစ်စဉ်ပြုပြင်ပေးနိုင်ပါရန် တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းလမ်းပိုင်းအား တာဝန်ယူထားသော ဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းပြုပြင်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြသော

လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း မေးမြန်းလာတဲ့ မိုင်းပန်- မုံးထ- မုံးထော် လမ်းနှင့် ပတ်သက်ပြီး မည်သည့်ဦးစီးဌာနမှ တာဝန်ယူ ထိန်းသိမ်းပြုပြင်ပေးမည်ကို သိရှိ လိုခြင်း၊ ပြည်သူများ၏တင်ပြချက်အရ မိုင်းပန်(၀)မိုင်မှ တောင်ကိုင်းမြောက် ကျေးရွာ (၇)မိုင်အကြားရှိ လမ်းပိုင်းကို နှစ်စဉ်ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ / မရှိ သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းပန် - မုံးထ - မုံးထော်လမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မုံးထမြို့သို့ သန်လျင်မြစ်ကိုဖြတ်၍ ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စု အစိုးရမှစီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ မိုင်းပန်- မုံးထ- မုံးထော်လမ်းသည် စုစုပေါင်း ၆၆/၄ မိုင်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မှ (မိုင် ၀/၀-၃၁/၄= ၃၁မိုင် ၄ဖာလုံ)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ (မိုင် ၀/၀- ၃၅/၀= ၃၅/၀ မိုင်)အပိုင်းလိုက် တာဝန်ယူဆောင်ရွက် လျက်ရှိ ပါတယ်။ မိုင်းပန်မှ တောင်ကိုင်းမြောက်ကျေးရွာအထိ (၇)မိုင် လမ်းအပိုင်းသည်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဘက်ခြမ်း (၃၁) မိုင် (၄)ဖာလုံအတွင်း ပါဝင်ပြီး ဖြစ်ပါတယ်။ မိုင်းပန်- မုံးထော်- မုံးထလမ်း၏ (၃၀- ၉- ၂၀၁၈)ရက်နေ့ လမ်းအခြေအနေမှာ ကျောက်လမ်း(၀/၃)မိုင်၊ အမာခံလမ်း(၉/ ၂.၅)မိုင်၊ မြေလမ်း(၅၆/ ၆.၅)မိုင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ (၃၁/ ၄)မိုင်အား၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ တစ်ကြောင်း ထိုးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထူးစီမံကိန်းကြီး အဖွဲ့ခွဲ (၅)မှ ဆောင်ရွက်ခဲ့ပါတယ်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ (၃၅/ ၀)မိုင်အား ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာရေးနှစ် တွင် တစ်ကြောင်းထိုးလမ်းအဖြစ် လမ်းအထူးအဖွဲ့(၃)(ယခင်လေယာဉ်ကွင်း အထူးအဖွဲ့-၄)မှ စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်မြေဒေသ အခြေအနေ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အပ်ငွေလုပ်ငန်းအနေဖြင့် အမှတ်(၉၂၁) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ ရန်ပုံငွေကျပ် (၃၀၀)သန်းဖြင့် ၃၄ ပေအကျယ် မြေသားတာဘောင် ဖို့ခြင်း (၉/ ၃)မိုင်နှင့် တံတား(၅)စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၁၀ - ၂၀၁၄ ဘဏ္ဍာရေးနှစ် (၄)နှစ်အတွင်း ရန်ပုံငွေ ကျပ် ၁၇၆၆.၅ သန်းဖြင့် တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်း၊ ၃၄ ပေအကျယ်

မြေသားတာဘောင်ဖို့ခြင်း (၅၄/ ၅)မိုင်၊ အမာခံလမ်းခင်းခြင်း (၀/ ၆.၅) မိုင်၊ တောင်ပြိုမြေဖယ်ရှားခြင်း ၂၅၃၈ ကျင်းနှင့် တံတား ၄၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၀၁၄ - ၂၀၁၈ ဘဏ္ဍာရေးနှစ် (၄)နှစ်အတွင်း ရန်ပုံငွေကျပ် ၁၂၁၅.၀၀၀ သန်းဖြင့် (၃၄')အကျယ် မြေသား တာဘောင်ဖို့ ခြင်း(၄/ ၁) မိုင်၊ ကျောက်တောင်မိုင်းခွဲ လမ်းချဲ့ခြင်း ၈၉၉ ပေ၊ ၁၆ ပေအကျယ် ဒု-အခြေခံလွှာခင်း ခြင်း (၂/၃)မိုင်၊ ၅၀ ပေအောက် တံတား ၅ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်ပြီးဆောင်ရွက်သွားမှာကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၁၀၁၆.၀၀၀ သန်းတောင်းခံထားပါတယ်။ အဲ့ဒီငွေဖြင့် မိုင်(၅/၃-၈/၀) အတွင်း ၃၄ ပေအကျယ် မြေသားတာဘောင်ဖို့ခြင်း၊ မိုင်(၀/၀-၇/၀)အတွင်း (၄/၁.၅မိုင်)အား ကျောက်ချောလမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း ၅ စင်း နှင့်ချဉ်းကပ်လမ်းတည်ဆောက်ခြင်း ၅ စင်း ဆောင်ရွက်ရန် လျာထားပြီး ပြည်နယ်ငွေလုံးငွေရင်း နှင့်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၄၀၇.၅၀၀) သန်းဖြင့်မိုင်(၀/၀-၂/၆)အတွင်း မူလကျောက်လမ်းမျက်နှာပြင်ပေါ်တွင် သဲဖြုန်း ( ၃")ထုခင်းကြိတ်ခြင်း၊ မိုင်(၂/၆ -၇/၀)အတွင်း (၂"-၄")ကျောက် (၆")ထု ခင်းကြိတ်ပြီး သဲဖြုန်း (၂") ထုခင်းခြင်းနှင့် မိုင်(၀/၀-၇/၀) အတွင်းလမ်းတာဘောင် ရရှိရန်လမ်းပုံဖော်ခြင်း၊ သစ်သားတံတားဟောင်း ၅ စင်းအားဘီးလမ်း၊ ကြမ်းခင်း၊ လက်ရန်းများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားပြီး လုပ်ငန်းဆောင်ရွက် ခွင့်ရရှိရေးနှင့် ရန်ပုံငွေရရှိရေး ဆက်လက်တင်ပြ တောင်းခံသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် နယ်မြေဒေသအခြေအနေအရ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် မှစ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အပ်ငွေလုပ်ငန်းအဖြစ် ပြည်ထောင်စုမူလ ငွေလုံးငွေရင်း ရန်ပုံငွေအား အပ်နှံဆောင်ရွက်လျက်ရှိပြီး၊ အမှတ်(၉၁၃)စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၊ ကျိုင်းတုံမြို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ(၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်၂၀၀သန်းဖြင့် ၃၄ ပေအကျယ် မြေသားတာဘောင်ချဲ့ခြင်း (၁/၂ မိုင်) ဆောင်ရွက်ရန် လျာထားပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းအောင်ခမ်း က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော့ရဲ့ ဒုတိယ မေးခွန်းက မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု၊ တုံမောင်းရေလှောင်တမံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

မိုင်းပန်မြို့နယ်ရှိ သံဃာ့နာယက ဆရာတော်များနှင့် ဆည်သူကြီးများ တောင်သူလယ်သမားများ၊ ပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်းပြီး ဝိုးလိုင်းကျေးရွာ အုပ်စုရှိ တုံမောင်းချောင်းအား တုံမောင်းရေလှောင်တမံ တည်ဆောက်ပေးနိုင်ရန်အတွက် (၂၉-၄-၂၀၁၇)နေ့တွင် အနောက်ရပ်ကွက်ရှိ မွေတော်ဘုန်းကြီးကျောင်းတွင် တုံမောင်းရေလှောင်တမံ တည်ဆောက်ပေးရေးအတွက် တက်ရောက်တောင်းဆိုသော ပြည်သူပေါင်း(၇၀၀)ဝန်းကျင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ သက်ဆိုင်သောဌာနဆိုင်ရာများကို ဖိတ်ကြားပြီး လိုအပ်ချက်များကို တက်ရောက်လာသော ပြည်သူများမှ တင်ပြတောင်းဆိုခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ ရက်စွဲပါစာအမှတ်၊ ၀၁၈ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးထံ လိပ်မူပြီး တင်ပြခဲ့ပါတယ်။ (၁- ၂- ၂၀၁၈) ရက်နေ့တွင် ဘူမိဗေဒအဖွဲ့မှာ မိုင်းပန်မြို့နယ်သို့ ရောက်ရှိခဲ့ပြီး တုံမောင်းရေလှောင်တမံ တည်ဆောက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာ စမ်းသပ်ခဲ့ပြီး (၃၀- ၈- ၂၀၁၈)ရက်နေ့တွင် ဆည်မြောင်းဦးစီးဌာနရုံးချုပ်အဖွဲ့နှင့် ခရိုင်ဆည်မြောင်း၊ မြို့နယ်ဆည်မြောင်းအဖွဲ့တို့မှ တုံမောင်းရေလှောင်တမံ တည်ဆောက်ရန် ရေစီးဝင်မှုပမာဏကို ဆက်လက်ကွင်းဆင်း တိုင်းတာခဲ့ပါတယ်။ ၎င်းတုံမောင်း ရေလှောင်တမံအား မည်သည့်အချိန်ကာလတွင် လာရောက်တည်ဆောက်ပေးမည်ကို သံဃာတော်များနှင့် ပြည်သူများမှ မကြာခဏမေးမြန်းလာပါသဖြင့် လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးခွန်းမေးမြန်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တုံမောင်းရေလှောင်တမံတည်ဆောက်ပေးမည်ဆိုပါက အကျိုးခံစားခွင့်ရလဒ်များကတော့-

(က) မိုင်းပန်မြို့နေ ပြည်သူလူထု (၁၇၀၀၀)ကျော်၏ နွေရာသီသောက်သုံးရေ ရှားပါးခြင်း၊ အခက်အခဲကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း၊ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကိုလည်း ကာကွယ် နိုင်မည်ဖြစ်ပါတယ်။ တုံမောင်းရေလှောင်တမံမှ စီးကျသောရေများသည် နမ့်ပန်ချောင်းသို့ ပြန်လည်စီးဝင်ကာ လဝဆည်သို့စီးဆင်းသိုလှောင်၍ မိုင်းပန်မြို့နယ်ကို စီးဝင်ဖြတ်သန်း စီးဆင်းသွားမည်ဖြစ်ပါတယ်။ လဝဆည်ရေပေးမြောင်းမှ

ဖြန့်ဝေပေးသော စိုက်ပျိုးရေ အကျိုးပြု ဧက (၆၉၃) ဧက၊ နမ့်ပန်ချောင်းမှ စိုက်ပျိုးရေအကျိုးပြုဧက(၃၇၉၄)ဧက၊ တုံမောင်းကွင်းမှ အကျိုးပြုစိုက်ပျိုးရေ ဧက(၃၁၅)ဧက၊ အကျိုးပြုဧကပေါင်း (၄၇၀၂) ဧက အကျိုးပြုမည်ဖြစ်ပြီး မိုင်းပန်မြို့နယ်ရှိ အမှတ်(၁၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ် (၃၃၂) ခြေမြန်တပ်ရင်း၊ အမှတ်(၅၂၀) ခြေမြန်တပ်ရင်းနှင့် အမှတ်(၃၈၅) အမြောက်တပ်ရင်း၊ ၎င်းတပ်ရင်း၊ တပ်ဖွဲ့များရှိ မိသားစုဝင်များ၏ သုံးရေအဖြစ် အကျိုးခံစားခွင့် ကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

(ခ) စိုက်ပျိုးရေးအတွက်လည်း နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ ဆယ့်နှစ်ရာသီ ကာလပတ်လုံး ကောင်းမွန်စွာ စိုက်ပျိုးရေ လုံလုံလောက်လောက် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါတယ်။ ၎င်းရေလှောင်တမံ တည်ဆောက်ပေးမည်ဆိုပါက မိုးရာသီ အကျိုးပြုဧကပေါင်း (၄၇၀၂) ဧက ဝန်းကျင်ရှိ၍ ကွင်းပေါင်း(၂၁) ကွင်း အကျိုးပြုခံစားခွင့်ရရှိမည်ဖြစ်ပြီး၊ နွေစပါးနှင့် ဆောင်းသီးနှံများ အကျိုးပြုဧက (၁၁၀၀) ကျော်ဝန်းကျင်ရရှိမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းအကျိုးခံစားခွင့်များကို ရှေးရှုပြီး ဆရာတော်များနှင့် တောင်သူများ ပြည်သူများက တုံမောင်းရေလှောင်တမံကို တည်ဆောက်ပေးနိုင်ပါရန် တင်ပြတောင်းဆိုခဲ့ပါတယ်။ ဥပမာ တစ်ခုတင်ပြရမည်ဆိုပါက ၂၀၁၆ ခုနှစ်၊ မတ်လနှင့် ဧပြီလတွင် အယ်နီညို သဘာဝဘေး ကျရောက်လာမည်ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အယ်နီညိုကာကွယ်နိုင်ရန် အတွက် ရေသိုလှောင်ထားရှိကြပါရန် ညွှန်ကြားစာထုတ်ပြန်ခဲ့ပါသော်လည်း ကျွန်တော်တို့ မိုင်းပန်မြို့နယ်အနေဖြင့် မည်သည့် ရေကိုမျှ ပိတ်ဆို့လာပြီး သိုလှောင်နိုင်ခြင်း မရှိခဲ့ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်

အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းမေးမြန်းတဲ့ မိုင်းပန်မြို့နယ်မှာရှိတဲ့ ဝိုးလိုင်းကျေးရွာအုပ်စုရှိ တုံမောင်းရေလှောင်တမံကို မည်သည့် အချိန်ကာလတွင် လာရောက်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ အောက်ပါအတိုင်း ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်-

မိုင်းပန်မြို့နယ်၊ ဝိုးလိုင်းကျေးရွာအုပ်စုရှိ တုံမောင်းရေလှောင်တမံ (ဝိုးလိုင်းရေလှောင်တမံ) တည်ဆောက်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲနှင့် ဇလဗေဒဌာနခွဲမှ ပေးပို့ထားသည့် အစီရင်ခံစာပါ Flood များအနက် 1000 Yr .Flood တို့ကို အခြေခံပြီး ဒီဇိုင်းပုံစံ တွက်ချက်ခဲ့ရာ တုံမောင်းရေလှောင်တမံအမြင့် (၁၀၀)ပေရှိပါတယ်။ ရေပိုလွှဲအကျယ် (၄၀၀)ပေ ရှိတယ်လို့ တွက်ချက်ရရှိခဲ့ပါတယ်။ တမံအမြင့် (၁၀၀)ပေရှိသည့် အကြီးစား ရေလှောင်တမံ ဖြစ်နေခြင်းကြောင့် ရေဆင်းဧရိယာနှင့် စီးဝင်ရေပမာဏများပြားပြီး ရေသိုလှောင်နိုင်သည့် ပမာဏ နည်းပါးသည့်အပြင် ရေပိုလွှဲ အကျယ်(၄၀၀)ပေ ဖြစ်နေပါသဖြင့် လက်ရှိတွက်ချက်ထားရှိမှုများအရ ရေလှောင်တမံတည်ဆောက်ပေးရန် မသင့်လျော်သေးပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒီကနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ တာဝန်ရှိသူများအားလုံးနှင့် လာရောက်လေ့လာသူများအားလုံး မင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးလက်မြေသား လမ်းတစ်လမ်းဖြစ်တဲ့ပန်အုံ- လုံအောင်- နောင်ယာဆိုင်း-တောင်နောက်- ဟိုတင့် ပြည်ထောင်စုလမ်းသည် ၁၅ မိုင်ခွဲခန့်ရှိပြီးတောင်- နောက်ကျေးရွာအုပ်စုနဲ့ ဆင်ခြေဖုံး

ကျေးရွာအုပ်စုနှစ်ခုကို အကျိုးပြုသော (A) အဆင့် လမ်းတစ်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို ပြီးခဲ့သော ဘဏ္ဍာရေးနှစ်များတွင် နှစ်အလိုက်ရရှိသော ဘဏ္ဍာရန်ပုံငွေဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ဟိုတင့်ကျေးရွာပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်မိရန်အတွက် (၃) မိုင်ခွဲခန့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိပါတယ်။ အဆိုပါဆောင်ရွက်ရန်ကျန်ရှိသော မြေသားလမ်း(၃)မိုင်ခွဲခန့်ကို ကျောက်ချောလမ်းအဖြစ်သို့ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ် မည်သို့ရှိသည်ကို ဒေသခံများကိုယ်စား သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် မေးမြန်းလာတဲ့ လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးလက်မြေသားလမ်း တစ်လမ်း ဖြစ်တဲ့ ပန်အုံ- လုံအောင်- နောင်ယာဆိုင်း- တောင်နောက်- ဟိုတင့် ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်မိရန်အတွက် ဆောင်ရွက်ရန်ကျန်ရှိသော မြေသားလမ်း(၃)မိုင်ခွဲခန့်ကို ကျောက်ချောလမ်းအဖြစ်သို့ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ် မည်သို့ရှိသည်ကို သိရှိလိုပါသည်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်အတွင်းရှိ ပန်အုံ- လုံအောင်- နောင်ယာဆိုင်း- တောင်နောက်- ဟိုတင့် လမ်းပိုင်းသည် (၁၅/၄)မိုင်ရှိသည့် လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းအား ၎င်းဒေသရှိ ကျေးရွာ (၆)ရွာ၊ အိမ်ခြေ (၁၀၂၇)အိမ်နှင့် လူဦးရေ (၅၀၂၇)ဦးတို့ အသုံးပြုလျက်ရှိပြီး တောင်ကြီး- လွိုင်လင်- လင်းခေးသို့ ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်ထားသည့် လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါ လမ်းပိုင်း (၁၅/ ၄)မိုင်အနက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း (၅/၄)မိုင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့်

ကျောက်လမ်း (၅/ ၀) မိုင် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၂/၀)မိုင် ထပ်မံ ဆောင်ရွက်သွားမည်ဖြစ်ရာ စုစုပေါင်း ကျောက်လမ်း (၁၂/ ၄)မိုင် ဆောင်ရွက်ပြီးစီးမည်ဖြစ်၍ (၃/ ၀)မိုင် ထပ်မံဆောင်ရွက်ရန်ကျန်ရှိမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွိုင်လင်မြို့နယ်၊ ပန်အုံ- လုံအောင်- နောင်ယာဆိုင်း- တောင်နောက်- ဟိုတင့် လမ်းပိုင်း(၁၅/၄)မိုင်အနက် ကျောက်ချောလမ်းအဖြစ် ထပ်မံဆောင်ရွက်ရန် ကျန်ရှိသောလမ်းပိုင်း(၃/ ၀)မိုင်အား မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ်မူတည်၍ လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းတွင် ရန်ပုံငွေထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ပေးတဲ့ လေးစားအပ်ပါသော ရှမ်းလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မေးမြန်းမဲ့ မေးခွန်းကတော့ လက်ရှိရှမ်းပြည်နယ်အတွင်း ရောင်းချလျက်ရှိသည့် မော်တော်ယာဉ်သုံး ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ အရည်အသွေးပြည့်မီမှု ရှိ/ မရှိ၊ အချင်အတွယ်၊ ဈေးနှုန်းပြည့်မီမှု ရှိ/ မရှိကို စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

မြန်မာနိုင်ငံရှိ ဓာတ်ဆီ၊ ဒီဇယ်ဆီ ရောင်းချသောဆိုင်များသည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ (၁၁)သန်းဖိုးရောင်းချလျက်ရှိကြောင်း၊ ၎င်းဓာတ်ဆီ၊ ဒီဇယ်ဆီများသည် အီရန်နိုင်ငံမှ ထွက်ရှိသော လောင်စာဆီများဖြစ်ပြီး စင်္ကာပူနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ

သို့ရောင်းချခြင်းဖြစ်ကြောင်း၊အမေရိကန် CIA မှ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလတွင် ကြေညာထားကြောင်း သိရှိရပါတယ်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှ နာမည်ကြီးဆိုင်များတွင် ရောင်းချသော ဒီဇယ်ဆီ၊ ဓာတ်ဆီများသည် အရည်အသွေးပြည့်မီမှုမရှိကြောင်း နေပြည်တော်မှ စစ်ဆေးတွေ့ရှိရပါတယ်။ ၎င်းကိစ္စကို လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါ အရည်အသွေးပြည့်မီမှုမရှိသော ဓာတ်ဆီ၊ ဒီဇယ်ဆီများကို အသုံးပြုပါက စက်များ မကြာခဏ ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။ စက်သုံးဆီအရည်အသွေးမမှန်ကန်ပဲ ကံစမ်းမဲတွေများစွာပေးပြီး ကားများ၊ ဆိုင်ကယ်များ မဲဖောက်ပေး၍ ဆွဲဆောင်လျက်ရှိကြောင်းတွေ့ရပါတယ်။

သို့ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ ဒီဇယ်ဆီ၊ ဓာတ်ဆီများရောင်းချသော ဆိုင်များရှိ ဒီဇယ်ဆီ၊ ဓာတ်ဆီများ အရည်အသွေးပြည့်မီခြင်း ရှိ/ မရှိ၊ အချင်အတွယ် မှန်ကန်မှု ရှိ/ မရှိနှင့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ/ မရှိကို သက်ဆိုင်ရာ အစိုးရအဖွဲ့မှ စစ်ဆေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလို၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်အတူ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းသည့် ရှမ်းပြည်နယ်အတွင်းရှိ ဆိုင်များတွင် ရောင်းချလျက်ရှိသော မော်တော်ယာဉ်သုံး ဓာတ်ဆီ၊ ဒီဇယ်များ သတ်မှတ်အရည်အသွေး ပြည့်မီခြင်း ရှိ/ မရှိ၊ အချင်အတွယ် မှန်ကန်မှု ရှိ/ မရှိ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ/ မရှိ အစိုးရအဖွဲ့မှ စစ်ဆေးရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ်တစ်ခုလုံးတွင် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိပြီး ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၁၅၁)ဆိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

တွင် (၁၈၄)ဆိုင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်(၅၂)ဆိုင်၊ စုစုပေါင်း (၃၈၇)ဆိုင်ရှိပါတယ်။ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များအား ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း နှင့်ကြီးကြပ်မှုကိစ္စရပ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လက်အောက်ရှိ ပြည်နယ်ရောင်းဝယ်ရေးအရာရှိရုံး (ရှမ်းပြည်နယ်တောင်ပိုင်း)၊ ပြည်နယ် ရောင်းဝယ်ရေး အရာရှိရုံး (ရှမ်းပြည်နယ်မြောက်ပိုင်း)နှင့် ပြည်နယ်ရောင်းဝယ်ရေး အရာရှိရုံး (ရှမ်းပြည်နယ်အရှေ့ပိုင်း)တို့မှ တာဝန်ယူဆောင်ရွက် လျက်ရှိပါတယ်။ ၎င်းအပြင် ရှမ်း ပြည်နယ်ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီဖွဲ့စည်းထား ရှိပြီး ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသောစက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီ) များသတ်မှတ်အရည်အသွေး ရှိ/ မရှိ၊ အချင်အတွယ်မှန်ကန်မှု ရှိ/ မရှိကို ရှမ်းပြည်နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ထိန်းသိမ်းကြီးကြပ်မှုဆပ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် ခရိုင်ရေနံနှင့် ရေနံထွက်ပစ္စည်းများထိန်းသိမ်းကြီးကြပ်မှု ဆပ်ကော်မတီအဖွဲ့မှ အရောင်းဆိုင်များသို့ အခါအား လျော်စွာ စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ်၍ ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက် ရှိပါတယ်။ စစ်ဆေးမှုများအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၅)ကြိမ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၃)ကြိမ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၇)ကြိမ် စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။

အချင်အတွယ် မှန်ကန်မှု ရှိ/ မရှိနှင့်ပတ်သက်ပြီး ခရိုင်ရေနံနှင့် ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်မှု ဆပ်ကော်မတီအဖွဲ့မှ စစ်ဆေးကြီးကြပ်ရန် လမ်းညွှန်ထားသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များတွင် ၂၀ လီတာ စံချင်ခွက်များထားရှိပြီး ဝယ်ယူသူကိုယ်တိုင် ချင်တွယ်စစ်ဆေးနိုင်စေရန်လည်း စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အရည်အသွေးပြည့်မီခြင်း ရှိ/ မရှိ စစ်ဆေးရာတွင် စက်သုံးဆီ၏ အရည်အသွေးစစ်ဆေး နိုင်ရန် ရန်ကုန်မြို့ရှိ အမှတ်(၁)ရေနံချက် စက်ရုံ(သံလျင်)သို့ စက်သုံးဆီတစ်ဆိုင်ချင်း၏ စက်သုံးဆီနမူနာများပေးပို့ စမ်းသပ်မှသာ တိကျသည့် ဓာတ်ခွဲခန်းအဖြေရရှိနိုင်မည်ဖြစ် ပါတယ်။ ပြည်နယ်/ ခရိုင်ရေနံနှင့် ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်မှုဆပ်ကော်မတီ အဖွဲ့အနေဖြင့် စစ်ဆေးနိုင်ခြင်းမရှိပါ။ သို့ရာတွင် ရေနံနှင့် ရေနံထွက်ပစ္စည်းများ ထိန်းသိမ်း ကြီးကြပ်မှုကော်မတီ(ဗဟို)အနေဖြင့် အရည်အသွေးပြည့်ဝသော စက်သုံးဆီများသာ တင်သွင်း စေရန် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူး ရေးအသင်း(MPTA)နှင့် ညှိနှိုင်း

ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဘတ်ဂျက်တင်ပြတောင်းခံထားသော (Mobile Fuel Lab) စက်သုံးဆီအရည်အသွေးစစ်ဆေးသည့် မော်တော်ယာဉ်ငယ်များအတွက် ဘတ်ဂျက်ခွင့်ပြုပြီး ဝယ်ယူရောက်ရှိပါက ရှမ်းပြည်နယ်အတွင်းမှာပင် စစ်ဆေးပေးသွားနိုင်မည် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သင့်တင့်မျှတသောဈေးနှုန်းဖြင့်ရောင်းချခြင်း ရှိ/ မရှိနှင့်ပတ်သက်၍ သင့်တင့်မျှတ သောဈေးနှုန်းဖြင့်သာ ရောင်းချနိုင်ရန် ရေနံနှင့်ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်မှုကော်မတီ (ဗဟို)အနေဖြင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရှမ်းပြည်နယ်ရေနံနှင့်ရေနံထွက်ပစ္စည်းများ ထိန်းသိမ်းကြီးကြပ်မှုဆပ်ကော်မတီအနေဖြင့်လည်း ပြည်နယ်ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအသင်းမှ တာဝန်ရှိသူများနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော့်ရဲ့ ဒုတိယမြောက်မေးခွန်းကတော့ လွန်ခဲ့သော (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကျွန်တော်ကြယ်ပွင့်ပြမေးခွန်း (၇) ခုကို ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ရာ သက်ဆိုင်ရာ အစိုးရအဖွဲ့မှ အချိန်မီ ပြန်လည်ဖြေကြားနိုင်ခြင်းမရှိတဲ့အတွက် ကြယ်ပွင့်ပြမေးခွန်းကနေ ကြယ်ပွင့်မပြမေးခွန်းသို့ ပြောင်းလဲမေးမြန်းခဲ့ပါတယ်။ အဆိုပါ ကြယ်ပွင့်မပြမေးခွန်း အဖြေလွှာကို သက်ဆိုင်ရာအစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ရုံးသို့ ပေးပို့ပြီး လွှတ်တော်ရုံးမှ ကျွန်တော့်ထံ (၂၅.၉.၂၀၁၈) ရက်နေ့တွင် စာတိုက်မှတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

သို့သော် ယနေ့ (၂)လကျော်ကြာသည့်တိုင်အောင် အဆိုပါ ကြယ်ပွင့်မပြမေးခွန်းဖြေကြားချက်အား လက်ခံရရှိခြင်းမရှိသေးပါ။ ယနေ့စီးပွားရေးအပြိုင်အဆိုင် လုပ်သည့်ခေတ်မှာ ပုဂ္ဂလိက ပါဆယ်လုပ်ငန်းသည် များစွာရှိလာပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဌာနက ပုဂ္ဂလိကလုပ်ငန်းနှင့် အပြိုင်အဆိုင်လုပ်ရမှာ ဖြစ်ပါတယ်။ သို့မှသာ မြန်မာစာတိုက်လုပ်ငန်းကို အများကယုံကြည်ကိုးစားလာမှာ ဖြစ်ပါတယ်။ ဤကိစ္စသည် နှစ်လကျော်ကြာသည့်တိုင် စာမရောက်ရှိသေးခြင်းသည် မဖြစ်သင့်သည့်ကိစ္စဟု ယူဆပါတယ်။ ဝန်ထမ်းများပြည်သူ့လစာယူပြီး တာဝန်မကျေပဲ ခေါက်ရိုးကျိုးနေသည့် မူလအကျင့်များ ကျန်ရှိနေသေး

တယ်လို့ ယူဆပါတယ်။ ဆက်သွယ်ရေးကောင်းမွန်သော ယနေ့ခေတ်ကာလတွင် ယင်းကဲ့သို့ ကြာမြင့်သည့်ကိစ္စကို သက်ဆိုင်ရာအစိုးရအဖွဲ့မှ ပြန်လည်စိစစ်သင့်တယ်လို့ ယူဆပါတယ်။ မည်သူ့တွင် တာဝန်ရှိသည်ကို အရေးယူဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့် ဆက်သွယ်ရေးလုပ်ငန်းအား လူထုမှ အားကိုးယုံကြည်ရသော စိတ်ချလုံခြုံသော စာတိုက်ဖြစ်စေရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါ၍ လူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းက မေးမြန်းထားတဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်များအား လူထုမှ အားကိုးယုံကြည်ရသော စိတ်ချလုံခြုံသော စာတိုက်ဖြစ်စေရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့စာတိုက်လုပ်ငန်းသည် (၁-၄-၂၀၁၈)ရက်နေ့မှစ၍ သီးခြား အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သည့် (State Economic Enterprise) နိုင်ငံတော် ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြည်သူလူထုများ အားကိုးယုံကြည်မှုရှိစေရန် အတွက် အောက်ပါမူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ Myanmar Post Vision ကတော့ Myanmar Post for everyone(လူတိုင်းအတွက်မြန်မာ့စာတိုက်) ဖြစ်ပါတယ်။ Myanmar Post Mission ကတော့-

(၁) Affordable Prices(သင့်တင့်မျှတသည့်ဈေးနှုန်း)၊

(၂) At all points in the territory (နေရာဒေသမရွေးအလွယ်တကူ သုံးစွဲနိုင်ခြင်း)၊

(၃) Quality Based Postal Services (အရည်အသွေးကို အခြေပြုသည့် စာတိုက်ဝန်ဆောင်မှုများ)ဆိုပြီး ချမှတ်ထားတာ ဖြစ်ပါတယ်။

မြန်မာစာတိုက်လုပ်ငန်းနှင့်ပတ်သက်၍ စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများမှာ စာပို့ခနှုန်းထားများ၊ စာတိုက်များ၏ တယ်လီဖုန်းနံပါတ်များ မြန်မာ့စာတိုက်နှင့် ပူးပေါင်း

ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအမည်စာရင်းများအား www.myanmar epost.com တွင် ဝင်ရောက်ကြည့်ရှုနိုင်သကဲ့သို့ အမြန်ချောစာများကိုလည်း ပြည်တွင်းမှာရှိတဲ့ (၂၉၉) မြို့မှာ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး မိမိပေးပို့သည့် ချောစာများ၊ ချောပစ္စည်းများ ရောက်ရှိနေသည့်အခြေအနေများကို Tracking Code နံပါတ်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါတယ်။ ယခုအခါ ပြည်တွင်းငွေပို့လွှာများ၊ အမြန်ချောစာများနှင့် ပတ်သက်သည့် ခြေရာခံထောက်လှမ်းစနစ် (Delivery Monitoring System)အား ဆောင်ရွက်နေပြီဖြစ်ပါသဖြင့် ပြည်သူလူထုအတွက် ပိုမိုမြန်ဆန်သည့် စာတိုက်လုပ်ငန်းဖြစ်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များအား ပြည်သူလူထုမှ အားကိုးယုံကြည်မှုရှိလာစေရန် ရည်ရွယ်၍ စုံစမ်းမေးမြန်း တိုင်ကြားချက် စာအုပ်အား စာတိုက်တိုင်းတွင်ထားရှိပြီး ပြန်လည်ဖြေရှင်းချက်များကို မှတ်တမ်းရေးသွင်းစေ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းမန်နေဂျာများထံ ဆက်လက်တင်ပြခြင်း၊ သက်ဆိုင်ရာ မန်နေဂျာများမှတစ်ဆင့် မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)သို့ ဆက်လက်တင်ပြဆောင်ရွက်ခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် သုံးစွဲသူ Customerများမှ မကျေနပ်ချက်များ အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက မေးမြန်းစုံစမ်းတိုင်ကြားရန်အတွက် (ဖုန်းနံပါတ် -၀၆၇- ၃၄၂၀၈၈၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ရန်နှင့် Myanmar Post Facebook Page တွင် အများပြည်သူများမှ မေးမြန်းစုံစမ်း၊ တိုင်ကြားနိုင်ရန်အတွက် စာတိုက်တိုင်းတွင် ထင်သာမြင်သာသည့်နေရာများတွင် ချိတ်ဆွဲအသိပေးထားပြီး ကြော်ငြာထားခြင်းများ ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးနှင့် ယနေ့လွှတ်တော်လေ့လာရေး တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်မှာ အတည်ပြုခဲ့သည့် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ တင်သွင်းသည့် "အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားခြင်း၊ မြေငှားဂရန်

ထုတ်ပေးခြင်းများကို အများပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် ပြန်လည်စိစစ် ပယ်ဖျက်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုနှင့် ပတ်သက်၍ သက်ဆိုင်ရာအစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းထားတဲ့ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရသလို ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေပါ တာဝန်များမှာ ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)အရ လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊ ပုဒ်မခွဲ (ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိခံစားနိုင်အောင် ရှေ့ရှုဆောင်ရွက်ခြင်း၊ ပုဒ်မခွဲ (ဆ) မဲဆန္ဒရှင်များရဲ့ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းစသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရတာပဲ ဖြစ်ပါတယ်။

လွှတ်တော် ကိုယ်စားလှယ်များမှ လွှတ်တော်သို့ အဆိုပေးပို့ရာတွင်လည်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် (၁၁၆)အရ ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖြစ်စေ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုလျှင် လွှတ်တော်သို့ အဆိုအဖြစ် တင်သွင်းရမည် ဟုပါရှိပါတယ်။

ထို့အပြင် အပိုဒ်ခွဲ (က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့် စပ်လျဉ်းသော ကိစ္စဖြစ်ရမည် ပုဒ်မခွဲ(ခ) ရှမ်းပြည်နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ ဖြစ်ရမည်။ ပုဒ်မခွဲ(ဂ) ဥက္ကဋ္ဌခွင့်ပြုသည့် အခြားကိစ္စများလည်း ဖြစ်ရမည်ဟု ပါဝင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှလည်း နည်းဥပဒေ များနှင့်အညီ အဆိုနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်၊ ကန့်သတ်ချက်၊ စည်းကမ်းချက်များကို ကိုက်ညီမှုရှိမှလည်း လွှတ်တော်သို့ တင်သွင်းခွင့်ပြုခြင်းလည်း ဖြစ်ပါတယ်။

ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးဟာ ရှမ်းပြည်နယ်မှာ ကျင်းပတဲ့ အဆင့်အမြင့်ဆုံး အစည်းအဝေးဖြစ်သလို ပြည်သူများရဲ့ ဆန္ဒနှင့်အညီ ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့်သာ အများစုဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်လို လွှတ်တော်သို့ တင်သွင်းသည့် အဆိုများဟာလည်း အများပြည်သူ အကျိုး စီးပွားရှေးရှုလျက် ပြည်နယ်လွှတ်တော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊

ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်” ဆိုသည့်အတိုင်း ဖော်ဆောင်နေခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ကျင်းပပြီးစီးခဲ့သည့် ပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သော အဆိုများအပေါ် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဆောင်ရွက်နေမှုများဟာလည်း လွှတ်တော်နှင့် အစိုးရဟာ အများပြည်သူအကျိုးအတွက် ညီညွတ်မျှတစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သည့် သဘောလည်းဆောင်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ အစိုးရအနေဖြင့် လွှတ်တော်မှ အတည်ပြုခဲ့သော အဆိုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များက သိရှိဖို့လိုအပ်ပြီး ကိုယ်တိုင်ပေါင်းစပ်ညှိနှိုင်းပေးကြရမည့် တာဝန်များရှိသလို လွှတ်တော်အစည်းအဝေးများတွင် ပုံမှန်လာရောက်လေ့လာနေသော အဖွဲ့အစည်းများနှင့် အများပြည်သူများမှ သိရှိလိုကြောင်း တင်ပြလာမှုများနှင့် စပ်လျဉ်းသောကြောင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မိမိတင်သွင်းခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးအဆိုအား အတည်ပြုပြီးနောက် သက်ဆိုင်ရာ အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းထားသည့် အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သိရှိလိုပါကြောင်း မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်သည့် အများပြည်သူနှင့်သက်ဆိုင်သောမြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်ထုတ်ပေး

ခြင်းများကို အများပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် (၂၃-၁-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄-၁/၂၀၁၈) ဆုံးဖြတ်ချက် အပိုဒ် ၅(က)အရ ပြန်လည်စိစစ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ယင်းအဖွဲ့၏ ဆောင်ရွက်ချက်အရ (၂၈-၉-၂၀၁၈)ရက်နေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၁)တွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ခရိုင်အုပ်ချုပ်ရေးမှူးများတွေ့ဆုံ၍ **"အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများတွင် မြေပေးမိန့်၊ မြေငှါးဂရန် ထုတ်ပေးခြင်းများကို ပြန်လည်စိစစ် ပယ်ဖျက်ပေးရန်"** အဆိုနှင့် ပတ်သက်၍ အစည်းအဝေး ခေါ်ယူကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးများမှ အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာ များတွင် မြေပေးမိန့်၊ မြေငှါးဂရန်များ ချထားပေးခြင်း ရှိ/မရှိအား သက်ဆိုင်ရာဌာန များဖြင့် ကွင်းဆင်းစစ်ဆေးပြီးသည့် ရပ်ကွက်၊ ကွင်းဆင်းစစ်ဆေးသည့်ရက်စွဲဖြင့် ဆောင်ရွက်
၂ နေမှု အခြေအနေများအား စဉ်ဆက်မပြတ် အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်းနှင့်သက်ဆိုင်ရာ ဌာနဆိုင်ရာများမှလည်း လမ်းမြေများအား ကျူးကျော်မှုမရှိစေရေး စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။

အဆိုနှင့်ပတ်သက်ပြီးတင်ပြရမယ်ဆိုရင် မြေနေရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့မှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန် အစည်းအဝေး အမှတ်စဉ်(၂-၉/၂၀၁၈)ဆုံးဖြတ်ချက်အပိုဒ် ၅(၁-ဃ)အရ မြေပေးမိန့်နှင့်မြေဂရန်ကို ထုတ်ပေးထားသောဖြစ်စဉ် (၃) ခုအား ပယ်ဖျက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၈-၉-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁၂၃၀၁ /၂ - ၉ /၂၀၁၈/ အစရ(ရှမ်း)ဖြင့် အကြောင်းကြားလာချက်အရ ထုတ်ပေးထားသည့် မြေငှားဂရန်များအား ပယ်ဖျက်အမှုတွဲဖွင့်လှစ်တင်ပြသွားရန် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၆-၉-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁/ ၃၁- ၁၀ (၆၂၉)/ ဦး၁(အထ၃)ဖြင့် တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားထားရှိမှု အပေါ် တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၁၀-၁၀-၂၀၁၈) ရက်စွဲပါစာအမှတ် ၄/၅၁ - ၃ (၃၀၉၄)/ ဦး ၁ (အထ၃)ဖြင့် ကလောမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ရေးစိစစ်ဆောင်ရွက်သွားရန် အမှုတွဲ ပေးပို့ အကြောင်းကြားခဲ့သဖြင့် ကန့်ကွက်လွှာကို (၁၂-၁၀-၂၀၁၈)မှ (၂၆-၁၀-၂၀၁၈)ရက်နေ့ အတွင်း ခိုင်လုံသောအကြောင်းပြချက်၊ အထောက်အထားများဖြင့် ကန့်ကွက်လိုပါက ကန့်ကွက် နိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအမှုတွဲများမှာ-

(က) ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ် (၅/ ၁၉)၊ ဧရိယာ(၀.၀၇၈)ဧကအား ဒေါ်စန်းစန်းတင့် အမည်ဖြင့် လည်းကောင်း၊

(ခ) ကလောမြို့၊အမှတ်(၃) ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ် (၅/၂၀)၊ ဧရိယာ ၀.၀၆၃)ဧကအား ဦးရဲထွဋ်ရ အမည်ဖြင့်လည်းကောင်း၊

(ဂ) အမှတ်(၃)ရပ်ကွက်၊ အကွက် အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၅/ ၂၁)၊ ဧရိယာ (၀.၀၇၅)ဧကအား ဒေါ်သီတာဝင်းအမည် ဖြင့်လည်းကောင်း ထုတ်ပေးခဲ့သည့် ဂရန်များကို ဆောင်ရွက်ခဲ့ပြီး၊ ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ဆက်လက်ပြီး တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၈/ အစိုးရရပ်)၊ ဦးပိုင်အမှတ် (၃၂-ခ)မြေဧရိယာ ၀.၁၀၂ ဧက၊ သမဝါယမအသင်း အမည်ပေါက် မြေငှားဂရန်အား (၅-၄-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၄/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ် ၅ (အ)အရ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက်လမ်းနယ်နိမိတ်အဖြစ် သတ်မှတ်ရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်ပယ်ဖျက်ပေးနိုင်ပါရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြခဲ့ရာ မြေငှားဂရန်အား အပ်နှံထားပြီးဖြစ်ခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း သဘောတူညီထားပြီးဖြစ်ခြင်း၊ ဂရန်ရရှိပြီးသော်လည်း ဂရန်စည်းကမ်းနှင့်အညီ ဆောင်ရွက်ထားမှုမရှိခြင်း၊ လူအများဖြတ်သန်းသွားလာသည့် လမ်းပေါ်တွင်လည်း ကျရောက်နေခြင်းကြောင့် ဂရန်ပယ်ဖျက်ရန် အမှုတွဲဖွင့်လှစ် တင်ပြထားပြီး ကန့်ကွက်လွှာခေါ်ရာတွင်လည်း ကန့်ကွက်မည့်သူ မရှိခြင်းတို့ကြောင့် မြေငှားဂရန် ပယ်ဖျက်သင့်ကြောင်းနှင့် ပယ်ဖျက်မည့် ဧရိယာမှာလည်း (၅)ဧကအောက်ဖြစ်တဲ့(၀.၁၀၂)ဧကသာရှိခြင်းကြောင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပုဒ်မ ၁၀(၁)အရ ခရိုင်အုပ်ချုပ်ရေးမှူး၏ စိစစ်ချက်အပေါ် ပြည်နယ် အုပ်ချုပ် ရေးမှူး၏ အတည်ပြုချက်ဖြင့် ပယ်ဖျက်သွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ အကြောင်းကြားချက်အရ တောင်ကြီးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန် အမှုတွဲအမှတ် (၂၄/၁၉၉၃)တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ သမဝါယမအသင်းအမည်ဖြင့် ထုတ်ပေးထားသော နှစ်(၃၀)မြေငှားဂရန်အား ပယ်ဖျက်သွားရန် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၀-၈-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁/၃၁-၁၂(၂၅၆)/ဦး၁(အထဥ)ဖြင့် တောင်ကြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ပါတယ်။ ထိုသို့အကြောင်းကြားခဲ့မှုအပေါ် (၅-၁၁-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော တောင်ကြီးခရိုင် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၈/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၄(ဈ)အရ တောင်ကြီးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၁၉-၁၁-၂၀၁၈) ရက်စွဲပါဂရန်ပယ်ဖျက်မိန့်အမှတ် (၂/၂၀၁၈) ဖြင့် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၈/ အစိုးရရပ်)၊ ဦးပိုင်အမှတ် (၃၂-ခ) မြေဧရိယာ ၀.၁၀၂ဧကရှိမြေအား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မြေငှားဂရန် အမှုတွဲအမှတ် ၂၄/၁၉၉၃ အရ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ သမဝါ ယမ

အသင်းအမည်ဖြင့် ထုတ်ပေးထားသော မြေငှားဂရန်အား ပယ်ဖျက်ထားပါကြောင်းဖြေကြားအပ်ပါတယ်။ အဆိုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ထားရှိမှုများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့အဝင် မြေပုံအနီး၊ အနောက်မြို့ပတ်လမ်းဆုံတွင် ငွေကြေးကောက်ခံနေခြင်းမှာ မည်သည့်ဌာနမှ ဆောင်ရွက်နေကြောင်းသိရှိလိုသည့်ကိစ္စနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့ မြို့တော်တောင်ကြီးမြို့ဟာ နေ့စဉ်နှင့်အမျှ ခရီးသွားပြည်သူများ၊ ပတ်ဝန်းကျင်ဒေသအသီးသီးတို့မှ ထွက်ကုန်များ လာရောက်ရောင်းချခြင်း၊ ကုန်ပစ္စည်းအမျိုးမျိုးတို့ လက်လီ/ လက္ကား ဝယ်ယူရောင်းချသူများနှင့် စည်ကားလျက်ရှိပြီး ပတ်ဝန်းကျင်ဒေသအသီးသီးတို့မှ အားကိုးအားထားပြုရသည့် မြို့လည်း ဖြစ်ပါတယ်။ နေရာတစ်နေရာကို ကြည့်မည်ဆိုလျှင် ဥပဓာဟာ အင်မတန်မှ အရေးကြီးလှပါတယ်။ ရှမ်းပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ တောင်ကြီးမြို့၊ မြို့အဝင်ကိုကြည့်လျှင် ပြည်သူများ အနားယူအပန်းဖြေနိုင်တဲ့ ပန်းခြံ၊ ကလေးကစားကွင်း တည်ရှိပြီး တစ်ဖက်တွင်လည်း မြန်မာနိုင်ငံမြေပုံပေါ်တွင် တိုင်းရင်းသားဘာသာစကားများဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား လှပစွာ ပုံဖော်ထားသည်ကိုလည်း တွေ့ရှိရမှာဖြစ်ပြီး အဆိုပါနေရာ(၂)ခုလုံးဟာ ယခုတောင်ကြီးမြို့ရဲ့ စွဲဆောင်မှုတစ်ခုအနေဖြင့် ဖြစ်ပေါ်လာခဲ့ပါတယ်။ အဆိုပါ မြေပုံဘေးတွင် အနောက်မြို့ပတ်လမ်း မြို့ထဲသို့ ဝင်ရောက်လာသော ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်အမျိုးမျိုးတို့ အဓိကပြုသွားလာနေသောလမ်းလည်းဖြစ်သလို တောင်ကြီးမြို့၏ အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း ယာဉ်သွားလာမှု ကိုရှုပ်ထွေးမှုမရှိစေရန် မြို့ရှောင်လမ်းအဖြစ် အသုံးပြုထားသောကုန်စည်စီးဆင်းရာ အဓိကလမ်းမကြီး တစ်ခုဖြစ်ပါတယ်။ မိမိတင်ပြတဲ့ အဓိကနေရာဟာ အဆိုပါမြေပုံအနီး အနောက်မြို့ပတ်လမ်းဆုံနေရာတွင် ငွေကြေးကောက်ခံနေခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိအနေနဲ့ တောင်ကြီးမြို့

သို့ လာရောက်ရာတွင် အများအားဖြင့် ခရီးသည်တင်ယာဉ်လိုင်း၊ လိုင်းကားကို အဓိကထားပြီး သုံးစွဲနေရတာဖြစ်ကြောင်း၊ ယာဉ်လိုင်းအမျိုးမျိုး၊ကားအမျိုးမျိုးတို့ကိုလည်းအသုံးပြုကြသော ကြောင့်ကောက်ခံမှုများကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရခြင်းဖြစ်ကြောင်းနှင့် ယခုပွင့်လင်းမြင်သာသော ခေတ်နှင့်အညီ မော်တော်ယာဉ်လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်း ရှင်များမှ ငွေကြေး ကောက်ခံနေမှုများကို မိမိထံသို့ တင်ပြ/ တိုင်ကြားလာမှုများကြောင့်လည်း ယခုလို မေးမြန်းရခြင်း ဖြစ်ပါတယ်။

တောင်ကြီးမြို့အဝင်တွင် တည်ရှိနေခြင်းဖြစ်ပြီး တောင်ကြီးမြို့အဝင်မှ မြို့ အထွက်ကို ဖြတ်သန်းရမည်ဆိုလျှင် နေရာ(၅) နေရာအထိ ငွေကြေး ပေးဆောင်နေရကြောင်း အတိအကျ တိုင်ကြားထားမှုများရှိပြီး၊ မော်တော်ယာဉ် အမျိုးအစားများပေါ်မူတည်ပြီး မတူညီတဲ့ ပမာဏများပေးဆောင်ရကြောင်း၊ အဓိကအားဖြင့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ကားကြီးများသည် ပေးဆောင်ကြရတဲ့ လုပ်ငန်းရှင်များဖြစ်ပါတယ်။ လုပ်ငန်းရှင်များသည် နိုင်ငံတော်၏ အခွန်များကို ထမ်းဆောင်နေသူများဖြစ်သလို အခွန်ထမ်းများအတွက် ထိရောက်သော ကာကွယ်မှု လိုအပ်မယ်လို့လည်းထင်မြင်မိပါတယ်။ ယခုလို ကောက်ခံမှု၊ ပေးဆောင်နေမှုများဟာ အဂတိတိုက်ဖျက်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် မေးခွန်းထုတ်စရာဖြစ်စေပြီး မြို့အဝင်တွင် ကောက်ခံနေမှုများသည် ပြည်နယ်၏ ဂုဏ်သိက္ခာ၊ မြို့တော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်။ သို့ပါသောကြောင့် လုပ်ငန်းရှင်များ၏ တင်ပြတိုင်ကြားလာမှုများနှင့် ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် “တောင်ကြီးမြို့အဝင် မြေပုံအနီး အနောက်မြို့ပတ်လမ်းဆုံအနီးတွင် ငွေကြေးကောက်ခံနေခြင်းကို မည်သည့်ဌာနမှ ဆောင်ရွက်နေကြောင်းကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းလာတဲ့ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့အဝင် မြေပုံအနီးနှင့် အနောက်မြို့ပတ်လမ်းဆုံတွင် ငွေကြေးကောက်ခံနေခြင်းမှာ မည်သည့်ဌာနမှ ဆောင်ရွက်နေကြောင်းသိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်း

ပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ပေါ်တွင် (၄)မိုင် စစ်ဆေးရေးဂိတ်၊ ပလီလင်း၊ ဘုရားဖြူနှင့် ပစောက်ကွေ့တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လုံခြုံရေးချထားကာ သတင်းရယူ၍ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီးမြို့ အဝင် မြေပုံအနီးနှင့် အနောက်မြို့ပတ်လမ်းဆုံတွင် ယခင်က မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့နှင့် ကုန်တင်မော်တော်ယာဉ်ကြီးများ အသင်းမှ မြို့ဝင်ကြေးကောက်ခံမှုများရှိခဲ့ပါတယ်။ တောင်ကြီးမြို့အဝင် မြေပုံအနီးနှင့် အနောက်မြို့ ပတ်လမ်းဆုံတွင် နေ့စဉ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် (၂)ဦးအား အလှည့်ကျ တာဝန်ချထားပြီး မြို့ဝင်/ မြို့ထွက် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး စောင့်ကြည့်စေခြင်း၊ ၎င်းနေရာ၌ တပ်ဆင်ထားသည့် ကင်မရာများအား စောင့်ကြည့်စေခြင်း၊ ယာဉ်တိုက်မှုများဖြစ်ပေါ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်စေခြင်း၊ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား စစ်ဆေးအရေးယူခြင်းများကိုသာ ဆောင်ရွက်စေလျက်ရှိပြီး ငွေကြေး ကောက်ခံရန် ခွင့်ပြုထားခြင်းမရှိပါ။ တောင်ကြီးမြို့အဝင် မြေပုံအနီးနှင့် အနောက်မြို့ ပတ်လမ်းဆုံတွင် ဌာနဆိုင်ရာများမှ ငွေကြေးကောက်ခံမှုများ မပြုလုပ်စေရေး အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်သွားရန် ဌာနဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားထားရှိပါကြောင်း နှင့် ငွေကြေးကောက်ခံမှုများပြုလုပ်ပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်း ထန်စွာ အပြစ်ပေးအရေးယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။ ကျွန်တော့်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ ပန်ကိုင်ကျေးရွာအုပ်စု၊ ပန်ကိုင် ကျေးရွာဟောင်းသည် ပြည်ထောင်စုကားလမ်းမ၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိနေသော နေရာဖြစ်ပါတယ်။ ၎င်းကျေးရွာဟောင်း ပတ်ဝန်းကျင်ဒေသတွင် ၁၉၉၆- ၉၇ ခုနှစ်မှစ၍

ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းကို ရွှေနှင်းမှုန်ကုမ္ပဏီက စတင်တူးဖော်လုပ်ကိုင်ခဲ့ပါတယ်။ ရွှေသတ္တုတူးဖော်သည့် (၂၀)နှစ်ကာလ အတွင်း တောတောင်ရေမြေ အနေအထားပျက်စီးခြင်း၊ ချောင်းမြောင်းများ ပျက်စီးခြင်း၊ ဆည်မြောင်းများ၊ လယ်ယာမြေကွက်များအတွင်း ရွှံ့နွံများ၊ ဗြုန်းများ၊ ကျောက်ခဲများဝင်ရောက်ဖုံးအုပ်နေခြင်းကြောင့် လယ်မြေများမှာ စိုက်ပျိုး၍ မရသော အခြေအနေသို့ ရောက်ရှိနေပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုဖို့ တောင်းဆိုပါတယ်။

ဆက်လက်ပြီးတော့ ၎င်းဆိုးကျိုးဒဏ်ကို ဒေသခံပြည်သူများ အလူးအလဲခံရသည့်အခါ သက်ဆိုင်ရာ တာဝန်ရှိသူထံသို့ တိုင်ကြားသည့်အခါ ခေတ္တခဏ ရပ်နားထားသော်လည်း ယခင်ရွှေနှင်းမှုန် ကုမ္ပဏီတွင် လုပ်ကိုင်ခဲ့ဖူးသော ဝမ်ဆန်းဆိုသူသည် မြေတူးစက်ကြီး (ဘက်ဖော) ၂ စီး၊ ကျောက်မှုန့်ကြိတ်စက်များဖြင့် ဆက်လက်တူးဖော်လျက်ရှိကြောင်း သိရှိရပါတယ်။

နောက်ထပ်ရောက်ရှိလာသော မူဆယ်မြို့နေ အောဆန်းဆိုသူက မူလရှိ စက်ယန္တရား အပြင် မြေတူးစက်ကြီး(ဘက်ဖော)၁-စီးနှင့် ကျောက်မှုန့်ကြိတ်စက်(၆)ခုဖြင့် ဆက်လက် တူးဖော်နေကြောင်း ဒေသခံပြည်သူများ၏ တင်ပြစာအရ သိရှိရပါတယ်။ နောက်ဆုံး ၂၀၁၃ခုနှစ်၊ ဇွန်လတွင် ဝင်ရောက်လာသော ရာဇာမင်းရွှေကုမ္ပဏီသည် ၎င်းတို့ဆောက်လုပ် ထားပြီးသော စက်ရုံ၊ အလုပ်ရုံ၊ မြေတူးစက်(ဘက်ဖော) ကျောက်ကြိတ် စက်များ၊ မြေသယ် ကားများ ရပ်သိမ်းခြင်းမရှိဘဲ ဆက်လက်ပြုလုပ်နိုင်ရန် အဆင်သင့် ပြင်ဆင်စုစည်းထား ကြောင်း သိရှိရပါတယ်။ ပန်ကိုင်ဒေသ ရွှေမော်များသည် ပန်ကိုင်ကျေးရွာအုပ်စုတွင် လယ်ယာမြေ(၅၀၀) ဧကကျော်ရှိ လယ်မြေများ၏ အဓိကရေပေးဝေရန် ချောင်းဖျားခံရာဒေသ ဖြစ်ပါတယ်။ ထို့ကြောင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းလိုသည်မှာ -

(၁) ၁၉၉၆- ၉၇ ခုနှစ်မှ ယခုအချိန်အထိ ရွှေသတ္တုတူးဖော်ခြင်းကြောင့် ရေမြေ သဘာဝပတ်ဝန်းကျင် ပျက်စီးသွားသော်လည်း နိုင်ငံတော်မှ အခွန်ငွေမည်မျှ ရရှိပါသနည်း။

(၂) သက်ဆိုင်ရာတာဝန်ရှိသူများ ၎င်းရွှေတူးဖော်သည့်ဒေသတွင် အကြိမ်မည်မျှ ကွင်းဆင်းစစ်ဆေးပါသနည်း။

(၃) ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထူထောင်ရန် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်။

(၄) လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့ကတစ်နေ့လုံး ကျွန်တော့်ဆီဖုန်းဆက်လာ ပါတယ်။ သူတို့စာကို လွှတ်တော်ဥက္ကကြီးထံ တင်ပြပေးပါလို့ တောင်းဆိုတဲ့

အတွက်ကြောင့် ၎င်းဒေသကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကသော်လည်းကောင်း၊ သက်ဆိုင်ရာဌာနမှ ကွင်းဆင်းစစ်ဆေးလိုပါက ဒေသခံအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ဒေသခံပြည်သူများက ကူညီပေးမည်ဖြစ်ပါကြောင်း ယခုရက်ပိုင်းကျွန်တော့်ထံ ဖုန်းဆက်ပြောပါတယ်။

သို့ဖြစ်ပါ၍ ပန်ကိုင်ကျေးရွာအုပ်စုရှိ ရွှေမော်ဒေသ ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ရပ်တန့်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီကနေ့(တတိယနေ့)ကို လာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ကွတ်ခိုင်မြို့နယ်၊ ပန်ကိုင်ကျေးရွာအုပ်စု၊ ပန်ကိုင်ကျေးရွာဟောင်းပတ်ဝန်းကျင် ဒေသ ကွင်းဆင်းစစ်ဆေးဖို့ ဌာနဆိုင်ရာများ သွားရောက်တဲ့အချိန်မှာ လုံခြုံရေးအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိဘူးလို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို အကြောင်းကြားလာပါတယ်။ ဒီမေးခွန်း မေးမြန်းသူ ဦးအိုက်မွန်းက ဒေသခံပြည်သူတွေရဲ့ အင်အားကိုရယူပြီး လုံခြုံရေးရယူပေးမယ်ဆိုတာ သိရလို့ ကျွန်တော်တို့အနေနဲ့ အထူးပင်ကျေးဇူးတင်ရှိတဲ့ အကြောင်း ပြောကြားလိုပါတယ်။

ဒီဒေသမှာ ရွှေနှင်းမှုန်ကုမ္ပဏီမှ ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ အခွန်ဘယ်လောက်ရလည်းဆိုတာ စိစစ်တဲ့အခါမှာ ၁၉၉၆- ၉၇ ခုနှစ်တွင် အဆိုပါဒေသတွင် ရွှေသတ္တုတူးဖော်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့သော ကုမ္ပဏီတစ်ခုမှ မရှိခဲ့ပါကြောင်း တွေ့ရှိရပါတယ်။ ရွှေနှင်းမှုန် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကို (SNKK+2,3,4,5) ရွှေသတ္တုလုပ်ကွက်(၄)ကွက်အား ၂၀၀၈- ၂၀၀၉ ခုနှစ်မှစတင်၍ လည်းကောင်း၊ (SNKK-8,9,10) လုပ်ကွက် (၃) ကွက်ကိုတော့ ၂၀၁၀- ၂၀၁၁ ခုနှစ်မှစတင်၍ လည်းကောင်း၊ အမှတ်(၂) သတ္တုလုပ်ငန်းနှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ပါတာ တွေ့ရှိရပါတယ်။ ယခုအခါ အဆိုပါလုပ်ကွက်များအား ဌာနသို့ ပြန်လည်အပ်နှံခဲ့ ရာမှာ(SNKK+2) လုပ်ကွက်ကို (၁၈-၆-၂၀၁၅) ရက်နေ့မှာလည်းကောင်း၊ (SNKK+3 ) လုပ်ကွက်ကို (၇-၇-၂၀၁၄)ရက်နေ့မှာ လည်းကောင်း၊ (SNKK+4) လုပ်ကွက်ကို (၉-၃-၂၀၁၁) ရက်နေ့မှာ လည်းကောင်း၊ (SNKK+5)လုပ်ကွက်ကို (၉-၃-၂၀၁၁)ရက်နေ့မှာ လည်းကောင်း၊ (SNKK+8) လုပ်ကွက်

ကိုတော့ (၂၇-၈-၂၀၁၁)ရက်နေ့မှာလည်းကောင်း၊(SNKK+9,10) လုပ်ကွက်တွေ ကိုတော့ (၂၂-၇-၂၀၁၁)ရက်နေ့မှာလည်းကောင်းပြန်လည်အပ်နှံခဲ့တာကို တွေ့ရှိရပါတယ်။ ကုမ္ပဏီမှ လုပ်ကွက်(၇)ကွက်အား လုပ်ကိုင်ခဲ့သည့် သက်တမ်းကာလများမှာ နိုင်ငံတော်မှအခွန်ရရှိခဲ့မှု ပမာဏတွေကတော့ (SNKK+2) လုပ်ကွက်(၇)နှစ် သက်တမ်းအတွက် ပုံသေမြေငှားက ပေးသွင်းမှု (၁၉၆၀၅၃၆)ကျပ်၊ နိုင်ငံတော်သို့ ရွှေစင်ပေးသွင်းမှု (၁၆၈)ကျပ်သား၊ (SNKK+3) လုပ်ကွက်(၆)နှစ်သက်တမ်းအတွက် ပုံသေမြေငှားခပေးသွင်းမှု (၁၄၇၄၉၀၂) ကျပ်၊ နိုင်ငံတော်သို့ ရွှေစင်ပေးသွင်းမှု (၁၄၄)ကျပ်သား၊(SNKK+4) လုပ်ကွက်(၃)နှစ် သက်တမ်းအတွက် ပုံသေမြေငှားခပေးသွင်းမှု (၁၈၀၀၀)ကျပ်၊ နိုင်ငံတော်သို့ ရွှေစင် ပေးသွင်းမှု(၇၂)ကျပ်သား၊(SNKK+5) လုပ်ကွက်(၃)နှစ်သက်တမ်းအတွက် ပုံသေမြေငှားခပေးသွင်းမှု (၁၈၀၀၀)ကျပ်၊ နိုင်ငံတော်သို့ ရွှေစင်ပေးသွင်းမှု (၇၂)ကျပ်သား၊(SNKK+8) လုပ်ကွက်(၁) နှစ်သက်တမ်းအတွက် ပုံသေမြေငှားခပေးသွင်းမှု (၆၀၀၀)ကျပ်၊ နိုင်ငံတော်သို့ ရွှေစင် ပေးသွင်းမှု (၂၄)ကျပ်သား၊ (SNKK+9,10) လုပ်ကွက်တွေမှာ တစ်နှစ်သက်တမ်းစီဖြင့် ပုံသေမြေငှားခပေးသွင်းမှု (၆၀၀၀)ကျပ်စီနဲ့ ရွှေစင်ပေးသွင်းမှု (၂၄)ကျပ်သား၊ စုစုပေါင်း လုပ်ကွက်(၇)ကွက်အတွက် ပုံသေမြေငှားခ(၃၄၈၉၄၃၈)ကျပ်နှင့် ရွှေစင်ပေးသွင်းမှု (၅၂၈) ကျပ်သားပေးသွင်းခဲ့တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မေးခွန်း(ခ)ဖြစ်တဲ့ ကွင်းဆင်းတဲ့ အကြိမ်အရေအတွက်အနေနဲ့ စိစစ်လိုက်တဲ့အခါမှာ ကုမ္ပဏီမှ လုပ်ကွက်များ ပြန်လည်အပ်နှံခဲ့စဉ်က ပထမအကြိမ်အဖြစ် (၂၉-၃-၂၀၁၁) ရက်နေ့ တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် (၂၈-၇-၂၀၁၁) ရက်နေ့တွင်လည်းကောင်း (၂)ကြိမ် ကွင်းဆင်း စစ်ဆေးထားတာကို တွေ့ရှိရပါတယ်။

မေးခွန်း(ဂ)ဖြစ်တဲ့ ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထူထောင် ရန်ကိစ္စနှင့်ပတ်သက်၍ **မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ -၁၃ ၊ ပုဒ်မခွဲ(င-၂)တွင် ဓာတ်သတ္တု ထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ်ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေ ထူထောင်၍ သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ပေးရမည်ဟု** ပါရှိသော်လည်းပဲ ယခုအခါ ကုမ္ပဏီသည် လုပ်ကွက်(၅)ကွက်ကို ၂၀၁၁ ခုနှစ်တွင် လည်းကောင်း၊ ကျန်လုပ်ကွက်(၂) ကွက်ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လည်းကောင်း ပြန်လည်အပ်နှံခဲ့ပြီး ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှာ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှာ တိုက်ဆိုင်ကြည့်တဲ့အခါ ကုမ္ပဏီဟာ သက်တမ်း မရှိတော့ဘဲ ဖျက်သိမ်းကုမ္ပဏီဖြစ်တဲ့အတွက် ကုမ္ပဏီကို ဆက်သွယ်ဖို့ အခက်အခဲရှိခဲ့တာကို တွေ့ရပါတယ်။ တစ်ဆက်တည်းပြောရရင် ပတ်ဝန်းကျင်ပျက်စီးမှုသာမက လုံခြုံရေးအခြေ

အနေကို အခွင့်ကောင်းယူပြီးတော့ ရှမ်းပြည်နယ်နေရာအနှံ့အပြားမှာ တရားမဝင် သယံဇာတ တူးဖော်မှုတွေ ဖြစ်ပေါ်နေသလို ဒီနေရာအပြင် ဒီနေရာနဲ့ နီးစပ်တဲ့နေရာမှာလည်းရှိနိုင်တဲ့ အတွက် လုံခြုံရေးတာဝန်ရှိသူများနှင့် ညှိနှိုင်းရရှိမှု၊ ဒေသခံပြည်သူများရဲ့ ဝန်းရံမှုပေါ် မူတည်ပြီးကွင်းဆင်းစိစစ်ခြင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်ပေး သွားမှာ ဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဒေါက်တာ ဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် များ၊ ရှမ်းပြည်နယ်လွှတ်တော်ကို လာရောက်လေ့လာကြတဲ့ အဖွဲ့အစည်းအသီးသီးမှ ဧည့်သည်များအားလုံးကို ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒီကနေ့မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်း ကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ (၆)နှစ်အရွယ် မူကြိုနှင့် KG တန်း ကလေးငယ်များ၏ သွားပိုးစားရောဂါဖြစ်ပွားမှု ကျဆင်းလာစေရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ပံ့ပိုး ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လူတိုင်းအသက်ရှည်စွာနေထိုင်ရေး၊ ရောဂါဘယကင်းဝေးရေးဟူသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၎င်းရည်မှန်းချက် အောင်မြင်စေရန်အတွက် အောက်ခြေကျေးလက်ဒေသများသို့ အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း ထိရောက်စွာကာကွယ်ရေး ဟူသော နည်းနာ(၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကာကွယ်ရေးလုပ်ငန်းများကို ကုသရေးလုပ်ငန်းများနှင့်အတူ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် ကုသရေး ဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟု ဌာန(၂)ခုခွဲခြားဖွင့်လှစ် ဆောင်ရွက်နေပါ တယ်။

သွားနှင့်ခံတွင်းကျန်းမာရေးကဏ္ဍမှာလည်း ယခင်ကလို ကုသရေးလုပ်ငန်းဖြစ်သော ပြည်သူ့ဆေးရုံများတွင်ခန့်ထားခြင်းမဟုတ်ဘဲ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ပြည်နယ်၊ခရိုင်၊မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ လက်ထောက်ညွှန်မှူး၊ ဦးစီးအရာရှိတို့အနေဖြင့် ခန့်အပ်ထားပါတယ်။

သွားနှင့် ခံတွင်းကျန်းမာရေးအခြေအနေအနေဖြင့် တိုးတက်ဆဲနိုင်ငံအများစုမှာ သွားကျန်းမာရေးအခြေအနေက ကျဆင်းနေပါတယ်။ အဓိက အကြောင်းအရင်းတွေကတော့ ကာကွယ်ရေးလုပ်ငန်းတွေကို ထိရောက်တဲ့ ဗဟုသုတ အသိပညာမရခြင်း၊ ကုသတဲ့ကုန်ကျစရိတ်ကြီးတာကြောင့် အကုန်အကျမခံနိုင်ခြင်းသည်လည်း သွားနှင့် ခံတွင်းရောဂါများကို တိုးပွားစေပါတယ်။

၂၀၁၆- ၂၀၁၇ခုနှစ်မှာ အရင်တုန်းက တစ်ခါမှမကောက်ဖူးတဲ့ ပထမဆုံးအကြိမ် နိုင်ငံတစ်ဝှမ်းမှာ သွားနှင့်ခံတွင်း အခြေအနေကောက်ယူခဲ့ပါတယ်။ National Oral Health Servey ပေါ့။ ရှမ်းပြည်နယ်မှာ တန့်ယန်း၊ ပင်းတယ၊ ကျိုင်းတုံမြို့တို့မှာ ကောက်ယူခဲ့ပါတယ်။ စစ်တမ်းကောက်ယူရခြင်း၏ အဓိကရည်ရွယ်ချက်ကတော့ အသက်(၆)နှစ်ကနေ (၈၀)အထိ သွားနှင့် ခံတွင်းရောဂါများကို စာရင်းပြုစုခြင်းအားဖြင့် ဒေသအလိုက် ဖြစ်ပွားနေတဲ့ ရောဂါများကို သိရှိပြီးကာကွယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ဖြစ်ပါတယ်။

၂၀၁၆- ၂၀၁၇ ခုနှစ်၊ စစ်တမ်းကောက်ယူမှုများအရ ရှမ်းပြည်နယ်၏ သွားနှင့်ခံတွင်း အခြေအနေ တိုင်းနှင့်ပြည်နယ်အလိုက် (၆)နှစ်အရွယ် ကလေးငယ်များ၏ သွားပိုးစားရောဂါ ကုသမှုခံယူခွင့်မရရှိသော အခြေအနေမှာ ၇၇.၂% ရှိပါသောကြောင့် (၆)နှစ်မပြည့်ခင် မူကြိုကလေးငယ်များမှ စပြီး SMART နည်းပညာဖြင့် သွားဖာထေး ကုသခွင့် တွဲဖက်၍ စနစ်မှန် အချိန်မှန်သွားတိုက်နည်းများကို သင်ကြားပေးခြင်းဖြင့် လက်ရှိဖြစ်ပွားနေသော အခြေအနေမှ ကျဆင်းသွားနိုင်မှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ဤစနစ်ကို ကျင့်သုံးပြီး အောင်မြင်မှုရလျက်ရှိပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင်လည်း ဤ **SMART** နည်းပညာအသုံးပြုကုသမှုပေးရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖိတ်ခေါ်ချက်အရ **Pro:Prathip** မှ စာတွေ့လက်တွေ့ သင်တန်းပေးပြီး မူကြိုကျောင်းများတွင် ကာကွယ်ရေးနှင့် ကုသရေးကို တစ်ပြိုင်နက်ပြုလုပ်စေရာ မူကြိုကလေးငယ်များအတွက် အမှန်အကျိုး ဖြစ်ထွန်းလျက်ရှိပါတယ်။

သွားနှင့်ခံတွင်းရောဂါကာကွယ်ရေးတွင် စနစ်မှန်အချိန်မှန် **Fluoride** ဓာတ် အပြည့်အဝပါသော သွားတိုက်ဆေးဖြင့် သွားတိုက်ခြင်းသည် အပြည့်အဝကာကွယ်နိုင်ပါတယ်။

စနစ်မှန်၊ အချိန်မှန် သွားတိုက်တတ်စေရန် ငယ်နိုင်သမျှငယ်သည့်အချိန်မှာ အစပြုဖို့လိုပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပြုလုပ်ပေးသကဲ့သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင်ရှိသော မြို့များတွင် လုပ်ဆောင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရေရှည်တည်တံ့လုပ်ဆောင်နိုင်စေရန် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီး (ကိုယ်စား) သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ယခုလိုသွားနှင့်ခံတွင်းဆိုင်ရာ မေးခွန်းများမေးမြန်းလာရင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဗဟုသုတဖြစ်ဖွယ်အချက်အလက်များကို မျှဝေပေးသွားတဲ့ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ သွားနှင့်ခံတွင်းဆရာဝန်ကြီး၊ ဒေါက်တာဝဏ္ဏစိုးအား အထူးကျေးဇူးတင်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်းဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် သွားဆရာဝန်(၄၆)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် သွားဆရာဝန် (၃၆)ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် သွားဆရာဝန်(၇)ဦး ခန့်ထားလျက်ရှိပြီး စုစုပေါင်းသွားဆရာဝန် (၈၉)ဦး ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ (၆)နှစ်အရွယ်မူကြိုကလေးငယ်များ၏ သွားပိုးစားရောဂါ ဖြစ်ပွားမှုနှင့် ကုသမှုမခံရခြင်းများကျဆင်းလာစေရန် အစိုးရနှင့် ပုဂ္ဂလိကမူကြိုကျောင်းများတွင် သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလုပ်ငန်းများ ပိုမိုမြှင့်တင် ဆောင်ရွက်ခြင်း၊ မူကြိုကျောင်းများတွင် ကလေးငယ်များနှင့် ဆရာ/ ဆရာမများအား စနစ်မှန် သွားတိုက်နည်း (Correct tooth brushing method)များကို သင်ကြားပေးကာ နေ့လည်စာစားပြီး သွားတိုက်ခြင်း (after lunch tooth brushing) အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူကြိုကလေးများ၏ သွားပိုးစားရောဂါကို စောစီးစွာသိရှိစေရန် (early detection)အတွက် (Oral Screening) ပြုလုပ်ကာ ART/ SMART restorative technique ဖြင့် အချိန်မီကုသပေးခြင်းနှင့် ဤသို့ ပြုလုပ်ခြင်းအားဖြင့် ကလေးငယ်များတွင် အဖြစ်များသည့် early loss of

first permanent molar (ကလေးအရွယ်တွင် လူကြီးအံသွား အချိန်မတိုင်မီ ဆုံးရှုံးရခြင်း) ပြဿနာကိုလည်း အချိန်မီတားဆီးပေးနိုင်မည်ဖြစ်ပါသည်။ ဆေးရုံ၊ School Health၊ MCH၊ UCH စသည့် ကျန်းမာရေးcenter များတွင် ECC(Early Childhood Caries) treatment dayများ သတ်မှတ်ကာ စနစ်တကျ ကုသပေးခြင်း၊ AN care ယူသည့် မိခင်များအား Maternal Oral Health Care ပေးစဉ်အတွင်း မကြာမီရရှိလာမည့် ရင်သွေးငယ်များ၏ သွားနှင့်ခံတွင်းကျန်းမာရေးအတွက်ပါ အသိပညာများပေးခြင်း၊ မူကြိုကလေး ငယ်များ ပုံမှန်သွားတိုက်သည့် အလေ့အကျင့်ရအောင် Motivateလုပ်သည့် အနေဖြင့် သွားတိုက်တံနှင့် သွားတိုက်ဆေးများ အခါအားလျော်စွာ ထောက်ပံ့ခြင်း၊ LHV၊ M/W၊ PHS II နှင့် School Health Focal ကျောင်းဆရာ/ ဆရာမများအား Oral Health Education များ စနစ်တကျပေးတတ်စေရန်နှင့် စနစ်မှန်သွားတိုက်နည်းစနစ်များအား အောက်ခြေဒေသအထိ ပြန်လည်ဖြန့်ဝေနိုင်ရန်အတွက် Training ပေးခြင်းများဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော် ဖြစ်ပါတယ်။ မိမိသည် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး တာဝန်ယူဆောင်ရွက်လျက် ရှိသည်နှင့်အမျှ မိုင်းဖြတ်မြို့နယ်တွင် တိမ်ကောပျောက်ကွယ်တော့မည့် လူမျိုးငယ်စုဖြစ်သော လားဟူ အကျိုရှည် “ကွီ”လူမျိုးနှင့် ပတ်သက်သော မေးခွန်းတစ်ခု တင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်၊ နမ့်ယွန်းကျေးရွာအုပ်စု၊ နားအယ်ရွာတွင် အိမ်ခြေ(၈)အိမ်ဖြင့် တစ်ရွာတည်းရှားရှားပါးပါး ကျန်ရှိနေသေးသော ရွာငယ်လေးဖြစ်ပါတယ်။ သူတို့သည် သဘာဝတောထွက်အရွက်၊ သစ်သီး၊ သစ်ဥ၊ သစ်ဖုများနှင့် ရွှေပြောင်းတောင်ယာမှ ရရှိသော စပါးများကို ရိုးရာဓလေ့အရ ပူဇော်ပသခြင်း၊ အသက်မွေးခြင်းဖြင့် ရှင်သန်နေထိုင်လျက် ရှိပါတယ်။ အခြားမည်သည့်လူမျိုးများနှင့်လည်း လက်ထပ်ပေါင်းသင်းခြင်းမရှိပါ။

ဝေးလံခေါင်းပါးသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအထိုက်အလျောက် ရရှိပါသော်လည်း ကလေးများ ပညာရေးအပိုင်းမှာ လုံးဝပညာသင်ကြားစေခြင်းမရှိပါ။ စိတ်ဝင်စားခြင်း လည်းမရှိပါ။သို့ဖြစ်ပါ၍ အဆိုပါနေထိုင်မှုအဆင့်အတန်းပါ နောက်ကျကျန်ရစ်နေသော လူမျိုးငယ်စုအတွက် ကျေးလက်အိမ်ရာ(ခေါ်) တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာ၏ကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော က မေးမြန်းလာတဲ့ မိုင်းဖြတ်မြို့နယ်၊ နမ့်ယွန်းကျေးရွာအုပ်စု၊ နားအယ်ကျေးရွာတွင် တိမ်ကော ပျောက်ကွယ် လူမျိုးငယ်စုဖြစ်သော လားဟူအကြီုရှည်"ကွီ" လူမျိုးများမှာ နေထိုင်မှု အဆင့်အတန်းလည်း နောက်ကျကျန်ရစ်လျက်ရှိသည့်အတွက် ကျေးလက်အိမ်ရာ(တန်ဖိုးနည်း အိမ်ရာ) တည်ဆောက်ပေး နိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရပြည်နယ်(မွမ်းမံ) ရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်(ပထမ-၆လ)မှစတင်ပြီး ကျေးလက်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ အတွက် သီးခြားရန်ပုံငွေ ခွဲဝေရရှိမှု မရှိတော့ပါသဖြင့် လတ်တလောတွင် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းအား လျာထားဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို

ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်ရှိ အိမ်များအတွက်မြေငှားဂရန်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်ရှိ ကြေးတိုင်နှင့် မြေစာရင်းအင်းဦးစီးဌာနမှ တိုင်းတာထုတ်ပေးထားသော ပုံစံ(၁၀၅) လုံးဝမရှိသလောက် ဖြစ်ပါတယ်။ မြေငှားဂရန်မှာ လုံးဝမရှိပါ။ သို့ပါသောကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်ရှိ အိမ်များအတွက် လူထုကိုယ်စား မြေငှားဂရန်ရရှိရေး စီမံချက်ပြုလုပ်ပေးမှု အစီအစဉ် ရှိ/ မရှိ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းတဲ့ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ မဘိမ်းမြို့ရှိ အိမ်များသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တိုင်းတာထုတ်ပေးထားသော ပုံစံ(၁၀၅) မရှိသလောက်ဖြစ်ပြီး မြေငှားဂရန် လုံးဝမရှိသဖြင့် မဘိမ်းမြို့ရှိအိမ်များအတွက် မြေငှား ဂရန်ရရှိရေး ပြုလုပ်ပေးမှု အစီအစဉ် ရှိ/ မရှိမှာ သိလိုသည်မေးခွန်းနှင့် ပတ်သက်ပြီး မိုးမိတ် ခရိုင်၊ မဘိမ်းမြို့အား ၂၀၁၅ ခုနှစ်အထိ မြို့ပေါ်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး မြေအသုံး ချမှုစာရင်းအရ မြို့မြေဧရိယာ(၄၈၂)ဧကရှိပါတယ်။ လက်ရှိမြေပြင်တွင် (၅၃၀)ဧကခန့် အသုံးပြုလျက်ရှိသော်လည်း မြေအမျိုးအစားအလိုက် ခွဲခြား သတ်မှတ်မှု မပြုရသေးပါဘူး။ မဘိမ်းမြို့သည် တိုးတက်လာသော လူဦးရေနှင့် မိသားစု၊ အိမ်ခြေများ တိုးချဲ့တည်ဆောက် နေထိုင်ကြသည့်အတွက် ရပ်ကွက်များ၏ လက်ရှိမြေပြင်အခြေအနေသည် ယခင်မူလ ရပ်ကွက်များထက်ကျော်လွန်၍ စိုက်ပျိုးမြေနှင့် မြေလွတ်၊ မြေလပ်တို့တွင် တိုးချဲ့နေထိုင် ခြင်းများရှိနိုင်ပါတယ်။

ယင်းကဲ့သို့ တိုးချဲ့နေထိုင်ခြင်းများရှိပါက ဥပဒေနှင့်အညီ ရပ်ကွက်မြေအဖြစ် ခွင့်ပြုမိန့် တောင်းခံရန် လိုအပ် မည်ဖြစ်ပါတယ်။နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) ခန့်အပ်၍ ဖွဲ့စည်းဆောင်ရွက်သွားရမည့်အပြင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူ တို့နှင့် မြေပြင်ကွင်းဆင်း စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြို့မြေ

တိုင်းတာဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်း အိမ်ဝိုင်းမြေကွက်များ၏ တစ်ကွက်ချင်း နယ်နိမိတ်များကို တိုင်းတာရမည်ဖြစ်သဖြင့် အငြင်းပွားမှုမဖြစ်စေရန် ပတ်ဝန်းကျင်ပြည်သူများ၏ သဘောတူညီမှုရယူခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖတို့၏ အကူအညီများရယူခြင်း၊ သဘောတူညီမှု မှတ်တမ်းများ ထားရှိခြင်းများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မဘိမ်းမြို့သည် (၆၄ လက်မ ၁မိုင်) စကေးဖြင့် မြို့မြေကွက်တိုင်းတာ ဆောင်ရွက်ထားမှု မရှိသေးခြင်း၊ စာရင်းမြေပုံများ ထုတ်ထောင်ထားနိုင်မှုမရှိသေးခြင်းတို့ကြောင့် မြို့မြေကွက်တိုင်းတာခြင်း လုပ်ငန်းစီမံချက်များရေးဆွဲ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းတာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မဘိမ်းမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးမြေများကို မြေတိုင်းစီမံချက်ရေးဆွဲ၍ ကွင်းပေါင်း(၅၄)ကွင်းအား တိုင်းတာဆောင်ရွက်ခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လယ်ယာစိုက်ပျိုးမြေများကို တိုင်းတာနိုင်ရေး ကွင်းပေါင်း(၆၈)ကွင်းကို တိုင်းတာဆောင်ရွက်ရန် စီမံချက်ရေးဆွဲတင်ပြထားရှိခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မဘိမ်းမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးမြေများနှင့် ပတ်သက်၍ တိုင်ကြားမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဦးစားပေးမြေတိုင်းတာနိုင်ရေး ဆောင်ရွက်နေခြင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဝန်ထမ်းအင်အား အခြေအနေအရ မြို့မြေကွက်တိုင်းတာခြင်းကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းတာနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မြို့မြေကွက် စနစ်တကျတိုင်းတာ ဆောင်ရွက်ပြီးပါက မဘိမ်းမြို့ရှိ နေအိမ်၊ ခြံဝင်းများအား မြေငှားဂရန်ရရှိရေး လျှောက်ထားလာမှုပေါ်မှာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ပထမမေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယနေ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စု၊ ရွှေပုထိုး(မြောက်)ရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။

ဒုတိယမေးခွန်းမေးမြန်းရမည်ဆိုလျှင် ကမ္ဘာ့ဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကြီးများကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်တွင် ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ အလားတူဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့နှင့် အခြားမြို့များတွင် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကျင်းပပေးခြင်းဖြင့် နိုင်ငံတကာကစားသမားပေါ်ပေါက်စေရန် အောက်ပါအတိုင်းကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်တွင် ကမ္ဘာ့ဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကြီးများကို ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည့်အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့နှင့် ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့များတွင် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပပေးရန် အစီအစဉ် ရှိ/ မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီး (ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက မေးခွန်း(၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စု၊ ရွှေပုထိုး(မြောက်)ရွာရှိ အခြေခံပညာအလယ်တန်းကျောင်းဟာ ကျောင်းပိုင်မြေ (၅.၂၂)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရရှိပြီးဖြစ်ပါတယ်။ စာသင်ဆောင်(၄) ဆောင် ရှိပြီးတော့-

(၁) ဧရာဝတီဆောင် (၁၂၀x ၂၈x ၁၅)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် အခန်း (၆)ခန်း၊

(၂) ချင်းတွင်းဆောင် (၄၀x၂၈x၁၅)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် အခန်း(၂)ခန်း၊

(၃) သံလွင်ဆောင်(၉၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် အခန်း (၃)ခန်း၊

(၄) စစ်တောင်းဆောင်(၁၈x၁၅x၁၅)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ခန်း စုစုပေါင်း (၄)ဆောင်ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG - ၁၀ဦး၊ ပထမတန်း - ၁၄ဦး၊ ဒုတိယတန်း - ၁၅ဦး၊ တတိယတန်း - ၂၁ဦး၊ စတုတ္ထတန်း - ၉ဦး၊ စုစုပေါင်း-(၆၉)ဦး တန်းခွဲ (၅)ခုရှိပါတယ်။ အလယ်တန်းမှာကတော့ ပဥ္စမတန်း-(၂၈)ဦး၊ ဆဌမတန်း-(၃၆)ဦး၊ သတ္တမတန်း-(၄၁) ဦး၊ အဌမတန်း-(၃၇)ဦး၊ စုစုပေါင်း-(၁၄၂)ဦးနှင့် တန်းခွဲ(၄)ခုရှိပါတယ်။ အခြေခံပညာ အလယ်တန်းကျောင်း သက်တမ်း(၂)နှစ် ရှိပါတယ်။ ပင်မကျောင်းဖြစ်သော မိုင်းအင်အခြေခံပညာအထက်တန်းကျောင်းနှင့် (၄)မိုင်ခန့်ကွာဝေးပါတယ်။ ၂၀၁၉-၂၀၂၀ပညာသင်နှစ်တွင် ရွှေပုထိုး(မြောက်)ရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၆.၁၁.၁၈)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ခ)/ ၃၉၁၆/ အခ-မြဲ ကျောင်းတိုး(၁၈)ဖြင့် အခြေခံပညာ ဦးစီးဌာန၊ နေပြည်တော်သို့ပေးပို့တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပ ါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကိစ္စကတော့ ကမ္ဘာ့အဆင့်ဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲကြီးသည် နိုင်ငံတကာပြိုင်ပွဲ ဖြစ်သည့်အတွက် ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့နှင့် အခြားမြို့များတွင် လတ်တလော ကျင်းပပြုလုပ်နိုင်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သို့တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ မိုးနဲမြို့နယ်အဝင် နမ့်ဟူးစိမ့်စမ်း ရေထွက်ဧရိယာအတွင်း ဝင်ရောက်ကျူးကျော်နေထိုင်ပြီး စိမ့်စမ်းရေထွက်ကို ထိခိုက်စေသော သဲဖြုန်းဖြည့်ခြင်း၊ ကျောက်ရိုးစီခြင်း၊ လူနေထိုင်ရန် ယာယီတဲအိမ် ဆောက်ခြင်းများနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အဝင် နမ့်ဟူးစိမ့်စမ်းရေထွက်ဧရိယာများသည် မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု၊ ကတ်နောက်ရွာ၊ ကွင်းအမှတ်(၉၈/၉၉)တွင် ပါဝင်ပြီး မိုးနဲ- နမ့်စန် ပြည်ထောင်စုကားလမ်းအရှေ့ဘက်တွင် ကပ်လျက်တည်ရှိပါတယ်။ ၎င်းနေရာသည် မိုးနဲမြို့ ၊ နမ့်ခေါက်မကွင်းအတွင်း လယ်ယာစိုက်ပျိုးသည့်တောင်သူများအတွက် အရေးပါသော စိမ့်စမ်းရေ ရေဦး၊ ရေဖျား၊ ရေထွက်ဧရိယာ (၂၃)ဧကဖြစ်ပါသဖြင့် သဘာဝစိမ့်စမ်းရေ ထိန်းသိမ်းကာကွယ်ရေး တောအဖြစ် သတ်မှတ်ပေးပါရန် အကြိမ်ကြိမ်အခါခါ တင်ပြလျှောက်ထားခဲ့ပါတယ်။ သတ်မှတ်ထားသော ပေ(၁၀၀)ပတ်လည်ဆိုတာလည်း တောင်သူလယ်သမားများ(၆၃)ဦးတို့ကို ပွင့်လင်းမြင်သာစွာ ချပြခြင်းမရှိဘဲ နမ့်မော်ဆွန့်ကျေးရွာအုပ်ချုပ်ရေးမှူးကသာ သတ်မှတ်ခဲ့ကြသည်ကို သိရှိရပါတယ်။

သို့ပါသော်လည်း (၁၂/၁၁/၂၀၁၈)ရက်နေ့တွင် တားမြစ်မိန့်ကို အလေးမထားဘဲ ဥပဒေမဲ့စွာ ဝင်ရောက်ကျူးကျော် နေထိုင်ပြီး စိမ့်စမ်းရေထွက်ကိုထိခိုက်စေသော သဲဖြုန်းဖြည့်ခြင်း၊ ကျောက်ရိုးစီခြင်း၊ လူနေထိုင်ရန် ယာယီတဲအိမ်ဆောက်ခြင်း စက်ယန္တရားများဖြင့် လုပ်ငန်းများတည်ထောင်လျက်ရှိသဖြင့် တရားဥပဒေစိုးမိုးမှုများ၊ တည်ငြိမ်အေးချမ်းမှုများ ပျောက်ကွယ်ခဲ့ရတာကို စိစစ်တွေ့ရှိရပါတယ်။ တရားဥပဒေစိုးမိုးမှု၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်မှုကို ပျက်ပြားစေသော လုပ်ရပ်များရှိနေပြီး တောင်သူလယ်သမားအကျိုးစီးပွားကို ထိခိုက်စေသော မတရားမှုများ သက်ဆိုင်ရာအစိုးရက ပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်လျှင် သက်ဆိုင်ရာအစိုးရ၏ ပုံရိပ်ကိုလည်းကျဆင်းစေပြီး တောင်သူလယ်သမားများလည်း သက်ဆိုင်ရာ အစိုးရကို အယုံကြည်ကင်းမဲ့ပြီး မလိုလားအပ်သော ပြဿနာဖြစ်လာနိုင်တယ်။ ထိုသို့သော ပြဿနာများမဖြစ်စေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှ ထုတ်ပေးထားသော ဒေသန္တရအမိန့်တွေကို လည်းကောင်း၊ ဒုတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် ဖြေကြားသွားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၏ အဖြေကို လည်းကောင်း၊ ရေထွက်ရေရှည် တည်တံ့စေရေးအတွက် သီးနှံစိုက်ပျိုးခြင်းမှအပ လူနေထိုင်မှုမပြုစေကြောင်းနှင့် လူနေအိမ်ဆောက်လုပ်နေထိုင်ပါက ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း အတိအလင်းထုတ်ပြန်ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ထို့ကြောင့် မေးမြန်းလိုသည်မှာ-

(၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော ဒေသန္တရအမိန့်သည် အများအတွက် ထုတ်ပေးထားခြင်းမဟုတ်ဘဲ တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအတွက် ထုတ်ထားသော အမိန့်ဖြစ်နေသောကြောင့် ၎င်းဒေသန္တရအမိန့်ကို ပယ်ဖျက်ပြီး တောင်သူလယ်သမားအကျိုးအတွက်ကို ရှေးရှုပြီး နဂိုမူလ သဘာဝစိမ့်စမ်းရေ ဧရိယာအဖြစ် သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/ မရှိ ၊

(၂) မိုးနဲမြို့နယ်အတွင်းရှိ သဘာဝစိမ့်စမ်းရေ အားလုံးကို တောင်သူလယ်သမားတို့၏ ဆန္ဒနှင့်အညီ သဘာဝ စိမ့်စမ်းရေ ကာ ကွယ် ထိန်းသိမ်းရေးတောအဖြစ် သတ်မှတ် ပေးပါရန် အစီအစဉ် ရှိ/ မရှိ ၊

(၃) သတ်မှတ်ထားသော သဘာဝစိမ့်စမ်းရေ ကာကွယ် ထိန်းသိမ်းရေးတောကို ဝင်ရောက် ဖျက်ဆီးပါကပြတ်ပြတ်သားသား အရေးယူပေးပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရကို လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းအနေနဲ့ ရည်ညွှန်းချက်(၁)မှာ နိုင်ငံတော် ဒုတိယသမ္မတ(၁)၏ (၂၉-၁-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁- ၀၀၁ စာအရနဲ့ (၂) ရှမ်းပြည်နယ်ဝန်ကြီးချုပ် (၂၇-၈-၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁- ၀၀၂ စာအရနဲ့ ပတ်သက်ပြီးတော့ မိုးနဲမြို့နယ်အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝစိမ့်စမ်းရေထွက်များ၊ သယံဇာတများ၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးနဲဒေသကို စတင်တည်ထောင်စဉ်က ပထမမိုးနဲမြို့၊ ဒုတိယမိုးနဲမြို့၊ တတိယမိုးနဲမြို့ဆိုပြီး နေရာ (၃)နေရာပြောင်းလဲတည်ထောင်ထားသော မြို့တစ်မြို့ဖြစ်ပါတယ်။ ပထမမိုးနဲမြို့တည်နေရာသည် ယခုမိုးနဲမြို့၏ အရှေ့မြောက်ဘက် (၁၈)မိုင်အကွာတွင်တည်ရှိပြီး နောင်လိုင်ကျေးရွာ၏ အရှေ့အရပ်ရှိ နမ့်တာပူတွင် တည်ရှိပါတယ်။ ဒုတိယမိုးနဲမြို့၏ တည်နေရာသည် ယခုမိုးနဲမြို့၏ (၃)မိုင်ခန့်တွင် တည်ရှိပါတယ်။ ဆိုင်းဖယ်ရွာ၏မြောက်ဘက်၊ လွိုင်နန်းရွာ၏ အနောက်ဘက်၊ ဟိုင်းကေရွာ၏ အရှေ့တောင်ဘက်နှင့် လယ်ကွင်းများ၏ အရှေ့ဘက်တွင် တည်ရှိပါတယ်။ ဒုတိယမိုးနဲမြို့၏ လေးဘက်လေးတန်လုံးကို မြို့ရိုးများဖြင့် ဝန်းရံထားပါတယ်။ မြို့ရိုးကို မြေဖြင့်တည်ဆောက်ထားပြီး မြို့ရိုး၏အမြင့်သည် အတောင်(၂၀)၊ ပေ(၃၀) ခန့်ရှိသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ရပါတယ်။ ယင်းမြို့အတွင်းတွင် မြို့ငယ်(၉)မြို့ကို ထပ်မံနေရာချထားပြီး မြို့ရိုးကို ဝိုင်းပတ်လျက် ကျုံး(၉)ခုကိုလည်း တူးဖော်ထားသဖြင့် ဒုတိယမိုးနဲမြို့၏ ဖွဲ့စည်းပုံသည်များစွာ စနစ်ကျမှုရှိလှပါတယ်။ ဒုတိယမိုးနဲမြို့၏ အကျယ်အဝန်းမှာ (၈)စတုရန်းမိုင်ခန့် ကျယ်ဝန်းပြီး မြို့၏အနောက်ဘက်မြို့ရိုးသည် ဆိုင်းဖယ်- ဟိုင်းကေသွားလမ်းနှင့် ကပ်လျက်တည်ရှိသည်ကို ယနေ့တိုင်မြင်တွေ့နေရပါတယ်။ တတိယမိုးနဲမြို့သည် ယခုလက်ရှိမိုးနဲမြို့နယ်ဖြစ်ပြီး ပြည်ထောင်စုသမ္မတနိုင်ငံတော်တွင်းရှိ မိုးနဲမြို့သည် သင့်တင့်သော အခြေခံအဆောက်အဦ

များ၊ သင့်တင့်သော စီးပွားရေးလုပ်ငန်းများဖြင့် လူဦးရေ တိုးတက်များပြားလာသော မြို့တစ်မြို့ဖြစ်ပြီး လက်ရှိမိုးနဲမြို့၏ လူဦးရေစုစုပေါင်းသည် (၅)သောင်းကျော်ခန့်ရှိပြီး လူနေအိမ်ခြေ(၈၀၀၀)ကျော်ခန့်ရှိပါတယ်။ ရှေးယခင်က နယ်သူ၊ နယ်သားများသည် ဗုဒ္ဓဘာသာကိုသာ အဓိကယုံကြည် ကိုးကွယ်ကြသော်လည်း ယနေ့ခေတ်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ ၊ နတ်စသဖြင့် ဘာသာစုံကိုးကွယ်ကြတာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိမိုးနဲမြို့သည် လူပေါင်းစုံနေထိုင်ပြီး ဘာသာပေါင်းစုံယုံကြည်ကိုးကွယ်ကြသော်လည်း လူမျိုးစုမှာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသဖြင့် ဗုဒ္ဓဘာသာထွန်းကားသော မြို့တစ်မြို့ဖြစ်ပါတယ်။ မိုးနဲမြို့နယ်အတွင်းမှာ ဘုန်းတော်ကြီးကျောင်း(၄၄)ကျောင်းရှိပြီး အဓိကစေတီ(၄၇)ဆူအပါအဝင် စေတီအဆူပေါင်း (၄၁၂)ဆူ၊ အဓိက မြစ်ချောင်း(၃)ချောင်း၊ အင်းအိုင်(၃)အိုင်၊ သဘာဝစိမ့်စမ်းရေထွက်နှင့် လှပသောတောင်များပိုင်ဆိုင် ထားတာတွေ့ရပါတယ်။ ထိုစေတီများသည် ခေတ်အဆက်ဆက်က ရှေးဟောင်းစေတီများဖြစ်ကြပြီး အချို့စေတီများကို ပြန်လည်မွမ်းမံထားသော်လည်း ပြုပြင်မွမ်းမံမှုမရှိဘဲ နဂိုအနေအထားတိုင်းရှိနေသောစေတီများ၊ ပြိုကျပျက်စီးနေသောစေတီများ မြောက်မြားစွာကျန်ရှိနေတာကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့-

(၁) မိုးနဲမြို့ကို ရှေးဟောင်းသမိုင်းဝင်မြို့အဖြစ် သတ်မှတ်ပြီးတော့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတက်သောမြို့အဖြစ် ကူညီဆောင်ရွက် ပေးပါရန် အစီအစဉ်ရှိ/မရှိ။

(၂) မိုးနဲမြို့နယ်အတွင်းရှိ သက်ရှိ/သက်မဲ့များမှ ပြုလုပ်ထားသော ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝမှဖန်တီးပေးထားသော သဘာဝစိမ့်စမ်းရေထွက်ရေဦးရေဖျားများ၊ သက်ရှိသယံဇာတဖြစ်သော တောင်သူလယ်သမားများ၏အကျိုးစီးပွားနှင့် အများမှ သတ်မှတ်ထား သော မြေနေရာများ ၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ။

(၃) လူနေအိမ်ဝင်းအတွင်း လယ်ယာမြေအတွင်းရှိ စေတီများ၊ ရှေးဟောင်းစေတီများရှိသော နယ်မြေပရိဝုဏ်များနှင့် ဘုန်းကြီးကျောင်းနယ်မြေ ပရိဝုဏ်များတို့ကို သာသနာပိုင်မြေအဖြစ် အတည်တကျ သတ်မှတ်ပြီး အခွန်လွတ်ဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်

အစိုးရကို လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ မိမိမေးမြန်းမည့်မေးခွန်းကို လိုရင်းတိုရှင်းမေးဖို့အတွက် ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက မေးခွန်း(၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ရှေးဦးစွာပထမမေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေကြားနိုင်ဖို့ရာ အတွက် ဥပဒေကြောင်းအရ စိစစ်တဲ့အခါမှာ သဘာဝရေထွက်တွေနဲ့ ပတ်သက်ပြီး သီးခြားဥပဒေ ပြည်ထောင်စုမှ မရှိသေးတာတွေ့ရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အဆင့်ကို လုပ်ပိုင်ခွင့်ပေးထားတဲ့ ဇယား(၂)ထဲမှာလည်း ရေထွက်တွေနဲ့ ပတ်သက်ပြီးတော့ ထည့်သွင်းထားတာ မရှိတဲ့အတွက် ရေထွက်များထိန်းသိမ်းရေးဟာ ပြည်ထောင်စုအဆင့် လုပ်ပိုင်ခွင့်ဖြစ်ပြီးတော့ ပြည်ထောင်စုအဆင့်မှာလည်း ကျွန်တော့်အနေနဲ့ ဒီလိုမျိုးဖြစ်နေတဲ့အကြောင်း၊ ရှမ်းပြည်နယ်မှာဆိုရင် စာရင်းကောက်ယူမှု အရ ရေထွက်ပေါင်း (၃၀၀၀)ကျော်ရှိပြီးတော့ ရေထွက်(၃၀၀၀)ကျော်ကို အမှီပြုနေတဲ့ ကျေးရွာပေါင်း(၃၀၀၀) ကျော်ရှိတဲ့အတွက် အရေးတကြီးထိန်းသိမ်းဖို့ လိုနေတဲ့အကြောင်း၊ ရှမ်းပြည်နယ်ဟာဆိုရင် ရာခိုင်နှုန်းပြည့် ရေဝေရေလဲဒေသတွေဖြစ်ပြီးတော့ မြန်မာနိုင်ငံထဲက မြစ်ကြီးများသာမကပဲ နိုင်ငံတကာမြစ်ကြီး တွေဖြစ်တဲ့ သံလွင်မြစ်၊ မဲခေါင်မြစ်တို့ရဲ့ ရေဝေရေလဲတွေပါနေတဲ့အတွက် သံလွင်မြစ်ဝှမ်းနိုင်ငံများ၊ မဲခေါင်မြစ်ဝှမ်းနိုင်ငံများအတွက်ပါ အရေးကြီးတဲ့အကြောင်း ဆွေးနွေးခဲ့တဲ့အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီမှာ ရေမူဝါဒထဲမှာ ရေထွက်ကိစ္စကို ထည့်သွင်းစဉ်းစားပြီးတော့ ရေဥပဒေရေးဆွဲပြဋ္ဌာန်းလျက်ရှိနေပြီလို့ သိရပါတယ်။ လောလောဆယ် ဒီဥပဒေမထွက်ရှိသေးခင်မှာ တည်ဆဲလုပ်ထုံးလုပ်နည်းများအရ ရေထွက်များထိန်းသိမ်းဖို့ဆို အပိုင်း(၃)ပိုင်းရှိပါတယ်။

(၁) ရေထွက်၏ ရေဝေရေလဲဧရိယာများအား ထိန်းသိမ်းခြင်း၊

(၂) ရေထွက်နေရာများအား ထိန်းသိမ်းခြင်း၊

(၃) ရေထွက်မှစီးထွက်သွားသော ချောင်းများရှိပါကအဆိုပါချောင်းများအားထိန်းသိမ်းခြင်းစသည်ဖြင့်အပိုင်း(၃)ပိုင်း ပါဝင်ပါတယ်။

ရေထွက်၏ရေဝေရေလဲဧရိယာများအား ထိန်းသိမ်းခြင်းအတွက်ဆိုရင် ရေထွက်တောများအား ဒေသခံအစုအဖွဲ့ဖြင့် ဧရိယာသတ်မှတ်၍ သက်ဆိုင်ရာ ကျေးရွာများ၏ ကျေးရွာစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ကျေးရွာလူထု သဘောထားရယူ၍ ထိန်းသိမ်း

ကာကွယ်နိုင်ပါတယ်။ တကယ်လို့များ ကာကွယ်ထိန်းသိမ်းရမည့် ဧရိယာများပြားပြီး ကျေးရွာမှ ဆောင်ရွက်ရန် အခက်အခဲရှိပါက ဒေသခံလူထု၏ သဘောတူညီချက်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတို့၏ ကန့်ကွက်ရန် မရှိကြောင်း သဘောထား မှတ်ချက်များနှင့် တင်ပြလာလျှင် ကြိုးပြင် ကာကွယ်တော ဖွဲ့စည်းပြီးကာကွယ်နိုင်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့ နည်းလမ်း (၂)ခုနှင့် ဆောင်ရွက်ရန် အခက်အခဲရှိပါက ဒေသန္တရ အမိန့် ထုတ်ပြန်၍ ကာကွယ်နိုင်ပါတယ်။

ဒုတိယအနေနဲ့ ရေထွက်နေရာများအား ထိန်းသိမ်းဖို့ဖြစ်ပါတယ်။ ရေထွက်မှ စီးထွက်သောရေသည် ရေကြောင်းခရီးသွားလာ၍ရသော မြစ်ချောင်းအတွင်းသို့တိုင် စီးဝင်နေပါက ရေအရင်းအ မြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၅ နှင့် ၂၆ များအရ အရေးယူဆောင်ရွက်နိုင်ပါတယ်။ အဆိုပါဥပဒေနှင့် အကျုံးမဝင်ပါက သီးခြားဥပဒေ မရှိသဖြင့် ဒေသန္တရအမိန့် ထုတ်ပြန်၍ ကာကွယ်ထိန်းသိမ်းနိုင်ပါတယ်။

တတိယအပိုင်းဖြစ်တဲ့ ရေထွက်မှ စီးထွက်သွားသော ချောင်းများရှိပါက အဆိုပါ ချောင်းများအား ထိန်းသိမ်းခြင်းကိုလည်း ဒုတိယအပိုင်းလိုပဲ ထိန်းသိမ်းနိုင်ပါတယ်။

မိုးနဲလွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ နမ့်ဟူးရေထွက်သည် သစ်တောနယ်မြေ (ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော/ သဘာဝနယ်မြေ)အတွင်း ကျရောက်မှုမရှိဘဲ အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော နယ်မြေအတွင်းတည်ရှိသဖြင့် မိုးနဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ (၁၃-၁-၂၀၁၅)ရက်စွဲပါ ဒေသန္တရတားမြစ်မိန့်အမှတ် (၁/၂၀၁၅)ထုတ်ပြန်၍ ကာကွယ်ထားပြီး ဖြစ်ပါတယ်။ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်ကို အားနည်းချက်ရှိလို့ လက်တွေ့မှာ အခက်အခဲရှိရင် ထုတ်ပြန်ထားသော ဒေသန္တရအမိန့်ကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများကို ဒေသအာဏာပိုင်မှ ပြုလုပ်နိုင်ပါတယ်။ ဒေသန္တရ အမိန့် ထုတ်ပြန်ပြီးနောက်မှာ ဒေါ်တင်တင်ဝင်း၊ ဦးအောင်နိုင်၊ ဦးအောင်မြတ်စိုး၊ ဦးအားချုန် (၄)ဦးတို့အား အဆောက်အဦဆောက်လုပ်ခြင်းမရှိစေရေး မိုးနဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ (၁၀-၁၁-၂၀၁၆)ရက်စွဲပါစာအမှတ်၊ **၅/၄၁-၂၈(၃၄၁)/ ဦး ၆** ဖြင့် တားမြစ်ခဲ့သည်ကို စိစစ်တွေ့ ရှိရပါတယ်။ ထပ်မံ၍ ဒေါ်တင်တင်ဝင်းမှ ၄င်းပိုင်ခြံမြေ အတွင်းသဲဖို့ခြင်း၊ သွပ်မိုးသွပ်ကာ အဆောက်အဦဆောက်လုပ်ခြင်းများ ပြုလုပ်လာသဖြင့် မိုးနဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ (၁၂-၁၁-၂၀၁၈) ရက်စွဲပါစာအမှတ်၊ **၅/၄၁-၂၈ (၃၄၅)/ ဦး ၆** ဖြင့် အသိပေးအကြောင်းကြား ခဲ့ရာ အဆောက်အဦဆောက်လုပ်ခြင်းနှင့် မြေဖို့ခြင်း ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ ကြောင်း သိရပါတယ်။တကယ်လို့များ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူ များ၏ ထောက်ခံမှု၊ ဝန်းရံမှုသာ ရရှိမယ်ဆိုရင် နမ့်ဟူးရေထွက် ရေရှည်ထိန်းသိမ်းနိုင်ရေး

အတွက် ဆက်စပ်ဌာနများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး တည်ဆဲဥပဒေ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးဒုတိယမေးခွန်း ဖြေကြားပေးပါမယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင်မိုးနဲမြို့ ရှေးဟောင်းစေတီပုထိုးပြုပြင်ရန်အတွက်ခွင့်ပြုရန် ပုံငွေကျပ်(၅၀)သိန်း ခွင့်ပြုခဲ့ပါသည်။ ဦးသီလကျောင်းဝင်း အတွင်းရှိပြုပြင်သင့်သောစေတီ(၁၃)ဆူမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်း၍ ဦးစားပေးတစ်ဆူကို ရွေးချယ်ပြီး ပုဂံဘုရားများပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်အဖွဲ့ အကူအညီဖြင့် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်ပါတယ်။

သဘာဝစိမ့်စမ်း ရေထွက်တောများအား သက်ဆိုင်ရာကျေးရွာများ၏ ကျေးရွာစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ကျေးရွာလူထု သဘောထားရယူ၍ ထိန်းသိမ်းကာကွယ်နိုင်ပါကြောင်း၊ ကျေးရွာစီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ သို့တင်ပြ၍ လိုအပ်ပါက ရေထွက်ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူများ၏ သဘောထားများရယူ၍ သဘာဝစိမ့်စမ်းရေထွက် ဧရိယာအဖြစ် ကာကွယ်စောင့်ရှောက်နိုင်ပါကြောင်း၊ သဘာဝစိမ့်စမ်းတော ကာကွယ်ထိန်းသိမ်းရန်အတွက် ဒေသခံများ၏ ဆန္ဒသဘောထားကို ရယူ၍ မြို့မိမြို့ဖများပါဝင်သည့် အစုအဖွဲ့ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်၍ ရေထိန်းတောအနေဖြင့် လည်းကောင်း၊ အဆိုပါရေထွက်အပါအဝင်ထိန်းသိမ်းရမည့် ဧရိယာပမာဏများပြားပါက သစ်တောဦးစီးဌာနမှ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်းအားဖြင့် ထိန်းသိမ်းကာကွယ်နိုင်ပါတယ်။သစ်တောဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပြီး သစ်တောနယ်မြေများအနက် ဒေသထောက်ပံ့ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည့် ကြိုးပြင်ကာကွယ်တောများအတွင်း ဒေသခံတိုင်းရင်းသား ပြည်သူများ၏ မြေအသုံးချလုပ်ကိုင်မှုများအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင် လုပ်ကိုင်စေခြင်းဖြင့် ဆောင်ရွက်နိုင်ပါတယ်။ ဒေသခံတိုင်းရင်းသား ပြည်သူများအစဉ်အလာအရ ထိန်းသိမ်းခဲ့သည့် သစ်တောနယ်မြေမဟုတ်သည့် အစိုးရစီမံခန့်ခွဲခွင့်ရှိသည့် မြေများအား ဆက်စပ်ဌာနများ၏ သဘောတူညီချက်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ရန်အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းလုပ်ကိုင် ထိန်းသိမ်းခွင့်ကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအား သဘာဝတောများပျက်စီး ပြုန်းတီးပြီး သဘာဝအလျောက် ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသောနေရာများ၊ ဒေသ လိုအပ်ချက်အတွက် သစ်တောထွက်ပစ္စည်းများနှင့် ဝင်ငွေအခွင့်အလမ်းများ ထောက်ပံ့ပေး နိုင်ရန် အလားအလာရှိသည့် နေရာဒေသများ၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် သစ်တောဦးစီးဌာနမှ တည်ထောင်ခဲ့သည့် ကျေးရွာထင်းစိုက်ခင်းများ၊ မြေနှင့်အရင်းအမြစ် များကို ထိန်းသိမ်းရန် လိုအပ်သည့်ဒေသများ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းလုပ်ကိုင်ရန် သင့်လျော်သည့်နေရာများ၊ အကြောင်းရင်း တစ်ခုခုကြောင့် ဒေသခံ လူထုက စီမံအုပ်ချုပ်သင့်သည့် သဘာဝတောများ၊ အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံ လူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော နေရာများတွင် ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်ဖြင့် ကနဦးနှစ်(၃၀) သတ်မှတ်ဆောင်ရွက်ခွင့်ပြုလျက်ရှိပါတယ်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေများကိုသာ ထိန်းသိမ်းစောင့်ရှောက် ခြင်း၊ သစ်တော ဥပဒေပါအတိုင်း သစ်တောနယ်မြေများအတွက် စီမံခန့်ခွဲအရေးယူခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ သစ်တောဥပဒေပါအတိုင်း လုပ်ကိုင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သစ်တောနယ်မြေမဟုတ်သည့် ဧရိယာများအတွက် စီစဉ် ဆောင်ရွက်မှုမရှိပါကြောင်း၊ သစ်တောဥပဒေ တွင်ပါဝင်ခြင်းမရှိသည့် အခြားမြေများအတွက် သစ်တောဦးစီးဌာနအနေဖြင့် စီမံဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

ရှမ်းပြည်နယ်အတွင်းရှိ မြစ်/ ချောင်းများတွင် ကမ်းပြိုကာကွယ် ရေးလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းနှင့် ရေလွှမ်းမိုးမှု (ရေကြီးရေလျှံမှု) ကာကွယ်ရေး လုပ်ငန်းတို့ကို ရရှိသောရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးနဲမြို့နယ် အတွင်းရှိ သက်ရှိ / သက်မဲ့များမှ ပြုလုပ်ထားသော ရေးဟောင်းအမွေအနှစ်များ၊ သဘာဝမှ ဖန်တီးပေးထားသော သဘာဝစိမ့်စမ်းရေထွက် ရေဦးရေဖျားများ၊ သက်ရှိသယံဇာတ ဖြစ်သော တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့်အများမှ သတ်မှတ်ထားသော မြေ နေရာများ၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်း များဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံထားခြင်းမရှိပါ။ မိုးနဲမြို့နယ် အတွင်းရှိ သက်ရှိ / သက်မဲ့များမှ ပြုလုပ်ထားသော ရေးဟောင်းအမွေအနှစ်များ၊ သဘာဝက ဖန်တီးပေးထားသော သဘာဝစိမ့်စမ်းရေထွက် ရေဦးရေဖျားများ၊ သက်ရှိသယံဇာတဖြစ်သော တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အများမှ သတ်မှတ်ထားသောမြေနေရာများ ၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ရပ်ကွက်/

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဒေသခံပြည်သူများအား အသိပညာပေးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိုးနဲမြို့နယ်အတွင်းရှိ စေတီများ၊ ရှေးဟောင်းစေတီများရှိသော နယ်မြေ(ပရိဝုဏ်) များနှင့် ဘုန်းကြီးကျောင်း နယ်မြေ(ပရိဝုဏ်)များကို သာသနာပိုင်မြေအဖြစ် အခွန်လွတ်ဂရမ် ထုတ်ပေးနိုင်ရေးအတွက် စေတီပုထိုးများ တည်ရှိနေမှုများအား စနစ်တကျစာရင်းကောက် ယူခြင်း၊ မှတ်တမ်းများပြုစုခြင်း၊ တည်နေရာများအလိုက် မြေကြီးမြေပုံ ကိုက်ညီမှုရှိစေရန် မြေများစနစ်တကျ တိုင်းတာခြင်း၊ သာသနာမြေအဖြစ် လျှောက်ထားနိုင်ရေးအတွက် အမှုတွဲများ တည်ဆောက်ပြီး အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ၊ မြေယာလုပ်ထုံး လုပ်နည်းများအတိုင်း အဆင့်ဆင့်အချိန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက်ကြယ်ပွင့် ပြမေးခွန်းမေးမြန်းခြင်းအစီအစဉ် ပြီးဆုံးပါပြီ။ ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီ (၃၀)မိနစ် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လယ်ပိုင်းအစီအစဉ်ကို နေ့လယ်(၁၃:၄၅)မိနစ်အချိန် တွင် ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။

## ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်း ပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်း ကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးပို့ ထားပါတယ်။ ပထမဦးစွာ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ **"ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း"**အဆို နှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးတာဝန်များနှင့် ပတ်သက်၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၅၇ တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ် ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။

ထို့ကြောင့် နိုင်ငံသားတိုင်းတရားဝင် ရရှိထားသော မြေကွက်များ၊ လူနေအိမ်မြေကွက်များအား တရားဝင်ဖြစ်စေရေးအတွက် အစိုးရမှ ဂရန်ပြုလုပ်ပေးရန်လိုအပ်ပါတယ်။ တရားဝင် မြေငှားဂရန်ရရှိထားပါမှ အမွေဆက်ခံပိုင်ခွင့် သားစဉ်မြေးဆက် အမွေခွဲဝေပိုင်ခွင့်၊ အစိုးရဘဏ်များမှ ငွေကြေးချေးငှားပိုင်ခွင့်၊ အာမခံထားရှိခွင့်များ ရရှိမည်ဖြစ်ပါတယ်။

၎င်းအပြင်မြေကွက်အရှုပ်အရှင်းများ ဖြစ်ပွားခြင်းမရှိပါက စိတ်အေးချမ်းသာစွာဖြင့် နေထိုင်မှာဖြစ်သလို မသမာသောနည်းလမ်းဖြင့် အိမ်နေမြေကွက်များ၊ မတရားသိမ်းဆည်းခံရခြင်းမှ ကင်းဝေးမှာဖြစ်ပါတယ်လို့ ယုံကြည်ရင်း ကျွန်တော့်အနေနှင့် ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ရဲ့ **"ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် လေ့လာသူဧည့်သည်တော်များအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ (၁၃.၁၂.၂၀၁၈)ရက်နေ့တွင် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းထွန်းဉာဏ်တင်သွင်းသော **"ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း**အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဂရန်ဆိုသည်မှာ မြို့ဖြစ်ပြီးမြို့မြေများတွင် အိမ်ရာအဆောက်အဦ ဆောက်လုပ်နေထိုင်ကြသည့်အခါ အဆိုပါမြေနှင့် အဆောက်အဦကို ခိုင်မာမှုရရှိစေရန် အစိုးရထံမှ မြေငှားစာချုပ်လျှောက်ထားရယူခြင်းကို ဂရန်ဟုခေါ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်သည် နိုင်ငံတော်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် အစိုးရထံမှ မြေပိုင်ဆိုင်မှု အာမခံနှစ်(၃၀)ရယူ အသုံးပြုခြင်းဖြစ်ပါကြောင်း လေ့လာသိရှိရပါတယ်။ ဂရန်သစ် လျှောက်ထားရာတွင် သက်ဆိုင်ရာမြေနှင့် အဆောက်အဦပိုင်ရှင်သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ) ခရိုင်အုပ်ချုပ်ရေးမှူးထံ လိပ်မူပြီးစတင်လျှောက်ထားကြရပါတယ်။ လျှောက်လွှာကို လက်ခံရရှိသည့်အခါ ခရိုင်အုပ်ချုပ်ရေးမှူးမှ အမှုတွဲစတင်တည်ဆောက်ပြီး သတ်မှတ်ချက်များ မှန်/ မမှန် စစ်ဆေးရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ စစ်ဆေးရန်အတွက် ပြန်လည်ပေးပို့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြို့နယ်မြေစာရင်းဦးစီးမှူးထံ မြေရာဇဝင်စိစစ်ရန် ထပ်မံပေးပို့ခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ကြခြင်းကို အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေနှင့် အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများ ဥပဒေတို့အရ ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါတယ်။

ဒီနေရာမှာ အရေးအကြီးဆုံးစည်းကမ်းချက်တစ်ခုဖြစ်ပြီး အမှုတွဲတွင်မပါမဖြစ်ပါဝင်ရမည့် မြေစာရင်းပုံစံ(၁၀၅) မူရင်း(၂)စုံနှင့် မြေရာဇဝင်(၁၀၆) တို့ ပါဝင်ရမှာဖြစ်တဲ့အတွက်

ဂရန်လျှောက်ထားသူဟာ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထံမှာ သက်သေခံမြေပုံ(၁၀၅)နှင့် မြေရာဇဝင် (၁၀၆)ရေးကူးခွင့်ကို လျှောက်ထားကြရပါတယ်။ ခုလိုလျှောက်ထားရာတွင် လက်ရှိ စည်းကမ်းများမှာ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ကို အချိန်ကာလ သတ်မှတ်ပြဋ္ဌာန်းထားတာကို မတွေ့ရှိရတဲ့အတွက် ဂရန်လျှောက်ထားသူ ပြည်သူများဟာ မလိုလားအပ်ဘဲ အချိန်တွေရက်တွေ ပိုမိုကြန့်ကြာနေတာကို တွေ့ရှိရပါတယ်။ အမြန်လိုချင်သူ အချို့ပြည်သူများ၏ မတော်လောဘ ကြိုးစားအားထုတ်မှု များကြောင့်လည်း ဌာနဆိုင်ရာ ဝန်ထမ်းများအတွင်း မလိုလားအပ်သည့် အဂတိကို ဖြစ်ပေါ် စေနိုင်ပါတယ်။ အဆိုရှင်၏ တင်ပြမှုအရ ဂရန်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်း တိုးခြင်းများသည် လုပ်ထုံးလုပ်နည်းများ အတူတူနည်းပါးဖြစ်နေတာကို လေ့လာတွေ့ရှိရတဲ့ အတွက် အချိန်ကြန့်ကြာမှုနည်းအောင် မြေစာရင်းပုံစံ (၁၀၅)နှင့် (၁၀၆)တို့ကို ရေးကူးရာ တွင် သတ်မှတ်ကာလတစ်ခုတည်းထားရှိဖို့ရန်မှာ အရေးကြီးဆုံးအချက်ဖြစ်ကြောင်း ကျွန်တော့် အနေဖြင့် အလေးအနက်ထား ဆွေးနွေးလိုပါတယ်။

သက်ဆိုင်ရာဌာနများအနေဖြင့် ဂရန်လျှောက်ထားသူများအား စိစစ်ရာတွင် ပြဿနာ အရှုပ်အရှင်းဖြစ်ပေါ်နိုင်သည့် မြေဂရန်ကိစ္စများအတွက် မိမိတို့အဆင့် တစ်ခုတည်းတွင် ဆုံးဖြတ်ခြင်းမပြုဘဲ ခရိုင်စီမံခန့်ခွဲရေးရုံး၊ မြို့နယ်စီမံခန့်ခွဲရေးရုံးမှ တစ်ဆင့် ရုံးချုပ်အထိ တင်ပြအတည်ပြုပြီးမှသာလျှင် ဆောင်ရွက်ကြရန် ညွှန်ကြားထားသည်ကို တွေ့ရှိရသည့် အတွက် အချိန်ပိုမိုလိုအပ်သည်ကိုလည်း တွေ့ရှိရပြန်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ သာမန်မဲဆန္ဒရှင်ပြည်သူများဟာ ဂရန်ပြုလုပ်ပေးခြင်းကို မြေစာရင်း ဦးစီးဌာနထံ လျှောက်ထားရမည်ထင်မှတ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက် သည်ကို မသိရှိသည့် ပြည်သူအများအပြားလည်းရှိနေတာကို တွေ့ရှိရပါတယ်။ အဆိုပါ ဌာန ကြီး(၂)ခုဟာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုမြန်ဆန်မှသာ ပြည်သူတွေလျှောက်ထားသည့် ဂရန်ဆိုတာ အချိန်တိုအတွင်း ပြီးစီးနိုင်မှာ ဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။

ဂရန်ထုတ်ပေးထားမှုများကို လေ့လာရာတွင်လည်း အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေပုဒ်မ ၂၊ ၃၊ ၄ တို့အရ မြို့မြေအတွင်းကျရောက်ပြီး အစိုးရက ချထားပေးနိုင်သည့် မြေဖြစ်မှသာ ဂရန်ထုတ်ပေးလို့ရပြီး ရုံး၊ စက်ရုံအလုပ်ရုံ၊ တပ်ရင်းတပ်ဖွဲ့၊ မီးရထား၊ သစ်တော၊ ဆည်မြောင်း၊ လမ်းတံတားစသည့်နေရာများတွင် ဂရန်ချထား ပေးလို့မရပါဘူး။ ကျွန်တော်တို့ ရပ်စောက်မြို့နယ်တွင်း ကန်တိုမင် ဇရိယာထဲတွင်လည်း ဂရန် ထုတ်ပေးထားခြင်းများကို တွေ့ရှိရတဲ့အပြင် အခြားမြို့နယ်များတွင်လည်း အလားတူ

ဖြစ်ရပ်များ ရှိနေသည်ကို တွေ့ရှိနေရပါတယ်။ ထို့ကြောင့် ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးသန်းထိုက်ကလည်း အဌမ ပုံမှန်အစည်းအဝေးတွင် အများပြည်သူဆိုင်ရာမြေနေရာများတွင် မြေပေးမိန့်ပေးခြင်းများ၊ ဂရန်ထုတ်ပေးထားခြင်းများကို စိစစ်ပယ်ဖျက်ရန် အဆိုတင်သွင်းခဲ့ရာ ၎င်းအဆိုမှာ အတည်ပြုခဲ့ပြီးဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဂရန်လျှောက်ထားရာတွင် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်ပြုပြီးပါက နိုင်ငံတော်သို့ ပေးသွင်းရမည့် နှုန်းထားများမှာ ယခင်ကဆိုလျှင် ပထမတန်းစားမြေ ၁ စတုရန်းပေလျှင် ၅၀၀ကျပ်နှုန်း၊ ဒုတိယတန်းစားမြေဖြစ်လျှင် ၃၀၀ကျပ်နှုန်း၊ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေအတွက် ကောက်ခံခဲ့ရာ ပေ(၆၀)×(၈၀)တစ်ကွက်လျှင် သိန်း(၂၀)ကျော်ကျသင့်ခဲ့ပြီး ယခုဆိုလျှင် ကောက်ခံခြင်းမပြုတော့၍ ကုန်ကျစရိတ် သက်သာစွာဖြင့် မြေငှားဂရန်များ ပြုလုပ်သင့်ကြောင်း အများပြည်သူသိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြော်ငြာသင့်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

အထက်ပါတင်ပြချက်များကို ခြုံငုံသုံးသပ်တင်ပြရလျှင်-

(၁) မြေစာရင်း သက်သေခံ မြေပုံ (၁၀၅)၊ မြေရာဇဝင်(၁၀၆)များကို ပြည်သူများ ရေးကူးခွင့် လျှောက်ထား ရာတွင် အချိန်ကာလမရှိသဖြင့် ကြန့်ကြာခြင်းကို ကာကွယ်ရန်တိုတောင်းသည့်ကာလ စည်းကမ်းသတ်မှတ်ပေးရန် လိုအပ်ခြင်း။

(၂) မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စိစစ်ပြီး ခရိုင်ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သို့ တင်ပြရန် အချိန်ကာလကို အများဆုံး(၄၅)ရက် ထက်မပိုစေဘဲ သတ်မှတ်ပေးရန်လိုအပ်ခြင်း။

(၃) မြေငှားဂရန်နှစ် (၃၀)ပြုလုပ်ခြင်း ကုန်ကျစရိတ်များကို လျော့နည်းသက်သာစွာဖြင့် ပြုလုပ်နိုင်ကြောင်း အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အကြံပြုတင်ပြရင်း ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၏ အဆိုဖြစ်သော **“ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို အကြံပြုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ကျွန်မအနေနဲ့ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မိုးမိတ်မြို့နယ်ကို အခြေခံပြီး တင်ပြဆွေးနွေးလိုပါတယ်ရှင်။ မြို့နယ်၏ မြေဧရိယာ အကျယ်အဝန်းကို (၁၉၆၃) ခုနှစ်ကသာ တိုင်းတာခဲ့ဖူးကြောင်းလေ့လာသိရှိရပါတယ်။ မြို့နယ်အတွင်း နေထိုင်နေတဲ့ ပြည်သူတစ်ဦးစ၊ နှစ်ဦးစသာ ၎င်းတို့နေထိုင်သည့် မြေကွက်များ ဂရန်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများ ပြုလုပ်နေကြသည့်အပြင် ဂရန်လျှောက်လိုသူ ပြည်သူများလည်း ရှိနေကြကြောင်း ကြားသိရတယ်။ လူနေအိမ်မြေကွက်များနှင့် မြေလွတ်များ ဂရန်အသစ်ပြုလုပ်ခြင်း၊ ဂရန်သက်တမ်းတိုးခြင်းပြုလုပ်ရာ၌ အချို့မှာ အမွေဆိုင်၊ အငြင်းပွားမှု ပြဿနာများကြောင့် လုပ်ကိုင်ဆောင်ရွက်မှုမရှိခဲ့သလို၊ အချို့မှာ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားပျက်ကွက်မှု၊ လာဘ်လာဘမျှော်ကိုး၍ လုပ်ဆောင်ခြင်းရှိခဲ့သည့်အတွက် နှောင့်နှေးကြန့်ကြာမှု ဖြစ်စဉ်များ ရှိခဲ့ပါတယ်ရှင်။

ရှမ်းပြည်နယ်မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ မူလပိုင်ရှင်မဟုတ်ဘဲ စာချုပ်သက်တမ်းအတုနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မဖြစ်ရအောင် သေချာစိစစ်ပြီး လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

ဂရန်ကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပေးလျှင် နိုင်ငံသူ/ နိုင်ငံသားများအတွက် စိုးရိမ်ကြောင့်ကြစွာ နေထိုင်ရမှုများ မရှိတော့ဘဲ အခြေချနေထိုင်ခွင့် အတည်တကျနေထိုင်မှု အာမခံချက်များရရှိနိုင်သလို နိုင်ငံတော်အတွက်လည်း အခွန်ငွေရရှိနိုင်သည့်

အကျိုးရလဒ်များ ရရှိနိုင်ပါတယ်။ ထို့ပြင်ဂရန်ရရှိသွားသည့်အတွက် ဂရန်ကို ဘဏ်မှာအပ်နှံထားရှိကာ မတည်ငွေ ချေးယူပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်နိုင်မှာပါရှင်။ ဒါကြောင့် ဒေသဖွံ့ဖြိုးရေးများ ဖြစ်လာမည်ဟု ယုံကြည်မိပါသောကြောင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၏ အဆိုဖြစ်သော **“ရှမ်းပြည်နယ် မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များ ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုလေးနက်စွာဖြင့် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသောအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက အသီးသီးထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ (င)အရ ဤအဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့လာရောက်လေ့လာကြတဲ့ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ **“ရှမ်းပြည်နယ်မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

အဆိုနှင့်ပတ်သက်ပြီး ယနေ့မှာ ဝိုင်းဝန်းဆွေးနွေး အကြံပြုထောက်ခံပေးကြတဲ့ ကိုယ်စားလှယ်များကိုလည်း အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ရဲ့ မြို့ပေါ်မှာရှိတဲ့ လူနေအိမ်၊ မြေကွက်များအပေါ် မြေငှားဂရန်သစ် လျှောက်ထား

လာပါက မြို့ပြမြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်ထားပြီးသော မြို့ရွာများတွင် မြို့ရွာ အင်္ဂါရပ်နှင့် အောက်ပါကိစ္စရပ်များအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီ ဂရန်၊ အငှားဂရန်၊ လိုင်စင်များချထားပေးပါသည်-

(က) လူနေထိုင်ရန် အတွက် လည်းကောင်း၊

( ခ) စက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်ရန် အတွက် လည်းကောင်း၊

( ဂ) အများပြည်သူအကျိုးငှာ အသုံးပြုရန် အတွက် လည်းကောင်း၊

(ဃ) အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အတွက် တို့ဖြစ်ပါသည်။

မြို့မြေများအား လူနေထိုင်ရန်အတွက်ဖြစ်စေ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ စည်ပင်သာယာရေး စသည့်ကိစ္စရပ်များအတွက် ငှားရမ်းသုံးစွဲ ခွင့်ကို အစိုးရမှစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေအား လိုင်စင်/ မြေငှား ဂရန်(မြေငှားစာချုပ်) ထုတ်ပေးနိုင်ရန်အတွက် မြို့မြေတိုင်းတာခြင်းမပြုမီ မြို့တစ်မြို့လုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ဖြစ်စေ၊ ရှေးဦးစွာ မြေပိုင်ဆိုင်ပုံနည်းလမ်းကို ဦးစွာစစ်ဆေးရပါတယ်။ ထိုသို့စစ်ဆေးပြီး နောက် မြို့မြေ/ ရွာမြေတိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ရန် စာရင်းမြေပုံများထူ ထောင်ရန်အတွက် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်ဥပဒေ (The Burma Boundary Act 1880)၏ ပုဒ်မ ၂ အရ နယ်နိမိတ် သတ်မှတ်ရေးအရာရှိ (Boundary Officer)နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)များခန့်အပ် တာဝန်ပေးအပ် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ထိုကဲ့သို့ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၊ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများက ပိုင်ဆိုင်ပုံနည်းလမ်းများကိုစစ်ဆေးခြင်း၊ မြေတိုင်းတာ ခြင်း၊ ဦးပိုင်အမှတ်များသတ်မှတ်ခြင်း၊ ဦးပိုင်တစ်ခုခြင်းအလိုက် အသုံးပြုသူစာရင်းပြုစုခြင်း များဆောင်ရွက်ပြီး မြေပုံထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။

ထိုသို့ပိုင်ဆိုင်ခွင့်စာရင်းများ၊ မြေပုံများထူထောင်ပြီးမှသာ မြေငှားဂရန်လျှောက်ထား လိုသူက မိမိဆန္ဒအရ သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီး ဌာနတွင် မြေစာရင်းပုံစံ (၁၀၅/ ၁၀၆)ရေးကူးရန်လျှောက်ထားပြီးတော့ သတ်မှတ်အခွန်အခ ကြေးငွေများကို ပေးသွင်းရပါတယ်။ ထိုမြေပုံရေးကူးပြီးပါက တံဆိပ်ခေါင်းကပ် ထားသော လျှောက်လွှာ၊ ရေးကူးထားသောမြေပုံ၊ အဆောက်အဦပုံစံနှင့် အခြားလိုအပ်သော စာရွက် စာတမ်းများ ပူးတွဲပြီး ကာယကံရှင်ကိုယ်တိုင် မိမိဆန္ဒသဘောအရ ကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး) ထံလျှောက်ထားရပါတယ်။

ကော်လိတ္တော်အရာရှိက လျှောက်လွှာကိုလက်ခံလျှင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး မြေငှားဂရန် (မြေငှားစာချုပ်)ကို လျှောက်ထားသူသို့ စာချုပ်ချုပ်ဆို ထုတ်ပေးပါတယ်။ မြေငှားဂရန်ထုတ်ပေးရာ၌ လျှောက်ထားသူအနေဖြင့် မြေခွန်ဒဏ်ကြေးများ ပေးဆောင်ရန်ရှိပါက ဒဏ်ကြေးပေးဆောင်စေပြီး မြေငှားဂရန်ကိုထုတ်ပေးပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့နယ်(၅၅)မြို့နယ်၊ မြို့(၈၉)မြို့၊ ရပ်ကွက်(၅၀၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၅၆၇)အုပ်စု၊ ကျေးရွာ(၁၄၂၅၁)ရွာရှိသည့်အနက် မြို့မြေများတွင် (၃၁၁)ရပ်ကွက်၊ ဧရိယာ (၅၆၅၅၀.၄၀) ဧကကွက်စိတ် တိုင်းတာဆောင်ရွက်ပြီးကြောင်းနှင့် ကျေးရွာမြေများတွင် (၁၇၉)ရွာ၊ ဧရိယာ(၉၈၁၃.၀၁)ဧကအား ကွက်စိတ်တိုင်းတာဆောင်ရွက်ပြီးဖြစ်ပါတယ်။

ကျေးရွာမြေများတွင် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ၂၀၁၅ ခုနှစ်တွင် ကျေးရွာပေါင်း(၄၇)ရွာ၊ ဧရိယာပေါင်း (၇၁၂၂.၆၀)ဧကကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း (၄၇) ရွာ၊ ဧရိယာပေါင်း (၆၄၂၄.၁၃)ဧကကိုလည်းကောင်း ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ခဲ့ပါတယ်။ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် မြို့နယ်(၅)မြို့နယ်ကို ၂၀၁၈ခုနှစ်တွင် ရပ်ကွက်ပေါင်း (၁၂)ရပ်ကွက်၊ ဧရိယာပေါင်း (၈၃၆၅.၀၀)ဧကကို တိုင်းတာဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြို့မြေမတိုင်းတာရသေးသည့် မြို့များအား မြေတိုင်းတာရေး ဆောင်ရွက်ရန်အတွက် ၂၀၁၈- ၂၀၁၉( ၆ လဘဏ္ဍာရေးနှစ်)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ကျပ်သန်း(၈၀)ဖြင့် တောင်ကြီးမြို့၊ အေးသာယာမြို့၊ ရွှေညောင်မြို့၊ မက်မန်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် ပုံပါကျင်မြို့နယ်များကို ကွက်စိပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးတော့ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သန်း(၁၀၀.၉၆) သန်းဖြင့် အင်တောမြို့၊ ပင်လောင်းမြို့နယ်၊ လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်၊ လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ ဟိုပန်မြို့နယ်၊ ချင်းရွှေဟော်မြို့များကို လျာထားပြီးဖြစ်ပါတယ်။ မြေငှားဂရန်ဆိုသည်မှာ ၁၈၈၉ခုနှစ်၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်လက်စွဲဥပဒေအရ ပြဌာန်းသည့် နည်းဥပဒေ ၃၈၊ ၅၁၊ ၅၁-က၊ ၆၃ နှင့် မြေငှားစာချုပ်ထုတ်ပေးရန် သတ်မှတ်ထားသည့် ပုံစံများအရ မြို့မြေ/ ကျေးရွာမြေများကို ကာယကံရှင်၏ သဘောဆန္ဒအရအသုံးပြုလိုသည့် နည်းလမ်းအတိုင်း နိုင်ငံတော်အစိုးရကိုယ်စား ကော်လိတ္တော်အရာရှိနှင့် လျှောက်ထားသူကာယကံရှင်တို့ နှစ်ဦးသဘောတူချုပ်ဆိုသည့် စာချုပ်တစ်ရပ်

ဖြစ်ပြီး ထိုသို့စာချုပ်ချုပ်ဆိုရာ၌ ကျသင့်သည့် အခွန်အခများ၊ ဒဏ်ကြေးငွေများကို ကာယကံရှင်မှပေးဆောင်ရပါတယ်။ သို့ဖြစ်ပါ၍ မြေငှားဂရန်အား ကာယကံရှင်၏ဆန္ဒအရသာ ထုတ်ပေးရသဖြင့် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးပါက ကာယကံရှင်၏ သဘောဆန္ဒနှင့် ကိုက်ညီမှုမရှိခြင်းများ၊ သတ်မှတ်ထားသည့် အခွန်အခများပေးဆောင်ရန်သာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွာမြေ/ မြို့မြေ စီမံခန့်ခွဲရေးသည် ဇယား ၁ (ပြည်ထောင်စု ဥပဒေပြုစာရင်း)တွင်ပါဝင်သဖြင့် မြို့မြေငှားဂရန်များကို စီမံချက်ဖြင့် ထုတ်ပေးမည်ဆိုပါက ကျေးရွာမြေငှားဂရန်များထုတ်ပေးသကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းသည့် အဆိုသည် အများပြည်သူအကျိုးအတွက် ပြည်နယ်၏ အခွန်ဘဏ္ဍာငွေရရှိရေးအတွက် အလွန်ကောင်းမွန်သောအဆို ဖြစ်သည်ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယုံကြည်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့်လည်း မြေတိုင်းတာခြင်း မပြုရသေးသည့်မြို့၊ ရပ်ကွက်များကို ဦးစားပေး အစီအစဉ်အလိုက် နှစ်စဉ်တိုင်းတာမြေပုံထုတ်ပြီး မြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ မြေတိုင်းတာပြီးသည့်မြို့၊ ရပ်ကွက်များတွင်လည်း ကာယကံရှင်များ၏ဆန္ဒအရ မြေငှားဂရန် လျှောက်ထားနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ကြေညာခြင်း၊ အသိပညာပေးခြင်းများကို တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပြီး မြေငှားဂရန် လျှောက်ထားလာသူများကိုလည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ မြန်မြန်ဆန်ဆန် ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားပါမည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တင်သွင်းသည့်အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်က ဤအဆိုနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်သင့်ကြောင်း အကြံပြုဆွေးနွေး သွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအားလုံး၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစေ

ကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့အဆိုနဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရလက်ရှိ တက်သစ်စမှာ ရက်(၁၀၀)စီမံကိန်းဖြင့် အချို့ကျေးရွာနှင့် ရပ်ကွက်တွေမှာ မြေငှားဂရန်ထုတ်ပေးတဲ့ စီမံချက်ချဆောင်ရွက်ခဲ့တာ ပြည်သူအတွက်များစွာ အထူးကျေးဇူး တင်ရှိပါတယ်။ ပြည်သူများအနေနဲ့ မိမိနေထိုင်တဲ့မြေကွက်နဲ့ မိမိပိုင်ဆိုင်တဲ့ မြေကွက်များအပေါ်မှာ ဂရန်မလိုချင်တဲ့ ပြည်သူမရှိပါဘူး။ အမှန်တကယ် လက်တွေ့အောက်ခြေ မြို့နယ်၊ ခရိုင်အဆင့်မှာ မြေငှားဂရန်လျှောက်ဖို့ ပြည်သူတွေဆောင်ရွက်တဲ့ နေရာမှာများစွာ အခက်အခဲရှိပါတယ်။ မလိုလားအပ်တဲ့ အဂတိတရားတွေလည်းများစွာရှိနေတာကို သတိပေး မီးမောင်းထိုးပြချင်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရရဲ့ ၂၀၁၇-၂၀၁၈နဲ့ ၂၀၁၈-၂၀၁၉မှာကော အစိုးရရဲ့ မျှော်မှန်းချက်မူဝါဒမှာဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအပြင် SME စီးပွားရေးလုပ်ငန်းရှင်များကို ကူညီဖို့ အမြဲလိုပါနေတာကို တွေ့ရပါတယ်။ လက်တွေ့မှာဆိုရင် SME စီးပွားရေး လုပ်ငန်းရှင်များကိုပံ့ပိုးကူညီဖို့ဆိုတာ အစိုးရအနေနဲ့ အချို့သောမြို့များမှာ SME စီးပွားရေးလုပ်ငန်းရုံးများကိုဖွင့်တယ်လို့ သိရပါတယ်။ ဒါပေမယ့် အောက်ခြေအမှန်တကယ်အလုပ်လုပ်တဲ့အခါ မြေငှားဂရန် မရွှေ့မပြောင်းနိုင်သော မြေငှားဂရန်မရှိဘဲနဲ့ SME၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကူအညီမရနိုင်ပါဘူး။ ဒါကကျွန်တော်တို့ အစိုးရဘဏ်မှာဘဲဖြစ်ဖြစ်၊ ပုဂ္ဂလိကဘဏ်မှာဖြစ်ဖြစ် ဂရန်အာမခံမထားဘဲနဲ့ ဘယ်ဘဏ်ကမှ ပံ့ပိုးကူညီမှုမရှိပါဘူး။ ဒါကြောင့်အစိုးရရဲ့ဖြစ်ချင်တဲ့ စီးပွားရေးပံ့ပိုးကူညီမှုဝါဒဟာ အမှန်တကယ်အလုပ်ဖြစ်စေချင်တယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်ပြည်သူတွေပိုင်ဆိုင်တဲ့ မြေတွေကို ဂရန်တွေထုတ်ပေးဖို့ လိုအပ်ပါတယ်။ အောက်မှာဆိုရင် ပြည်သူတွေက ဂရန်ရရှိဖို့အမြဲလိုလိုကြိုးစားပါတယ်။ အဂတိတရားများစွာရှိပါတယ်။သိန်းလေးငါးဆယ်ပေးပြီးမှ တရားမဝင်ရတာလည်းရှိပါတယ်။ ဒါကို ကျွန်တော်တို့က ကျော်ဖြတ်ချင်ပါတယ်။ ပြီးတော့မှ အဆိုရဲ့ အပိုဒ်(၄)မှာ အဓိကတင်သွင်းတာက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ မြေဂရန်ထုတ်ပေးနိုင်တဲ့ ရှမ်းပြည်နယ်မြို့များပေါ်ရှိ လူနေအိမ်မြေကွက်နှင့် မြေကွက်များကို ဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းနဲ့ စီမံချက်တစ်ရပ်နဲ့ ဆောင်ရွက်ပေးဖို့မှာ။ အကယ်၍ ခုနက မဘိမ်းမြို့နယ်လိုမျိုး ဥပမာပြပြီးတော့ ကွင်းဆင်းမတိုင်းတာရသေးတာတို့တော့ ကျွန်တော် မတောင်းဆိုပါဘူး။ ဥပဒေလုပ်ထုံးလုပ်နည်းအရ ထုတ်ပေးနိုင်တဲ့ မြေကွက်များကိုသာ တောင်းဆိုအဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ ပတ်သက်ပြီးတော့မှ (၁၂)ကြိမ်မြောက် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၂)ယောက်က ကြယ်ပွင့်ပြမေးခွန်းတွေ ဂရန်နဲ့ပတ်သက်ပြီးတော့မှ မေးမြန်းခဲ့တာရှိပါတယ်။ ဒါကြောင့် ဒါဟာပြည်သူတွေအတွက် အမှန်တကယ်လိုအပ်တဲ့ လိုအပ်ချက်

လည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးချင်တဲ့ဆန္ဒနဲ့အညီ တင်သွင်းတဲ့အဆိုကို ကျွန်တော် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို အတည်ပြုပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒ ခံယူလိုပါကြောင်း တင်ပြလာတာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မလို့ အဆိုနဲ့စပ်လျဉ်းပြီးတော့မှ လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဖို့အတွက် ဒီကနေ့ညနေပိုင်းမှာ အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေကို လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက စိစစ်ပြီးတော့မှ ထပ်မံတင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** (၁၄-၂-၂၀၁၈)ရက်နေ့ မွန်းလွဲပိုင်းအချိန် အစည်းအဝေးတက်ရောက်မှုမှာ ပျက်ကွက်တဲ့သူစုစုပေါင်း(၄)ဦး ပျက်ကွက်တာကို ထပ်မံတွေ့ရှိရပါတယ်။ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် နေ့တစ်ပိုင်းခွင့်တင်ထားပါတယ်။ ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် နေ့တစ်ပိုင်းခွင့်တင်ထားပါတယ်။ ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် နေ့တစ်ပိုင်းခွင့်တင်ထားပါတယ်။ ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် နေ့တစ်ပိုင်းခွင့် တင်ထားပါတယ်။ စုစုပေါင်း(၄)ဦး ဖြစ်ပါတယ်။ မနက်က ခွင့်တင်ပြထားတာ စုစုပေါင်း(၂၀)ဦးဖြစ်ပြီး မွန်းလွဲပိုင်းမှာ(၄)ဦး ပျက်ကွက်တဲ့အတွက် စုစုပေါင်း (၂၄)ဦးဖြစ်တဲ့အတွက် အစည်းအဝေးကို တက်ရောက်သူ စုစုပေါင်းမှာ (၁၁၇)ဦး ဖြစ်ပါကြောင်းနှင့် မနက်ပိုင်းနှင့် နေ့လည်ပိုင်း ပျက်ကွက်သူ ခွင့်(၂၄)ဦးအား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** စက်ခလုတ်သုံးပြီး ဆန္ဒပြုမှာဖြစ်တဲ့အတွက် စက်ကိုင်တဲ့အဖွဲ့က အဆင်သင့်ဖြစ်ရင်ပြောပေးပါ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆန္ဒမဲပေးဖို့အတွက် စက်ခလုတ်ကို အသုံးပြုပြီး လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဆန္ဒမဲပေး

နိုင်ကြပါပြီလို့ ကြေညာမှသာ စက်ခလုတ်ကို စတင်အသုံးပြုဖို့ သတိပြုစေလိုပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းသောအဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ကြားနေခလုတ်လည်း အသုံးပြုလို့ရပါတယ်။ ခလုတ်အဝါဖြစ်ပါတယ်။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံမဲ (၆၄)မဲ၊ ကြားနေမဲ(၃)မဲ၊ ကန့်ကွက်မဲ (၄၈)မဲ၊ မဲမပေးတာ (၂)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများသည့်အတွက် အဆိုသည် အတည်ဖြစ်ကြောင်းကြေညာပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်(တနင်္လာနေ့) နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (စတုတ္ထနေ့)မှတ်တမ်း

## ၁၃၈ဝပြည့်နှစ်၊ နတ်တော်လဆန်း ၁ဝ ရက်

## ၂ဝ၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

## [ တနင်္လာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁ဝ) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၁)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ( ၈၂.၂၇% )ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ကျင်းပပြု လုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇-၁၂-၂၀၁၈)ရက်နေ့ (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၃) ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၄) ဦးယောသပ်၊ လားဟူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၅) ဦးခွန်းအေးမောင်၊ ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၆) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၇) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၈) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၉) ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၀) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၁) ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၃)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၁၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၅)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၂၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမွန်းလိန်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူဧည့်သည်တော် များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မိုးနဲမြို့နယ်၌ လျှပ်စစ်ဦးစီးဌာန၏ ကိစ္စနှင့်ပတ်သက်ပြီး အကြောင်းအရာ၊ ရည်ညွှန်းချက်(၃)ချက်တို့ဖြင့် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ၁၂.၉.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ဘ-စ-၄/၃၃၅အရ လျှပ်စစ်ဓာတ်အားကောက်ခံရာတွင် စနစ်တကျ မှန်ကန်စွာ ကောက်ခံရေးဟာ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ အိမ်သုံးမီတာ (ရိုးရိုးမီတာ)များကို (၁) ယူနစ် (၇၅)ကျပ် ပေးဆောင်နေခြင်းကြောင့် ပြည်သူလူထုများ များစွာဆုံးရှုံးခဲ့ရပါတယ်။ ၅.၄.၂၀၁၇ ရက်နေ့ မိုးနဲမြို့နယ်၊ လွိုင်မြေရပ်ကွက်၊ ဝိဇ္ဇာရယ် ဘုန်းကြီးကျောင်းတွင် မိုးနဲမြို့နယ်လျှပ်စစ်မှူးမှ ကြီးမှူးကျင်းပပြုလုပ်သော အစည်းအဝေး တွင် အိမ်သုံးမီတာ (ရိုးရိုးမီတာ)ကို (၁)ယူနစ် (၃၅)ကျပ်ဖြင့် ပြန်လည်ပြောင်းလဲပြင်ဆင် သတ်မှတ်ရန် ရပ်မိရပ်ဖ၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ မြို့ပေါ် (၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး

နှင့် ပြည်သူလူထုများ၊ အစည်းအဝေးတက်ရောက်သူအားလုံး (၁၅၅)ယောက်ဖြင့် လက်မှတ်ရေးထိုးအတည်ပြုခဲ့ကြတယ်။

အစည်းအဝေးဆုံးဖြတ်ချက်အရ ၆.၄.၂၀၁၇ ရက်နေ့မှစပြီး အိမ်သုံးမီတာ (ရိုးရိုးမီတာ) ကို (၁)ယူနစ် (၃၅)ကျပ်၊ လုပ်ငန်းရှင် Power မီတာကို (၁)ယူနစ် (၇၅)ကျပ်ဖြင့် စတင်ပေးဆောင်ခဲ့ရတယ်။ ၁၀.၄.၂၀၁၇ ရက်နေ့ရောက်တော့ (၁)ယူနစ် (၇၅)ကျပ်ကို (၅)လအတွက် တစ်ပေါင်းတည်း ပြန်လည်ကောက်ခံခဲ့သည်ကို သိရှိခဲ့ရပါတယ်။ ရည်ညွှန်းချက်(၂)အရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ် ၂၁.၂.၂၀၁၇ ရက်နေ့ ၆၆/၁၁ ကေဗွီ မိုးနဲခွဲရုံမှ မောက်မယ်မြို့သို့ ဓာတ်အားပေးသော ၁၁ကေဗွီ ဓာတ်အားလိုင်းတွင် ဓာတ်လိုက်၍ သေဆုံးသွားသော စိုင်းစိုးပြည့်ဝင်း ကိစ္စနှင့်ပတ်သက်၍ ခုံအဖွဲ့စစ်ဆေးခဲ့ခြင်းနှင့် ဝန်ကြီးဌာနမှ အပြစ်ပေးအရေးယူခဲ့ခြင်းများအပေါ် အမှုမှန်ပေါ်ပေါက်စေရေးအတွက် ပြန်လည်စိစစ်ပြီး ဖြေရှင်းဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းပြီး ညွှန်ကြားချက်အရ မြို့မှူး/ မြို့ယာရုံးများတွင် ပြင်ပပုဂ္ဂိုလ်များအား လုပ်အားပေးစေခိုင်းခြင်းမပြုရဟု ဦး/မှူး ရုံးမှညွှန်ကြားထားသည်ဟု သိရှိရပါတယ်။ သို့ဖြစ်ပါ၍ သေဆုံးသူ စိုင်းစိုးပြည့်ဝင်းသည် လျှစ်စစ်လုပ်ငန်းလုပ်ကိုင်ခြင်းအပေါ် ဓာတ်လိုက်မှုဖြစ်စဉ်တွင် ထိန်ချန်ထားကြောင်းတွေ့ရှိရပါတယ်။

စွဲချက်ပုံစံဖြင့် စစ်ဆေးရာတွင် စွဲချက် C-Phase ဓာတ်အားကြိုးအား Binding တုပ်ရန် မြေပြင်မှ လှမ်းကိုင်စဉ်ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဆိုသည့်အချက်တွင် ပေ(၃၀)ကျော်မြင့်သည့် (၁၀)မီတာ ကွန်ကရစ်တိုင်ကို မြေပြင်မှလှမ်း Binding တုပ်ယူသည့် အနေအထားဖြစ်နေပါတယ်။ အဆိုပါဖြစ်နိုင်ချေမရှိသည့်အချက်များအား စစ်ဆေးခြင်းမရှိခြင်းအားဖြင့် သေဆုံးသူ လုပ်အားပေးစစ်ဆေးရေးအဖွဲ့မှ ဖော်ထုတ်စစ်ဆေးခြင်းအချက်ကို ဖျောက်ဖျက်ရန် စစ်ဆေးခဲ့သည်မှာ ထင်ရှားပါတယ်။

ဦး/မှူး (ဓာတ်/ဖြန့်) ရုံး၏ ၃၀.၁၁.၂၀၁၆ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၆၇၉၅/၀ထ-၁ (ဈ)ညကခ-၃/၂၀၁၆ အရ ဦးသိန်းထိုက်ဦးအား ခေတ္တတွဲဖက် တာဝန်ချထားခြင်းသည် မည်သူ့တွင်တာဝန်ရှိပါသနည်း။ လုပ်အားပေးတစ်ဦးအား ကျွမ်းကျင်-၃ ဝန်ထမ်းတစ်ဦးက စေခိုင်းခဲ့ရာတွင်လည်း လိုင်းအား 3-Phase စလုံး Earth ချပြီးမှသာ ဆောင်ရွက်ရမည်ဟု ဌာနမှညွှန်ကြားထားသော်လည်း ကျွမ်းကျင်-၃မှ လိုင်းအား အလွတ်စေခိုင်းခြင်း လုပ်အားပေးသည့် ပြင်ပပုဂ္ဂိုလ်ဖြင့် လျှပ်စစ်အသိ၊ သတိ၊ ညွှန်ကြားချက်များအား မသိရှိခြင်းတို့ကြောင့်လည်း ဓာတ်လိုက်သေဆုံးရပါတယ်။ စစ်ဆေးရေးအဖွဲ့မှလည်း ဦးသိန်းထိုက်ဦးအား အပေါ်ယံစစ်ဆေးထားသောကြောင့် အရေးယူမှုတွင် ပါဝင်ခဲ့ခြင်းမရှိပါ။ မိုးနဲမြို့/မှူးအနေဖြင့် ကြေးနန်းတင်ရာတွင် ခွဲရုံမှူးနှင့် တိုင်ပင်မှုမရှိခြင်း၊ အမှုဖြစ်သည့် မြေပြင်သို့

လည်း ချက်ချင်းရောက်ရှိခြင်း မရှိဘဲ ဦးသိန်းထိုက်ဦး၏ တင်ပြချက်အရဖြင့်သာ တစ်ဖက်သတ်ကြေးနန်းပေးပို့ခဲ့ပါတယ်။ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် ဦးသိန်းထိုက်ဦးတို့သည် အပြစ်မှလွတ်ရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားလှပါတယ်။

ရည်ညွှန်းချက် (၃) ၂၄.၄.၂၀၁၈ ရက်နေ့စာအရ အငယ်တန်းအင်ဂျင်နီယာ -၂ (လျှပ်/စက်)ဦးစောအောင်ကိုဦး (၃၀၈၄၈၉)အား မိုးနဲမြို့ဓာတ်အားခွဲရုံသို့ စေလွှတ်ပေးပါရန် ကိစ္စနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ဦးစောအောင်ကိုဦးဟာ ၂၀၁၄ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့ရသည်ဟု ကြားသိရပြီး (၄)နှစ်လုံးလုံး ဓာတ်အားခွဲရုံသို့မရောက်ရှိဘဲ လစာနှင့် ဒေသစရိတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးကပဲ ထုတ်ပေးသည်ဟုသိရပါတယ်။

ထို့ကြောင့် (၄)နှစ်လုံးလုံးတာဝန်ထမ်းဆောင်ခြင်းမရှိဘဲ ၁၉.၂.၂၀၁၈ ရက်နေ့တွင် အငယ်တန်းအင်ဂျင်နီယာ SAE အဆင့်သို့ ရာထူးတိုးသွားသည်ဟု ကြားသိရပါတယ်။ ရာထူးတိုးချိန်အတွင်းမှာလည်း ၁၉.၂.၂၀၁၈ ရက်နေ့မှ မိုးနဲမြို့သို့ရောက်ရှိလာခဲ့ပါတယ်။ မေးမြန်းလိုသည်မှာ အထက်ပါတင်ပြထားသော လျှစ်စစ်ဆိုင်ရာဝန်ထမ်းများနှင့်ပတ်သက်သော ကိစ္စများ အမှုမှန်ပေါ်ပေါက်စေရေးအတွက် ဌာနချင်းခုံအဖွဲ့များ စစ်ဆေးခြင်းမပြုဘဲ လွှတ်တော်(သို့) အထူးစုံစမ်းစစ်ဆေးရေးဖွဲ့ပြီး စိစစ်နိုင်ရန်အစီအစဉ်ရှိ/ မရှိ၊ ၎င်းကိစ္စနှင့် ပတ်သက်သော အမှုများစတင်စစ်ဆေးရာတွင် ပွင့်လင်းမြင်သာမှုရှိစေပြီး အများလူထု ရှေ့မှောက်တွင် စစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိ၊ နိုင်ငံတော် ရေရှည်အကျိုးကိုကြည့်ပြီး အမှုမှန်ပေါ်ပေါက်စေရေးအတွက် တိုင်ကြားသော ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူလူထုများ တို့ကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ထားကြောင်း ပြည်သူလူထုကိုယ်စား လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှစ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှစ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးပဲမင်္ဂလာပါ။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနှင့်တကွ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး၊ လေ့လာသူများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း၊ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး

တာဝန်ယူထားသော စိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ယခု မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းမွန်းလိန် မေးမြန်းတဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၌ ၂၁.၂.၂၀၁၇ ရက်နေ့မှာ ၆၆/ ၁၁ကေဗွီ မိုးနဲခွဲရုံမှ မောက်မယ်မြို့သို့ ဓာတ်အားပေးသော ၁၁ ကေဗွီဓာတ်အားလိုင်းတွင် ဓာတ်လိုက်ပြီးသေဆုံး သွားသော စိုင်းစိုးပြည့်ဝင်း ကိစ္စနှင့်ပတ်သက်ပြီး စုံခုံအဖွဲ့စစ်ဆေးခဲ့ခြင်းနှင့် ဝန်ကြီးဌာနမှ အပြစ်ပေးအရေးယူခဲ့ခြင်းများအပေါ် အမှုမှန်ပေါ်ပေါက်စေရေးအတွက် ပြန်လည်စိစစ်ပြီး ဖြေရှင်းဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်း၍ မေးခွန်း(က)အရ အထက်ပါတင်ပြထားသော လျှပ်စစ်ဆိုင်ရာ ဝန်ထမ်းများနှင့် ပတ်သက်သောကိစ္စများ အမှုမှန်ပေါ်ပေါက်စေရေးအတွက် ဌာနချင်းစုံခုံအဖွဲ့ များစစ်ဆေးခြင်းမပြုဘဲ လွှတ်တော် သို့မဟုတ် အထူးစုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့ပြီး စိစစ်နိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်ပတ်သက်၍ဖြေကြားသွားမှာဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်း မိုးနဲ ၆၆/ ၁၁ ကေဗွီခွဲရုံးမှ မောက်မယ်မြို့သို့ ဓာတ်အားပို့လွှတ်ထားသော ၁၁ကေဗွီဓာတ်အားလိုင်းတွင် ဓာတ်လိုက်သေဆုံးခဲ့သော စိုင်းစိုးပြည့်ဝင်း (၂၅)နှစ် သေဆုံးခြင်းကိစ္စနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၂.၂.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၈၂၉/ ဝထ -၃ (စ)/ ၂၀၁၇ဖြင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ အမှုမှန်ပေါ်ပေါက်စေရေး အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ပါတယ်။ ဓာတ်လိုက်သေဆုံးမှုတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် လွှတ်တော် သို့မဟုတ် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစိစစ်ရန် အစီအစဉ်မရှိပါ။

မေခွန်းခွန်း(ခ)အရ အဆိုပါဓာတ်လိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဌာနဆိုင်ရာ စုံစမ်း စစ်ဆေးရေးအဖွဲ့၏ ဖော်ထုတ်တင်ပြမှု အစီရင်ခံစာအရ တာဝန်ရှိသူ ဓာတ်အားခွဲရုံမှူးနှင့် လိုင်းဝန်ထမ်းတို့အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၏ ၂၀.၆.၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၁၇) နှင့် ၁၄.၆.၂၀၁၇ ရက်စွဲပါရုံးအမိန့်စာအမှတ် (၃၆၂/ဝထ-၄)အရ ရုံခွဲမှူးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း ပြစ်ဒဏ်နှင့် လိုင်းဝန်ထမ်းအား ရာထူးတစ်ဆင့်လျှော့ချခြင်း ပြစ်ဒဏ်များဖြင့် အရေးယူ ဆောင်ရွက်ခဲ့ခြင်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း(၁၈)အတိုင်း အရေးယူဆောင်ရွက် ခဲ့သဖြင့် လူထုရှေ့မှောက်တွင် စစ်ဆေးပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် မေးခွန်း(ဂ)တွင် နိုင်ငံတော်ရေရှည်အကျိုးကို ကြည့်ပြီးအမှုမှန် ပေါ်ပေါက်စေရေးအတွက် တိုင်ကြားသော ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူလူထုများကို မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ထားသည်ကို သိရှိလိုပါတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး နိုင်ငံတော်ရေရှည်အကျိုးကိုကြည့်ပြီး အမှုမှန်

ပေါ်ပေါက်စေရေး တိုင်ကြားသော ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူလူထုများ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈)၊ ပုဒ်မ ၃၄၇ တွင် ဖွင့်ဆိုထားပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** ဆက်လက်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းနံပါတ်(၂)ကတော့ မိုးနဲဒေသကို စတင်တည်ထောင်ထားသော ကာလမှာ ဘီစီ(၅၀၀)ဖြစ်ပြီး ပထမမိုးနဲမြို့၊ ဒုတိယမိုးနဲမြို့၊ တတိယမိုးနဲမြို့ ဟူ၍နေရာသုံးနေရာဖြင့် ရွှေ့ပြောင်းတည်ထောင်ထားသော မြို့တစ်မြို့ဖြစ်ပါတယ်။ မိုးနဲမြို့ သမိုင်းကိုလည်း ပြုစုထားပြီးဖြစ်ပါတယ်။ မိုးနဲမြို့ သမိုင်းမှတ်တမ်းအရ ရှေးစာပေပုရပိုက်များတွင် ခေတ်ဟောင်းရှမ်းစာနှင့်ပြုစုရေးသားထားသော မိုးနဲမြို့ရာဇဝင်မှာ ဒဏ္ဍာရီဆန်သော အဖြစ်အပျက်များနှင့် ရောထွေးနေပြီး ဒေဝီ(၁၂)ပါးနှင့် ဆက်စပ်ပတ်သက်နေသော သမိုင်းရာဇဝင် ဖြစ်ပါတယ်။ ယခုရေးသားဖော်ပြအပ်သော မိုးနဲမြို့သမိုင်းမှာ ယင်းဒဏ္ဍာရီဆန်သော သမိုင်းကို ချန်လှပ်၍ စုဆောင်းရရှိသမျှသော မှတ်တမ်းအချက်အလက်များကို အခြေခံပြီး ပြုစုရေးသားထားသော သမိုင်းဖြစ်ပါတယ်။

မိုးနဲမြို့နယ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း (၇၄၈.၅၈) ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၃၁၇၉) ရှိပါတယ်။ အစဉ်အလာမှတ်တမ်းများအရ မိုးနဲမြို့ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ် (၄၀)ပြည့်၊ ဘီစီ(၅၀၀) ခုနှစ်တွင် စဝ်ကျော ဟုအမည်ရသောသူသည် တပေါင်းလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်တစ်ချက်တီးအချိန်တွင် နောက်လိုက်နောက်ပါ လူအင်အား(၃၀၀) နှင့် စတင်တည်ထောင်သည်ဟု ဆိုပါတယ်။ စတင်တည်ထောင်သော မိုးနဲမြို့၏ အကျယ်အဝန်းမှာ အရှေ့အနောက်တာ (၄၅၀)၊ တောင်မြောက်တာ (၄၅၀)ရှိသည်ဟု ဆိုတယ်။ မြို့ရိုးအမြင့် (၁၀)တောင်၊ မြို့ရိုးအထုထု(၅) တောင်နှင့် မြို့ရိုးအုတ်မြစ်(၂)တောင်၊ ကျုံးအကျယ်တောင်(၃၀)နှင့် ကျုံးအနက်(၉)တောင်ရှိကြောင်းကိုလည်း မှတ်တမ်းတင်ထားပါသည်။ မြို့တံခါး (၆)ပေါက်ထားရှိပြီး ဗိုလ်ထူ (၆၀)၊ ဆင် (၁၀)ကောင်၊ မြင်းအကောင် (၅၀၀)ဖြင့် စဝ်ကျောမှ တပ်စတင်ဖွဲ့စည်းကြောင်း ဖော်ပြထားပါတယ်။ နောက်ပိုင်းတွင် မိုးနဲ၏ နယ်မှာ တဖြည်းဖြည်းကျယ်ဝန်းလာပြီး အရှေ့ဘက်တွင် သံလွင်မြစ်အထိ၊ အနောက်ဘက်တွင် မိုင်းစိတ်နယ်နှင့် မိုင်းပွန်နယ်၊ တောင်ဘက်တွင်မိုင်းပန်နှင့် မောက်မယ်နယ်၊

မြောက်ဘက်တွင် လဲချားနယ်နှင့် ကျိုင်းခမ်းနယ်များအထိ ကျယ်ဝန်းကြောင်း ဖော်ပြထားပါတယ်။ မိုးနဲမြို့အတွင်းတွင်လည်း စေတီတော်(၄)ဆူနှင့် ဘုန်းတော်ကြီး ကျောင်း(၈) ကျောင်းတည်ထားကိုးကွယ်ကြောင်းပါရှိပါတယ်။ သို့ဖြစ်ပါ၍ စဝ်ကျော်သည် လွတ်လပ်သော မိုးနဲနယ်ပယ်ဒေသ၏ပထမဆုံးသောမင်းဆက်ဖြစ်ခဲ့ပါတယ်။TWENTIETH CENTURY IMPRESSONS OF BURMA စာအုပ်တွင် စာရေးဆရာကြီး Arnold Wright ရေးသားပြုစုထားပါတယ်။

မိုးနဲမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း (၄၄)ကျောင်းရှိပြီး၊ အဓိကစေတီ (၄၇)ဆူ အပါအဝင် စေတီအဆူပေါင်း (၄၁၂)ဆူ တည်ရှိပါတယ်။ ထိုစေတီများသည် ခေတ်အဆက်ဆက်က မိုးနဲကိုအုပ်ချုပ်သော စော်ဘွားများတည်ဆောက်လှူဒါန်း ခဲ့သော စေတီများဖြစ်ကြပြီး၊ အချို့စေတီများကို ပြန်လည်ပြုပြင်မွမ်းမံထားသော်လည်း ပြုပြင်မွမ်းမံမှုမရှိဘဲ နဂိုအနေအထားအတိုင်းရှိနေသော စေတီများ၊ ပြိုကျပျက်စီးနေသော စေတီများစွာကို ယနေ့တိုင်ဖူးတွေ့နိုင်ပါတယ်။ ဝန်ကြီးဌာန၏ မူဝါဒများဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ယခုအစိုးရသစ်တာဝန်ယူသည့် အချိန်မှစ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ (၆)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေး၊ ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားအားလုံးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကဏ္ဍ တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက် လာစေရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းချုပ်ဆိုထားသော သဘောတူစာချုပ်များကို နိုင်ငံ၏အကျိုးစီးပွားနှင့်ယှဉ်၍ တတ်စွမ်းသမျှ အကောင်ထည်ဖော် ဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ပါဝင်ဖြည့်ဆည်း အကျိုးပြုရေး၊ ရေရှည်တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိသော တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးဆိုသည့် အချက်တို့ဖြင့် မိုးနဲမြို့ကိုလည်း ရှေးဟောင်းသမိုင်းမြို့အဖြစ် အသိအမှတ်ပြုပေးခြင်းနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော မြို့အဖြစ် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးကို မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့အနေနဲ့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးနဲမြို့နယ်အား ရှေးဟောင်းသမိုင်းဝင်မြို့အဖြစ် သတ်မှတ်ပေးရေးနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့် ပျူမြို့ဟောင်း (၃)မြို့အား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ပုဂံမြို့ဟောင်းနှင့် မြောက်ဦးမြို့ဟောင်း (၂)မြို့အား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသော်လည်း အခြားမည်သည့် ရှေးဟောင်းမြို့ကိုမှ “ရှေးဟောင်းသမိုင်းဝင်မြို့”အဖြစ် သတ်မှတ်ဆောင်ရွက် ပေးခြင်းမရှိပါသဖြင့် မိုးနဲမြို့အား ရှေးဟောင်းသမိုင်းဝင်မြို့အဖြစ် သတ်မှတ်ပေးပါရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

မိုးနဲမြို့အား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော မြို့ဖြစ်ပေါ်ရေးနှင့်ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့သည် ၁၉.၉.၂၀၁၈ ရက်နေ့တွင် မိုးနဲမြို့သို့သွားရောက်ခဲ့ပြီး မြေပြင်ကွင်းဆင်းစိစစ်ခဲ့ရာ စိစစ်ချက်များအရ မိုးနဲမြို့အား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော မြို့ သို့မဟုတ် ခရီးစဉ် ဒေသသစ်အဖြစ် ဆောင်ရွက်ရန်အတွက် အောက်ပါအချက်များ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

(က) လက်ရှိတည်းခိုခန်းများသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသဖြင့် တည်းခိုခန်းများအား အဆင့်မြှင့်တင် ခြင်းဆောင်ရွက်ရန်။

(ခ) လာရောက်လည်ပတ်သော ဧည့်သည်များအား ဝန်ဆောင်မှုပြည့်ဝစွာပေးနိုင်ရန် အတွက် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းနှင့်ဒေသတွင်း လိုက်လံ ရှင်းလင်းပြသနိုင်မည့် ဒေသခံလူငယ်များအား ဒေသဆိုင်ရာဧည့်လမ်းညွှန် သင်တန်းများ တက်ရောက်နိုင်ရေး ဆောင်ရွက်ရန်။

(ဂ) မိုးနဲမြို့ရှိ သွားရောက်လည်ပတ်နိုင်သော စေတီပုထိုးများ၊ ရှေးဟောင်း ဘုန်းတော်ကြီးကျောင်း၊ အင်းများ၊ ဂူများစသည်တို့၏ နေရာတစ်ခုချင်းစီ၏ သမိုင်းကြောင်းများ၊ ရာဇဝင်များကို ပြုစုဆောင်ရွက်ရန်။

(ဃ) မြို့အတွင်းရှိသွားလာလည်ပတ်ရန် နေရာများရှိ ဆိုင်းဘုတ်များ၊ ကမ္ပည်းများ တွင် ရှမ်းဘာသာဖြင့် ရေးသားထားသဖြင့် မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် လည်း ရေးသားနိုင်ရေးဆောင်ရွက်ရန်။

(င) မိုးနဲမြို့အတွင်းရှိ ခရီးသွားများအတွက် အမှတ်တရပစ္စည်းများ ဝယ်ယူနိုင်ရန် အတွက် ဒေသထွက်လက်မှုလုပ်ငန်း လုပ်ကိုင်သူများအား လိုအပ်သော မွမ်းမံ သင်တန်းများပေးရန်။

(စ) မိုးနဲမြို့ခရီးစဉ်ဒေသအတွက် ဧည့်သည်များလာရောက်ရေး ခရီးသွားကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သော FAM Trip ဖိတ်ကြားရေးဆောင်ရွက်ရန်။

(ဆ) FAM Trip စေလွှတ်ပြီးမှသာ ခရီးစဉ်ဒေသအား စတင်ရောင်းချဆောင်ရွက် ရန်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ်သည် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ၂၆.၁၂.၂၀၁၈ ရက်စွဲ ပါစာအမှတ်၊ ၁၀၀၂(၃)/၁၁၀/ဦး ၁ အရ နိုင်ငံခြားသားခရီးသွားဧည့်သည်များအား မြို့ပေါ် တွင်သာခွင့်ပြုပြီး မြို့နယ်အတွင်းသို့ သွားရောက်လည်ပတ်ရာတွင် ခွင့်ပြုချက်တောင်းခံရမည့် နယ်မြေတွင်ပါဝင်နေသဖြင့် ဧည့်သည်များလွယ်ကူစွာလည်ပတ်နိုင်ရန်အတွက် ကန့်သတ် နယ်မြေများဖြေလျှော့ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ထို့အပြင်နိုင်ငံခြားသား ခရီးသွား ဧည့်သည်များအား တောင်ကြီး- ကျိုင်းတုံလမ်းတစ်လျှောက်တွင် ဟိုပုံးမြို့နယ်အထိသာ သွားလာခွင့်ပြုပြီး ၎င်းထက်ကျော်လွန်သွားလာလိုပါက ပြည်ထောင်စုအဆင့်အထိ ခွင့်ပြုချက် တောင်းခံနေရသဖြင့် ဖြေလျှော့ပေးရန်လိုအပ်မည်ဖြစ်ပါတယ်။ သို့မှသာ ခရီးသွားများ အလွယ်တကူသွားလာနိုင်မည်ဖြစ်ပါတယ်။ အထက်ပါဖြေလျှော့ရန် လိုအပ်ချက် (၂)ခုမှာ မိုးနဲမြို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးသော အချက်များဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုးနဲမြို့အား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော မြို့အဖြစ်ဆောင်ရွက် နိုင်ရန် အထက်တွင်ဖော်ပြထားခဲ့သော အချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာလျှင် နိုင်ငံခြားသားခရီးသွား ဧည့်သည်များအတွက် အဆင်ပြေချောမွေ့မှုရှိနိုင်မည်ဖြစ်ပြီး မိုးနဲမြို့ ၏ ခရီးသွားလုပ်ငန်းလည်း စနစ်တကျဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒီကနေ့ မေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးတွင် အသက်ထင်ရှားနေထိုင်လျက်ရှိသော အသက် (၈၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား/မ မည်မျှရှိပြီး ၎င်းတို့၏ကျန်းမာရေး၊ စားဝတ်နေရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးနေကြောင်းနှင့် မည်သည့်မြို့နယ်များတွင် လူအိုရုံရှိပြီး၊ လူအိုမည်မျှရှိကြောင်းနှင့် လူအိုရုံမရှိသော မြို့နယ်များတွင် လူအိုရုံပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါက်တာ အောင်သန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးတွင် သက်ရှိထင်ရှားနေထိုင်လျက်ရှိသော အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား/ မ မည်မျှရှိပြီး ၎င်းတို့၏ကျန်းမာရေး၊ စားဝတ်နေရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးနေကြောင်းနှင့် မည်သည့်မြို့နယ်များတွင် လူအိုရုံရှိပြီး၊ လူအိုမည်မျှရှိကြောင်းနှင့် လူအိုရုံမရှိသော မြို့နယ်များတွင် လူအိုရုံပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဘိုးဘွားရိပ်သာများဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရှမ်းရိုးမဘိုးဘွားရိပ်သာ(တောင်ကြီးမြို့)၊ သုခကာရီ ဘိုးဘွားရိပ်သာ(ရပ်စောက်မြို့)၊ ခနဲမြေ

ဘိုးဘွားရိပ်သာ(ပင်းတယမြို့)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဆင်းရှေလီ ဘိုးဘွားရိပ်သာ (လားရှိုးမြို့)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ကျိုင်းတုံဘိုးဘွားရိပ်သာ (ကျိုင်းတုံမြို့)၊ တာချီလိတ်ဘိုးဘွားရိပ်သာ (တာချီလိတ်မြို့)၊ စုစုပေါင်း ရှမ်းပြည်နယ်အတွင်း ဘိုးဘွားရိပ်သာ (၆)ခုထားရှိလျက်ရှိပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အသက်(၈၅)နှစ်အထက် ဘိုးဘွား ဦးရေမှာ အဘိုး(၁၁၁၆)ဦး၊ အဘွား(၂၂၅၅)ဦး၊ စုစုပေါင်း (၃၃၇၁)ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ (၈၅)နှစ်အထက် ဘိုးဘွားဦးရေမှာ အဘိုး(၃၀၄)ဦး၊ အဘွား(၅၀၆)ဦး၊ စုစုပေါင်း (၈၁၀)ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ (၈၅)နှစ် အထက် ဘိုးဘွားဦးရေမှာ အဘိုး(၉၀၀)ဦး၊ အဘွား(၁၉၅၉)ဦး၊ စုစုပေါင်း (၂၈၅၉)ဦးတို့အား လူမှုရေးပင်စင် တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ အသက်(၈၀)နှစ်အထက် ဘိုးဘွားများအား နိုင်ငံတော်မှ လူမှုရေးပင်စင်ထောက်ပံ့ပေးမည့် အစီအစဉ်မရှိသေးသဖြင့် ကွင်းဆင်းဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဘိုးဘွားများစောင့်ရှောက်ရန်အတွက်**

(က) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအနေဖြင့် ရပ်ရွာများရှိ သက်ကြီးရွယ်အိုများ၏ ဘဝနေထိုင်မှုပိုမိုကောင်းမွန်စေရန်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။(OPSHGs)

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဘိုးဘွားများပါဝင်ဆောင်ရွက်နေမှု။ ( Rual Development for Ageing)

(ဂ) နေရာတိုင်းတွင်ဘိုးဘွားရိပ်သာဖွင့်လှစ်ရန်မလိုအပ်ဘဲနေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ ( Day Care Center)လိုအပ်ကြောင်း။

(ဃ) မြန်မာနိုင်ငံအနေဖြင့် မိသားစုဝင်များအချင်းချင်း ဝိုင်းဝန်းကူညီစောင့်ရှောက် ပေးခြင်း( Extended Family System)တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိနေ ပါသည်။

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၏ ရည်ရွယ်ချက်များဖြစ်သည့်**

(က) သက်ကြီးရွယ်အိုများကို ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု မြှင့်တင်ရန်နှင့် လိုအပ်သည့်နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများ ပေးရန်။

(ခ) နိုင်ငံတော်နှင့်စေတနာရှင်များက သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများအား ဆောင်ရွက်နေသော ဝင်ငွေရလုပ်ငန်းများကို တိုက်တွန်းအားပေးခြင်းဖြင့် လည်းကောင်း၊ သက်ကြီးရွယ်အိုများကို ဝင်ငွေ ပုံမှန်ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်။

(ဂ) သက်ကြီးရွယ်အိုများသည် မိမိကိုယ်မိမိစောင့်ရှောက်မှု၊ မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုများအား လုံလောက်စွာရရှိစေရန်။

(ဃ) စောင့်ရှောက်မည့်သူမရှိသည့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအတွက် ၎င်းတို့ဆန္ဒနှင့်အညီ ဘိုးဘွားရိပ်သာများတွင်နားခို စောင့်ရှောက်မှုပေးနိုင်ရန်။

(င) အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့များကို တိုးမြှင့်ဖွဲ့စည်းခြင်းဖြင့် လူမှုရေးနှင့်ရပ်ရေးရွာရေးများတွင် သက်ကြီးရွယ်အိုများပါဝင်ဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန်။

(စ) အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်များတွင် သက်ကြီးရွယ်အိုများ လွယ်ကူစွာရရှိနိုင်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရန်။

(ဆ) လှုပ်ရှားသွားလာနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် စျေးနှုန်းသက်သာ၍လွယ်ကူစွာအသုံးပြုနိုင်သော အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးနိုင်ရန်။

(ဇ) သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်ကာလနှင့် ပြန်လည်ထူထောင်ရေးကာလများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကယ်ဆယ်ရေးစခန်းများစီစဉ်ပံ့ပိုးရာတွင် သက်ကြီးရွယ်အိုများအတွက် အထူးအလေးထား ဆောင်ရွက်ရန်။

(ဈ) သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအား ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဆက်လက်၍လည်း နည်းဥပဒေပေါ်ထွက်လာရေးအပိုင်း စီစဉ်ဆောင်ရွက်လျက်ရှိနေပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ မိုင်းနှုန်းကျေးရွာအုပ်စု၊ ပါကန်ကျေးရွာမှ ယန်းလုံကျေးရွာ၊ နမ့်နှုန်းချောင်းတံတားထိပ်ထိ ကျေးရွာချင်းဆက်လမ်းမြေသားလမ်း(၂)ဖာလုံခန့်အား ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် ပျက်စီးနေသော နမ့်နှုန်းချောင်းသစ်သားတံတား (၁၅ × ၁၅) ပေကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ခုနှစ် RE တွင်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ် BE တွင်လည်းကောင်း ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းလိုခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်တွင် ပါဝင်သောမြို့နယ်တစ်မြို့နယ်ဖြစ်၍ အခြားသော မြို့နယ်များထက် ဖွံ့ဖြိုးမှုနောက်ကျသောမြို့ဖြစ်ပြီး လိုအပ်ချက်များ၊ ဖြည့်ဆည်းချက်များ အများကြီးဆက်လက်ဖြည့်ဆည်းပေးရန် လိုအပ်နေပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်များဖြစ်သော ပြည်သူများအားလုံး စားဝတ်နေရေးလူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးနှင့် ဆင်းရဲချမ်းသာကွာဟမှု လျော့ပါးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး၊ လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်အတွင်းလူမှုစီးပွားစဉ်ဆက်မပြတ် စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တစ်ပြေးညီဆောင်ရွက်ပေးမှသာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းနှုန်းကျေးရွာအုပ်စု၊ ပါကန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတစ်ခုရှိပါတယ်။ အဆိုပါ အခြေခံပညာမူလတန်းကျောင်းသို့ အနီးအနားပတ်ဝန်းကျင်ကျေးရွာမှ ကျောင်းသူ/ ကျောင်းသားများလာရောက်ကျောင်းတက်ရပါတယ်။ အထူးသဖြင့် ယန်းကျန့်ကျေးရွာနှင့် ယန်းလုံကျေးရွာမှကလေးများ

ကျောင်းသွားသည့် ကျေးရွာချင်းဆက်လမ်းသည် မိုးရာသီတွင် လမ်းများဆိုးရွားပြီး လမ်းမကောင်းပါသဖြင့် ကလေးများကျောင်းသွားရန် အဟန့်အတားတစ်ခုဖြစ်ရပါတယ်။ ၎င်းအပြင် ကျေးရွာမှထွက်ရှိသော ကောက်ပဲသီးနှံများ၊ ပြောင်းဖူးများ တင်ပို့ရောင်းချရာတွင်လည်း ၎င်းလမ်းကို အားထားပြီး အသုံးပြုကြသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် အဆိုပါ လမ်းနှင့် တံတားများကို အဆင့်မြှင့်တင်ပေးလျှင် ကျေးရွာနေပြည်သူလူထုအတွက် အကျိုးကျေးဇူးများစွာခံစားရမည် ဖြစ်ပါသောကြောင့် အောက်ပါမေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်-

မိုင်းခတ်မြို့နယ်၊ မိုင်းနူန်းကျေးရွာအုပ်စု၊ ပါကန်ကျေးရွာမှ ယန်းလုံကျေးရွာ သစ်သားတံတားထိပ်ထိ မြေသားလမ်း (၂)ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် ခင်းပေးရန်အတွက် ၂၀၁၈-၂၀၁၉ ခုနှစ် RE တွင်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ် BE တွင် လည်းကောင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား ကြယ်ပွင့်ပြမေးခွန်းတင်ပြလိုပါတယ်။

ဆက်လက်ပြီး ကျွန်တော့မေးခွန်း (၂)ကို ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ မိုင်းနူန်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း (၈)ရွာဖြင့်ဖွဲ့စည်းထားသော ကျေးရွာအုပ်စုဖြစ်ပါတယ်။ စုစုပေါင်းလူဦးရေအားဖြင့် (၂၅၀၀)ကျော်နေထိုင်လျက်ရှိပါတယ်။ ၎င်းကျေးရွာအုပ်စုရှိ ပြည်သူလူထုများ၏ စုပေါင်းထည့်ဝင်ငွေဖြင့် လွန်ခဲ့သော (၁၅)နှစ်ခန့်က အရှည် (၅၅ × ၁၅) ပေရှိ ချောင်းကူးတံတား၊ သစ်သားတံတား (၁)စင်းကို ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်အသုံးပြုခဲ့ကြပါတယ်။ နှစ်စဉ်ထွက်ရှိသော ကောက်ပဲသီးနှံများ၊ ပြောင်းဖူးများကိုလည်း တင်ပို့ရောင်းချရာတွင်လည်း ၎င်းတံတားကို အားထားပြီး အများဆုံးအသုံးပြုနေသည်ကို တွေ့ရှိရပါတယ်။ နှစ်ကာလကြာလာသည့်အတွက် ယခုအချိန်တွင်ပျက်စီးယိုယွင်းလာပြီး တံတားအားအဆင့်မြှင့်တင်ပေးမည်ဆိုပါက မိုင်းနူန်းကျေးရွာအုပ်စုနှင့်ဆက်စပ်လျက်ရှိသော အခြားကျေးရွာအုပ်စုမှ စုစုပေါင်းလူဦးရေ (၆၀၀၀)ဦးကျော်ခန့် အကျိုးပြုခံစားနိုင်မည်ဖြစ်သောကြောင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်-

မိုင်းခတ်မြို့နယ်၊ မိုင်းနူန်းကျေးရွာအုပ်စုရှိ နမ့်နူန်းချောင်းကူးသစ်သားတံတား (၅၅ × ၁၅)ပေရှိ သစ်တားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် ၂၀၁၈-၂၀၁၉ RE တွင် လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ် BE တွင်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကြီးမှတစ်ဆင့် ပြည်သူလူထုများကိုယ်စား လွှတ်တော်သို့ ကြယ်ပွင့် ပြမေးခွန်းဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း (၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် မေးမြန်းထားတဲ့ မိုင်းခတ်မြို့နယ်၊ မိုင်းနွန်းကျေးရွာအုပ်စုမှာရှိတဲ့ လမ်း(၁)လမ်းနဲ့ တံတား(၁)ခု တို့ကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့် ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းနွန်းကျေးရွာအုပ်စု၊ ပါကန်ကျေးရွာမှ ယန်းလုံကျေးရွာသွား မြေသားလမ်း(၀/၂)မိုင်မှာ လမ်းအဆင့်အတန်း သတ်မှတ်ချက်အရ Class A ဖြစ်ပြီး တတိယဦးစားပေးလမ်းအဆင့်တွင် ပါဝင်ပါတယ်။ ပါကန် - ယန်းလုံ ကျေးရွာသွား လမ်းမှာ မိုင်းခတ်- မိုင်းနွန်း- ကြက်ဥတောင်- မိုင်းပေါက်၊ လမ်းဦးစီးဌာန လမ်းမကြီးနှင့် ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အကျိုးပြုကျေးရွာ(၆)ရွာ၊ အိမ်ခြေ (၂၀၆) အိမ်နှင့် လူဦးရေ (၂၁၂၄) ဦးအား အကျိုးပြုမည်ဖြစ်ပါသည်။ ပါကန်- ယန်းလုံ မြေသားလမ်း(၂)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၂၅.၉၂၅) သန်း ကုန်ကျမည်ဖြစ်ပါတယ်။

ထို့အတူ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းနွန်း ကျေးရွာအုပ်စု ပါကန်- ယန်းလုံ လမ်းပေါ်ရှိ နမ့်နွန်းချောင်းကူးသစ်သားတံတားသည် (၁၀)နှစ်ကာလကြာရှည်ပြီးဖြစ်သဖြင့် သစ်သားတံတားမှာယိုယွင်းပျက်စီးလာပြီ ဖြစ်ပါတယ်။ လက်ရှိချောင်းအကျယ်မှာ (၆၀)ပေ ဖြစ်ပါတယ်။ နမ့်နွန်းချောင်းကူးသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့် မြှင့်တင် တည်ဆောက်မည်ဆိုပါက အကျိုးပြုကျေးရွာ (၆)ရွာ၊ အိမ်ခြေ (၂၀၆)အိမ်နှင့် လူဦးရေ (၂၁၂၄) ဦး အကျိုးပြုမည်ဖြစ်ပါတယ်။ သံကူကွန်ကရစ်တံတား (၆၀× ၁၈× ၁၂)ပေ တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၁၆၂.၀၀) သန်းခန့် ကုန်ကျမည်ဖြစ်ပါ တယ်။

ပါကန်- ယန်းလုံ မြေသားလမ်း (၂)မိုင်အား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ် နိုင်ရေးနှင့် နမ့်နွန်းချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေး ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ RE တွင်

လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ BE တွင် လည်းကောင်း မိုင်းခတ်မြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာ ရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ယနေ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး(စတုတ္ထနေ့)ကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစုများ၏ ရှေးရိုးထုံးတမ်းစဉ်လာအရ မြေအသုံးချမှုနှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအများစုဟာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီးစိုက်ပျိုးမြေ၏အများစုသည်အလှည့်ကျအနားပေး စိုက်ပျိုးသည့် ရိုးရာအလေ့အထ တောင်ယာမြေအသုံးချမှုစနစ်ဖြင့် ယခင်ရှေးနှစ်ပေါင်းများစွာမှ ယခုထက်တိုင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြပါတယ်။ ယင်းလုပ်ကိုင်လျက်ရှိသော မြေများသည်လည်း သစ်တောမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် သတ်မှတ်ထားသည့်မြေပေါ်တွင် အသုံးချလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

လက်ရှိမြေအသုံးချမှုအတွက် မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိတို့၏အသက်မွေးဝမ်းကြောင်းအတွက်အလို့ငှာ ရိုးရာမြေစီမံမှု အလေ့အထဖြင့် ကျင့်သုံးလုပ်ကိုင်နေကြရပါတယ်။ ဥပမာအားဖြင့်- တင်ပြရမည်ဆိုပါက ကွန်ဟိန်းမြို့နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများလည်း မြေအသုံးချမှုတွင် သစ်တောကြိုးဝိုင်းအတွင်းကျရောက်လျက်ရှိသော မြေများဖြစ်သည့် လွယ်မယ်ကြိုးဝိုင်း၊ ကျိုင်းခမ်းကြိုးဝိုင်း၊ လိုက်ကမ်းကြိုးဝိုင်း၊ ဝမ်လိုက်ကမ်းကြိုးဝိုင်းနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့နှင့် အကျုံးဝင်

လျက်ရှိသော မြေပေါ်တွင်သာ ယခင်နှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင် အသုံးချလုပ်ကိုင်လျှက်ရှိပါတယ်။

ထို့အတွက်ကြောင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ လက်ရှိ ရိုးရာမြေအသုံးချမှုလုပ်ပိုင်ခွင့် အခွင့်အရေးများ လုံခြုံမှုရှိစေရန်၊ ရိုးရာထုံးတမ်းအစဉ်အလာ မြေယာလုပ်ပိုင်ခွင့်နှင့် ရိုးရာမြေစီမံမှုဓလေ့များကို အသိအမှတ်ပြုရန် အထူးပင်လိုအပ်လှပေ တယ်။ သို့မှသာ ပြည်သူများ၏ မြေအသုံးချမှုအကျိုးစီးပွားကို အကာအကွယ်ပေးရာ ရောက်မည်ဖြစ်သည့်အပြင် မြေအသုံးချမှု၊ မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများနှင့် ကျူးကျော်မှုများကို ဖြေရှင်းရာလည်းရောက်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိရှိလိုသည်မှာ

(၁) ရိုးရာမြေစီမံမှုအလေ့အထနှင့် ရိုးရာထုံးတမ်းအစဉ်အလာ မြေအသုံးချမှု လုပ်ကိုင်ခွင့်ကို ကာကွယ်အသိအမှတ်ပြုရန် အစီအစဉ် ရှိ/မရှိ။

(၂) ရိုးရာမြေအသုံးချသူများအတွက် တရားဝင်မြေအသုံးချမှု လုပ်ကိုင်ခွင့် မှတ်ပုံတင်ရရှိနိုင်ရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။

(၃) ရိုးရာထုံးတမ်းအရ မြေအသုံးချသူများကို သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေ များ၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ။

စသည့်အကြောင်းအချက်များ သိရှိလိုပါသဖြင့် ပြည်သူများ၏ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းအောင်ကျော်ဦး မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစုများ၏ ရှေးရိုးရာထုံးတမ်းစဉ်လာအရ မြေအသုံးချမှုနှင့် ပတ်သက်၍-

(က) ရိုးရာမြေ စီမံမှုအလေ့အထနှင့် ရိုးရာထုံးတမ်း အစဉ်အလာ မြေအသုံးချမှု လုပ်ပိုင်ခွင့်ကိုကာကွယ်အသိအမှတ်ပြုရန် အစီအစဉ် ရှိ/ မရှိ။

(ခ) ရိုးရာမြေအသုံးချသူများအတွက် တရားဝင်မြေအသုံးချမှုလုပ်ကိုင်ခွင့် မှတ်ပုံတင် ရရှိနိုင်ရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(ဂ) ရိုးရာထုံးတမ်းအရ မြေအသုံးချသူများကို သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေ များ၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း ဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီစဉ် ရှိ/ မရှိ မေးမြန်မှုနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးစုများ၏ ရှေးရိုးရာထုံးတမ်း စဉ်လာအရ မြေ အသုံးချမှုနှင့် ပတ်သက်၍ -

(က) ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ၃၇(က)၌နိုင်ငံတော်သည်မြေပေါ်၊ မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူ သုံးစွဲခြင်းကိုကြီးကြပ်ကွပ်ကဲ နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည် ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၇(ဂ)တွင် နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံ ခွင့်၊ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကို ပြဋ္ဌာန်းချက် နှင့်အညီခွင့်ပြုရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်အစိုးရ အဆက်ဆက်မှတောင်သူလယ်သမားအကျိုးစီးပွားအတွက် ဆောင်ရွက်သကဲ့သို့ လက်ရှိနိုင်ငံတော်အစိုးရမှလည်း တောင်သူလယ်သမားများ၏ အကျိုးစီးပွား၊ မြေအသုံးချမှု မှန်ကန်ရေး၊ပိုင်ဆိုင်ရေးတို့အတွက် အသိအမှတ်ပြုနိုင်ရေး အတွက် မြေယာနှင့်ပတ်သက်၍ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်နေသည် ကိုလည်းတင်ပြအပ်ပါတယ်။ လယ်ယာမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုများ အတွက် ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေ၊နည်းဥပဒေအရ လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)များကို လျှောက်ထားနိုင်ကြောင်း နှင့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ ပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုများအတွက် ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအရ လည်းကောင်း၊ အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့်အတွက် ခွင့်ပြုမိန့်များကို လျှောက် ထားနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။

(ခ) လယ်ယာမြေကို စိုက်ပျိုးလုပ်ကိုင်အသုံးပြုသူသည် လယ်ယာမြေနည်းဥပဒေ အပိုဒ် ၃ တွင်ဖော်ပြထားသည့် အချက်များနှင့် ညီညွတ်ပါကလျှောက်လွှာ (ပုံစံ-၁)ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ဆင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ လျှောက်ထားနိုင်ကြောင်း၊ လယ်ယာမြေဥပဒေ အပိုဒ်(၄၊ ၅ ၊ ၆ ၊ ၇ ၊ ၈ ၊ ၉ ၊ ၁၀ ၊ ၁၁ ၊ ၁၂ ၊ ၁၃၊ ၁၄)ထိ ပြဋ္ဌာန်းချက်များအားမြို့နယ်ဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စိစစ်ဆောင်ရွက်ပြီးနောက် ဥပဒေနှင့်ညီညွတ်ပါက ဒေသခံ တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များကို (ပုံစံ-၇) ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရိုးရာဓလေ့များ အရ တောင်ယာလုပ်ကိုင်စိုက်ပျိုးခြင်းများသည် မြေရိုင်း/ တောရိုင်းများပေါ် တွင် ခုတ်ထွင်စိုက်ပျိုးလုပ်ကိုင်နေကြခြင်းဖြစ်ပြီး အဆိုပါ စိုက်ပျိုးလုပ်ကိုင်မှု များအတွက် ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေအရ လျှောက်ထားနိုင်ပါတယ်။ နည်းဥပဒေ အပိုဒ်(၃)တွင် ပြဋ္ဌာန်းထားသည့် အချက်များနှင့်ညီညွတ်သည့် လူပုဂ္ဂိုလ်များသည် မိမိ လုပ်ကိုင်လိုသည့် အမျိုးအစားအလိုက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ငန်း အဖွဲ့များသို့ လုပ်ငန်းအမျိုးအစားအလိုက် လျှောက်လွှာပုံစံနှင့် သက်ဆိုင်ရာ မြေပုံတို့ကို ထုတ်ယူ၍ လျှောက်ထားပြီးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုမိန့်များကို ခွင့်ပြုပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

(ဂ) တောင်သူလယ်သမားများ၏ အကျိုးစီးပွား၊ မြေအသုံးချမှု၊ ပိုင်ဆိုင်မှုများ နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ၂၀၁၈ခုနှစ်၊ ပြင်ဆင်သည့် ဥပဒေအဖြစ်ပြင်ဆင်ပြီးဖြစ်သည့်အတွက် ဒေသခံတောင်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေဧရိယာ(၃၀၀)ဧက ထက်မပိုသော ဧကကိုလည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် မြေဧရိယာ (၅၀)ဧကထက်မပိုသောဧကကိုလည်းကောင်း၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတွင် လျှောက်ထားနိုင်ကြောင်းနှင့် ကျန် လုပ်ငန်းများနှင့် မြေဧရိယာများကို ဗဟိုကော်မတီသို့ လျှောက်ထား နိုင်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်

သည့် ဥပဒေ(၂၀၁၈- ခုနှစ်)ပြဋ္ဌာန်းသည့် ပုဒ်မ(၂၆)၌ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ(၃၀)၏ နောက်တွင်ပုဒ်မ(၃၀-က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ဖော်ပြထားပါကြောင်းနှင့် နည်းဥပဒေအား ဆက်လက်ပြင်ဆင်ရန် ဆောင်ရွက်ဆဲဖြစ်ပါသည်-

**“၃၀-က ။ အောက်ပါမြေအမျိုးအစားများကို စီမံခန့်ခွဲခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ-**

**(က) တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ တောင်ယာ လုပ်ပိုင်ခွင့် ပေးအပ်ထားသည့်မြေများ။**

**(ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်း အစဉ်အလာအရ သတ်မှတ်သောမြေများ။**

**(ဂ) အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိ အသုံးပြုထားသည့်မြေများ။**

သို့ဖြစ်ပါ၍ ရိုးရာထုံးတမ်းအရ မြေအသုံးချသူများကို သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာန များမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်း က မေးခွန်း (၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** မင်္ဂလာပါခင်ဗျား။ ယနေ့ ပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ တက်ရောက်ချီးမြှင့်ပေးကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် လေ့လာသူများအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခတို့နှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပထမဆုံးမေးမြန်းမဲ့မေးခွန်းကတော့ နမ့်ဆန်မြို့နယ်၊ လွယ်ရှန်စခန်းရှိ Micro Wave Radio EI Card ကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ရှိ/မရှိနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်ပြီး လူထုကိုယ်စားမေးမြန်းသွားမှာ ဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်သည် ဝေးလံခေါင်ဖျား၍ ဆက်သွယ်ရေးခက်ခဲသော မြို့တစ်မြို့ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်တွင် G. S .M လိုင်းနှင့် CDMA 450 လိုင်းဟူ၍ Mobile ဖုန်းလိုင်း (၂)လိုင်းအသုံးပြုလျက်ရှိပါတယ်။ G. S .M ဖုန်းလိုင်းသည် Tower နှင့် (၂)မိုင်ပတ်လည်တွင်သာဆက်သွယ်၍ ရသည့်အတွက် မြို့နှင့်ဝေးလံသော ကျေးရွာများကတော့ CDMA 450 လိုင်းကို အဓိကအားကိုးအသုံးပြုလျက်ရှိပါတယ်။

သို့သော် နမ့်ဆန်မြို့ လွယ်ဆိုင်တောင် Micro Wave Radio စခန်းနှင့်ချိတ်ဆက်ထားရှိသော သီပေါမြို့နယ်အတွင်းရှိ လွယ်ရှန် Micro Wave Radio စခန်း (SHN -0044) သည် ၄.၁၀.၂၀၁၈ ရက်နေ့ ၁၁၃၀ နာရီအချိန်တွင် မိုးကြိုးလျှပ်စစ်စီးဝင်မှုကြောင့် Micro Wave Radio ချို့ယွင်း၍ နမ့်ဆန်မြို့နယ်အတွင်း CDMA 450 Mobile တယ်လီဖုန်းလိုင်းများပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပါတယ်။

CDMA 450 Radio စခန်းများဖြစ်သည့် လွယ်ရှန်စခန်း၊ မိုင်းရယ်စခန်း၊ တန့်ယန်းစခန်း၊ နမ့်ဆန် CDMA 450 စခန်းများအတွက် ဆက်သွယ်မှုပေးထားသော Micro Wave Radio EI Card ချို့ယွင်းသွားသဖြင့် ၎င်းမြို့နယ်များအတွင်းရှိ CDMA 450 Mobile ဖုန်းများဆက်သွယ်မှုပြတ်တောက်ခဲ့ရပါတယ်။

လွယ်ရှန်စခန်းရှိ ချို့ယွင်းသွားသော Micro Wave Radio EI Card ကို အစားထိုးလဲလှယ်ရန် သက်ဆိုင်ရာ မြို့နယ်တာဝန်ခံက ပြည်နယ်မန်နေဂျာထံ တင်ပြတောင်းခံထားသော်လည်း ယနေ့လွှတ်တော်ကျင်းပသည့်အချိန်အထိ လဲလှယ်တပ်ဆင်ပေးခြင်းမရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရမှကိုင်တွယ်နေသည့် MPT နဲ့အပြိုင် Telenor ဆက်သွယ်ရေး၊ Ooredoo ဆက်သွယ်ရေး၊ Mytel ဆက်သွယ်ရေးတို့ အပြိုင်အဆိုင်လုပ်နေတဲ့ခေတ်မှာ နိုင်ငံတော်မှစီမံခန့်ခွဲနေတဲ့ MPT လိုင်းဟာလူထုအတွက်အများကြီး အကျိုးသက်ရောက်မှုရှိပါတယ်။ ယနေ့အချိန်ထိ MPT လိုင်းများဆက်သွယ်လိုမရသေးသည့်အတွက် နမ့်ဆန်မြို့နယ်လူထုကဘာပြောသလဲဆိုရင် ရှေ့သို့လှမ်းချီ MPT၊ နောက်သို့ပြန်ကြည့်လိုင်းမရှိ ဆိုသည့်စကားအဖြစ် တွင်ကျယ်နေပါတယ်။ ဒါကြောင့် ခေတ်နှင့်အညီတိုးတက်လာတဲ့ခေတ်ကြီးမှာ ဆက်သွယ်ရေးကဏ္ဍဟာ လွန်စွာအရေးပါလှပါတယ်။

ဆက်သွယ်ရေးကောင်းမွန်ချောမောပါမှ ပြည်သူရဲ့စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မိုးကြိုးလျှပ်စီးဝင်မှုကြောင့် ပျက်စီးသွားသော Micro Wave Radio EL Card ကို သက်ဆိုင်ရာမှ အမြန်ဆုံး (အမြန်ဆုံး) ပြုပြင်ပေးနိုင်ရန် အစီစဉ် ရှိ/ မရှိ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ဒါကတော့ ပထမမေးခွန်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ နမ့်ဆန်မြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု (၁၁)အုပ်စုတွင် ZTE ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ တာဝါတိုင်တည်ဆောက်ပြီးဖြစ်သော်လည်း ယနေ့ထိ လွှင့်/ ဖမ်းစက် ဆက်သွယ်နိုင်ခြင်းမရှိသေးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး လူထုကိုယ်စားမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် MPT ဆောက်လုပ်ပေးထားသော G.S.M တာဝါတိုင် (၃)တိုင်ရှိပါတယ်။ လွယ်ဆိုင်ဘုရား ဘုရားကြီးအဝင်ဇယန်းကြီး မြသပိတ်ကုန်းပေါ်တွင် (၁)တိုင်ရှိပါတယ်။ ၄င်း G.S.M တိုင်များသည် နမ့်ဆန်မြို့ပတ်ဝန်းကျင် (၂)မိုင်ပတ်လည်နှင့် နမ့်ဆန်မြို့၊ အရှေ့ဘက်ခြမ်းအတွက်သာ လွှမ်းခြုံပါတယ်။ နမ့်ဆန်မြို့ အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု (၁၁)အုပ်စုအတွက် G.S.M ဆက်သွယ်၍ မရနိုင်ပါ။ လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် နမ့်ဆန်မြို့၏ အနောက်ဘက်ဇယန်းကြီး ပန်လောရွာတွင် ZTE ကုမ္ပဏီမှ SIDE ID SHN-00324 G.S.M တာဝါတိုင်(၁)တိုင် ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ၄င်းတိုင်ဆောက်လုပ်ပြီးစီးသော်လည်း လွှင့်ဖမ်းစက်ကို ယနေ့ထိတပ်ဆင်ပေးခြင်းမရှိသဖြင့် လူထုမှ၄င်းကို အသုံးမပြုနိုင်ပါ။ ၄င်းတာဝါတိုင်များမှ လွှင့်ဖမ်းစက်တပ်ဆင်ပြီးမည်ဆိုပါက နမ့်ဆန်မြို့၊ အနောက်ဘက်ခြမ်းရှိ ပြည်သူများ G.S.M Mobile ဖုန်းအသုံးပြုနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စာချုပ်စည်းကမ်းအရ ZTE ကုမ္ပဏီမှ တာဝါတိုင်တည်ဆောက်ပြီးစီးသော်လည်း ယနေ့ထိ(၂)နှစ်ကျော် ကာလကြာမြင့်သည်အထိ လွှင့်ဖမ်းစက်တပ်ဆင်နိုင်ခြင်းမရှိသေးသည့်ကိစ္စအား ပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလို၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း (၁၂)ကို တစ်ဆက်တည်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်

မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ ဆက်သွယ်ရေးနဲ့ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းနှစ်ခုကို တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။

သီပေါမြို့နယ်၊ လွိုင်ရှမ်းတောင်ပေါ်စခန်းတွင် ၄.၁၀.၂၀၁၈ ရက်နေ့ ၁၁:၃၀ နာရီတွင် မိုးကြိုးလျှပ်စီးဝင်ရောက်မှုကြောင့် Microwave Radio E1 Card , GSM (BTS) နှင့် CDMA Equipment များချို့ယွင်းပြီး အဆက်အသွယ် ပြတ်တောက်ခဲ့ပါတယ် ။ MPT နှင့် LSP အဖွဲ့များသည် ၄.၁၀.၂၀၁၈ ရက်နေ့ ၁၂:၀၀ နာရီတွင် လားရှိုးမြို့မှ စတင်ထွက်ခွာ၍ ၁၄:၃၀ နာရီတွင် ရောက်ရှိပြီး ၊ စစ်ဆေးမှုများဆောင်ရွက်ပြီးစီးရာ ၄.၁၀.၂၀၁၈ ရက်နေ့ ၂၁:၃၂ နာရီ Microwave Radio E1 Card , GSM (BTS) သည် ပုံမှန်အဆက်အသွယ် ပြန်လည်ရရှိခဲ့ပါတယ်။ သို့ရာတွင် CDMA Equipment ၏ Back Plane ( Mother Board) လောင်ကျွမ်းပျက်စီးသွားသောကြောင့် ပစ္စည်းအသစ်မှာယူဝယ်ရန် ဆောင်ရွက်ရာ ထုတ်လုပ်သည့်ကုမ္ပဏီမှ အဆိုပါချို့ယွင်း စက်ပစ္စည်းအားထုတ်လုပ်မှု မရှိတော့သဖြင့် လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများ ရှာဖွေစုဆောင်းလျက်ရှိပြီး၊ အမြန်ဆုံးပြန်လည်ပြုပြင် တပ်ဆင်နိုင်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်မန်နေဂျာရုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ZTE Company အား MPT/KSGM မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်း များအတွက် ကုန်ပစ္စည်းတင်သွင်းသူ(Vendor)အဖြစ် တာဝန်ပေးအပ်ထားပါတယ်။ အဆိုပါ တာဝါတိုင်တည်ဆောက်ခြင်းနှင့် စက်ပစ္စည်းတပ်ဆင်ခြင်း ရာနှုန်းပြည့်ပြီးစီးမှသာ ငွေပေးချေ ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အချိန်ကာလသတ်မှတ်ချက်ဖြင့် စာချုပ်ချုပ် ဆို ဆောင်ရွက်ထားခြင်းမရှိပါ။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လကုန်တွင် (SHN-00324)သည် တာဝါတိုင် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ထပ်ဆင့်ကန်ထရိုက်ယူထားသော ABC Companyမှ ဝန်ထမ်းတစ်ဦးအား ဩဂုတ်လ ကုန်ပိုင်းတွင် အဖွဲ့အစည်းတစ်ခုမှ စစ်ဆေးရန်ရှိသည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရပါတယ်။ (၅)ရက်ခန့်အကြာတွင် ပြန်လည်လွတ်မြောက်ခဲ့ပြီး အခြားဝန်ထမ်းများ လည်း လုပ်ငန်းခွင်မှစွန့်ခွာသွားကြပါတယ်။ လုပ်ငန်းဆောင်ရွက်ရန် ထပ်မံစေလွှတ်သော်လည်း လုံခြုံရေးအခြေအနေအရ သွားရောက်ဆောင်ရွက်မည့်သူ မရှိပါသောကြောင့် လုပ်ငန်းများ နှောင့်နှေးခဲ့ရပါတယ်။

Radio နှင့် ဆက်စပ်ပစ္စည်းများမှာယူနေစဉ် စီးပွားရေးပိတ်ဆို့မှုကြောင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ လုပ်ငန်းများရပ်တန့်ခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ လုပ်ငန်းများစတင်လည်ပတ်ခဲ့ပြီး Radio နှင့် ဆက်စပ်ပစ္စည်းများမှာယူခဲ့ရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မှာယူပစ္စည်းများ ရောက်ရှိနိုင်မည်လို့ ခန့်မှန်းထားပါတယ်။ စက်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ တပ်ဆင်ခြင်းနှင့် လိုအပ်သောစမ်းသပ်မှုများပြုလုပ်ပြီးစီးနိုင်မည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလခန့်တွင် ဖွင့်လှစ်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ပြင်ပမှာ လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံပြီးတော့ ကိုယ်စားပြုရှိနေခြင်းဖြစ်သဖြင့် လူထုနဲ့ထိတွေ့လျက်ရှိပါတယ်။ လူထုနဲ့ထိတွေ့တဲ့နေရာမှာ လူထုများရဲ့ တင်ပြတဲ့အခက်အခဲများကို ကျွန်တော်တို့ကိုယ်စားလှယ်များက လူထုအသံ၊ လွှတ်တော်အသံဆိုသည့်အတိုင်း လွှတ်တော်ကို တင်ပြစမြဲဖြစ်ပါတယ်။ လွှတ်တော်ပုံမှန်အစည်းအဝေးဟာဆိုရင် ရှမ်းပြည်နယ်မှာ အမြင့်ဆုံးအစည်းအဝေးပဲဖြစ်ပါတယ်။ (၃)လမှာတစ်ကြိမ်ပဲလုပ်ပါတယ်။ ဒီအစည်းအဝေးကို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များက ရေတစ်တန်၊ ကုန်းတစ်တန် ကြိုးစားပြီးတော့ မရောက်ရောက်အောင်လာရပါတယ်။ ဒီလိုလာရောက်ပြီးတော့ လွှတ်တော်ထဲမှာ မေးတဲ့မေးခွန်းတွေတော်တော်များများကတော့ ကတိကဝတ်မဖြစ်တဲ့အဖြေတွေပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်တော်များများဒီကိစ္စနဲ့ပတ်သက်ပြီးတော့ သိပ်အားရမှုမရှိဘူးလို့သိရပါတယ်။ ဝန်ကြီးတွေရဲ့ဖြေကြားချက်ထဲမှာ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးပါမည်။ မြို့နယ်စီမံကိန်းမှာ ဦးစားပေးထည့်သွင်းပေးပါမည်ဆိုတဲ့ အဖြေပဲရတာများပါတယ်။ စီမံကိန်းအစည်းအဝေးဆိုတာက မြို့နယ်မှာရှိတဲ့ ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာတွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ စီမံကိန်းအစည်းအဝေးလုပ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေမတက်ရောက်နိုင်တာလည်းရှိပါတယ်။ အစည်းအဝေးရှိတာ၊ Forum ရှိတာ၊ Workshop ရှိတာတို့ကြောင့် အစည်းအဝေးမတက်နိုင်တာလည်း ရှိပါတယ်။ မတက်ရောက်နိုင်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေးမှာ တင်ပြနေတဲ့ကိစ္စတွေက မပါတာများပါတယ်။ အခုဝန်ကြီးဖြေတဲ့အတိုင်းဆိုရင် ကိုယ့်မြို့နယ်ပြန်ရောက်ရင် မြို့နယ်စီမံကိန်းကို အောက်ကျို့ပြီး ဒီဟာလေးကို ထည့်ပေးပါဆိုပြီး ပြောရမယ်ထင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်မေးလိုတာက လွှတ်တော်က ကြီးသလား။ မြို့နယ်စီမံကိန်းက ကြီးသလားဆိုတာမျိုးဖြစ်ပါတယ်။ ဖြစ်သင့်တာက လွှတ်တော်မှာ ကျွန်တော်တို့ မေးမြန်းတဲ့ကိစ္စတွေကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ဝန်ကြီးတွေက သက်ဆိုင်ရာ မြို့နယ်ကို အကြောင်းကြားရပါမယ်။

ဒါကိုတော့ထည့်ပေးပါ။ ဒီအဖြေကိုလွှတ်တော်မှာ ဖြေပြီးပါပြီဆိုတဲ့ကိစ္စကို ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့က မြို့နယ်စီမံကိန်းကို ပြောရမှာလား။ သက်ဆိုင်ရာ အစိုးရက သက်ဆိုင်ရာမြို့နယ်စီမံကိန်းကို အကြောင်းကြားမှာလားဆိုတာ ကျွန်တော်တို့ သိချင်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ်။ ဒါကတော့ ဥက္ကဋ္ဌကြီးကို ထပ်ဆင့် မေးခွန်းပထမပါ။

ဒုတိယမေးခွန်းဆက်မေးခွင့်ပြုပါခင်ဗျား။ ရှမ်းပြည်နယ်မှာဆိုရင် လွှတ်တော် အစည်းအဝေးက အမြင့်ဆုံးအစည်းအဝေးဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ရှမ်းပြည်နယ်ရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးအားလုံးကို ဆွေးနွေးတဲ့နေရာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေတက်ရောက်ပြီးတော့ အကျေအလည်ဆွေးနွေးတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေက အားကျိုး မာန်တက် တက်ပင်တက်ငြားသော်လည်း အစိုးရအဖွဲ့တာဝန်ရှိ ပုဂ္ဂိုလ်တွေက ခွင့်ယူတာကို တွေ့ရပါတယ်။ ဒီပုံမှန်အစည်းအဝေးကပဲ အရေးကြီးသလား။ တစ်ခြားကိစ္စတွေကပဲ အရေးကြီးသလားဆိုတာ သိချင်ပါတယ်။ ဒီအစည်းအဝေးထက် အရေးကြီးတာမရှိဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဝန်ကြီးတွေက ကိုယ်တိုင်ဆောင်ရွက်ရန်ဆိုပြီး ခွင့်တင်တယ်။ ပြီးတော့ ဂေါက်ကွင်းဖွင့်ပွဲသွားတယ်။ ဖဲကြိုးသွားဖြတ်တယ်။ လမ်းလျှောက်ပွဲသွားတယ်။ ဒါတွေကမဖြစ်သင့်ဘူးလို့ယူဆပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း အားကိုး တကြီးနဲ့ လွှတ်တော်လာတက်ပေမဲ့ ဖြေပေးမဲ့ ပုဂ္ဂိုလ်တွေကမရှိတော့ အားမရှိပါဘူး။ ဒီအစည်းအဝေးမှာ မည်သည့်နည်းနဲ့မှ ပြည်ထောင်စုအစိုးရကခေါ်တဲ့ကိစ္စကလွဲလို့ ခွင့်မယူ စေချင်ပါဘူးလို့ အကြံပြုချင်ပါတယ်။ အစိုးရအဖွဲ့ဝန်ကြီးဆိုတာ လွှတ်တော်ကရွေးမှ အစိုးရအဖွဲ့ဝန်ကြီးဖြစ်တာပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တာဝန်ရှိပုဂ္ဂိုလ်များကို မေးမြန်းချင် ပါ တယ်။ အစည်းအဝေးကျင်းပတဲ့အချိန်မှာ အရေးကြီးတဲ့ဒီအစည်းအဝေးကလွဲလို့ ကျန်တဲ့ ကိစ္စကိုခွင့်အနေနဲ့တောင်းခဲ့ရင် ခွင့်ပေးသင့်၊ မသင့်ကို သိရှိလိုသည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များရင်ဘတ်နဲ့ထပ်တူ ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီနေရာမှာ ကိုယ်စားလှယ်မေးမြန်းတဲ့ သက်ဆိုင်သည့် မေးခွန်းကို မေးမြန်းဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဆက်စပ်တဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ရှင်းလင်းဆွေးနွေးဖို့ရှိရင် ရှင်းလင်းဆွေးနွေးပေးစေလိုပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးမြန်းသွားတဲ့ အချက်နဲ့ ပတ်သက်ပြီး

ပထမအချက်ကတော့ မြို့နယ်အဆင့်နဲ့ ပတ်သက်လို့ ကျွန်တော်ဖြေကြားသွားတဲ့ထဲမှာ လက်ရှိမေးခွန်းထဲမှာ ဖြေကြားသွားတာကတော့ မြို့နယ်စီမံကိန်းဆိုတာ မပါတဲ့အတွက် ကြောင့် ထပ်မံဆွေးနွေးရန်မရှိပါဘူး။ ဒုတိယအချက်ဖြစ်တဲ့ ခွင့်ကိစ္စကလည်း ဖြေကြားရန် မရှိပါဘူးခင်ဗျား။ ဒါနဲ့ပတ်သက်လို့ ထပ်ဆင့်မေးမြန်းလိုတာရှိရင်တော့ ပြည်နယ်အစိုးရအဖွဲ့ ကိုမေးမြန်းလာရင် ကျွန်တော်တို့အနေနဲ့ ဖြေကြားချက်ကို Cabinet မှာအတည်ပြုပြီးတော့ ပြန်လည်ဖြေကြားတင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်မှာ လိုအပ်နေတဲ့ ရေလှောင်တမံခါးကိစ္စနဲ့ပတ်သက်ပြီး တင်ပြမေးမြန်းသွားလိုပါတယ်။ လေးစားအပ်ပါ သောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်း မြို့ဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့ဒေသဖြစ်ပါတယ်။ အချို့သောနှစ်တွေမှာ ရေမလုံ လောက်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေ ကျဆင်းလာတာဖြစ်တဲ့အတွက် အရေးတကြီး လိုအပ်တဲ့ ရေအလုံအလောက်ရရှိနိုင်ဖို့အတွက် တိဟုန်းရေလှောင်တမံခါးတစ်ခု တည်ဆောက်ပေး ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်းနှင့် ရှိပါကမည်သည့်အချိန်တွင် စတင်အကောင် အထည်ဖော် မည်ဆိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ ဆက်လက်ပြီးကျွန်တော့်အနေနဲ့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့် မေးမြန်းတဲ့ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၏ အနောက်ဘက် ဧက(၆၀၀) ကျော်လယ်မြေသို့ တိဟုန်းချောင်းမှရေဖြင့် စိုက်ပျိုးရေများ လုံလုံလောက်လောက်သွင်းပေး နိုင်သည့် အကျယ်(၂၀)ပေ၊ အနက်(၆)ပေရှိ တိဟုန်းချောင်းရေလှောင်တမံခါးတစ်ခု တည်ဆောက် ပေးရန် အစီအစဉ် ရှိ/ မရှိ ၊ ရှိပါက မည်သည့်ကာလတွင်စတင်နိုင်မည်ကို သိရှိလိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး အဆိုပါ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၏

အနောက်ဘက် ဧက(၆၀၀)ကျော် လယ်မြေသို့ တိဟုန်းချောင်းမှရေဖြင့် စိုက်ပျိုးရေများ လုံလုံလောက်လောက် သွင်းပေးနိုင်သည့် အကျယ်( ၂၀ ) ပေ၊ အနက်( ၆ )ပေရှိ တိဟုန်းချောင်းရေလွှဲတံခါးတစ်ခု တည်ဆောက်ပေးနိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးချက်ခဲ့ရာ ယခုသစ်ရိုက်ဆည်ဟောင်း (တိဘူတန်ဆည်)သည် ယခင်စော်ဘွားများ လက်ထက်ရှိခဲ့သော လက်လုပ်ဆည် ပျက်စီးခဲ့ပါသဖြင့် ၂၀၀၁ ခုနှစ်တွင် ၎င်းဆည်၏ အထက်ဘက်သို့တိုး၍ တည်ဆောက်ခဲ့သော အလျားမှာ (၈၃)ပေ၊ အနက်(၁၂)ပေခန့်ရှိ လက်လုပ်သစ်ရိုက်ရေလွှဲဆည် ဖြစ်ပါသည်။

နှစ်စဉ် မိုးရာသီတွင် ပျက်စီးလေ့ရှိသဖြင့် တောင်သူများမှ အမြဲပြုပြင်နေရသော သစ်ရိုက်ဆည်ဖြစ်ပြီး ဆည်ရေသောက်တောင်သူ(၄၅)ဦးခန့်နှင့် အကျိုးပြုဧက(၆၀၀)ခန့် ရှိပါသည်။ လက်ရှိရေသွင်းမြောင်းဟောင်းမှာ တိမ်ကောပျက်စီးနေ၍ ပြန်လည်တူးဖော်ပြုပြင်ပေးပါက လယ်မြေဧက(၄၀၀)ခန့် တိုးချဲ့စိုက်ပျိုး နိုင်မည်ဖြစ်ပါတယ်။ ပဏာမလေ့လာဆန်းစစ်ချက်အရ(Drop Type)ကွန်ကရစ် ရေလွှဲဆည်အလျား(၆၀)ပေ၊ အမြင့်(၁၄)ပေနှင့် (၄ပေ× ၅ပေ) အရွယ်အစား (၂)ပေါက်၊ ရေသွင်းအဆောက်အဦတစ်လုံးနှင့် မြောင်းဟောင်းအား ပုံစံကျပြန်လည်ပြုပြင်ရန် လိုအပ်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၆၀)သန်း ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းအားဆောင်ရွက်ရန်အတွက် မိုးနဲမြို့နယ်၏စီမံကိန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနတို့ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်အတွင်း မြို့နယ်များကိုဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအိုက်မွန်းက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါ။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊

မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ ဟိုမော- လော့ခွမ်ကျေးရွာအုပ်စု၊ လော့ခွမ်ကျေးရွာတောင်ခြေရှိ လွယ်လွမ်ချောင်းစပ်မှ လော့ခွမ်ကျေးရွာ၊ ဟိုမောကျေးရွာအထိ မြေသားလမ်း(၇)မိုင်ကို လွန်ခဲ့သော ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်တွင် န.တ.လမှ တာဝန်ယူ၍ မြေသားလမ်းကို ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းမြေသားလမ်းမှာ ခြောက်သွေ့ရာသီတွင်သွားလာရန် လွယ်ကူသော်လည်း မိုးတွင်း ကာလတွင် ရွှံ့ဗွက်ထူထပ်၍ တစ်ကြောင်း၊ မြေသားလမ်းဖြစ်သည့်အားလျော်စွာ လမ်းချော်၍ တစ်ကြောင်း ဆိုင်ကယ်များ၊ထော်လာဂျီများ၊ကားများသွားလာသည့်အခါ မကြာခဏဆိုသလို လမ်းချော်ကျခြင်း၊ တိမ်းမှောက်ခြင်းများ ဖြစ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းမြေသားလမ်း ဖြစ်သည့် လွယ်လွမ်ချောင်းစပ်မှ လော့လွမ်ကျေးရွာ၊ ဟိုမောကျေးရွာအထိ မြေသားလမ်း (၇)မိုင်ကို ကျောက်ချောလမ်းအဖြစ်သို့ ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးရန် သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းအမှတ်(၂)ကို မေးမြန်းရမည်ဆိုလျှင် ကွတ်ခိုင် မြို့နယ်၊ မန်နိမ်းအွန်ကျေးရွာအုပ်စုရှိ မိုင်းယု-လုံကမ်လမ်းခွဲမှ မန်နိမ်းအွန်ကျေးရွာ၊ ရှောက်ပန်းကုန်းကျေးရွာအထိ မြေသားလမ်း(၁၀)မိုင်ကို ဖောက်လုပ်ခဲ့သော မြေသားလမ်း ဖြစ်ပါတယ်။ ၎င်းမြေသားလမ်းသည် တောင်ကုန်း၊ တောင်စောင်းပေါ်တွင် ဖောက်လုပ်ထား သော မြေသားလမ်းဖြစ်၍ စမ်းချောင်းငယ်များ၊ အချို့နေရာတွင်(၅)ပေ၊ အချို့နေရာတွင် (၁၀)ပေခန့်ကျယ်သော စမ်းချောင်းများဖြစ်ပါတယ်။ ခြောက်သွေ့ရာသီတွင် ဆိုင်ကယ်၊ ကား၊ ထော်လာဂျီများ သွားလာနိုင်သော်လည်း မိုးတွင်းကာလမှာ သွားလာရာတွင် ခက်ခက်ခဲခဲဖြင့် မဖြစ်ဖြစ်အောင် သွားလာရပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ဖောက်လုပ်စဉ်က ရေလွှဲမြောင်း (Box-Culvert )များတစ်ခုမျှ ပြုလုပ်ပေးခဲ့ခြင်းလည်းမရှိကြောင်း တွေ့ရပါတယ်။ ခန့်မှန်း ရေလွှဲမြောင်း(Box-Culvert) ၂၀ လိုအပ်မည်ဟု ထင်ပါတယ်။ အခက်ခဲဆုံး တစ်ခုမှာ ၎င်းလမ်းကြောင်းပေါ်ရှိ (၅၅)ပေခန့်ကျယ်သော နမ့်ပန်းချောင်းတောင်ကျရေသည် မိုးကြီး၍ ရေကြီးသည့်အခါ ရေစီးအလွန်သန်သဖြင့် ချောင်းဖြတ်ကူးရန် မလွယ်ကူပါ။ ယခုလောလော ဆယ်တွင် သစ်တားတံတားဖြင့် ဖြတ်သန်းသွားရပါတယ်။ ထို့ကြောင့် ၎င်းချောင်းကူး တံတားအတွက်လည်း အလွန်ပင်လိုအပ်ကြောင်း တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ မိုင်းယု- လုံကမ် သွားလမ်းခွဲမှ မန်နိမ်းအွန်- ရှောက်ပန်းကုန်းသွား မြေသားလမ်း(၁၀)မိုင်ကို ကျောက်ချော လမ်းအဖြစ်သို့ လည်းကောင်း၊ လိုအပ်သော နမ့်ပန်းချောင်းကူး တံတား(၅၅)ပေ၊ ရေလွှဲ

မြောင်း(Box-Culvert)၂၀ခု၊ (၅) ပေခန့်ကျယ်၊ တံတား (၂)စင်းနှင့် (၁၀) ပေခန့်ကျယ်သော တံတား(၁)စင်းတို့ကို ပြုလုပ် ပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၂)ခုစလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းမေးမြန်းထားသည့် ကွတ်ခိုင်မြို့နယ်၊ ဟိုမော- လော့ခွမ်ကျေးရွာအုပ်စုမှာ မြေသားလမ်း(၇)မိုင်နှင့် မန်နိမ်းအွန်ကျေးရွာအုပ်စုမှာရှိသည့် ကျောက်ချောလမ်း၊ နမ့်ပန်းချောင်းကူးတံတား၊ ရေလွှဲမြောင်းနှင့် တံတားများနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြ မေးခွန်းများနှင့်စပ်လျဉ်းပြီး တစ်ဆက်တည်း ဆက်လက်ဖြေကြား တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ ဟိုမော- လော့ခွမ်ကျေးရွာအုပ်စု၊ လော့ခွမ်ကျေးရွာ တောင်ခြေမှာရှိသည့် လွယ်လွမ်ချောင်းစပ်မှ လော့ခွမ်ကျေးရွာ ၊ ဟိုမောကျေးရွာအထိ မြေသားလမ်းမှာ လမ်းအဆင့်အတန်း Class A ၊ ဦးစားပေး အဆင့်(၁) ဖြစ်ပါတယ်။ ကျေးရွာ ၃ ရွာ ၊ အိမ်ခြေ ၁၆၄ အိမ် ၊ လူဦးရေ ၈၂၀ ဦးတို့ကို အကျိုးပြုပါတယ်။ လက်ရှိ လမ်းအမျိုးအစားကတော့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်(၁၂)လ ရန်ပုံငွေ ကျပ် ၂၂၅ သန်းဖြင့် ၆.၄ ဖာလုံအား မြေမှုကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် ရန်ပုံငွေခွဲဝေရရှိထားပြီး ဖြစ်ပါတယ်။

ကွတ်ခိုင်မြို့နယ်၊ မန်နိမ်းအွန်ကျေးရွာအုပ်စုရှိ မိုင်းယု - လုံကမ် သွားလမ်းခွဲမှ မန်နိမ်းအွန် - ရောက်ပန်ကုန်း မြေသားလမ်း(၁၀)မိုင်မှာလည်း လမ်းအဆင့်အတန်း Class A ၊ ဦးစားပေး အဆင့်အတန်း(၃) ဖြစ်ပါတယ်။ ကျေးရွာ ၃ ရွာ ၊ အိမ်ခြေ ၃၅၀ အိမ် ၊ လူဦးရေ ၁၇၅၀ ဦးတို့ကို အကျိုးပြုပါတယ်။ လက်ရှိလမ်းအမျိုးအစားကတော့ မြေသားလမ်းဖြစ်ပါတယ်။ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်သည့်အနေအထားဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါ ဟိုမော- လော့ခွမ်ကျေးရွာအုပ်စုမှာရှိသည့် မြေသားလမ်း (၇)မိုင်အား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရေး၊ မန်နိမ်းအွန်ကျေးရွာအုပ်စုမှာရှိသည့်

ကျောက်ချောလမ်း(၁၀)မိုင်၊ အရှည်(၅၅)မိုင်ရှိသည့် နမ့်ပန်းချောင်းကူးတံတား၊ ရေလွှဲမြောင်း ( Box – Culvert) (၂၀) ခု၊ (၅)ပေခန့်ကျယ် တံတား(၂)စင်းနှင့် (၁၀) ပေကျယ် တံတား တစ်စင်းတို့ကို တည်ဆောက်ဆောင်ရွက်နိုင်ရေးအတွက်ကို ကွတ်ခိုင်မြို့နယ်၏ မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်း(၂)ခုစလုံးကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည့်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။

ပထမမေးခွန်းအနေဖြင့် မိုင်းရှူးမြို့နယ်၊ ရပ်ကွက်(၂)ရှိ ရွှေဟသ်ာဈေးကြီးနှင့် ရပ်ကွက်(၄)အတွင်းရှိ ဈေးသစ်ဈေးတို့နဲ့ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ ရပ်ကွက်(၂)ရှိ ရွှေဟသ်ာဈေးကြီးနှင့် ရပ်ကွက်(၄) အတွင်းရှိ ဈေးသစ်ဈေး စည်ပင်သာယာလုပရေးကို မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးဌာနမှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိတာကို သိရှိရပါတယ်။ သို့ဖြစ်ပါ၍ သိရှိမေးမြန်းလို သည်မှာ

(၁) ရွှေဟသ်ာဈေးကြီးနှင့် ဈေးသစ်ဈေးအတွက် စည်ပင်သာယာရေးဌာနမှ နှစ်စဉ် အခွန်အခများ ကောက်ခံရရှိမှုအခြေအနေ၊

(၂) ရွှေဟသ်ာဈေးကြီး လုံခြုံရေး၊ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းသာယာလုပရေးအတွက် စည်ပင်သာယာရေးဌာနမှ စီမံဆောင်ရွက်ပေးနေမှုများ၊

(၃) ရပ်ကွက်(၄)အတွင်းရှိ ဈေးသစ်သည် တရားမဝင် ဖွင့်လှစ်ထားသော ဈေးဖြစ်၊ မဖြစ်နှင့် ဖြစ်ပါက ရှေ့လျှောက် တိုးချဲ့စီမံဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အစရှိသည့် မေးခွန်းများကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် မိုင်းရှူးမြို့နယ်၊ လွိုင်ဆောင်ထောက် ရတနာမြေဒေသအား စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်-လွိုင်ဆောင်ထောက် ရတနာမြေသည် တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ မဏိရတနာဈေး၊ အထက ကျောင်း၊ လွိုင်ဆောင်ထောက် ရပ်ကွက်(၄)ရပ်ကွက်၊ ဆန်းသော်တာ၊ နမ့်ဆောင်လင်း၊ ဈေးသစ်၊ အောင်ဘောဂ၊ အောင်ချမ်းသာ၊ အောင်မြေသာ၊ ရတနာ့ဂုဏ်ရည်၊ ဘုရားငါးဆူ၊ ကုန်းမြင့်သာနယ်မြေစတဲ့ ရပ်ကွက်များနဲ့ ဖွဲ့စည်းထားပြီး လူဦးရေ (၅၀၀၀၀)ကျော် နေထိုင် လုပ်ကိုင် စားသောက်လျက်ရှိပြီး မြို့အသွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဒေသဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် မိုင်းရှူးမြို့နယ်၏ စည်ပင်သာယာရေးနယ်နိမိတ်ထဲတွင် ထည့်သွင်း သတ်မှတ်ခြင်းမရှိသေးသဖြင့် ဒေသမှာမြို့အသွင် ဖြစ်နေသော်ငြားလည်း စည်ပင်သာယာရေး နှင့် သက်ဆိုင်သော လုပ်ငန်းဆောင်တာကိစ္စရပ်များ သက်ရောက်မှု မရှိသဖြင့် ပြည်သူများမှ စုပေါင်းစနစ်ဖြင့် လမ်းခင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းစတဲ့ သာယာလှပရေးကိစ္စရပ် များကို ကိုယ်ထူကိုယ်ထ လုပ်ဆောင်နေကြရပါတယ်။

၂၀၁၃ ခုနှစ်၊ စည်ပင်သာယာရေး ဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၅ (က)တွင် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာနယ်နိမိတ်များကို မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်ဟူ၍လည်းကောင်း၊ အပိုဒ် (ခ)တွင် သက်ဆိုင်ရာ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများအား ဆောင်ရွက်ရန် မြို့စည် ပင်သာယာရေး နယ်နိမိတ်သတ်မှတ်နိုင်သည်ဟု အတိအလင်းပြဋ္ဌာန်းထားတာကို တွေ့ရှိရ ပါတယ်။

သို့ဖြစ်ပါ၍ မြို့တစ်မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေသော မိုင်းရှူးရတနာမြေ ဝမ်ကန်-လွိုင်ဆောင်ထောက်ဒေသ စည်ပင်သာယာလှပရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ်ရှိ/ မရှိနှင့် မရှိပါက အဘယ်ကြောင့်နည်း၊ ရှိပါက မည်သည့်အချိန်တွင်ထည့်သွင်းသတ်မှတ်သွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက မေးခွန်း(၁၊၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊

ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် မေးမြန်းထားသော ပထမမေးခွန်းဖြစ်တဲ့ မိုင်းရှူးမြို့နယ်၊ ရပ်ကွက်( ၂ )ရှိ ရွှေဟသ်ာဈေးကြီးနှင့် ရပ်ကွက်( ၄ ) အတွင်းရှိ ဈေးသစ်ဈေး စည်ပင်သာယာလုပရေးနှင့် ပတ်သက်၍ -

(၁) ရွှေဟသ်ာဈေးကြီးနှင့် ဈေးသစ်ဈေးအတွက် စည်ပင်သာယာရေးဌာနမှ နှစ်စဉ်အခွန်အခများ ကောက်ခံရရှိမှုအခြေအနေ၊

(၂) ရွှေဟသ်ာဈေးကြီး လုံခြုံရေး၊ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းသာယာလုပရေးအတွက် စည်ပင်သာယာရေးဌာနမှ စီမံဆောင်ရွက်ပေးနေမှုများ၊

(၃) ရပ်ကွက်(၄)အတွင်းရှိ ဈေးသစ်သည် တရားမဝင် ဖွင့်လှစ်ထားသော ဈေးဖြစ်၊ မဖြစ်နှင့် ဖြစ်ပါက ရေ့လျောက် တိုးချဲ့စီမံဆောင်ရွက်မည့် လုပ်ငန်းစဉ်များ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ ရပ်ကွက်(၂)ရှိ ရွှေဟသ်ာဈေးကြီးနှင့် ရပ်ကွက်(၄) အတွင်းရှိ ဈေးသစ်ဈေး စည်ပင်သာယာလုပရေးနှင့် ပတ်သက်၍-

(က) ရွှေဟသ်ာဈေးတွင် ဈေးရုံပေါင်း (၁၉)ရုံ၊ ဆိုင်ခန်းပေါင်း (၃၈၂)ခန်း ရှိသည့်အနက် ဆိုင်ခန်း (၁၂၀)ခန်းအား လစဉ်ဆိုင်ခန်းငှားရမ်းခ တစ်ခန်းလျှင် ကျပ် (၁၅၀၀) နှုန်းဖြင့် စည်းကြပ်ကောက်ခံလျက်ရှိရာ နှစ်စဉ်ဆိုင်ခန်းငှားရမ်းခရငွေမှာကျပ်(၂၁၆၀၀၀)ဖြစ်ပါတယ်။ကျန်ဆိုင်ခန်း (၂၆၂) ခန်းမှာ လစ်လပ်ဆိုင်ခန်း များဖြစ်ပါတယ်။ ရွှေဟသ်ာဈေးရှိ ပွဲကျဈေးသည်များ၊ မြို့မဈေးရှိ ပွဲကျဈေးသည်များ၊ ဈေးသစ်ရှိ ပွဲကျဈေးသည်များစသည့် ပွဲကျဈေးသည်များအား ဈေးကောက် ကောက်ခံရန် မြို့မပွဲကျဈေးကောက် လိုင်စင်အား ၂၀၁၈- ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ကြေး ကျပ် ( ၅၄၅၀၀၀၀ )ဖြင့် စိစစ်ချထားပြီး ဖြစ်ပါတယ်။

( ခ) ရွှေဟသ်ာဈေးကြီးလုံခြုံရေးအတွက် ဈေးသူ/ ဈေးသားများနှင့် ပူးပေါင်း၍ လုံခြုံရေးဝန်ထမ်း (၂)ဦး ငှားရမ်း၍ ဌာနမှ ဝန်ထမ်းတစ်ဦး ကြီးကြပ်ပြီး လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဈေးသန့်ရှင်းသာယာလုပရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ တစ်ပတ်လျှင် (၂)ကြိမ် အမှိုက်သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

(ဂ) မြို့မဈေးပတ်လည် လမ်းများပေါ်တွင် ပုံကျဈေး တည်ခင်းရောင်းချရာမှ လမ်းမပေါ်တွင် ပြည်သူများသွားလာရေး ခက်ခဲသဖြင့် မြို့မဈေးနေရာမှ မြို့လယ်ဘုရားရှိ လမ်းမပေါ်သို့ ပြောင်းရွှေ့ရောင်းချစေခဲ့သော်လည်းသွားလာ ခက်ခဲမှုများဖြစ်ပေါ်သဖြင့် မြို့လယ်ဘုရားဘုန်းကြီးကျောင်းပိုင် မြေကွက် လပ်တွင် ထပ်မံပြောင်းရွှေ့ နေရာချထားခဲ့ပါသည်။ အထက်ပါနေရာတွင် ရောင်းချနေရာမှ မြို့လယ်ဘုရား ဆရာတော်မှ ဘုရားမြေကွက်လပ်တွင် ဈေးရောင်းခွင့် မပြုတော့ပါသဖြင့် ဈေးသူ/ ဈေးသားများ စည်ပင်သာယာရေး ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ မိုင်းရှူးမြို့၊ ရပ်ကွက်( ၄ )ရှိ ဦးယဆပိုင် မြေကွက်နေရာတွင် ဦးယဆမှ ပုံကျဈေးဆိုင်ခန်းဆောက်လုပ် ပေးပြီး ပြောင်းရွှေ့ ရောင်းချစေခဲ့ခြင်းဖြစ်ပါသည်။ ၎င်းဈေးအား ပုဂ္ဂလိကပိုင် ဈေးဖွင့်လှစ်နိုင်ရေး ဦးယဆမှ တင်ပြလာမှုနှင့်ပတ်သက်၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ကိုယ်ပိုင်ဈေး ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် စိစစ် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကို တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန် - လွိုင်ဆောင် ထောက်ရတနာမြေဒေသ စည်ပင်သာယာလုပရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မရှိပါက အဘယ်ကြောင့်နည်း။ ရှိပါက မည်သည့်အချိန်တွင် ထည့်သွင်းသတ်မှတ် သွားမည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်- လွိုင်ဆောင်ထောက် ရတနာမြေသည် နိုင်ငံတော်မှ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ( ၁၆ ) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၆၂ / ၉၂) ဖြင့် မိုင်းရှူးရတနာနယ်မြေအဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သည့် သတ္တုတွင်းဝန်ကြီးဌာနမှ စီမံခန့်ခွဲ သည့် ရတနာမြေဖြစ်ပါသည်။ ယင်းဒေသအား စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထည့်သွင်းပေးရန် ကိစ္စနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ (က)အရ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့် နယ်မြေတွင် မြို့(သို့မဟုတ်) ကျေးရွာလူနေအိမ်များ တိုးချဲ့ခြင်း၊ သာသနာ့နယ်မြေ သတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်း (သို့မဟုတ်)ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်းတည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသည်သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

လက်ရှိ ဝမ်ကန်- လွိုင်ဆောင်ထောက်ဒေသသည် မြို့နှင့်(၁၂)မိုင်ခန့် ကွာဝေးလျက်ရှိပြီး အဆိုပါဒေသတွင် မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးဌာနမှ ဒေသခံများပါဝင်သည့် အမှိုက်သိမ်းဆည်းရေးအဖွဲ့များ ဖွဲ့စည်း၍ ဌာန၏အမှိုက်သိမ်းယာဉ်(၁)စီးဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသခံ ရပ်မိ/ ရပ်ဖများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဝမ်ကန်- လွိုင်ဆောင်ထောက် ဒေသအား လက်ရှိအချိန်တွင် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် ထည့်သွင်းနိုင်ခြင်း မရှိသေးပါကြောင်းနှင့် စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် ထည့်သွင်းမည်ဆိုပါက သတ္တုတွင်းဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပထမမေးခွန်းအနေနဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အတွင်းရှိသော ပင်ဖြစ်- ဆတ်သေလမ်းပိုင်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပင်ဖြစ်- ဆတ်သေလမ်းပိုင်းသည် ကျေးရွာချင်းဆက် အဓိကလမ်းမကြီးဖြစ်သည့်အပြင် ဆတ်သေမြေမဲတွင် နေထိုင်ကြတဲ့ ပအိုဝ်းတိုင်းရင်းသားများ၏ အဓိက ကုန်စည်စီးဆင်းဆက်သွယ်ရာ လမ်းမကြီးလည်း ဖြစ်ပါတယ်။ ဒ့်အပြင် တောင်ကြီး- ဇလဲနှင့် မြို့နယ်ချင်းဆက်သွယ်ထားသည့် လမ်းမကြီးလည်း ဖြစ်ပါတယ်။ ဆတ်သေမြေမဲမှာ အိမ်ထောင်စုပေါင်း (၁၄၀၀)ကျော်ရှိပြီး ပင်ဖြစ်- ဆတ်သေလမ်းကို ကတ္တရာလမ်းအဖြစ် တောင်းခံလာခဲ့သည်မှာ ၂၀၁၃-၂၀၁၄ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကတ္တရာလမ်းခင်းရန် (၅)ဖာလုံသာ ရရှိထားပါတယ်။ ၎င်းလမ်းမကြီးကို ကျေးရွာနေ ပြည်သူပြည်သားများ ကိုယ်ထူကိုယ်ထ ဆောင်ရွက်အသုံးပြုလာသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်လာပြီ ဖြစ်တဲ့အပြင် မြို့နယ်အဆင့် လမ်းသတ်မှတ်ချက်တွင်လည်း Class A ဦးစားပေး(၁)အဖြစ် သတ်မှတ်ထားရှိပါတယ်။ အဆိုပါ လမ်းပိုင်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခရီးစဉ်တွင် ကျေးလက်လမ်းဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအောက်သို့ လွှဲပြောင်းခဲ့ကြောင်း သိရှိရပါတယ်။ ထို့ကြောင့် အဆိုပါ ပင်ဖြစ်- ဆတ်သေလမ်းအား လွှဲပြောင်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကျန်ရှိနေသော လုပ်ငန်း(၅)မိုင်

ကျော်ခန့်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်း ဆက်လမ်းဖြစ်သော ကြာအင်း- မြောင်းတော်- ဝန်စိုလမ်းသည် (၇)မိုင်ခန့် ရှည်လျားပါတယ်။ ၎င်းလမ်းမကြီးကို ဝန်စို- မြောင်းတော်- တီတောက်ကုန်း- ဆင်သေ- တောရ- သပြေကုန်း- ကြာအင်း အစရှိသည့် ကျေးရွာနေပြည်သူများ အားကိုးအားထား အသုံးပြုရာ လမ်းမကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ၎င်းလမ်းမကြီးသည် ရှေးယခင် စော်ဘွားများလက်ထက်ကတည်းက ကျောက်လမ်းအဖြစ် ခင်းထားပြီး စော်ဘွားလမ်း ဟုလည်း ဒေသခံများက ခေါ်ဝေါ်ကြပါတယ်။ ယခုအခါ အဆိုပါလမ်းပိုင်းဟာ အလွန်ဆိုးဝါး စွာ ပျက်စီးလျက်ရှိပြီး မိုးတွင်းကာလတွင်လည်း သွားလာ၍မရလောက်အောင် ခက်ခဲနေ သဖြင့် ဝန်စိုကျေးရွာနေပြည်သူများသည် ပင်းတယမြို့နယ်ဘက်သို့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက် သွားလာနေရပါတယ်။ (၇)မိုင်ခန့်ရှိသည့်အနက် ယခုဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ တွင် (၁)မိုင် (၂)ဖာလုံခန့်အတွက်သာ ဘတ်ဂျက်လျာထားရရှိပြီး ကျန်ရှိသော (၅)မိုင်ကျော်ခန့်နှင့် ၎င်းလမ်းတွင် မဖြစ်မနေထည့်သွင်းတည်ဆောက်ရမည့် ကံဆုံတံတား ဆောက်လုပ်ခြင်းလုပ်ငန်းတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိအား ဒေသခံပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း (၁၊၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် မေးမြန်းထားသော ပထမမေးခွန်းဖြစ်တဲ့ ပင်ဖြစ်- ဆတ်သေလမ်းပိုင်း၊ ဒုတိယမေးခွန်းဖြစ်တဲ့ ကြာအင်း- မြောင်းတော်- ဝန်စိုလမ်းနှင့် ကံဆုံတံတားစသည့် မေးခွန်း(၂)ခုလုံးအတွက် တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းအနေဖြင့် ရပ်စောက်မြို့နယ်အတွင်းရှိ ပင်ဖြစ်- ဆတ်သေလမ်းသည် ၀/၀- ၆/၃= ၆/၃ မိုင် ရှည်လျားပြီး ကတ္တရာလမ်း ၁/၄ မိုင်၊ အမာခံလမ်း ၄/၇ မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းမှ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ်

သိမ်းသွင်းဆောင်ရွက် ခွင့်ရရန် (၂- ၁၀- ၂၀၁၈) ရက်နေ့တွင် ကျင်းပခဲ့သော စီးပွားရေးရာ ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈)၌ သဘောတူပြီးဖြစ်ပါသဖြင့် လမ်းဦးစီးဌာန ပိုင်လမ်းအဖြစ် လွှဲပြောင်းလက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေမှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ကတ္တရာလမ်း(၅)ဖာလုံ ဖောက်လုပ်ရေး စီမံဆောင်ရွက်လျက်ရှိရာ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် လွှဲပြောင်းလက်ခံ ပြီးပါက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေတွင် လုပ်ငန်းဆက်အဖြစ် လည်းကောင်း၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်များတွင် လည်းကောင်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ရပ်စောက်မြို့နယ် ၊ ကြာအင်း - မြောင်းတော် - သနပ်တောင် - ဝန်စို - ဖောင်းပြားလမ်းသည် လမ်းဦးစီးဌာနပိုင် ရပ်စောက်- ပင်းတယလမ်းမှ ပင်းတယ မြို့နယ် ကျေးလက်လမ်းဖြစ်သော ဖောင်းပြား- မိုင်းအင်လမ်းနှင့် ဆက်သွယ်သည့် မြို့နယ် ချင်းဆက် Class A အဆင့် ဦးစားပေးအဆင့် လမ်းဖြစ်ပါတယ်။ စုစုပေါင်းလမ်းအရှည် (၇)မိုင်ရှိသည့် အမာခံအဆင့်လမ်းဖြစ်ပြီး ကျေးရွာ ၅ ရွာ ၊ အိမ်ခြေ ၃၇၇ အိမ်အား အကျိုးပြုသည့် လမ်းတစ်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား အမာခံလမ်းမှ ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်နယ် (၁၂)လ ရန်ပုံငွေတွင် လမ်းအရှည် (၇/၀) မိုင် အနက် (၁/ ၁.၈၃)မိုင်အား ငွေကျပ် ၂၀၂.၄ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ကျန်ရှိသည့် လမ်းအရှည် (၅/၆.၁၇) မိုင်နှင့် အဆိုပါလမ်းပေါ်တွင် လိုအပ်လျက်ရှိသည့် ၄၀ ပေ၊ တံတား(၁)စင်းအား ဆောင်ရွက်နိုင်ရန်အတွက် ရပ်စောက်မြို့နယ်၏ မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထား တင်ပြလာပါက သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ယခု အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)(၂၀-၉-၂၀၁၈)တွင် အတည်ပြုခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ၎င်းပြင်ဆင်ချက်ကို အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ ကိန်းဂဏန်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥပဒေအမှတ် (၄/၂၀၁၈)ဖြင့် အတည်ပြုခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေတွင်ပါရှိသည့် ကိန်းဂဏန်းများသည် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်မှာ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ၏ ပူးတွဲဇယား ၃ အမှတ်စဉ် ၁၃ တွင် ဖော်ပြပါရှိသည့် ရှမ်းပြည်နယ်၏ ပုံမှန်ဈေးနှုန်းဖြင့် ဖော်ပြထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်ကုန် ခန့်မှန်းခြေစာရင်းတွင် ကျပ်သန်းပေါင်း ၄၈၅၃၅၉၅.၆ ဟု ပါရှိခဲ့ပြီး၊ ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေတွင် ကျပ်သန်းပေါင်း ၄၈၅၃၅၄၅.၆ ဟု တင်ပြခဲ့သဖြင့် ကွဲလွဲမှု ကျပ်သန်း ၅၀ ဖြစ်ပေါ်ခဲ့ပါတယ်။ မူလစီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် ကိုက်ညှိစဉ် ကိန်းဂဏန်းတူညီခဲ့သော်လည်း ပြင်ဆင်ပြောင်းလဲမှုအပေါ် အချိန်မီသိရှိမှုမရှိသည့်အတွက် ကွဲလွဲမှုဖြစ်ပေါ်ခဲ့မှုအပေါ် ပြင်ဆင်နိုင်ရေးအတွက် ကွဲလွဲမှုကြောင့် လိုက်လျောညီထွေပြောင်းလဲရန် လိုအပ်သည့် စာသားများ၊ ဇယားများ စုစုပေါင်း(၃)ရွက်ကို (၁၂-၁၀-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့ထားရှိပါတယ်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်မှာ ကွဲလွဲမှု မရှိပါ။ ယခင်နှစ် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေစာရင်းတွင် ကွဲလွဲမှုဖြစ်ပေါ် ခဲ့ရခြင်းဖြစ်ပါတယ်။ ယခင်နှစ် သစ်တောကဏ္ဍ၏ နှစ်ကုန်ထုတ်လုပ်မှုတန်ဖိုး တွက်ချက်စဉ် တွင် ထည့်သွင်းတွက်ချက်ရန် ကျန်ခဲ့သော ပုံစံ(၈) သစ်များဖမ်းဆီးနိုင်ခဲ့မှုအပေါ် GDP တန်ဖိုး ကျပ်သန်း ၅၀ တိုးတက်ပြောင်းလဲခဲ့သဖြင့် စာရင်းကွဲလွဲမှုဖြစ်ပေါ်ရခြင်း ဖြစ်ပါတယ်။ စာရင်းကွဲလွဲမှုအပေါ်တွင် အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်း ပြည်နယ်လွှတ်တော်သို့ လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)၌ အတည်ပြုခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် ကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က ဥပဒေ(မူကြမ်း) တစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဥပဒေ(မူကြမ်း)မှာ ရှမ်းပြည်နယ်လျှပ်စစ် ဥပဒေ(မူကြမ်း)ဖြစ်ပါတယ်။ ယခု ဦးစိုင်းလင်းမြတ်က ဥပဒေ (မူကြမ်း)တင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရ

အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တက်ရောက်လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ (မူကြမ်း)ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဤဥပဒေ(မူကြမ်း)မှာ အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) အခြေခံမူများ၊ အခန်း(၄) ပြည်နယ်ဝန်ကြီးဌာန ၏လုပ်ပိုင်ခွင့်များနှင့်တာဝန်များ၊ အခန်း(၅) ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်များကို လိုင်စင်ပေးခြင်းဆိုင်ရာ အခန်းကဏ္ဍများနှင့် ပတ်သက်၍ ပိုင်းခြားသတ်မှတ်ခြင်း၊ အခန်း(၆)လိုင်စင်များနှင့် ပြည်နယ်စီမံခန့်ခွဲမှုဆိုင်ရာ ခွင့်ပြုမိန့်၊ အခန်း(၇) လျှပ်စစ်ဓာတ်အားအကျိုး သက်ရောက်မှုထောက်ပံ့ရေးရန်ပုံငွေ၊ အခန်း(၈) ပြစ်မှုပြစ်ဒဏ်များ၊ အခန်း(၉) နစ်နာကြေးနှင့် အယူခံခြင်း၊ အခန်း(၁၀) အထွေထွေဆိုပြီး အခန်း(၁၀)ခန်းပါရှိ၍ ပုဒ်မ ၃၄ ခု ပါရှိပါတယ်။

ဒီဥပဒေ(မူကြမ်း)နဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အကျယ်တဝင့် ရှင်းလင်းတင်ပြခြင်း မပြုတော့ပါခင်ဗျား။ ရည်ရွယ်ချက်အနေနဲ့ကတော့ -

(က) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသည့် ရှမ်းပြည်နယ်၏လျှပ်စစ်ကဏ္ဍကို လွှမ်းခြုံသော ဥပဒေနှင့် ကိုက်ညီသည့် စည်းမျဉ်းစည်းကမ်းတစ်ရပ်ကို ရေးဆွဲဖော်ဆောင်ရန်၊

(ခ) ရှမ်းပြည်နယ်၏ လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံစည်းမျဉ်း စည်းကမ်းများ၊ လမ်းညွှန်ချက်၊ မူဝါဒစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(ဂ) လျှပ်စစ်ဓာတ်အား လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်ဆိုင်သည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အပေါ်တွင် ပြည်ထောင်စုအစိုးရနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်၏ အခန်းကဏ္ဍများကို သတ်မှတ်ရန်၊

(ဃ) ရှမ်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် ရှမ်းပြည်နယ်အစိုးရအတွင်း မူဝါဒရေးရာနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ ဖော်ပြရန်၊

(င) ရယူသုံးစွဲမှု၊ အခကြေးငွေနှင့် ဝန်ဆောင်မှု အရည်အသွေးတို့တွင် ဓာတ်အား ရယူသုံးစွဲသူများနှင့် လုပ်ငန်းရှင်များအကြား အဆင်ပြေချောမွေ့မှု ရရှိစေရန်၊ လုံခြုံကောင်းမွန်ပြီး ယုံကြည်စိတ်ချရ၍ သင့်တင့်မျှတသော လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှု ဖြည့်ဆည်းပေးရေးကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စ) လျှပ်စစ်ဓာတ်အား မူဝါဒစီမံကိန်း၊ စည်းမျဉ်းစည်းကမ်းနှင့် လျှပ်စစ်ဓာတ်အား ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေး စဉ်ဆက်မပြတ်ဖြစ်ထွန်းရေးကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အား သုံးစွဲသူများ၊ ဒေသဆိုင်ရာ လူမှုအသိုင်းအဝိုင်းနှင့် လုပ်ငန်းရှင်များ၏ အခွင့်အရေးများနှင့် လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက် ရန်နှင့် အကျိုးသက်ဆိုင်သူများအားလုံးအတွက် တရားမျှတမှုကို ရရှိခံစားစေ ရန်၊

(ဇ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးစီးပွား ထိခိုက်မှုနည်းပါးသော စရိတ်စက သက်သာပြီး ဒေသမှထွက်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရရှိရေးကို ဦးစားပေးသော ပြည်နယ်အတွင်းရှိ စွမ်းအင်အရင်းအမြစ်များကို စဉ်ဆက် မပြတ် မျှတစွာနှင့် ထုတ်လုပ်အသုံးချရေးကို တိုးမြှင့်ဆောင်ရွက်ရန် အစရှိ သည့် ရည်ရွယ်ချက်များဖြင့် ဒီဥပဒေကြမ်းကို ရေးဆွဲတင်သွင်းရခြင်း ဖြစ်ပါ တယ်။

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အတွက် လျှပ်စစ်ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်ကြီးများမှ အကြံပြုဖြည့်စွက်နိုင်ပါရန်နှင့် လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃၆(ခ)(၂)အရ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါ သလား ခင်ဗျား။ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက်

ဦးစိုင်းလင်းမြတ်ရဲ့ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီကစိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့်အချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ (၁၇-၁-၂၀၁၉)ရက်နေ့ အရောက်ပေးပို့ကြပါရန် အသိပေးပြောကြားလိုပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှ ရှင်းလင်းဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာတက်ရောက်သူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းလုံ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလအတွင်း မိမိတို့ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို လွှတ်တော်သို့ အစီရင်ခံစာ အကျဉ်းချုပ်ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီထံသို့ ပြည်သူများမှ တိုက်ရိုက်သော်လည်းကောင်း၊ လွှတ်တော်ရုံးမှ တစ်ဆင့်သော်လည်းကောင်း၊ ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများ၊ မတရားသည်ဟုယူဆရသော တိုင်ကြားစာ/တင်ပြစာများအားလုံးကို လွှတ်တော်အစည်းအဝေးရှိသည့်အချိန်တိုင်း ရေးရာကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းကာ စိစစ်သုံးသပ်ပြီး ကော်မတီဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ကွင်းဆင်းစိစစ် ဆောင်ရွက်ရန်ရှိသည့် အမှုတွဲများအား လုပ်ငန်းစီမံချက်ရေးဆွဲ၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူပြီး ဆောင်ရွက်လာခဲ့သည်မှာ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ရဲ့ (၃)နှစ်တာ ကာလသို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ ရေးရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြရလျှင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလတွင် ကော်မတီ၏တာဝန်၊ ဝတ္တရားများ စတင်ဆောင်ရွက်ချိန် ၂၀၁၆ခုနှစ်၊ မတ်လမှစ၍ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၊ ယနေ့အထိ (၃)နှစ်နီးပါး အချိန်ကာလအတွင်းမှာ အမှုတွဲပေါင်း (၇၅)မှုကို လက်ခံရရှိပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ (၃)နှစ်တာ ကာလအတွင်း ကွင်းဆင်းစိစစ်ခြင်း (၈)ကြိမ်ဆောင်ရွက်ခဲ့ရာ တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ဆီဆိုင်၊ ဖယ်ခုံ၊ ပင်လောင်း၊ နမ့်စန်၊ ခိုလမ်၊ လွိုင်လင်၊ လင်းခေး၊ ကျောက်မဲ၊ လားရှိုး၊ နောင်ချို၊ မူဆယ်၊ ကွတ်ခိုင်မြို့နယ်များမှ အမှုတွဲ(၅၁)တွဲကို စိစစ်နိုင်ခဲ့ပါတယ်။ ကွင်းဆင်းစိစစ်ခဲ့သည့် အမှုတွဲ(၅၁)တွဲအနက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားလာမှုမှာ (၂၄)မှုသာရှိပြီး (၂၅)မှုကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရေးရာကော်မတီထံ ပြည်သူများရဲ့ တင်ပြချက် တိုင်ကြားစာများသည် များသောအားဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း မြေယာမှုခင်းကိစ္စ၊ မြေယာနစ်နာဆုံးရှုံးမှုများ အများဆုံးဖြစ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီခေတ်၊ အဲဒီအချိန်၊ အဲဒီကာလမှာ အာဏာပိုင်အဖွဲ့အစည်းများမှ ဥပဒေ နှင့်အညီသိမ်းခြင်း၊ ဥပဒေကျော်လွန်သိမ်းခြင်းဖြစ်နေ၍ ပြည်သူများသည် ပြောဆိုပိုင်ခွင့်၊ ငြင်းပယ်ပိုင်ခွင့်မရှိသော အခြေအနေမှာ မြေယာသိမ်းဆည်းခံရခြင်းများ၊ နစ်နာဆုံးရှုံးမှုများ၊ အစားထိုးမရရှိခြင်းများ၊ လျော်ကြေး/ နစ်နာကြေးများ မရရှိခြင်းစသည့် ဖြစ်စဉ်များကြောင့် ယခုပြည်သူများမှ ရွေးချယ်တဲ့ ပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့အစိုးရဖြစ်တဲ့အတွက်ကြောင့် အမှန်တကယ် သိမ်းဆည်းခံခဲ့ရတဲ့ ပြည်သူများမှ ရေးရာကော်မတီထံ တင်ပြတောင်းခံခြင်း၊ ကူညီဆောင်ရွက်ပေးစေလိုခြင်း၊ လွှတ်တော်မှတစ်ဆင့် ဖြေရှင်းပေးရန် တောင်းဆိုရခြင်းများဖြစ်ပါတယ်။ အဓိက သိမ်းဆည်းရသည့်အကြောင်းအရင်းမှာ မြို့ပြများတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ တပ်မတော်တပ်ရင်း/ တပ်ဖွဲ့များ တိုးချဲ့

ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်း၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့ခံရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူများလက်ရှိ လုပ်ကိုင်နေတဲ့ ယာမြေများသိမ်းယူခံရခြင်း ဖြစ်ပါတယ်။ တင်ပြတောင်းခံသူများသည် မိမိကိုယ်၌ ဆုံးရှုံးနစ်နာသူဖြစ်ခြင်း၊ မိဘဘိုးဘွားစဉ်ဆက် ရိုးရာဓလေ့အရ ခုတ်ထွင်ရှင်းလင်းပြီး လက်ဆင့်ကမ်း လုပ်ကိုင်လာခဲ့သည့် တောင်သူများ၏ မြေဖြစ်ခြင်းကြောင့် မိမိတို့သိမ်းဆည်းခံမြေများကို ပြန်လည်ရယူလိုကြောင်း လျှောက်ထားတင်ပြလာခြင်းဖြစ်ပါတယ်။

လွှတ်တော်ရဲ့ ပုံရိပ်တစ်ခုဖြစ်သော ရေးရာကော်မတီအနေဖြင့် သွားရောက်ကွင်းဆင်းစိစစ်ရာတွင် အမှန်တကယ်စိစစ်တွေ့ရှိချက်များ၊ သုံးသပ်တင်ပြချက်၊ အကြံပြုချက်များကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်း ပေးပို့ခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ထားရှိမှုအခြေအနေ ပြန်ကြားချက်များကို လက်ခံရရှိခဲ့သော်လည်း ပြီးပြည့်စုံမှုမရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ယခင်စိစစ်ပြီးသော အမှုတွဲ၏အစီရင်ခံစာနှင့် စိစစ်တင်ပြချက်များကိုသာ ကိုးကား၍ ပြန်လည်ဖြေကြားလာခြင်းဖြစ်သည်ဟု သုံးသပ်ရပါတယ်။ သာဓက တစ်ခုအနေဖြင့် တင်ပြရလျှင် ပြီးခဲ့သည့် နိုဝင်ဘာလ(၂၀)ရက်နေ့တွင်ကွတ်ခိုင်မြို့နယ်၊ အူရာဘွမ်မန်ပြိန်း တိုင်းရင်းသား တောင်သူများ၏ စိုက်ပျိုးမြေများကို ၁၉၈၈ ခုနှစ်ခန့်က နမ့်ခမ်းမြို့နေ ဦးအောင်ထွန်း ဆိုတဲ့ ပြည်သူ့စစ်က သိမ်းပြီးတော့ ၂၀၀၀ ခုနှစ်မှာ လုပ်ပိုင်ခွင့်ရတယ်။ ပြီးတော့ လုပ်ကိုင်လို့ အဆင်မပြေလို့ အခြားတစ်ဦးကို Special Powerနဲ့ လွှဲပြောင်းပေးလိုက်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ဦးအောင်ထွန်းကနေ ယခုမြေ(၃၀၀)ဧကကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ပြန်အပ်ပါတယ်။ ပြန်အပ်တာကို မူလတောင်သူများကသိလို့ သွားပြီး ပြန်လည်စိုက်ပျိုးတဲ့အခါ တစ်ဆင့် လွှဲပေးတဲ့ ကုမ္ပဏီတစ်ခုက ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲခံရတဲ့ ပြည်သူများဖြစ်တယ်။ ၂၀၁၀ ခုနှစ်မှာ ဦးရန်ကောလင်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို လျှောက်တယ်။ ၂၀၁၇ ခုနှစ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက ခွင့်ပြုချက်ပေးတယ်။ ဒီကြားထဲမှာ ပြည်သူလူထုတွေက ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲခံရတယ်။ ချုံပြောရလျှင် မတရားသဖြင့်ရယူပြီး အခုထိ မူလတောင်သူများ တရားစွဲဆိုခံရဆဲဖြစ်တာကို စိစစ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရေးရာကော်မတီဝင်များသည် လက်ရှိမြေပြင် အနေအထားအမှန်ကိုသာ စိစစ်ဆောင်ရွက်ထားခြင်းဖြစ်၍ ပွင့်လင်းမြင်သာမှု၊

တာဝန်ယူမှု တာဝန်ခံမှုရှိသော ဒီမိုကရေစီအစိုးရဖြစ်သည်နှင့်အညီ အမှုတွဲတစ်ခု စိစစ်ရာ၌ လက်ရှိ ပကတိအမှန်တရားအတိုင်း လက်ခံနိုင်ရေးအတွက် အမှုတွဲအား ရပ်ကွက်/ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အထိ အဆင့်ဆင့် ပြန်လည်စိစစ်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေကို အချိန်ကြန့်ကြာမှုမရှိစေဘဲ အမှုတွဲဖြစ်စဉ်အား စေ့စပ်သေချာစွာ ပြန်လည် စိစစ်သုံးသပ်ပြီး ပြန်ကြားပေးစေလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြအပ်ပါတယ်။

သိမ်းဆည်းမြေများသည် ဥပဒေအရ မြေသိမ်းဆည်းခံရခြင်း၊ ဥပဒေကျော်လွန် သိမ်းဆည်းခံရခြင်း၊ ဥပဒေအရ လုပ်ပိုင်ခွင့်ဆုံးရှုံးခြင်းတို့ကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ထား သော မူဝါဒ၊ လုပ်ငန်းစဉ်(၅၂)ချက် တို့နှင့်အညီ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်း ဆောင်ရွက်နိုင်မည် ဟု မျှော်လင့်ပါတယ်။ သို့ဖြစ်၍ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီရဲ့ တာဝန်သည် လွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရများ၊ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများတရားဥပဒေနှင့်အညီ နေထိုင်ပြုမူ လိုက်နာဆောင်ရွက် ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်းနှင့် ထိန်းညှိကူညီခြင်း၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်လာစေရေးအတွက် လေ့လာသုံးသပ်ခြင်း ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ ဌာန/ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများလေ့လာ၍ ညီညွတ်ဆီလျော်မှု ရှိစေရေး ထိန်းညှိ ကူညီခြင်းပြုရမည်ဖြစ်ပါတယ်။ ရေးရာကော်မတီများမှ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူများမှ ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း ကာလတစ်လျှောက် ပြည်သူများမှ အားကိုးထိုက်သော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာစေရန် ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)တွင် ရှမ်းပြည်နယ် လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဥ္စမနေ့)ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်(အင်္ဂါနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(ပဉ္စမနေ့)မှတ်တမ်း**

**၁၃၈၀ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်**

**၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်**

**[အင်္ဂါနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄၁)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၂.၈၅%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၈၀(က) နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပဥ္စမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈-၁၂-၂၀၁၈)ရက်နေ့ (ပဥ္စမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးဘောရင်နယ်(ခ) ဦးခင်မောင်လွင် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားထားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၂၅)ဦးရှိပြီး ယနေ့ခွင့်ပန် ကြားသူ (၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ ဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၁)ဦး၊ ယခင်ကခွင့်ပန်ကြားထားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၂၅)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်း အဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ လေ့လာသူဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်မော်-ဝမ်ကန်ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မြေသားလမ်းသည် သဘာဝမိုးဒဏ်ကြောင့် မြေသားလမ်း ပြိုကျပျက်စီးမှုများ တွေ့ကြုံနေရပြီး ပြုပြင်ထိန်းသိမ်း ဆောက်လုပ်ပေးရန်

အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်မော်- ဝမ်ကန် ကျေးရွာ ချင်းဆက်လမ်းဖြစ်သည့် မြေသားလမ်းသည် အရှည်(၁၇/၆)မိုင်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၆၁.၅၇၃) သန်းဖြင့် မြေသားလမ်း (၃/၆)မိုင်ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၂၂၀.၆၂)သန်းဖြင့် မြေသားလမ်း(၁၄)မိုင်ကို လည်းကောင်း၊ အသီးသီး ကျခံ ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါလမ်းသည် ကျေးရွာ(၃၀) အိမ်ထောင်စု(၁၁၁၂)စု၊ လူဦးရေ (၅၅၉၉)ဦးတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများအတွက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ကြသဖြင့် ကျေးလက်ပြည်သူများ၊ အကျိုးများစွာခံစားရသည့် ဝမ်းသာပီတိ ဖြစ်ကြရပါတယ်။

သို့သော် သဘာဝဘေးဒဏ်၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်၊ ယခုအခါ အဆိုပါ မြေသားလမ်းသည် လမ်းမျက်နှာပြင်ရေစီးကြောင်းဖြစ်ပေါ်ခြင်း၊ တောင်ပြိုမြေများ ပိတ်ဆို့ခြင်း၊ လမ်းသားများရေတိုက်စား၍ ပဲ့ကျခြင်း၊ လမ်းဘေးရေမြောင်းအနက် ၅ပေ ဖြစ်ပေါ်ခြင်း စသည့် ပျက်စီးမှု ၅၀ ရာခိုင်နှုန်းခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယခုအခါ အဆိုပါလမ်းအား ဆိုင်ကယ်များဖြင့်သာ ခက်ခဲစွာ ရုန်းကန်လှုပ်ရှားသွားလာနေရသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်မော်- ဝမ်ကန် ကျေးရွာချင်းဆက် မြေသားလမ်းပျက်စီးမှုများအား ကျေးလက်ပြည်သူများ အကျိုးမျှော်ကိုးပြီး အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသောရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမေးမြန်းထားသည့် မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်မော်- ဝမ်ကန် ကျေးရွာချင်းဆက် မြေသားလမ်းပျက်စီးမှုများကို အမြန်ဆုံးပြုပြင်

ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်မော်- ဝမ်ကန်ကျေးရွာချင်းဆက်လမ်း (၁၇/ ၆)မိုင်သည် ကျေးလက်လမ်းအဆင့်နှင့် ဦးစားပေးသတ်မှတ်ချက် A1 ဖြစ်ပြီး ကျေးရွာ(၃၀)၊ အိမ်ထောင်စု(၁၁၁၂)စု၊ လူဦးရေ (၅၅၉၉)ဦး အား အကျိုးပြုလျက်ရှိသော လမ်းဖြစ်ပါတယ်။

ပန်မော်- ဝန်ကမ်ကျေးရွာချင်းဆက် မြေသားလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန DRD က ၂၀၁၃-၂၀၁၄ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၆၁.၅၇၃ သန်းဖြင့် မြေသားလမ်း (၃/ ၆)မိုင်ကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၂၀.၆၂သန်းဖြင့် မြေသားလမ်း(၁၄/ ၀)မိုင်ကို လည်းကောင်း အသီးသီးကျခံ သုံးစွဲဖောက် လုပ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်း နှစ်အတန်ကြာ ရာသီဥတု ဒဏ်ကြောင့် ယခုအခါ ပျက်စီးချို့ယွင်းမှုများ ရှိလာပြီဖြစ်ပါတယ်။

၁၇ မိုင် ၆ ဖာလုံ အရှည်ရှိလမ်းအား လမ်းပုံဖော်ခြင်း၊ ကျောက်ရောမြေခင်းကြိတ်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းစသည်ဖြင့် ပြုပြင်ထိန်းသိမ်းမည်ဆိုပါက ခန့်မှန်းကျပ် ၃၅၅ သန်းခန့် ကုန်ကျနိုင် မည်ဖြစ်ရာ မဖြစ်မနေဆောင်ရွက်ရမည့် ဦးစားပေးအလိုက် လမ်းအပိုင်းတွင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မိုင်းပျဉ်းမြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေးလိုအပ်ချက်အလိုက် ထည့်သွင်းလျာထား တင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်း စစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ သိန္နီမြို့နယ်ရှိ ရေပူစစ်ဆေးရေးစခန်းနှင့် သိန္နီမြို့နယ်အတွင်း သိမ်းဆည်းရ

မိသော ယာဉ်များကို သိန္နီမြို့နယ်တွင်သာ လေလံဆွဲခွင့်ပြုပါရန်နှင့်စပ်လျဥ်းပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့သည် မန္တလေး- လားရှိုး- မူဆယ်နှင့် မန္တလေး- လားရှိုး- ကွမ်းလုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည့် မြို့တစ်မြို့ဖြစ်ပါတယ်။ သိန္နီမြို့နယ်တွင် ရေပူစစ်ဆေးရေးစခန်းလည်းထားရှိပြီး တစ်ရက်လျှင် ယာဉ်အတက်အဆင်း စီးရေ (၄၀၀၀ မှ ၆၀၀၀)ခန့်ရှိကြောင်းကိုလည်း Toll Gate မှတ်တမ်းများအရ သိရှိရပါတယ်။

သိန္နီမြို့သည် လမ်းဆုံမြို့လည်းဖြစ်သလို ရေပူစစ်ဆေးရေးစခန်းရှိသော မြို့လည်းဖြစ်သည့်အတွက် တရားမဝင်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်လျက်ရှိသော ယာဉ်များကိုလည်း အခါအားလျော်စွာ ဖမ်းဆီးရရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့ထိ ဖမ်းဆီးရမိသော မော်တော်ယာဉ်များမှာ ယာဉ်ကြီး (၁၇၂)စီး၊ ယာဉ်ငယ်(၂၁၂)စီး၊ ပေါင်း (၃၈၄)စီး ရှိသည်ကို သိန္နီမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှတ်တမ်းအရ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point သုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ သိန္နီမြို့နယ်အမှတ်(၃)ရပ်ကွက်ရှိ ပိန်းအွယ်ကမ္ဘဌာန်းကျောင်းဝန်းအတွင်း၌လည်းကောင်း၊ OHC ဝန်းအတွင်း၌ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝန်းအတွင်း၌ လည်းကောင်း၊ ဖမ်းဆီးရရှိသော ယာဉ်များကို ထားလျက်ရှိပါတယ်။ အမှုကြာချိန်ကြောင့် လည်းကောင်း၊ မိုးထဲလေထဲတွင်ပစ်ထား၍ လည်းကောင်း၊ မော်တော်ယာဉ်များ၏ ဖြုတ်ယူလွယ်သည့် ပစ္စည်းများပျောက်ခြင်း၊ တာယာများ ဆွေးမြေ့ပျက်စီးခြင်းတို့ကြောင့် နေပြည်တော်ပို့ရန်အချိန်ရောက်ပါက မော်တော်ယာဉ်များ မောင်းနှင်၍ မရတော့ပါ။

သိန္နီမြို့မှ နေပြည်တော်သို့ပို့ဆောင်ပါက ယာဉ်မောင်း(၁)ဦးကို ခေါက်ကြေး(၅၀၀၀၀) ကျပ်နှင့် ခရီးစရိတ်(၂၀၀၀၀)ကျပ်ကုန်ကျသည်ဟု သိရှိရပါတယ်။ (၁)စီးလျှင် (၇၀၀၀၀)ကျပ်နှုန်းဖြင့် အစီးရေ (၃၈၄)စီးဆိုပါက ကျပ်(၂၆၈)သိန်းခန့် ကုန်ကျမည်ဖြစ်ပါတယ်။ ထို့ကြောင့် မလိုလားအပ်သော ပြည်သူ့ဘဏ္ဍာငွေများကို သုံးဖြုန်းရာရောက်သည်ဟု ထင်မြင်မိပါတယ်။

ပြည်သူ့ဘဏ္ဍာများ အလဟဿမဖြစ်စေရန်နှင့် မော်တော်ယာဉ် ဆွေးမြေ့ပျက်စီးခြင်း မရှိမီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာမြို့နယ်တွင် လေလံကော်မတီ ဖွဲ့စည်းပြီး လေလံတင် ရောင်းချခွင့်ပြုပါက လုပ်ငန်းအဆင်ပြေမည်ဖြစ်ကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။ သို့ဖြစ်ပါ၍ သိန္နီမြို့နယ်ရှိ ရေပူစစ်ဆေးရေးစခန်းနှင့် သိန္နီမြို့နယ်အတွင်း သိမ်းဆည်းရမိသော ယာဉ်များနှင့်ပတ်သက်၍-

(၁) သိမ်းဆည်းထားသောယာဉ်များကို သက်ဆိုင်ရာမိမိမြို့နယ် တွင် လေလံဆွဲခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိ၊ ရှိသည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်ခွင့်ပြုမည်နည်း။ မရှိဆိုပါက အဘယ်ကြောင့်နည်း။

(၂) ပြည်ထောင်စုအဆင့်မှသာ ဆုံးဖြတ်နိုင်မည်ဆိုပါက သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ခွင့်ပြုမိန့်ရရှိရန် တာဝန်ယူ၍ ဆက်လက်တင်ပြပေးနိုင်ပါရန်နှင့်တင်ပြပေးမည်ဆိုပါက မည်သည့်နေ့ရက်တွင်တင်ပြပေးမည်နည်း။ တင်ပြပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့်နည်း။

စသည့်မေးခွန်းများကို သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်ရှိ ရေပူစစ်ဆေးရေးစခန်းအတွင်း သိမ်းဆည်းရမိသော ယာဉ်များနှင့် ပတ်သက်၍-

(၁) သိမ်းဆည်းထားသောယာဉ်များကို သက်ဆိုင်ရာမိမိမြို့နယ်တွင် လေလံဆွဲခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိ၊ ရှိသည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်ခွင့်ပြုမည်နည်း။ မရှိဆိုပါက အဘယ်ကြောင့်နည်း။

(၂) ပြည်ထောင်စုအဆင့်မှသာ ဆုံးဖြတ်နိုင်မည်ဆိုပါက သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ခွင့်ပြုမိန့်ရရှိရန် တာဝန်ယူ၍ ဆက်လက်တင်ပြပေးနိုင်ပါရန်နှင့် တင်ပြပေးမည်ဆိုပါက မည်သည့်နေ့ရက်တွင် တင်ပြပေးမည်နည်း။တင်ပြပေးနိုင်ခြင်းမရှိပါကအဘယ်ကြောင့်နည်းစသည့် မေးခွန်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်-

ပြည်ထောင်စုပိုင် ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့မှ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၇/ ၂၀၁၇ ဖြင့် ပြင်ဆင်ထုတ်ပြန်ထားပါတယ်။ အဆိုပါအမိန့် ကြော်ငြာစာတွင် ပြည်ထောင်စုပိုင်ပစ္စည်းများစာရင်းတွင် ပြည်ထောင်စုဝန်ကြီးဌာန၏ အမည်ပေါက်ပိုင်ဆိုင် ပစ္စည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ တရားဝင်အမည်စာရင်း ပေါက် ပိုင်ဆိုင်ပစ္စည်းများ၊ တရားရုံးအမိန့်ဖြင့် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ ပြည်တွင်း၊ ပြည်ပ လှူဒါန်းမှုများအရ ရရှိထားသော နိုင်ငံပိုင်ပစ္စည်းများပါဝင်ကြောင်း၊ ပြည်ထောင်စုပိုင် ပစ္စည်းများကို စီမံခန့်ခွဲရာတွင် တရားရုံး၏အမိန့်အရ နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းထားသော ပစ္စည်းများအနက် လိုင်စင်မဲ့မော်တော်ယာဉ်များ ပြည်ထောင်စု က စီမံခန့်ခွဲမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါတယ်။

အထက်ပါညွှန်ကြားချက်များအရ သိန္နီမြို့နယ်၊ ရေပူစစ်ဆေးရေးစခန်းနှင့် မြို့နယ် အတွင်း သိမ်းဆည်းရမိသော ယာဉ်များသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ကြောင်း အမိန့်ချမှတ်ပြီးမှသာ ပြည်ထောင်စုမှ စီမံခန့်ခွဲရမည့်ပစ္စည်းများ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိသော ယာဉ်များကို မြို့နယ်အတွင်းလေလံဆွဲဝယ် ခွင့်ပြု နိုင်ခြင်းမရှိပါကြောင်းနှင့် ဖမ်းဆီးရမိသော မော်တော်ယာဉ်များစီမံခန့်ခွဲခြင်းကို ပြည်ထောင်စု မှ ဆောင်ရွက်မည်ဖြစ်ကြောင်း အတိအလင်း ညွှန်ကြားထားပြီးသည့် ကိစ္စဖြစ်သောကြောင့် ပြည်ထောင်စုစီရင်ပိုင်ခွင့်ရှိကြောင်း သိသာထင်ရှားပါတယ်။ သို့သော်လည်း ရှမ်းပြည်နယ် အတွင်းရှိ ဖမ်းဆီးရမိသော မော်တော်ယာဉ်ကားများနှင့် ပတ်သက်ပြီး ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် မော်တော်ယာဉ်များ အလဟဿ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အတွက် နေရာများ၊ အခက်အခဲများ၊ ဆောင်ရွက်သင့်သည့်အရာများကို စာရင်းဇယားပြုစုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြပေးသွားမည် ဖြစ်ပါတယ်။ အဆိုပါမေးခွန်းရှင်အနေဖြင့်လည်း ပြည်ထောင်စုအစိုးရ၏ စီရင်လုပ်ပိုင်ခွင့် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် လွှတ်တော်တွင်လည်း ပြန်လည်မေးမြန်းသင့်ပါ ကြောင်း အကြံပြုဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာ ပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာ ပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝမ်မိုင်- လွယ်ဆိုင်ကျေးရွာချင်းဆက် ကျန်မြေသားလမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း ဆက်လက်လုပ်ဆောင်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဝမ်မိုင်-လွယ်ဆိုင် ကျေးရွာချင်းဆက်လမ်းပိုင်းကို ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် မြေသားလမ်းအဖြစ် ဖောက်လုပ်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ပထမ(၆)လ ပြည်နယ်ဘဏ္ဍာ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၉၁.၄၇၈ သန်းဖြင့် ၀/ ၄.၄၄ မိုင်အား ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အတွက်ကြောင့် ကျန်လမ်းပိုင်း (၈) မိုင်အား ဆက်လက်ပြီး ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ယင်းလမ်းကို အမှီပြု၍သွားလာကြသည့် ဒေသခံပြည်သူတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍သိရှိလိုသည်မှာ ကျန်လမ်းပိုင်း(၈)မိုင်အား ဆက်လက်၍ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက အနီးကပ်ဆုံး မည်သည့်ဘဏ္ဍာနှစ်တွင် ဆက်လက်လျာထား ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး၏ ဝမ်မိုင်- လွယ်ဆိုင်ရွာချင်းဆက် ကျန်မြေသားလမ်း(၈)မိုင်အနက် ကျန်လမ်းပိုင်း(၈)မိုင်အား ဆက်လက်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက အနီးကပ်ဆုံး မည်သည့် ဘဏ္ဍာနှစ်တွင် ဆက်လက်လျာထား ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက် ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ ဝမ်မိုင်- လွယ်ဆိုင်လမ်းသည် Class A အမျိုးအစား၊ ဦးစားပေးအဆင့်(၂) လမ်းတစ်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် အကျိုးပြုကျေးရွာ (၂)ရွာ၊ အကျိုးပြုအိမ်ခြေ (၂၄၈)အိမ်၊ အကျိုးပြုလူဦးရေ (၁၆၅၁)ဦးတို့အား အကျိုးပြုသည့်

လမ်းဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်ကရေးဆွဲအတည်ပြုထားသော ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ကျေးလက်လမ်း(၁၃)နှစ်စီမံကိန်းတွင် ဝမ်မိုင်- လွယ်ဆိုင်လမ်းနှင့် ပတ်သက်၍ စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၂၀-၂၀၂၁ ခုနှစ်တွင်မှ စတင်ထည့်သွင်း လျာထားသော် လည်းမြို့နယ်က ၂၀၁၈ ခုနှစ်၊ ပထမ (၆) ဘဏ္ဍာရန်ပုံငွေ စီမံကိန်းတွင် ထည့်သွင်းလျာထား တင်ပြလာခဲ့ပြီး ခွင့်ပြုရရှိကာ ကျောက်ချောလမ်း ၄.၄ ဖာလုံနှင့် ၃ ပေ ရေပြွန်တံတား (၁)စင်းတို့အား တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ကျန်လမ်းအပိုင်းအား ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကွန်ဟိန်းမြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက မြို့နယ်၏ ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထား တင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ် က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် ကြွရောက်လာကြသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တာဝန်ရှိသူများအားလုံး မင်္ဂလာပါလို့ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ စည်ပင်သာယာရေးလုပ်ငန်းနှင့် စပ်လျဉ်း သည့် မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့နယ်အတွင်းရှိ မိုင်းပွန်သည် ဖွဲ့စည်းပုံအရ စံပြကျေးရွာ(၁)ရွာဖြစ်သော်လည်း လူနေအိမ်ခြေနှင့် လူဦးရေအလျင်အမြန် တိုးပွားလျက်ရှိပြီး မြို့တစ်မြို့အသွင်သို့ ရောက်ရှိစည်ကားလာပြီဖြစ်ပါတယ်။ ထိုသို့ အိမ်ခြေနှင့် လူဦးရေထူထပ် စည်ကားလာသည့်အတွက် သောက်သုံးရေတိုးချဲ့ဖြန့်ဝေရေး လုပ်ငန်း၊ လမ်းများအဆင့်မြှင့် တင်ခြင်းလုပ်ငန်း၊ လမ်းမီးများတိုးချဲ့သွယ်ယူခြင်းလုပ်ငန်း၊ အမှိုက်နှင့်မိလ္လာသိမ်းယူခြင်းလုပ်ငန်းများကိုလည်း လိုက်လျောညီထွေစွာ တိုးချဲ့လုပ်ဆောင် ပေးရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွိုင်လင်မြို့နယ်၊ မိုင်းပွန်စံပြကျေးရွာ စနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်း သာယာလှပရေးအတွက် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက် အကောင်အထည်ဖော်ပေးနိုင်မည့် အစီအစဉ်များ မည်သို့ရှိသည်ကို သိရှိလိုပါသဖြင့် ဒေသခံ များကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လွိုင်လင်မြို့နယ်၊ မိုင်းပွန်စံပြကျေးရွာ စနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသာယာ လှပရေးအတွက် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်အကောင်အထည်ဖော် ပေးနိုင်မည့် အစီအစဉ်များ မည်သို့ရှိသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြလိုပါတယ်။

လွိုင်လင်မြို့နယ်၊ မိုင်းပွန်ကျေးရွာအုပ်စုကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုး တိုးတက်ရေးအတွက်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ မြို့ပေါ်(၅)ရပ်ကွက်အား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့တွင်မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ပေး ခဲ့မှုအရ အခွန်ကောက်ခံခဲ့ပြီး မိုင်းပွန်ဈေးအား နှစ်စဉ်ဈေးကောက်လိုင်စင်ချထားပေးပြီး ဈေး အမှိုက်များအား လိုင်စင်စီမှ ဆောင်ရွက်ရန်သတ်မှတ်ခဲ့ပါတယ်။

လွိုင်လင်မြို့နယ် စည်ပင်သာယာရေးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံမှာ (၈၀)ဦး ဖြစ်သော် လည်း လက်ရှိအမြဲတမ်းဝန်ထမ်း ၁၇ ဦးနှင့် နေ့စားဝန်ထမ်း ၃ ဦး၊ စုစုပေါင်း(၂၀)ဦးဖြင့် လွိုင်လင်မြို့နယ်၏ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ဖွဲ့စည်းပုံ၏ ၂၅ ရာခိုင်နှုန်းသာရှိသဖြင့် မိုင်းပွန်ကျေးရွာအတွက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက် ပေးနိုင်ရန် အခက်အခဲရှိနေပါတယ်။

လွိုင်လင်မြို့နယ်အနေဖြင့် ၂၀၁၈- ၂၀၁၉ ခုနှစ်၏ ဝင်ငွေလျာထားချက်မှာ ကျပ် ၁၆၀၀ သိန်း ဖြစ်ပြီး ငွေလုံးငွေရင်းလုပ်ငန်းများ (၁၆)ခုအတွက် ငွေကျပ် ၈၀၀ သိန်း၊ သာမန်

လုပ်ငန်းများအတွက် ငွေကျပ် ၈၇၃ သိန်း လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မိုင်းပွန် ရေစုန်သံကူကွန်ကရစ်တံတား (၁၅× ၁၀× ၄) ပေ၊ ကုန်ကျငွေကျပ် ၂၇.၄၅ သိန်း လျာထား ရေးဆွဲခဲ့ပြီး ၂၀၁၇- ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် မိုင်းပွန်အနောက်ကျောင်းလမ်း (၄၉၇×၁၂) ပေ၊ ကုန်ကျငွေ ကျပ် ၆၃.၁၈ သိန်းရှိ ကျောက်ချောလမ်း(၁)လမ်း၊ မွေတော်ဘုရားလမ်း (၁၅၀၀×၁၂) ပေ၊ ကိုယ်ထူကိုယ်ထလမ်းအတွက် ပြည်နယ်အရန်ကတ္တရာမှ (၇.၆၉၅) တန် ထောက်ပံ့ပေးခဲ့ပြီး (၁၀၀)ရာခိုင်နှုန်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။

မိုင်းပွန်စံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နိုင်ရေး အတွက် လက်ရှိအခြေအနေတွင် ဝန်ထမ်းအင်အားနှင့် ယာဉ်၊ စက်၊ ယန္တရား၊ ရုံးဝန် ထမ်းအိမ်ရာများ လုံလောက်မှုမရှိသဖြင့် ထပ်မံဖြည့်တင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် မိုင်းပွန်စံပြကျေးရွာဖွံ့ဖြိုး တိုးတက်နိုင်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံး မင်္ဂလာပါ။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်ကြသူများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ တပ်မတော်ပိုင် နမ့်စန်လေတပ်စခန်းဌာနချုပ် လေယာဉ်ကွင်းတွင် မြို့ပြလေကြောင်းလိုင်း လေယာဉ်ပျံသန်းပြေးဆွဲရေးနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကြီးခင်ဗျား။ ယခုကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေဖြင့် (၂၂.၉.၂၀၁၆) ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)တွင် မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ ယခုထပ်မံ မေးမြန်းရခြင်း အကြောင်းအရင်းမှာ ကျွန်တော်တို့ နမ်စန်မြို့၊ နမ့်စန်လေတပ်စခန်းဌာနချုပ်အတွင်းရှိ

တပ်မတော်ပိုင်လေယာဉ်ကွင်းကြီးမှာ ပြည်တွင်း မြို့ပြလေကြောင်းလိုင်း၊ လေယာဉ်များ ပျံသန်းပြေးဆွဲရန် မဖြစ်မနေလိုအပ်လာပြီး၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်ပိုင်း၊ ဌာနပိုင်းအကြီးအကဲများ၊ ပြည်သူလူထုများ၏ လိုလိုလားလား ထပ်မံတင်ပြတောင်းဆိုပေးရန် ဆန္ဒပြု ပြောကြားလာသောကြောင့် ကြယ်ပွင့် ပြမေးခွန်းအဖြစ် ဒုတိယအကြိမ် ထပ်မံမေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ နမ့်စန်လေယာဉ်ကွင်းသည် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်း အဓိက အားထားလာရမည့် လေယာဉ်ကွင်း(၁)ကွင်း ဖြစ်နေပါတယ်။ လွိုင်လင်ခရိုင်တွင် မြို့(၇)မြို့နယ်နှင့် လင်းခေးခရိုင်တွင် မြို့(၄)မြို့နယ်ရှိပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရုံးစိုက်ရာ မြို့နယ်ထဲမှ အရေးပါသည့် ကွင်း(၁)ကွင်းလည်းဖြစ်ပါတယ်။

ကျွန်တော် ဒီမေးခွန်းကို ပထမအကြိမ်မေးမြန်းစဉ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဖြေကြားရာတွင် “နမ့်စန်လေယာဉ်ကွင်းတွင် လေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းဖွဲ့စည်းပုံ မရှိသေးသဖြင့် လုံခြုံစစ်ဆေးရေးကိရိယာများ တပ်ဆင်ထားခြင်း မရှိသေး ပါ ။ လတ်တလောတွင် မြန်မာ့လေကြောင်းလိုင်း၊ ကျန်သည့်လေကြောင်းလိုင်းကုမ္ပဏီတို့မှ ပြေးဆွဲရန်အစီအစဉ်မရှိသေးပါကြောင်း” ပြန်လည်ဖြေကြားခဲ့တာ သိရှိခဲ့ရပါတယ်။

ကျွန်တော့်အနေဖြင့် ထပ်မံမေးမြန်းတင်ပြလိုတာက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ နမ့်စန်လေဆိပ်သို့ မြို့ပြလေကြောင်းလိုင်းမှ လေယာဉ်များပျံသန်းပြေးဆွဲနိုင်ရေး ထပ်မံ၍ အဆိုပြုတင်ပြပေးစေလိုသောကြောင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ယခင်တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်စဉ်က ရင်းနှီးခဲ့ဖူးသည့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်း ဆောင်ဆဲတာဝန်ရှိသူများထံ ဆက်သွယ်အကြံပြု မေးမြန်းဆောင်ရွက်ရာတွင် နမ့်စန် လေယာဉ်ကွင်းတွင် လေကြောင်းပို့ဆောင်ရေးဌာနပိုင် လေဆိပ်အဆောက်အဦရှိပြီးဖြစ် ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါက အဆင်ပြေနိုင်မည် ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ယခုနမ့်စန်လေယာဉ်ကွင်းနဲ့ ပတ်သက်ပြီး လေ့လာရာမှာလည်း ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်းမှာပဲ နမ့်စန်လေယာဉ်ကွင်းကြီးမှ လေယာဉ်ပြေးလမ်း ပေ (၁၂၀၀၀)ကို နိုင်လွန်ကတ္တရာ အသစ်ပြန်လည်ခင်းကျင်းထားပြီး လေယာဉ်ပြေးလမ်း မီးအသစ်များ၊ လေယာဉ်ပြေးလမ်း အတက်အဆင်းအချက်ပြမီးများ အသစ်တပ်ဆင်ထားပြီး

လေကြောင်းလမ်းပြစက် ADF / VOR စနစ်များလဲ ကောင်းမွန်တပ်ဆင်ထားပြီးဖြစ်သဖြင့် လက်ရှိ တပ်မတော်(လေ)မှ လေယာဉ်များ ကောင်းကင်မှ နမ့်စန်လေယာဉ်ကွင်းအပေါ် အမြင့်ပေအသီးသီးမှ ဖြတ်သန်းနေကြတဲ့ နိုင်ငံတကာနှင့် မြို့ပြလေကြောင်းလိုင်းများမှ လေယာဉ်များ ဆက်သွယ်အသုံးပြုနေဆဲဖြစ်ပါတယ်။ နမ့်စန်လေယာဉ်ကွင်းရဲ့ တောင်ဘက် ထိပ်မှာ လေကြောင်းပို့ဆောင်ရေးဌာနပိုင် နမ့်စန်လေဆိပ် အဆောက်အဦတစ်ခု တည်ရှိနေပါတယ်။

အဆိုပါလေဆိပ်မှာ ယခင်လေယာဉ်ဆင်းသက်စဉ်က လုံခြုံရေးအဖြစ် နမ့်စန် တပ်နယ်ထုတ်နှုတ် အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထုတ်နှုတ်အင်အား၊ မြို့နယ်အတွင်းရှိနေတဲ့ လုံခြုံရေးနှင့် သက်ဆိုင်တဲ့ ဌာနဆိုင်ရာများနဲ့ ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ဖူးပါတယ်။

လုံလောက်တဲ့ပြည်တွင်းလေကြောင်းလိုင်း ဝန်ထမ်းအင်အားနဲ့ လုံခြုံရေးစစ်ဆေး သည့်စက်များရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ပို့ဆောင်ရေး ဝန်ကြီးဌာနသို့ ညှိနှိုင်းတင်ပြပေးနိုင်ပါက အဘက်ဘက်မှ ပြည့်စုံသော ပြည်တွင်းမြို့ပြ လေကြောင်းလိုင်း ပျံသန်းဆင်းသက်နိုင်သည့် လေဆိပ်တစ်ခုအဖြစ် ပေါ်ပေါက်လာမည် ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာတော့ မဖြစ်မနေအရေးပေါ်ကိစ္စ ပေါ်ပေါက်လာပါက လွိုင်လင် နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့များမှ ဝန်ထမ်းများနှင့်ဒေသခံပြည်သူများဟာ တောင်ကြီးမြို့ သို့ လေယာဉ်လက်မှတ်ကြိုတင်ရရှိရေး အဆင့်ဆင့် ချိတ်ဆက်နေရပြီး တောင်ကြီး-ဟဲဟိုးမြို့များသို့ တစ်ရက်ကြိုတင်လာရောက်၍ တည်းခိုရခြင်း၊ အရေးပေါ်ကိစ္စနှင့် မဖြစ်မနေ သွားလာရမည့် ကိစ္စများအတွက် လေယာဉ်လက်မှတ်အချိန်မီမရရှိပါက မော်တော်ယာဉ်လိုင်း များဖြင့် အချိန်ကြန့်ကြာစွာ သွားလာနေရခြင်းစသည့် အခက်အခဲများနှင့် မလွဲမသွေ တွေ့ကြုံရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

အကယ်၍သာ တစ်ပတ်လျှင် (၂)ရက် သို့မဟုတ် (၃)ရက် မြို့ပြလေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်မည်ဆိုပါက လွိုင်လင်နှင့် လင်းခေးခရိုင်အတွင်း ဒေသခံပြည်သူများ၊ တပ်/ ဌာနဆိုင်ရာများအနေနဲ့ နမ့်စန်လေဆိပ်မှတစ်ဆင့် ပြည်တွင်း/ ပြည်ပ ခရီးစဉ်များအတွက် အချိန်ကုန်သက်သာစွာနဲ့ ၎င်းတို့၏ လုပ်ငန်းတာဝန်ကိစ္စ အဝဝကို အဆင်ပြေစွာဆောင်ရွက် နိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ် (၁၁)ခုရဲ့ ပြည်သူလူထုများ၊ တပ်/ ဌာနဆိုင်ရာများရဲ့ မျှော်လင့်ချက်ဟာ နမ့်စန် လေယာဉ်ကွင်းမှတစ်ဆင့် ပြည်တွင်းမြို့ပြအသီးသီးသို့ မြို့ပြလေကြောင်းလိုင်းလေယာဉ်ဖြင့်

အချိန်မီလွယ်ကူ သက်တောင့်သက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်း တင်ပြအပ်ပါတယ်-

(၁) နမ့်စန်လေယာဉ်ကွင်းတွင် မြို့ပြလေကြောင်းလိုင်း လေယာဉ်ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(၂) နမ့်စန်လေယာဉ်ကွင်းတွင် မြို့ပြလေကြောင်းလိုင်း လေယာဉ်ပျံသန်း ပြေးဆွဲနိုင်ရန် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစိစစ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။

(၃) မြို့ပြလေကြောင်းလိုင်းများ မည်သည့်အချိန်ကာလတွင် နမ့်စန်လေယာဉ်ကွင်းသို့ စတင် ဆင်း/ တက် ပျံသန်းပြေးဆွဲနိုင်မည်နည်း။

စသည့်ကြယ်ပွင့်ပြမေးခွန်းများအား ဒေသခံပြည်သူများ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးလင်းအောင်ဆွေမေးမြန်းသည့် မြို့ပြလေကြောင်းလိုင်းနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

နမ့်စန်လေယာဉ်ကွင်းတွင် Y-8 လေယာဉ် ဆင်း/ တက် အသုံးပြုနိုင်ရန်အတွက် ပြေးလမ်း ဦးတည်ရပ် ဂ၃၀/ ၂၁ဂ ဖြင့် ပြေးလမ်းသစ် (၁၂ဂဂဂ × ၂ဂဂ)ပေအား ကွန်ကရစ် လေယာဉ် ပြေးလမ်းအဖြစ် ၁၉၉၂- ၁၉၉၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသို့ အပ်နှံ၍ စတင်တည်ဆောက်ခဲ့ရာ ၁၉၉၇- ၁၉၉၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ယင်းနှစ်တွင်ပင် တပ်မတော်(လေ)သို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ လေဆိပ်အဆောက်အဦ (၆၅ × ၃ဂ) ပေအား ၂ဂဂ၂- ၂ဂဂ၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ လက်ရှိလေဆိပ်သည် တပ်မတော်(လေ)မှ ဆင်း/ တက် ပျံသန်း အသုံးပြုလျက်ရှိသော လေယာဉ်ကွင်းဖြစ်ပါသဖြင့် လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့်

လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(လေ)မှသာ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၃ ခုနှစ်တွင် မြန်မာ့လေကြောင်းမှ တပ်မတော်အား ခွင့်ပြုချက်တောင်းခံ၍ F-27 လေယာဉ် အမျိုးအစားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ခန့် ပြေးဆွဲခဲ့ပါတယ်။ ယင်းနောက်ပိုင်းတွင် ခရီးသည်မရရှိပါသဖြင့် ပြေးဆွဲခြင်းအား ၂၀၁၇ ခုနှစ်ခန့်တွင် ရပ်ဆိုင်းခဲ့ရပါတယ်။

ဖြစ်နိုင်ခြေမှန်ကန်သော ခရီးသည်အင်အားသိရှိရပါက လေကြောင်းလိုင်းများ၏ သဘောထားကို တောင်းခံရမည်ဖြစ်ပါတယ်။ ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနသို့လည်း ညှိနှိုင်းပြီး ခွင့်ပြုချက် ရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လေဆိပ် Operation နှင့် လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ဝန်ထမ်းများနှင့် လိုအပ်သည်များ ဖြည့်ဆည်းပြီးမှသာ လေကြောင်းလိုင်းများ ပြေးဆွဲအသုံးပြုနိုင်မည်ဖြစ်ပါတယ်။ ဖြစ်နိုင်သည့် ခရီးသည်အင်အားကို စိစစ်တင်ပြရေးအတွက် လွိုင်လင်နှင့် လင်းခေးခရိုင်စီမံခန့်ခွဲမှုကော်မတီများသို့ အကြောင်းကြားပြီး ကျန်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ခရီးသည်အင်အား၊ လေကြောင်းလိုင်းများ၏ သဘောထား၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လေဆိပ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုစသည်တို့ အကြောင်းညီညွတ်ပြည့်စုံသောကာလတွင် မြို့ပြလေကြောင်းလိုင်းများ နမ့်စန်လေယာဉ်ကွင်းသို့ စတင် ဆင်း/ တက် ပျံသန်းပြေးဆွဲနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်နယ်အဆင့် (Protocol)ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမေးခွန်းမေးမြန်းရခြင်း ရည်ရွယ်ချက်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ရာထူးဂုဏ်သိမ်ကို ထုတ်ဖော်ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အများပြည်သူများအတွက် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မေးမြန်းရခြင်းဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော် ဥပဒေ ၂(ဓ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့ကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းသည့် အဖွဲ့တို့ကိုဆိုသည်ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အဆင့်အတန်းကို ဖော်ပြ ထားသည့် ဥပဒေပြဋ္ဌာန်းထားခြင်းများကို တွေ့ရှိရပါတယ်။ နည်းဥပဒေ ၆၄ တွင် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥဒေ ၆၂ အရ ဖွဲ့စည်းသော လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် ရှမ်းပြည်နယ်အဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင် သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာ များကို သိရှိနားလည်သူဟု ယူဆသူများအား လည်းကောင်း၊ ဖိတ်ကြား၍ မေးမြန်းခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းတို့ကို ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဒါ့အပြင် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀ တွင် လွှတ်တော်ကိုယ်စားလှယ် များ၏ လုပ်ပိုင်ခွင့်များတွင် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် ယင်းတို့ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း အချက်အလက်ရယူခြင်းဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူ များ၏ အကျိုးစီးပွားအတွက် ဌာနဆိုင်ရာ အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ငန်းအဆင်ပြေ ချောမွေ့မှုရှိစေရန် အင်္ဂါစဉ် (Protocol) လိုအပ်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော် အင်္ဂါစဉ်ကို ထုတ်ပြန်ထားသော်လည်း ပြည်နယ် အဆင့်တွင် ၎င်းအင်္ဂါစဉ်ကို ထုတ်ပြန်ထားခြင်းမျိုး မတွေ့ရှိရပါ။

(က) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် မည်ကဲ့သို့အခင်း အကျင်းများဆောင်ရွက် မည်နည်းဟူသည့် ပထမ မေးခွန်းကို သိရှိလိုပါကြောင်း၊

(ခ) ဒုတိယမေးခွန်းအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အစည်းအဝေးများအားလုံးကို ဖိတ်ကြားခြင်းမပြုဘဲ လွှတ်တော်အစည်းအဝေးဖိတ်စာများကို ဖိတ်ကြားရာတွင်အကြောင်းကြားပါသည်ဆိုသည့်စာများကိုမကြာခဏရရှိလျက်ရှိပါတယ်။

ဒါကြောင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် ပြည်သူအား ရွေးချယ်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသော မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနနှင့် ပြည်စုံသောအများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဖော်ဆောင်ရာတွင်လည်းကောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များကဖြစ်စေ အလေးထားတိုင်ပင်ရသော ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ကျွန်တော့်အနေဖြင့် ဒုတိယမေးခွန်းဖြစ်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား မြို့နယ်အဆင့်အစည်းအဝေးများ တက်ရောက်နိုင်ရေး ဖိတ်ကြားပေးရန်အစီအစဉ် ရှိ/ မရှိ တို့အား သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး (ကိုယ်စား) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး(ကိုယ်စား) ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခိုင်ညီညီကျော် မေးမြန်းသည့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ အကျိုးစီးပွားအတွက် ဌာနဆိုင်ရာ အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိစေရန် အင်္ဂါစဉ် (Protocol) လိုအပ်လျက်ရှိပြီး ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော်အင်္ဂါစဉ်ထုတ်ပြန်ထားသော်လည်း ပြည်နယ်အဆင့်တွင် အဆိုပါအင်္ဂါစဉ်အား ထုတ်ပြန်ထားသည်ကို မတွေ့ရှိရသည့်ကိစ္စနှင့် ပတ်သက်၍-

(ဃ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် မည်ကဲ့သို့အခင်းအကျင်းများ ဆောင်ရွက်မည်နည်း။

( ခ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား မြို့နယ်အဆင့်အစည်းအဝေးများ တက်ရောက်နိုင်ရေး ဖိတ်ကြားပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အဆင့်အင်္ဂါစဉ်များကို အောက်ပါအတိုင်း လျာထား သတ်မှတ်၍ အခင်းအကျင်းများဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ် -

( ၁) ပြည်နယ်ဝန်ကြီးချုပ်

( ၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

( ၃) ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်

( ၄) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ

( ၅) ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး

( ၆) ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး

( ၇) ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

( ၈) ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး

( ၉) ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး

(၁၀) ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

(၁၁) ပြည်နယ်လူမှုရေးဝန်ကြီး

(၁၂) ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး

(၁၃) ဥက္ကဋ္ဌ"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့

(၁၄) ဥက္ကဋ္ဌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၁၅) ဥက္ကဋ္ဌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၁၆) ဥက္ကဋ္ဌပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၁၇) ဥက္ကဋ္ဌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၁၈) ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၁၉) ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂၀) ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂၁) လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂၂) လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂၃) အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၁၄) အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂၅) ပြည်နယ်ဥပဒေချုပ်

(၂၆) ပြည်နယ်စာရင်းစစ်ချုပ်

(၂၇) ပြည်နယ်တရားလွှတ်တော်တရားသူကြီး ၂ ဦး

(၂၈) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဝင်များ

(၂၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ

(၃၀) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ

(၃၁) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ

(၃၂) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ

(၃၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

(၃၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ

(၃၅) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

ထို့ပြင် ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၄)၊ ပုဒ်မ ၉ အရ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများကို ကာကွယ် စောင့်ရှောက်ခြင်း။

(၂) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်း။

(၃) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိက ထားခြင်း။

(၄) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက် ခြင်း။

(၅) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခြင်း။

(၆) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်း တင်ပြခြင်း။

(၇) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း။

(၈) လွှတ်တော်ကပေးအပ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း တို့ပြဋ္ဌာန်း ထားရှိပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်များတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသောကော်မတီ၊ အဖွဲ့အစည်းများ အစည်းအဝေးပြုလုပ်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား အစည်းအဝေးတက်ရောက်နိုင်ရန် ဖိတ်ကြားဆောင်ရွက်လျက်ရှိပြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၊ ဌာနဆိုင်ရာပုံမှန်အစည်းအဝေးများနှင့် မြို့နယ်အဆင့်အခြားအစည်းအဝေးများတွင် ဖိတ်ကြားဆောင်ရွက်ရန် မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်

အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျိုင်းတောင်းမြို့လယ်ခေါင်ရှိ စော်ဘွားများ ခေတ်ကတည်းကရှိခဲ့သည့် မင်္ဂလာကန်တော်ကို ကျွန်းမျောများကြောင့် တိမ်ကောပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် စီမံဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လင်းခေးခရိုင်၊ မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့လယ်ခေါင်ရှိ ရှေးနှစ်ပေါင်းများစွာကတည်းက မင်္ဂလာကန်တော်သည် ကျိုင်းတောင်းဒေသ၏ သဘာဝများအနက် (၁)ခုဖြစ်ပြီး မြေဧက (၃၀၀)ကျော်ကို စိုက်ပျိုးရေးလုပ်ငန်းများထောက်ပံ့ခဲ့ရာ နှစ်ကာလကြာပြီဖြစ်သောကြောင့် ကျွန်းမျောများ ဖြစ်လာပါတယ်။ လယ်ယာမြေအရင်းအမြစ် စိုက်ပျိုးရေးနှင့် ကျိုင်းတောင်းမြို့ ကျက်သရေဆောင် မင်္ဂလာကန်အဖြစ် ပေါ်ထွန်းစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့လယ်ခေါင်ရှိ စော်ဘွားများခေတ်ကပင်ရှိခဲ့သော မင်္ဂလာကန်တော်ကိုကျွန်းမျောများကြောင့် တိမ်ကောပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် စီမံဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြလိုပါတယ်-

မင်္ဂလာကန်တော်ကိုစော်ဘွားများ လက်ထက်က တည်ဆောက်ခဲ့ပြီး ရပ်ကွက်(၃)နှင့် ရပ်ကွက်(၅)အကြားတွင်တည်ရှိပြီး မြို့သောက်သုံးရေနှင့် ကန်ရေသောက် လယ်စိုက်ဧက(၃၅၀)ခန့်ကို ရေပေးဝေနိုင်ခဲ့ကြောင်း၊ နှစ်ကာလရှည်ကြာလာသည့်အတွက် ကန်တော်တိမ်ကောလာခဲ့ပြီး ကန်ထဲတွင် ကျွန်းမျှောများဖြစ်လာခဲ့ခြင်းကြောင့် မြို့သောက်သုံးရေမရှိခြင်း၊ စိုက်ပျိုးထားသောလယ်ယာမြေများသို့ ရေပေးဝေနိုင်ခြင်းမရှိတော့ခြင်းတို့ကြောင့် ယနေ့အချိန်တွင် မြို့လူထုအနေဖြင့်လည်း သောက်သုံးရေ အခက်အခဲရှိပါသဖြင့် ပြန်လည်

ပြုပြင်ထိန်းသိမ်းမည်ဆိုပါက ကန်တော်တွင်းမှ ခန့်မှန်းမြေကြီးနှင့် နုံးကျင်း( ၂၁၀၀၀ )ခန့် တူးဖော်ပေးရန်လိုအပ်သည်ဟု သိရှိရပါကြောင်း၊ ကျွန်းမျောများနှင့် သဲနုန်းများဆယ် ထုတ်ရန်၊ ကျောက်စီမြေကာနံရံတည်ဆောက်ရန်၊ ကန်တော်အတွင်း ရေစစ်ကန်ပြုလုပ်ပြီး အမြင့်တင်စနစ်ဖြင့် မြို့သို့ရေပေးဝေရန်၊ ရေတံခါးများဖြင့်လယ်ဧက(၃၅၀)ခန့်ကို စိုက်ပျိုး ရေပေးဝေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ တိုင်းထွာတွက်ချက်မှုများအရ ခန့်မှန်း ကုန်ကျငွေကျပ် (၄၅၀၀)သိန်းဖြစ်ပြီး မင်္ဂလာကန်တော်တည်ရှိသည့် မြေနေရာသည် မြို့နယ် စည်ပင်သာယာရေးဌာနမှ မြေရရှိပိုင်ဆိုင်ထားခြင်းမရှိကြောင်း၊ ကျိုင်းတောင်းမြို့နယ်(ခွဲ) စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၈- ၂၀၁၉ခုနှစ်အတွက် ဝင်ငွေလျာထားချက်မှာ ငွေကျပ် ၁၁၂ . ၃ သိန်းဖြစ်ပြီး သာမန်ပြင်ထိန်းလုပ်ငန်းအတွက် ငွေကျပ် ၂ သိန်းသာ လုပ်ငန်းလျာထားရေးဆွဲထားနိုင်ပြီး အခွန်ငွေရရှိမှု နည်းပါး၍ ဝင်ငွေလုံလောက်မှုမရှိပါ သဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် လက်ရှိတွင် အဆိုပါ မင်္ဂလာကန်တော်အား ကျိုင်းတောင်းမြို့၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်(၃)နှင့် ရပ်ကွက်(၅) အုပ်ချုပ်ရေးအဖွဲ့များမှ ထိန်းသိမ်းထားခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ် များ၊ ရှမ်းပြည်နယ်လွှတ်တော်သို့ တက်လာရောက် လေ့လာကြတဲ့ ညီအစ်ကိုမောင်နှမများကို ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ ယနေ့ကျွန်တော်တို့ရဲ့ တိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်မည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ် (အထက်) ကျေးရွာအုပ်စု၊ ပုံခိတ်၊ ပုံတီကျေးရွာချင်းဆက်လမ်းကို ကျောက်ခင်းလမ်း ခင်းပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ်(အထက်) ပုံခိတ်၊ ပုံတီကျေးရွာချင်းဆက် မြေသားလမ်း (၅) မိုင်ဟာ ၂၀၁၈ ခုနှစ်၊ (၆) လပတ် ဘတ်ဂျက်ဖြင့် ကျောက်ချောလမ်း (၁) မိုင် (၂) ဖာလုံကို လွယ်မွေကုမ္ပဏီမှ ဆောင်ရွက်ခဲ့ပေး

သည်ကို ကျွန်တော့်အနေနဲ့ (၂၄- ၁၁- ၂၀၁၈)ရက်နေ့တွင် ကွင်းဆင်းကြည့်ရှုရာမှာ တွေ့ရှိခဲ့ရပါတယ်ခင်ဗျား။ ပုံခိတ်၊ ပုံတီကျေးရွာမှတစ်ဆင့် နားဆိုင်းရွာတို့မှတစ်ဆင့် မိုင်းပတ်(အောက်) ကျေးရွာအုပ်စု၊ နမ့်လင်းတောင်းကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းလည်းဖြစ်တဲ့အတွက် ကျေးရွာချင်းဆက်လမ်းသာမက အုပ်စုချင်းဆက်သွယ်သည့် အရေးပါတဲ့ လမ်းလည်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ စဉ်ဆက်မပြတ် ရန်ပုံငွေချထားပေးပြီး ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်ပေးမှသာလျှင် အုပ်စုအတွင်း နေထိုင်ကြသည့် ကျေးရွာ(၅)ရွာမှ ပြည်သူများရဲ့ သွားရေးလာရေး လွယ်ကူချောမွေ့နိုင်မည် ဖြစ်ပါတယ်ခင်ဗျား။ မြေသားလမ်းတွေ ဖောက်ပြီးတဲ့အခါမှာ ဒီတိုင်းထားတဲ့အတွက် ကြာတဲ့အခါမှာ မြေသားလမ်းတွေဟာ ပျက်စီးယိုယွင်းသွားတယ်ဆိုတာကို အရင်နေ့ကလည်း တစ်ယောက်က ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနဲ့ တောင်ပေါ်(၅)အုပ်စုပတ်တဲ့အခါမှာ မြေသားလမ်း (၂၇)မိုင်ကျော်ဖောက်ထားပြီးပေမယ့် ကျောက်ချောလမ်း ဆက်လက်ပြီး မလုပ်ကိုင်နိုင်သည့်အတွက် အဲ့ဒီမြေသားလမ်းတွေ ပျက်စီးနေတာကို စိတ်မကောင်းစရာ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဖြစ်စေချင်တာကတော့ အချို့လမ်းပိုင်းတွေဟာ အတက်အဆင်းကြမ်းတမ်းခြင်း၊ မိုးရေတိုက်စားမှုကြောင့် လမ်းသားတွေ ပျက်စီးပြီးတော့ ရေစီးကြောင်းတွေ ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် မိုးတွင်းကာလမှာ မော်တော်ဆိုင်ကယ်ပင် သွားလာရန် ခက်ခဲကြောင်း ရပ်မိရပ်ဖများမှ တင်ပြလာကြပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ်(အထက်) ကျေးရွာအုပ်စု၊ ကျေးရွာ(၅)ရွာမှာရှိတဲ့ ပြည်သူလူထုများ အသုံးပြုလျက်ရှိတဲ့ ပုံခိတ်၊ ပုံတီကျေးရွာချင်းဆက်မြေသားလမ်းကို ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက အနီးဆုံးမည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်သွားမည်ကို သိရှိလိုပါတယ်လို့ တိုင်းရင်းသားများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး မေးမြန်းထားတဲ့ ကျေးရွာ(၅)ရွာမှာရှိတဲ့ ပြည်သူလူထုများ အသုံးပြုသွားလာလျက်ရှိတဲ့ ပုံခိတ်၊ ပုံတီကျေးရွာချင်းဆက် မြေသားလမ်းမှ ကျန်လမ်းအပိုင်းများကို ကျောက်ချောလမ်းအဖြစ် မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ

သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ် (ထက်)ကျေးရွာအုပ်စု၊ ပုံခိတ်ကျေးရွာ၊ ပုံတီကျေးရွာ၊ နားဆိုင်းကျေးရွာ၊ မိုင်းပတ်(အောက်) ကျေးရွာနှင့် နမ့်လင်းတောင်ကျေးရွာ၊ စုစုပေါင်းကျေးရွာ ၅ ရွာ နေ့စဉ်အသုံးပြုလျက်ရှိတဲ့ ပုံခိတ်- ပုံတီ ကျေးရွာချင်းဆက် မြေသားလမ်းဟာ ကျေးလက်လမ်းအဆင့်အတန်းသတ်မှတ် ချက်အရ အဆင့် Class A ဖြစ်ပြီး ဒုတိယဦးစားပေးအဖြစ် သတ်မှတ်ထားတဲ့ လမ်းဖြစ်ပါ တယ်။

ပုံခိတ်- ပုံတီ ကျေးရွာသွားလမ်းမှာ ကျိုင်းတုံ- ပန်လီ- ဘူရှီးလမ်းမကြီးနှင့် ဆက်သွယ်လျက်ရှိပြီး လမ်းမိုင်အရှည် (၅/ ၀) မိုင်ခန့်ရှိကာ ကျေးရွာ (၅) ရွာ ၊ အိမ်ခြေ ၁၈၀ နဲ့ လူဦးရေ ၉၄၇ ဦးခန့် အကျိုးပြုမည်ဖြစ်ပါတယ်။ ပုံခိတ်၊ ပုံတီကျေးရွာချင်းဆက်လမ်း၏ (၁/၂) မိုင်အား ၂၀၁၈ ခု၊ ပထမ (၆) လ ပြည်နယ်ရန်ပုံငွေဖြင့် ကျောက်ချောလမ်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိနေသော လမ်းမိုင် ( ၃/ ၆) မိုင်အား မြေသားလမ်းချဲ့ခြင်း လုပ်ငန်း ကျပ် ၅၆.၂၅ သန်းနှင့် ကျောက်ချောလမ်းတည်ဆောက်ခြင်း ကျပ် ၃၈၈.၈၇၅ သန်း၊ စုစုပေါင်းခန့်မှန်း ကျပ် ၄၄၅.၁၂၅ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ပုံခိတ်- ပုံတီလမ်းမှ (၃ / ၆) မိုင်အား မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင် ရန်အတွက် ကျိုင်းတုံမြို့နယ်၏မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထား တင်ပြလာပါက သက်ဆိုင်ရာ ဘဏ္ဍာ ရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့အဝင် (ယခင်) ရှုခင်းသာပန်းခြံ (ယခု) Eastern Park ကလေးကစားကွင်း ဖွင့်လှစ်ထားသော မြေနေရာသည် မည်သည့်ဌာနကပိုင်ဆိုင်ခြင်း၊ အခွန်ကောက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကိုလည်း မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုသည်နှင့်စပ်လျဉ်း၍

ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့လို့ ဆိုလိုက်တာနဲ့ ကမ္ဘာကျော်ရိုးရာမီးပုံးပျံလွှတ်ပွဲတော် ကျင်းပသည့်မြို့၊ ယခင်တောင်ကြီးမြို့ အဝင်တွေ့မြင်ရသည့် ရှုခင်းသာပန်းခြံကြိုးတံတားရှိတဲ့မြို့ ဒီလိုတွဲဖက်လူသိများကြပါတယ်။ (ယခင်) ရှုခင်းသာ ပန်းခြံဒေသအခေါ် အောက်ပန်းခြံမြေနေရာလို့ ဆိုလိုက်တာနဲ့ ပန်းခြံရဲ့ ကားလမ်းတစ်ဖက်မှာရှိတဲ့ယခင်ရေကူးကန်ဖွင့်လှစ်ခဲ့တဲ့ မြေနေရာများလည်း ပါဝင်တာဖြစ်ပါတယ်။ယခင်ရှုခင်းသာပန်းခြံနှင့်ရေကူးကန်ဖွင့်လှစ်ခဲ့ပြီး ဝင်ကြေးများ ကောက်ခံပြီးပန်းခြံအတွင်း စားသောက်ဆိုင်အနည်းငယ်ဖွင့်လှစ်ခွင့်ပေးထားခဲ့ပါတယ်။ ပန်းခြံဖွင့်လှစ်ပြီး နောက်ပိုင်းကာလများနှင့်ယခု ဖွင့်လှစ်ထားသော Eastern Park မတိုင်မီကြားကာလများမှာလည်း ပန်းခြံမြေနေရာများပေါ်မှာ လုပ်ငန်းရှင်များမှ လုပ်ငန်းအမျိုးမျိုးတို့ကို လွှဲပြောင်းလုပ်ကိုင်ခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ယခု(ယခင်) ရေကူးကန်နေရာများ မှာအဆောက်အဦများ ဆောက်လုပ်နေတာကိုလည်း တွေ့ရှိရပါတယ်။ တောင်ကြီးမြို့အဝင် အဆင်း/ အတက်လမ်းအဖြစ် အသုံးပြုပြီးနောက်ပိုင်း တောင်ကြီးမြို့အဝင်ဆိုလျှင် လှပတဲ့အပန်းဖြေဥယျာဉ်အဖြစ် ဦးစွာတွေ့မြင်ရမည်ဖြစ်ပြီး တောင်ပေါ်မြို့လေးနဲ့အညီ မြို့အဝင်နေရာလေးဟာ အင်မတန်မှ ပနာရလှပါတယ်။ (ယခု) ဖွင့်လှစ်ထားသော Eastern Park အမှန်တကယ် အများပြည်သူ စိတ်အပန်းဖြေမှုဖြစ်စေရန် ကဏ္ဍပေါင်းစုံမှ ဝန်ဆောင်မှုများပေးနေသောကြောင့် နေ့စဉ်နှင့်အမျှ လာရောက်လည်ပတ်ကြသူများနှင့် စည်းကားနေပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများမှ မဖြစ်မနေလာကြသော ကြိုးတံတားလည်း ပါဝင်နေတာမို့ Eastern Park ကစားကွင်းဟာ ယခုဆို တောင်ကြီးမြို့ရဲ့ ပုံရိပ်တစ်ခုအဖြစ် လူသိများလာကြပါတယ်။

ထို့အတူပြည်သူများမှလည်း (ယခင်) ရှုခင်းသာပန်းခြံ မြေနေရာနှင့် ပတ်သက်ပြီး မည်သည့်ဌာနက ပိုင်ဆိုင်ပြီး လစဉ်မြေငှားရမ်းခ ဘယ်လောက်ရလဲ၊ မြေငှားရမ်းသည့် သက်တမ်း၊ ရရှိလာတဲ့ ဝင်ငွေများကို မည်သို့စီမံခန့်ခွဲနေသည်ကို ပြည်သူများရဲ့ တင်ပြလာမှုများကြောင့် "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်၊ လွှတ်တော်ဖော်ဆောင်ရွက်"စသည့် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ ဖော်ဆောင်ခြင်းလည်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့အဝင် (ယခင်) ရှုခင်းသာပန်းခြံ (ယခု) Eastern Park ကလေးကစားကွင်း ဖွင့်လှစ်ထား သောမြေနေရာသည် မည်သည့်ဌာနက ပိုင်ဆိုင်ခြင်း၊ အခွန်ကောက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် မြို့တော်၊ တောင်ကြီးမြို့အဝင်မှာ ယခင်ကတော့ ရှုခင်းသာပန်းခြံ၊ ယခု Eastern Park ကလေးကစားကွင်း ဖွင့်လှစ်ထားသော မြေနေရာသည် မည်သည့်ဌာနမှ ပိုင်ခြင်း၊ အခွန်ကောက်ခြင်းနှင့် ခန့်ခွဲခြင်းတို့ကိုလည်း မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်းဖြေကြားသွားမှာ ဖြစ်ပါတယ်-

ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့အဝင်မှာ ယခင်က ရှုခင်းသာပန်းခြံ၊ ယခု Eastern Park ကလေးကစားကွင်း ဖွင့်လှစ်ထားသော မြေနေရာသည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ပိုင်ဆိုင်သောမြေဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်မှာ Excellent Myanmar Co.,Ltd နှင့် နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်း၍ Eastern Park ကလေးကစားကွင်းအဖြစ် ဆောင်ရွက် လုပ်ကိုင်လျက်ရှိပါတယ်။ Excellent Myanmar Co.,Ltd နဲ့ Eastern Park ပန်းဥယျာဉ်နှင့် လုပ်ငန်းများကို စည်ပင်သာယာရေးဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားတင်ပြ လာမှုအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စိစစ်တင်ပြခဲ့ပြီး ပန်းဥယျာဉ်၊ ပန်းခြံနှင့် အပန်းဖြေရိပ်သာများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(Bye- Laws)၊ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ခွင့်ပြုချက်အရ ၂၀၁၈- ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှာ ပန်းဥယျာဉ်နှင့် ပန်းခြံလုပ်ငန်းလိုင်စင်ခ ကျပ် ၄၅ သိန်းအား တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန ငွေထုတ်စာရင်းသို့ ပေးသွင်း၍ လုပ်ငန်းလိုင်စင်ခွင့်ပြုထားပါကြောင်း၊ လုပ်ငန်းလိုင်စင် ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာနဲ့ ပတ်သက်ပြီးမှ တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါ။ ခုနက ဝန်ကြီးဖြေကြားသွားတဲ့ အထဲမှာ ပန်းခြံရဲ့မြေနေရာကို ပိုင်ဆိုင်တာက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်လို့ ဖြေကြား ထားတာ ကိုလည်းတွေ့ရှိရပြီး၊ ၂၀၀၇ ခုနှစ်မှ Excellent Myanmar နဲ့ စာချုပ်ချုပ်ဆို တယ်လို့လည်း ဖြေကြားချက်ထဲမှာ တွေ့ရှိရတာဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်း အပေါ်မှာ မူတည်ပြီးတော့ စည်ပင်အနေနဲ့ လိုင်စင်ရရှိတာကလည်း ၂၀၁၇ ခုနှစ်မှာ လျှောက်ထားပြီးမှရရှိတဲ့ စည်ပင်အခွန်အခကလည်း ကျပ် ၄၅ သိန်းဆိုတော့ ကျွန်တော်တို့ ဒီတစ်နှစ်မှစတင်ပြီးတော့ အခွန်အခရရှိတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ နောက်တစ်

ချက်က ကျွန်တော်တို့ ဝန်ကြီးဖြေသွားတဲ့အပေါ်မှာပဲ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင်မြေလို့ပြောတဲ့နေရာမှာ ဒါဟာ ပြည်သူနဲ့ တပ်မတော်တွေကြားမှာ အထင်အမြင်လွဲမှားသွားစေနိုင်တဲ့အချက်တွေလည်း ပါရှိနေတာလည်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုတာက ကျွန်တော်တို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဦးစီးဌာနချုပ်ပိုင်မြေလား၊ မြန်မာ့စီးပွားရေး ဦးပိုင်အမည်ဖြင့်ပေါက်တဲ့ မြေပိုင်ဆိုင်မှုရှိတာလားဆိုတာကလည်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်စပ်မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးက ဒီအစည်းအဝေးမှာ ဖြေကြားရန်ရှိပါက ဖြေကြားရန်နှင့် (သို့မဟုတ်) မေးမြန်းသူကိုယ်တိုင် သက်ဆိုင်ရာ ဝန်ကြီးနှင့် သီးခြားတွေ့ဆုံပြီးတော့ မေးမြန်းနိုင်တဲ့အကြောင်း ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** ဒီမြေပိုင်ဆိုင်မှုက ကျွန်တော်တို့ စည်ပင်မြေပိုင်ဆိုင်မှု မဟုတ်သည့်အတွက်ကြောင့် သက်ဆိုင်ရာဌာနသို့ပဲ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းမြထွေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါရှင်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)မှာ တက်ရောက်လာကြတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါ၀ရပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး ဖြစ်ပါတယ်ရှင်။ အခု ကျွန်မ ပြည်သူလူထုကိုယ်စား မေးမြန်းမယ့် မေးခွန်းကတော့ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟိုင်းနန်းကျေးရွာအုပ်စုရှိ နမ့်လိုင်ကိုက်ချောင်းပေါ်မှာ တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်ရှင်။

လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟိုင်းနန်းကျေးရွာအုပ်စုရှိ နမ့်လိုင်ကိုက်ချောင်းဟာ နားတစ်ကျေးရွာအုပ်စု၊ ဆနင်းကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စု၊ တန့်အယ်ကျေးရွာအုပ်စုတို့ရှိ ပြည်သူလူထုများဖြတ်သန်းသွားလာနေရတဲ့ လမ်းပိုင်းတစ်နေရာမှာ ရှိပါတယ်

ရှင်။ အဆိုပါ ချောင်းသည် မိုးတွင်းတွင် တောင်ကျရေများ စီးဝင်သဖြင့် ရေကြီးခြင်းဖြစ်ပြီး ပြည်သူလူထုများအနေဖြင့် ဖြတ်သန်းသွားလာရန် အလွန်ပင်အန္တရာယ် ကြီးမားပြီး အခက်အခဲများရင်ဆိုင်နေရပါတယ်ရှင်။ ကျေးရွာနေပြည်သူလူထုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများကို ရှေးရှုပြီးတော့မှ အလျား ၄၀ ပေ၊ အနံ ၃၀ ပေရှိတဲ့ တံတားအဖြစ်တည်ဆောက်ပေးနိုင်ရန် အရေးကြီးလိုအပ်လျက်ရှိပါတယ်ရှင်။ သို့ဖြစ်ပါ၍ လာမည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်၊ မည်သည့်ခုနှစ်မှာ စတင်မည်ကို သိရှိလိုပါသောကြောင့် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးသို့ ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး မေးမြန်းထားတဲ့ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟိုင်းနန်းကျေးရွာအုပ်စုရှိ နမ့်လိုင်ကိုက်ချောင်းဟာ ပြည်သူလူထုများအနေနဲ့ ဖြတ်သန်းသွားလာရန် အလွန်အန္တရာယ်ကြီးမားပြီး အခက်အခဲများရင်ဆိုင်နေရတဲ့အတွက်ကြောင့်မို့ အလျား ၄၀ ပေရှိတဲ့ တံတားတည်ဆောက်ပေးနိုင်ရန်အတွက် လာမည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့် ခုနှစ်မှာစတင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ ၊ ဟိုင်းနန်းကျေးရွာအုပ်စုရှိ နမ့်လိုင်ကိုက်ချောင်းဟာ အဆင့်အတန်းနှင့် ဦးစားပေး B3 လမ်းဖြစ်တဲ့ ကောင်းမှုဂုဏ်စေတီမှ ပန်အွတ်ရွာသွားတဲ့ လမ်းပေါ်မှာ တည်ရှိတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၆၃၇ အိမ်နဲ့ လူဦးရေ ၃၂၂၄ ဦးတို့အား အကျိုးပြုပါတယ်။

အဆိုပါ ဟိုင်းနန်းကျေးရွာအုပ်စု၊ နမ့်လိုင်ကိုက်ချောင်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ဖို့အတွက် လွိုင်လင်မြို့နယ်ရဲ့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက မြို့နယ်ရဲ့ ဦးစားပေး လိုအပ်ချက်များအလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထား တောင်းခံသွားမှာဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်ဖြစ်ပါတယ်။ အခုကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန်ကျေးရွာအုပ်စုရှိ ရေထွက်နှင့် နောင်ကျော့အင်း မြေနေရာများပေါ်မှာ သက်ဆိုင်ရာများက နေအိမ်များတည်ဆောက်ခွင့်ပေးလာခြင်းနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၃- ၁၂- ၂၀၁၈)ရက်နေ့တွင် နောင်ကျော့အင်း ဇရိယာပြန်လည်တိုင်းတာရန်အတွက် နမ့်မော်ဆွန်ကျေးရွာအုပ်စု၊ ကင်တုံ့ရွာရှိ နောင်ကျော့အင်းအတွင် စိုင်းတိယနှင့် ညီအစ်ကိုများ၊ ကင်တုံ့ရွာလူနေအိမ်၊ မူလတန်းစာသင်ကျောင်းနောက်ကပ်လျက်ငါးကန် တူးဖော်ခြင်းနှင့် ကြက်မွေးမြူရေး လုပ်ငန်းများကြောင့် ရွာသူရွာသားများအတွက် ကျန်းမာရေးထိခိုက်မှာကို စိုးရိမ်ခဲ့ကြတယ်လို့ တောင်သူလယ်သမားများက တိုင်ကြားခဲ့ကြပါတယ်။ ထို့ကြောင့် စိုင်းတိယက ငါးကန်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားပြရာမှာ နမ့်မော်ဆွန် အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်၊ နောင်မိုင်းအုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်နှင့် မြေစာရင်းက ပုံစံ(၁၀၅) ထုတ်ထားပေးကြောင်း စိစစ်တွေ့ရှိရပါတယ်။

၎င်းအထောက်အထားမှာ နောင်ကျောအင်းအတွင်း ငါးကန်များတူးဖော်ရာမှာ ခွင့်ပြုချက်နှင့် ပုံစံ(၁၀၅) ရရှိရန်အတွက် နမ့်မော်ဆွန်ကျေးရွာ အုပ်ချုပ်ရေးမှူးကို ငွေကျပ် ၈၀၀၀၀ နှင့် နောင်မိုင်းကျေးရွာအုပ်ချုပ်ရေးမှူးကို ငွေကျပ် ၂၈၀၀၀၀ အသီးသီးပေးရပါသည်ဟု ငါးကန်ပိုင်ရှင် စိုင်းတိယက (၄- ၁၂- ၂၀၁၈)ရက်နေ့တွင် မိုးနဲလွှတ်တော် ကိုယ်စားလှယ်ရုံးသို့ လာရောက်ထွက်ဆိုခဲ့ရပါတယ်။ နောင်ကျော့အင်းသည် လွန်ခဲ့သော (၂၁) နှစ်က စတင်တိမ်ကောလာခြင်းကြောင့် တောင်သူလယ်သမားများသည် လယ်ယာစပါး စတင်စိုက်ပျိုးကြရာ အောင်မြင်မှုမရှိဘဲ (၂၁)နှစ်အထိ အင်းမြေအဖြစ်သာ ဆက်လက်ထားရှိပြီး ယခုအခါ တောင်သူလုံးကျော်သမီး ပါစံ့ခမ်းက ဦးဌေးအောင်(ခ) ဦးကျန်စိမ်းကို (၂၁.၉.၂၀၁၄)ရက်နေ့မှာ ငွေကျပ် သိန်း (၂၀) ဖြင့် လယ်မြေ (၂.၅၃) ဧကကိုရောင်းချပေးခဲ့သည်ဟု သိရပါတယ်။

ငင်းလယ်ယာမြေနှင့် ပတ်သက်ပြီး ဦးဋ္ဌေးအောင်(ခ) ဦးကျန်စိမ်းက မည်သူ၏ခွင့်ပြုချက်ဖြင့် ၂၀၁၈ ခုနှစ်၊ ၅ လပိုင်းမှာ အဆောက်အဦများ စတင်ဆောက်လုပ် လာကြသည်ကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) အရ ယာမြေကို အိမ်ဆောက်ခွင့်ပေးထားပြီး လယ်ယာမြေကိုတော့ ခွင့်ပြုတာမျိုးမရှိဘူးလို့ လေ့လာသိရှိခဲ့ရပါတယ်။ လယ်ယာမြေများ ခွင့်ပြုချက်မရှိဘဲ အခြားနည်းသုံးစွဲခွင့် မရှိစေရ။ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေအတွင်းက မြေသားတွေကို ခွင့်ပြုချက်မရှိဘဲ တူးဖော်နေခြင်းကို လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားရန် သက်ဆိုင်ရာ တာဝန်ရှိသော ရပ်/ ကျေးအုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဝန်ထမ်းများ ပူးပေါင်းပြီး သဘာဝ အင်းမြေနေရာ ကွင်းအမှတ် (၂၂၅/၂၂၆/၂၂၇)၊ (၂.၅၃)ဧကကျော်ကို လူနေအိမ်များ ဆောက်လုပ်ခွင့်ပေးခဲ့ခြင်းကြောင့် သဘာဝနောင်ကျော့အင်းရှိ ရေကိုအမှီပြုပြီး လုပ်ကိုင်စားသောက်နေသော လယ်မြေဧက (၁၀၀၀၀) ကျော်ကို ထိခိုက်လာနိုင်ပါတယ်။

သို့ပါသောကြောင့် သဘာဝနောင်ကျော့အင်းနှင့် ရေထွက်မြေနေရာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နောင်ကျော့အင်းမြေနေရာပေါ်မှာ ဆောက်လုပ်ဆဲအိမ်ရာများကို ပိတ်ပင် တားဆီးပေးပါရန်နှင့် ခွင့်ပြုပေးသော တာဝန်ရှိအကျင့်ပျက်ခြစားနေသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဝန်ထမ်းများကို တည်ဆဲဥပဒေအရ အချိန်မီ လျင်မြန်ထိရောက်စွာစိစစ်အရေးယူပေးပါရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးများကို မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန် မေးမြန်းသည့်မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခုတင်ပြလိုတာကတော့ ဦးစိုင်းမွန်းလိန်မေးတဲ့ မေးခွန်းနှင့် ကျွန်တော်တို့ဆီပို့တဲ့ မေးခွန်းမှာပါတဲ့ အချက်အလက်တွေဟာ အခု Power point နဲ့ပြတဲ့ အချက်အလက်တွေပါရှိမှု မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်ပြန်ဖြေတဲ့အခါမှာ ဒီအချက်

အလက်တွေ မပါတဲ့အပေါ်မှာတော့ ဒါဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ဒီအထောက်အထား တွေ၊ အချက်အလက်တွေနဲ့ ပြည့်စုံစွာမေးပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အခုမှ Power point နဲ့ပြတဲ့အခါမှာ ကျွန်တော်တို့ဖြေကြားရတဲ့ အခါမှာ ပြည့်စုံမှုရှိမှာ မဟုတ်ကြောင်း ဦးစွာတင်ပြ လိုပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်းမှာရှိတဲ့ မိုးစပါးစိုက်ကေဟာ စုစုပေါင်း (၁၃၇၈၆) ဧက၊ စိုက်ပျိုးရာလယ်စပါး (၉၅၉၅)ဧက၊ ယာစပါး (၂၃၀၆) ဧက၊ တောင်ယာစပါး (၂၁၅၅) ဧက ဖြစ်ပါတယ်။ ဒီလယ်မြေ(၉၅၉၅) ဧကအနက်မှာ နောင်ကျော့အင်း ပိုလျှံရေမှာ တောင်သူ များအကျိုးပြုရန်အတွက် (၂၀၀)ဧကခန့်ကို ပျိုးထောင်ချိန်၊ ထွန်ယက်ချိန်သာ အသုံးပြုနေ ပါတယ်။ယင်းအင်းနယ်မြေအမှားမှာ လယ်မြေဧက (၅၀)ခန့်သာပါရှိပြီး ဆည်ရေလုံလောက် မှုမရှိသည်မှာ (၇နှစ်)၊ (၈)နှစ်ခန့် ကြာမြင့်ပြီးဖြစ်ပါတယ်။ လုပ်ထားတဲ့ မြေနေရာဖြစ်ကြောင်း တွေ့ရှိပါတယ်။ ကျန်လယ်မြေများအတွက်လည်း ဖိုင်လုံဆည်လက်ယာမြောင်းမှ လည်း ကောင်း၊ နမ့်စလိုင်ချောင်းမှ လည်းကောင်း ရယူသုံးစွဲလျက်ရှိပါတယ်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ထဲမှာပါတဲ့ သက်ဆိုင်ရာများက နေအိမ်တည်ဆောက်ခွင့်ပေးလာခြင်းဆိုသည့် အချက်နှင့်စပ်လျဉ်း၍ နမ့်မော်ဆွမ့်ကျေးရွာ အုပ်စု၊ ကင်တုံကျေးရွာမှာရှိတဲ့ ကွင်းအမှတ် (၁၀၀)၊ ဦးပိုင်အမှတ်(၇၈)၊ မြေဧရိယာ (၃.၃၀) ဧကရှိ လယ်မြေအား ဧရိယာ (၃.၃၀)ဧက အနက် သီးနှံသိုလှောင်ရုံ ဆောက်လုပ်ရန်အတွက် ဦးဌေးအောင်(ခ)ဦးကျန်စိမ်းက ဧရိယာ (၀.၂၆) ဧကကို ၂၀၁၈ ခုနှစ်၊ မေလမှာ လယ်မြေ အခြားနည်းအသုံးပြုခွင့်ရရှိရေး ကျေးရွာ၊ မြို့နယ်၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့် ဆင့်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားဆောင်ရွက်ခဲ့ပါတယ်။ အခြားနည်း အသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိမီ သီးနှံသိုလှောင်ရုံဆောက်လုပ်ရန် အဆောက်အဦ ဖောင်ဒေးရှင်း ဆောက်လုပ်နေသည်ကို စိစစ်တွေ့ရှိရပါသဖြင့် ခွင့်ပြုချက် တစ်စုံတစ်ရာမရခင် ကာလ အတွင်း လက်ရှိအဆောက်အဦအား ဆက်လက်ဆောက်လုပ်ခြင်းရပ်ဆိုင်းထားရန်၊ လယ်ယာ မြေအခြားနည်းအသုံးပြုခွင့်ရရှိမှသာ ဆောင်ရွက်သွားရန်နှင့် တားမြစ်ချက်အပေါ် လိုက်နာ ခြင်းမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၁၉၊ ၂၀တို့အရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကာယကံရှင်ကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ထိုသို့ တားမြစ်သည့် နောက်ပိုင်းမှစ၍ ယခုအချိန်ထိ ကာယကံရှင်မှ အဆောက်အဦအား တစ်စုံတစ်ရာ ဆောက်လုပ်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် အဆိုပါ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းအပေါ်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်း တာဝန်ရှိသူများဟာ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတာဝန်ရှိသူများဟာ(၇-၁၀-၂၀၁၈)

ရက်နေ့မှာ ကွင်းဆင်းဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့ရဲ့ အခုတင်ပြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်ပါဝင်ခဲ့ပါတယ်။

ဦးဌေးအောင်(ခ)ဦးကျန်စိမ်းဟာ ၂၀၁၈ ခုနှစ်၊ မေလမှာ သီးနှံ ဂိုဒေါင်ဆောက်လုပ်ရန် လယ်မြေအခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သို့ မြေယာဥပဒေ၊လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားဆောင်ရွက်ခဲ့ပါတယ်။ ဒီလျှောက်ထားတဲ့ ကာယကံရှင်မှလည်း ခွင့်ပြုချက်မရမီမှာ ဒီအဆောက်အဦကို ဆက်လက်မဆောက်လုပ်ကြောင်းကိုလည်း ကာယကံရှင်ကို ကျွန်တော်တို့ အကြောင်းကြားတဲ့နေရာမှာလည်း ယနေ့ထိ လိုက်နာလျက်ရှိပါကြောင်းနှင့် အဆိုပါ လယ်မြေအခြားနည်းအသုံးပြုခွင့်ရရှိပါက တောင်သူများ၏ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်မြေများထိခိုက်မှု မရှိပါကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ငွေစာရင်းဝန်ထမ်းများလည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ လိုက်နာဆောင်ရွက်မှုရှိပါသဖြင့် အရေးယူရန်မလိုအပ်ပါကြောင်းနှင့် တစ်ကယ်လို့ လွှတ်တော်ကိုယ်စားလှယ်မှ ကျွန်တော်တို့ဆီ တင်ပြတဲ့ ကွင်းအမှတ်တွေနဲ့ တင်ပြတာရှိပါတယ်။ ခုနက ငါးကန်ကိစ္စကတော့ တင်ပြခြင်းမရှိပါဘူး။ ငါးကန်ကိစ္စကတော့ ဒီနေ့ Power point နဲ့ တင်ပြခြင်းသာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ ကွင်းအမှတ် (၃၈/၃၉)၊ (၉၈/၉၉)ဆိုတာ နမ့်မော်ဆွမ်မှာ မရှိပါဘူး။ အမှန်အဲ့ ကျေးရွာမှာရှိတဲ့ ကွင်းအမှတ်တွေကတော့ (၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၄၊ ၄၅၊ ၄၆၊ ၉၉) တို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီမြေယာနဲ့ပတ်သက်ပြီး ခိုင်လုံသော အထောက်အထားတွေနဲ့ ကျွန်တော်တို့ကိုတင်ပြပါ။ တင်ပြလာတဲ့အခါမှာ တကယ်အထောက် အထားခိုင်မာစွာဖြင့် တင်ပြလာမှုအပေါ်မှာ ဒီအကျင့်ပျက်ချစားဝန်ထမ်းကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ခမ်းမြို့နယ်၊ မန်လုံကျေးရွာအုပ်စု၊ မန်လုံကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်သောလမ်းမကြီးသည် ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့ ခင်းပေးရေးကိစ္စ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မန်လုံကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်ထားသော လမ်းသည် (၆) မိုင်ရှိပါတယ်။ နမ့်ခမ်း- နမ့်ဖတ်ကာ လမ်းခွဲမှ မန်လုံအုပ်စုအထိ (၄)မိုင်ရှိပါတယ်။ အဆိုပါလမ်းသည် ကျောက်ချောလမ်းခင်းထားပြီး ဖြစ်ပါတယ်။ မန်လုံကျေးရွာမှ နမ့်ခမ်းမြို့သို့ ကုန်စည်များ သယ်ဆောင်လာသော လမ်းမကြီးလည်းဖြစ်ပါတယ်။ ၎င်းလမ်းသည် တောင်တက်/ တောင်ဆင်းလမ်းဖြစ်ပါသောကြောင့် မိုးရာသီမှာ နမ့်ခမ်းမြို့သို့ ကုန်စည်သယ်ဆောင်ရာတွင် အလွန်ခက်ခဲပါတယ်။ နမ့်ခမ်း- နမ့်ဖတ်ကာလမ်းခွဲမှ မန်လုံအုပ်စုသို့ ဆက်သွယ်သော ကျောက်လမ်းအပိုင်းကို ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ခင်းပေးပါက ဒေသခံပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ သွားလာရေးအတွက် အဆင်ပြေချောမွေ့စေပြီး နွေ၊ မိုး၊ ဆောင်းရာသီ မရွေးသွားလာနိုင်မည် ဖြစ်ပါတယ်။ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ပါက အကျိုးပြုမှု ရွာပေါင်း (၆) ရွာ၊ အိမ်ခြေ (၆၆၇) အိမ်နှင့် လူဦးရေ (၄၂၉၁) ဦး အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘတ်ဂျက်နှစ်ဖြင့် ခင်းပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထု၏ ကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင် မေးမြန်းထားတဲ့ ကျွန်တော့်အနေနဲ့ နမ့်ခမ်းမြို့နယ်၊ မန်လုံကျေးရွာအုပ်စု၊ မန်လုံကျေးရွာနှင့် နမ့်ခမ်းမြို့သို့ ဆက်သွယ်ထားတဲ့ ကျောက်လမ်း (၆) မိုင်အား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခင်းပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ မန်လုံကျေးရွာအုပ်စု၊ မန်လုံကျေးရွာမှ နမ့်ခမ်းမြို့ကိုဆက်သွယ်ထားတဲ့ လမ်းစုစုပေါင်းအရှည် (၉)မိုင်(၃)ဖာလုံရှိပြီး လမ်းအဆင့်အတန်းမှာ Class A  ဦးစားပေးအဆင့် (၁) ဖြစ်ပါတယ်။ ကျေးရွာ( ၉ ) ရွာ၊ အိမ်ခြေ (၇၅၄)အိမ်နဲ့ လူဦးရေ (၃၁၂၆) ဦးကို အကျိုးပြုပါတယ်။ လက်ရှိတွင် (၆) မိုင် (၃) ဖာလုံမှာ ကျောက်လမ်းဖြစ်ပြီး မြေသားလမ်း (၃) မိုင်ဖြစ်ပါတယ်။ Class A အဆင့်အတန်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကတ္တရာခင်းဆောင်ရွက်ပေးနိုင်တဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါ တယ်။

ကျောက်လမ်း ၆ မိုင် ၃ ဖာလုံကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခင်းပေးနိုင်ရေးအတွက် နမ့်ခမ်းမြို့နယ်ရဲ့ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက မြို့နယ်ရဲ့ ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာ ရန်ပုံငွေမှာ ထည့်သွင်းလျာထား တောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်း လိုတဲ့ မေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာ အတွက် စိမ့်စမ်းရေသွယ်ယူပေးနိုင်မှု အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စုအတွင်းရှိသော နမ့်မော်ခမ်းကျေးရွာသည် ပင်လယ်မျက်နှာပြင်အထက် အမြင့် ပေ(၄၅၀၀)ခန့်တွင် ရှိပါတယ်။ နမ့်မော်ခမ်းကျေးရွာသည် အိမ်ခြေအားဖြင့် (၇၁) အိမ်၊ လူဦးရေ ကျား (၇၀)၊ မ (၇၆) ဦး၊

စုစုပေါင်း(၁၄၆)ဦး နေထိုင်လျက်ရှိပါတယ်။ ကုန်းမြင့်ဒေသဖြစ်သည့် အားလျော်စွာ ရေရရှိရန် အတွက်လည်း အလွန်ပင်ခက်ခဲလျက်ရှိပါတယ်။ လက်ရှိအချိန်မှာ ရွာသူ/ ရွာသားများသည် ငွေကြေးအခက်အခဲများကြောင့် ရေကို ကိုယ်ထူကိုယ်ထ တစ်နိုင်တစ်ပိုင် ရွာ၏အလယ်မှာ သွယ်ယူထားပြီး ရေလှောင်ကန်လည်း တည်ဆောက်ထားခြင်းမရှိဘဲ အလျဉ်းသင့်သလို အသုံးပြုလျက်ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့သော်ရေလုံလောက်မှုမရှိဘဲ သောက်သုံးရေ အတွက် အနည်းအကျဉ်းမျှသာ လောက်ငှပြီး တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လုံလောက်မှု မရှိသည့်အတွက် ကလေးသူငယ်မှအစ လူကြီးများထိ ကျန်းမာရေးအခန်းကဏ္ဍမှာ နောက် ဆက်တွဲပြဿနာများစွာ ထိခိုက်လာနိုင်ကြောင်း စိုးရိမ်မိပါတယ်။

ထို့ကြောင့် နမ့်မော်ခမ်းကျေးရွာအား သန့်ရှင်းတဲ့သောက်သုံးရေ လုံလောက်စွာ သုံးစွဲ နိုင်ရေးတို့အတွက် စိမ့်စမ်းရေသွယ်ယူပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူလူထုကိုယ်စား ရိုသေလေးစားစွာ ဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ မေးမြန်းတဲ့ ကျိုင်းတုံခရိုင်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာဟာ သန့်ရှင်းတဲ့ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးနိုင်မှု အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မိုင်းခတ်မြို့နယ်၊ တုံဖကော် ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာမှာ အိမ်ခြေ (၇၁)အိမ်၊ လူဦးရေ(၄၁၀)ဦး မှီတင်းနေထိုင် လျက်ရှိပြီး ကျေးရွာသူ/ သားများဟာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် (½")ø PVC ပိုက်ဖြင့် သွယ်တန်း၍ ရေရယူသုံးစွဲလျက်ရှိရာမှာ သောက်သုံးရေလုံလောက်မှု မရှိကြောင်း ကွင်းဆင်း စစ်ဆေးတွေ့ရှိရပါတယ်။ နမ့်မော်ခမ်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးရွာကနေ ပြီးတော့ (၄/ ၀)မိုင်ခန့် ကွာဝေးတဲ့ စိမ့်စမ်းရေထွက်မှ ရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက် မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၃၀.၄၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မိုင်းခတ်မြို့နယ်ရဲ့ စီမံကိန်းရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်

ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြပေးပါ။ ရန်ပုံငွေခွဲဝေရမှုအပေါ်မူတည်ပြီးတော့ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါဝိဒ်ဖြစ်ပါတယ်။ ကျွန်တော့အနေဖြင့် ဒေသဖွံ့ဖြိုးရေး ပုံရိပ်များဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြယ်ပွင့်ပြသော မေးခွန်းမေးမြန်း တင်ပြလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံနှင့်အဝှမ်း ဒေသအလိုက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့သည် နယ်စပ်ဒေသ ထိစပ်နေသောမြို့ ဖြစ်ပါတယ်။ စိုက်ပျိုးသီးနှံများနှင့် ကုန်ထုတ်လုပ်မှုများကို တောင်ကြီး- မိုင်းတုံ- မိုင်းဆတ်- တာချီလိတ်မြို့များမှ တစ်ဆင့် ရွှေတြိဂံဒေသ၏ အဓိကကျသော ကုန်ထုတ်လမ်းတစ်ခု ဖြစ်ပါတယ်။ ထိုသို့အဓိက ကျသော လမ်းပေါ်ရှိ မိုင်းဆတ်- တာချီလိတ်လမ်းပိုင်းသည် လွန်ခဲ့သော(၁၅)နှစ်ခန့်က (ဝ)အထူး ဒေသမှ ဖောက်လုပ်ခဲ့သည့် ကျောက်ခင်းလမ်းများဖြစ်ပါသည်။ ထိုလမ်းကို အခြေပြု၍ မိုင်းဆတ်- မိုင်းတုံမြို့၏ သွင်းကုန်/ ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင်လွန်ခဲ့သော(၃)နှစ်ခန့်မှစ၍(ဝ) အထူးဒေသမှ ပြုပြင်ပြောင်းလဲ ပေးခြင်းမရှိပါသဖြင့် လမ်းများ ပျက်စီးယိုယွင်းပြီး လမ်းများပိတ်ဆို့ခြင်း၊ ယာဉ်များပျက်စီးဆုံးရှုံးခြင်း၊ ပြည်သူများထိခိုက်ဒဏ်ရာရ သေဆုံးခြင်းများ မကြာခဏဖြစ်ပွားနေကြောင်းကို တွေ့ရှိရပါတယ်။ ၎င်းလမ်းပိုင်းသည် မိုင်းဆတ်- တာချီလိတ် (၆၄) မိုင် ကွာဝေးသော်လည်း မိုးရာသီကာလများ၌ ခရီးကြာချိန် (၁၀) နာရီခန့် ကြာမြင့်ပြီး တစ်ခါတစ်ရံ (၃) ရက်ခန့် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ပါတယ်။

ဌင်း (၄၀၀၀) ပေကျော်မြင့်သော လွယ်ဆမ်ဆုံတောင်ကြောတွင် မကြာခဏ ယာဉ်တိမ်းမှောက်မှုကြောင့် ပြည်သူများ၏ အသက်စည်းစိမ်များ၊ နိုင်ငံပိုင်ကုန်ထုတ် အရင်းအနှီးများဆုံးရှုံးနေသည်ကိုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ တာချီလိတ်- မိုင်းဆတ် ဆက်သွယ်သည့် (၆၄) မိုင် လမ်းပိုင်းအား အခြားနယ်စပ်မြို့များကဲ့သို့ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် ပြည်သူချစ်သော ပြည်သူ့အစိုးရအနေဖြင့် ဌင်းလမ်းအပိုင်းအား ပြုပြင်ပေးနိုင်ပါက နိုင်ငံတော်၏ဘဏ္ဍာငွေများ တိုးပွားလာစေမည့်အပြင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေးများ ပြည့်စုံပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် ဌင်းလမ်းအား ပြုပြင်ပေးနိုင်ပါရန်၊ ပြုပြင်ပေးနိုင်ခြင်း ရှိ/ မရှိကို သိရှိလိုပါ၍ ရှိသေလေးစားစွာဖြင့် မေးမြန်းတင်ပြခြင်း ဖြစ်ပါတဂယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးမြန်းထားတဲ့ မိုင်းဆတ်- တာချီလိတ်လမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ပေးနိုင်ပါရန်နှင့် ပြုပြင်ပေးနိုင်ခြင်း ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power point နှင့်အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။

**လမ်းတည်နေရာ**

မိုင်းဆတ်- တာချီလိတ်လမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နှင့် တာချီလိတ်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီးတော့ မြောက်လတ္တီကျူ ၂၀ဒီဂရီ ၂၃မိနစ်မှ ၃၁ မိနစ်၊ အရှေ့လောင်ဂျီကျူ ၉၉ ဒီဂရီ ၁၂ မိနစ်မှ ၅၄ မိနစ်အကြားမှာ တည်ရှိပါတယ်။ မြန်မာ- ထိုင်းနယ်စပ်မှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ တာချီလိတ်မြို့သို့ မိုင်းဆတ်မြို့မှ ခရိုင်ချင်း ဆက်သွယ်ထားတဲ့ (၆၀) မိုင် ကျော်ခန့်ရှည်လျားတဲ့ အနီးဆုံးလမ်းကြောင်းဖြစ်ပြီးတော့ မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် လွန်စွာအရေးပါတဲ့ ကုန်စည်စီးဆင်းရာ လမ်းကြောင်းဖြစ်ပါတယ်။ Road Network Corridor Plan အရသတ်မှတ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီး National Highway အဆင့် နမ့်စန်- မိုးနဲ - မိုင်းတုံ- မိုင်းဆတ်လမ်း (NH 23)ရဲ့ အဆုံးမှာရှိတဲ့ မိုင်းဆတ်မြို့ကနေပြီးတော့ နိုင်ငံတကာဆက်သွယ်ရေး လမ်းအဆင့်အတန်းဖြစ်တဲ့ Asia Highway No.(2)(AH.2) မိတ္ထီလာ-

တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်(NH 27) လည်းဖြစ်တဲ့ အဲဒီလမ်းအဆုံး တာချီလိတ်မြို့ကို လမ်းကွန်ရက်ဖြင့် ဆက်စပ်ပေးတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ စောစောက ပြည်နယ်လွှတ်တော်တင်ပြခဲ့တဲ့ အဲ့ဒီလမ်းရဲ့ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၉၀၀ ကျော်မြင့်မားသော လွယ်ဆမ်ဆုံတောင်ရှိပြီး လမ်းတစ်လျှောက် နိမ့်မြင့်တက်ဆင်းအကွေ့ကောက်များပြားတဲ့ တောင်ပေါ်ဒေသလမ်းတစ်လမ်း ဖြစ်ပါတယ်။

လမ်းသမိုင်းအကျဉ်းကို လေ့လာသိရှိရမှုကို ဆက်လက်တင်ပြပါမယ်။

(က) ဒေသလိုအပ်ချက်အရ ၁၉၉၇ခုနှစ်၊အောက်တိုဘာလမှာ"ဝ" အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁)မှ စတင်ဖောက်လုပ်ခဲ့ပါတယ်။

(ခ) ၁၉၉၉ခုနှစ်၊ ဖေဖော်ဝါရီလမှာ အမာခံလမ်းအဖြစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

(ဂ) ၂၀၀၄ နှင့် ၂၀၀၅ခုနှစ်များမှာ လမ်း၏အခက်ခဲအကြမ်းတမ်းဆုံး အပိုင်းဖြစ်တဲ့ လွယ်ဆမ်ဆုံတောင်အတက်အဆင်းအပိုင်း ၆မိုင်ခန့်ကို ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်ပေးနိုင်ခဲ့တာကိုတွေ့ရှိရပါတယ်။

(ဃ) ၂၀၀၄မှ ၂၀၀၇ခုနှစ်များအတွင်းမှာတော့ ၃၅ မိုင် ၂ ဖာလုံအား ကျောက်စီလမ်း (အရပ်အခေါ်တော့ပြောင်းဖူးစေ့လမ်း)အဖြစ်လည်းကောင်း၊ ၁၄ မိုင်အား အမာခံလမ်းအဖြစ်လည်းကောင်း၊ ၄ မိုင် ၄ ဖာလုံအား မြေလမ်းအဖြစ် တည်ဆောက်ခဲ့ပါတယ်။

(င) ၂၀၀၇ခုနှစ်နောက်ပိုင်းမှာ "ဝ"အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁)ကြီးကြပ်မှုဖြင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လာခဲ့ပါတယ်။

လမ်းကို စဉ်ဆက်မပြတ် စနစ်တကျပြုပြင်ထိန်းသိမ်းမှု အားနည်းလာခြင်းနဲ့ ကာလတာရှည် ရာသီဥတုဒဏ်တို့ကြောင့် ၂၀၁၇ခုနှစ်၊ နောက်ပိုင်းမှာ တစတစနဲ့ ပျက်စီးချို့ယွင်းမှုသည် ပိုမိုကြီးမားများပြားလာခဲ့ပါတယ်။ အထူးသဖြင့်မိုးရာသီမှာ လွန်စွာဆိုးရွားခက်ခဲလာတဲ့အတွက်ကြောင့်မို့ ခရီးသွားပြည်သူများရဲ့ အခက်အခဲများကို လူမှုကွန်ရက်များပေါ်မှာ ပိုမိုပြီးတော့ ဖော်ပြလာခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ အစိုးရက စီမံခန့်ခွဲရန်၊ ဆောင်ရွက်နိုင်ရန်လိုအပ်လာမှုကြောင့်လမ်းအားလွှဲပြောင်းစီမံ ခွင့်ရရှိရေး၊ တည်ဆောက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းညှိနှိုင်းဆောင်ရွက်ခဲ့ကြပါ တယ်။

(က) (၂၅-၄-၂၀၁၈)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့ ဦးစီးတဲ့အဖွဲ့မှာ ဆက်ဆံရေးရုံးနဲ့

စစ်ဒေသ(၁၇၁)လက်အောက် မြို့နယ်ရုံးတို့ အခြေစိုက်တဲ့ဝမ်ဟုန်ကို သွားပြီးတော့ ပထမအကြိမ်သွားရောက် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

(ခ) (၂၈-၄-၂၀၁၈)မှာတော့ လမ်းတံတားတွေကို လာရောက်လက်ခံပေးဖို့အတွက် စစ်ဒေသ(၁၇၁)မှ အကြောင်းကြားလာခဲ့ပါတယ်။ တာချီလိတ်-မိုင်းဆတ်လမ်း အပါအဝင် လမ်းများနှင့် တံတားများကို လွှဲအပ်ပေးမည်ဖြစ်တဲ့အတွက် ကြောင့်မို့ လာရောက်လက်ခံပေးဖို့ အကြောင်းကြားခြင်းဖြစ်ပါတယ်။ အဲ့ဒီပေါ် မူတည်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြခဲ့ပါတယ်။

(ဂ) (၆.၅.၂၀၁၈) မှာလည်း "ဝ"အထူးဒေသ(၂)၊ တောင်ပိုင်းစစ်ဒေသ တပ်မဟာ နိုင်ငံရေးမှူး ဦးအားဖူ ဦးစီးတဲ့အဖွဲ့ဟာ မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူတွေကို လာရောက်တွေ့ဆုံပြီးတော့ လမ်းတံတားများလွှဲပြောင်းပေးရေးနှင့် လွှဲပေးပြီး နောက်ပိုင်းလမ်းအသုံးပြုခကင်းလွတ်ခွင့်၊ စိုက်ခင်းများ မြေခွန်ကင်းလွတ်ခွင့်၊ နိုင်ငံသားစိစစ်ရေးကဒ်ရရှိရေး၊ ဆက်သွယ်ရေး တာဝါတိုင်များရရှိရေး၊ "ဝ"တိုင်းရင်းသားများ၏ လိုအပ်ချက်များ ရရှိရေးကိစ္စများနှင့် ပတ်သက်ပြီး တော့ ဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံဆွေးနွေးချက်များနှင့်ပတ်သက်၍ (၇-၅-၂၀၁၈)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တင်ပြချက်အရ ပြည်ထောင်စု အစိုးရအဖွဲ့ဟာ သက်ဆိုင်တဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတွေသို့ (၈- ၅- ၂၀၁၈) ရက်စွဲပါစာအဖြစ် သဘောထားတောင်းခံခဲ့ပါသည်။ အဲ့ဒီပေါ်မှာမူတည်ပြီးတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကလည်း တင်ပြတဲ့ (၂၁- ၆- ၂၀၁၈) MOC သည် လမ်း ၇ လမ်းအနက်မှာ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ လမ်း ၂ လမ်းပေါ်ရှိတံတားများ ပြန်လည်လက်ခံသွားမည် ဖြစ်ကြောင်း၊ မိုင်းဆတ်-တာချီလိတ်ခန့်မှန်းမိုင် ၆၀ကျော်အား လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရက စီမံခန့်ခွဲသော ခရိုင်/ မြို့နယ်ချင်းဆက် လမ်း (လမ်းနယ် ၁၅၀ပေ)အဖြစ် သိမ်းသွင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ကျန်၄လမ်းကို နယ်မြေအခြေအနေအရ နယ်စပ်ရေးရာဝန်ကြီးဌာန သို့မဟုတ် အခြားသင့်လျော်တဲ့ ဌာနတစ်ခုခုကိုသာ

တာဝန်ပေးအပ်ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက် တင်ပြထားခဲ့တာကိုလည်း သိရှိရပါတယ်။

(ဃ) (၁-၆-၂၀၁၈) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၈) မှာတင်ပြခဲ့တဲ့ မိုင်းဆတ်-တာချီလိတ် လမ်း(၆၀/၄မိုင်) အား လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရကစီမံခန့်ခွဲတဲ့ ခရိုင်ချင်းဆက်လမ်းအဖြစ်သိမ်းသွင်းပြီး လမ်းပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တင်ပြချက်အပေါ်မှာ "UWSA "ဝ"အဖွဲ့နှင့်ညှိနှိုင်းပေးဖို့ ငြိမ်းချမ်းရေးကော်မရှင်သို့ အကြောင်းကြားခဲ့တာကို တွေ့ရှိရပါတယ်။

( င ) (၁၇-၇-၂၀၁၈) (လုံ/တည်)အစည်းအဝေးဆုံးဖြတ်ချက်။ (၁၇-၇-၂၀၁၈)ရက်နေ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၁၈)ရဲ့ ဆုံးဖြတ်ချက်များမှာ ဒီလမ်းနဲ့ ပတ်သက်ပြီး ပါဝင်လာခဲ့ပါတယ်။ အဲ့တော့ "ဝ'အထူးဒေသ(၂)၊ စစ်ဒေသ (၁၇၁)မှ လမ်းတံတားများ နိုင်ငံတော်အစိုးရသို့အပ်နှံမှုကို ကော်မတီမှမူအားဖြင့် သဘောတူတဲ့အတွက်ကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်ခံပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဆက်လက်တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်သွားဖို့က တစ်ချက်၊ ဒုတိယအချက်ကတော့ ၎င်းတို့ညှိနှိုင်းလာတဲ့ ကျန်ကိစ္စရပ်များအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်စိစစ်အတည်ပြုတင်ပြရန် အတွက် ဆုံးဖြတ်ခဲ့ပါတယ်။

( စ ) အဲ့ဒီပေါ်မှာမူတည်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းတံတားများ လွှဲပြောင်းလက်ခံရေးအဖွဲ့ကိုလည်း (၁၂-၈-၂၀၁၈) မှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

(ဆ) ဒီပေါ်မှာမူတည်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်ကတော့ (၂၇-၉-၂၀၁၈)ရက်နေ့မှာ လွှဲပြောင်းလက်ခံနိုင်ရေးဆောင်ရွက်ဖို့ကို ကျွန်တော်တို့ မိုင်းဆတ်ခရိုင်စီမံခန့်ခွဲရေးကော်မတီကို စီမံစေခဲ့ပါတယ်။ အဲ့လိုလွှဲပြောင်းလက်ခံမှုဆောင်ရွက်ရာမှာလည်း လက်မှတ်ရေးထိုးကြမည့် "ရှင်းလင်းတဲ့ လွှဲပြောင်းလက်ခံမှုမှတ်တမ်း ပုံစံ"ကိုလည်း ခရိုင်စီမံခန့်ခွဲရေးကော်မတီက တစ်ဆင့် ကြိုတင်ပေးပို့အကြောင်းကြားခဲ့ပါတယ်။ အဲ့ဒီပေါ်မှာ မူတည်ပြီးတော့ အကြောင်းပြန်လာမှုများလည်း ရှိပါတယ်။

(ဓ) ကျွန်တော်တို့ "ဝ"အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁)က လမ်း၊ တံတားများ လွှဲပြောင်းပေးခြင်းအတွက် နှစ်ဘက်လိုက်နာရမည့် သဘောတူညီချက်မှာ တောင်းဆိုချက် ၁၀ ချက်ပါရှိတဲ့ (၅-၁၀-၂၀၁၈) ရက်စွဲပါစာကို မိုင်းဆတ်ခရိုင် စီမံခန့်ခွဲရေးကော်မတီကို အကြောင်းကြားလာခဲ့ပါတယ်။ အဲ့ဒီအကြောင်းကြား စာမှာ ပါဝင်လာတဲ့ အချက်တွေကတော့ -

(၁) လမ်းဖောက်လုပ်ရန်ဖြစ်ပေါ်လာပုံအကြောင်းရင်း။

(၂) လမ်းပိုင်းများ။

(၃) လမ်းစီမံခန့်ခွဲမှုနှင့်လမ်းကြေးကောက်ခံခြင်း။

(၄) လမ်းပြုပြင်ထိန်းသိမ်းခြင်း။

(၅) လမ်းပိုင်းများအားလုံးအား နိုင်ငံတော်သို့ ပြုပြင်ထိန်းသိမ်းနိုင်ရန် လွှဲပြောင်းရခြင်း၏ အခြေခံအကြောင်းရင်း။

(၆) နိုင်ငံတော်သို့ လမ်းပိုင်းများ ပြုပြင်ထိန်းသိမ်းရေး တာဝန်လွှဲအပ် ပေးပြီးနောက် နှစ်ဘက်လိုက်နာရမည့် သဘောတူညီချက်များ အဓိက တောင်းထားတဲ့(၁၀ချက်) ဖြစ်ပါတယ်။

(၇) လမ်းပိုင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ မှတ်တမ်းများ စာရင်းဆိုပြီးတော့ (ခရိုင်စီ/ခန့်ကော်မတီ၏ ၁၀-၁၀-၂၀၁၈စာ) ကို ပူးတွဲပြီး စာပေးပို့လာပါတယ် ။

(ဈ) အဲ့ဒီပေးပို့လာတဲ့ စာပေါ်မူတည်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ဟာ (၉-၁၁-၂၀၁၈)မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆက်လက်တင်ပြခဲ့ပါတယ်။

(ည) (၁၁-၁၁-၂၀၁၈)မှာတော့ "ဝ"အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁) တပ်မဟာ နိုင်ငံရေးမှူးဦးအားဖူ ဦးစီးတဲ့ အဖွဲ့ ၈ ဦးဟာ မိုင်းဆတ်ခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးစီးတဲ့အဖွဲ့ကို မိုင်းဆတ်မြို့မှာလာရောက်တွေ့ဆုံခဲ့ပါတယ်။ လွှဲပြောင်းလက်ခံရေး ညှိနှိုင်းနေစဉ်ကာလအတွင်း ပိုမိုပျက်စီးလာသော လမ်းအား ပြုပြင်ရန်လိုအပ်တဲ့အကြောင်း၊ လမ်းကို ယာယီပြုပြင်ပေးဖို့ ညွှန်ကြားစာထုတ်ပေးဖို့အကြောင်း၊ကျောက်ထုတ်လုပ်ခွင့်နှင့် မြေလွတ်မြေရိုင်း တောင်ယာများ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားကိစ္စရပ်များကို ဆွေးနွေးခဲ့တာ တွေ့ရှိရပါတယ်။

(၄) အဲ့ဒီအပြင် (၁၉-၁၁-၂၀၁၈) မှာလည်း ထပ်မံလာရောက် တွေ့ဆုံဆွေးနွေးပါတယ်။ "ဝ"အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁) ပြင်ပဆက်ဆံရေးတာဝန်ခံ ဦးဆမ်လော ခေါင်းဆောင်တဲ့ အဖွဲ့ ၅ ဦး ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မိုင်းဆတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစီးသည့်အဖွဲ့ကို မိုင်းဆတ်မြို့တွင် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါတယ်။ လမ်းလွှဲပြောင်းပေးရေးအတွက် အထွေအထူးတောင်းဆိုခြင်း မပြုတော့ဘဲ ယခင်(၆-၅-၂၀၁၈)ရက်နေ့ တွေ့ဆုံဆွေးနွေးစဉ်က တောင်းဆိုထားတဲ့အချက်တွေနဲ့ပဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လွှဲပြောင်းမှုကိုလည်း ရက်သတ္တတစ်ပါတ် သို့မဟုတ် ၁၀ ရက်အတွင်းမှာ ဆောင်ရွက်ပေးစေလိုကြောင်းကို ဆွေးနွေးခဲ့ကြတာကို တွေ့ရှိရပါတယ်။

(၅) (၂၇-၁၁-၂၀၁၈)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီအစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၈) မှာ “ဝ”အဖွဲ့ကပေးလာတဲ့ နှစ်ဘက်သဘောတူညီချက် (တောင်းဆို ချက် ၁၀ ချက်ပါ)တာနဲ့ ပတ်သက်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ နောက်ဆုံးအခြေအနေကို တင်ပြထားပြီးဖြစ်တဲ့ကြောင့်မလို့ တင်ပြမှုအား ဆွေးနွေးမှုကို မပြုတော့ဘဲနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြမှုကို မှတ်တမ်းတင်ထားခဲ့ပါတယ်။

(၃) နောက်ဆုံးကြိုးပမ်းဆောင်ရွက်မှုကတော့ ကျွန်တော်တို့ (၃၀-၁၁-၂၀၁၈) ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် မိုင်းဆတ်မြို့ကိုရောက်ရှိကြတဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့ဟာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာနညွှန်ကြားရေးမှူး၊ မိုင်းဆတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့မှာ "ဝ"အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁)နိုင်ငံရေးမှူးဦးအားဖူ ဦးစီးတဲ့အဖွဲ့(၁၀ဦး)နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲ့လိုတွေ့ဆုံဆွေးနွေးရာမှာ ၎င်းတို့ဆွေးနွေးခဲ့တဲ့ အချက်များကို တင်ပြလိုပါတယ်-

(၁) ပထမအချက်ကတော့ လွှဲပြောင်းပေးအပ်မည့်လမ်းများသည် ၁၉၉၈ ခုနှစ်မှစ၍ စစ်ဒေသ(၁၇၁)အနေနဲ့ ၎င်းတို့ရဲ့ အစီအစဉ်ဖြင့် ဖောက်လုပ်ထိန်းသိမ်းခဲ့ခြင်း

ဖြစ်ပြီးပုံပိုးမှုနှင့် စာရွက်စာတမ်း တစ်စုံတစ်ရာလည်း မရှိခဲ့တဲ့အကြောင်း ပြောကြားပါတယ်။

(၂) ဒုတိယအချက်ကတော့ မိုင်းဆတ်- တာချီလိတ်လမ်းကို ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား ပြည်သူများသို့ လက်ဆောင်အဖြစ် ပေးအပ်ပါကြောင်း၊ နိုင်ငံတော်က လမ်းလုပ်ငန်းများစတင်သည်နှင့် လမ်းအသုံးပြုခကောက်ခံခြင်း မပြုတော့ပါကြောင်း ဆွေးနွေးပါတယ်။

(၃) တတိယအချက်ကတော့ အဆိုပြု နှစ်ဘက်သဘောတူညီချက်မှာ အချက် ၁၀ ချက် တောင်းဆိုရခြင်းမှာလည်း ၎င်းတို့ အစီအစဉ်နဲ့ လမ်းကိုဖောက်လုပ်/ ထိန်းသိမ်းခဲ့ရာမှာ အခက်အခဲကြုံတွေ့ရမှုများ ပင်ပန်းဆင်းရဲမှုများ၊ ငွေကြေး စိုက်ထုတ်မှုများကို နိုင်ငံတော်က သိစေလို၍သာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါ တယ်။

(၄) ထို့အပြင်လမ်းလွှဲပြောင်းမှုကို စာချုပ်စာတမ်းဖြင့် လက်မှတ်ရေးထိုးခြင်း မပြု စေလိုပါကြောင်း။

(၅) အပ်နှံမည့်အထဲမှ ဝမ်ဟုန်- မိုင်းယွန်း (ယုံပန်း)- ပိန်းခမ်းလမ်းကိုလည်း နိုင်ငံတော်အစိုးရမှ ဦးစားပေးလုပ်ငန်းအဖြစ် စီစဉ်ဆောင်ရွက် ပြုပြင်ပေး စေလိုကြောင်း။

(၆) မိုင်းဆတ်- တာချီလိတ်လမ်းအား မိုးမကျမီအမြန်ဆုံး ပြုပြင်ပေးစေလို ကြောင်း၊ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မိုင်းဆတ်- တာချီလိတ်လမ်း ဖြစ်ပါတယ်။

(၇) နိုင်ငံသားစိစစ်ရေး ကဒ်ပြားများ အသစ်ပြန်လည်ပြုလုပ်ပေးမည်ဆိုပါက ဆောင်ရွက်ပေးစေလိုသည့် အချက်များနှင့် နောက်ဆုံးအချက်ကတော့

(၈) "ဝ"အထူးဒေသ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးပြီး အထူးဒေသ (၂)မှာရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံကို ကြည့်ရှုစောင့်ရှောက်ပေးစေလိုပါ ကြောင်း ဆွေးနွေးခဲ့ပါတယ်။

လက်ရှိမှာသဘာဝအတားအဆီးဖြစ်တဲ့သံလွင်မြစ်ကိုဖြတ်ကျော်ပြီးတော့ ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို ဆက်သွယ်ပေးထားတာကတော့ မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် (NH27/ AH2) ပြည်ထောင်စုလမ်းမကြီး တစ်ခုတည်း ရှိနေပါသေးတယ်။ ဒါကြောင့်မလို့ လမ်းမကြီးအသစ်တစ်ခုထပ်မံလိုအပ်နေတဲ့ အနေအထား

ဖြစ်ပါတယ်။ Road Network Corridor Plan အရ နမ့်စန်- မိုးနဲ- မိုင်းတုံ- မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ် NH23 လမ်းပေါ်မှာရှိတဲ့ မိုင်းဆတ်မြို့ကနေပြီးတော့ တာချီလိတ်မြို့ကို ဖောက်လုပ်သိမ်းသွင်းနိုင်ပါက မူလရှိခဲ့ပြီးဖြစ်တဲ့ လမ်းမကြီးနှင့်အပြိုင် အရှည် ၃၂၀ မိုင်ရှိတဲ့ ပြည်ထောင်စုလမ်းမကြီး အသစ်တစ်ခု ထပ်မံပေါ်ပေါက်ရရှိမှာ ဖြစ်ပါတယ်။ လက်ရှိ တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း (NH27 ၃၇၅ မိုင် ၅ ဖာလုံ) ထက် ၅၅ မိုင် ၅ ဖာလုံ ပိုမိုတိုတောင်းပါမယ်။ ခရီးသွားချိန်နာရီများစွာ ပိုမိုလျော့နည်းစေပါမယ်။ စက်သုံးဆီနှင့် ပြုပြင်ထိန်းသိမ်းစရိတ်များစွာ သက်သာစေပြီးတော့ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ စေတဲ့ ပြည်ထောင်စုလမ်းမကြီးတစ်ခု ဖြစ်ပါတယ်။

ထို့အပြင် သက်တမ်း ၄၄ နှစ်ကြာမြင့်လာပြီးတော့ တန်ချိန် ၂၄ တန်သာဖြတ်သန်း ခွင့်ပြုနိုင်တဲ့ သံလွင်မြစ်ကူးတံတား(တာကော်) တန်ချိန် ၁၆တန်သာဖြတ်သန်းခွင့်ပြုနိုင်တဲ့ သံလွင်မြစ်ကူးတံတား(တာဆန်း)တို့ကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ တောင်းခံ၍ ၇၅ တန်ဖြတ်သန်းနိုင်သော တံတားများအဖြစ်တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ပါ တယ်။ တာဆန်းမြို့နဲ့မိုင်းတုံမြို့အကြား ကျန်ရှိနေတဲ့ ၉ မိုင်ကျော်ကို ကတ္တရာခင်းခြင်း၊ ပေ ၆၀၀၀ ကျော်မြင့်မားတဲ့ လွယ်ပွတ်တောင်ကြောအပိုင်းမှာ ၁မိုင်ခွဲခန့် ကျောက်တောင်မိုင်းခွဲ လမ်းချဲ့ခြင်းကိုလည်း ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်တဲ့ ကြောင့်မလို့ အသစ်ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုလမ်းမကြီးအတွက် များစွာ အထောက်အကူရရှိနေပြီ ဖြစ်ပါတယ်။

လက်ရှိလမ်းအူကြောင်းအရ မိုင်းဆတ်-တာချီလိတ်လမ်းသည် ၉၆.၁ကီလိုမီတာ( ၆၀ / မိုင်)ခန့်ရှည်လျားပြီး

(၁) ကတ္တရာလမ်း ၉.၇ ကီလိုမီတာ၊

(၂) ကျောက်လမ်း ၅၆.၄ ကီလိုမီတာ၊

(၃) အမာခံလမ်း ၂၂.၇ ကီလိုမီတာ၊

(၄) မြေသားလမ်း ၇.၃ ကီလိုမီတာ၊

(၅) ပေ ၁၈၀ အထက် တံတား ၁ စင်း၊

(၆) ပေ ၁၀၀ မှ ၁၈၀ အကြား တံတား ၂ စင်း၊

(၇) ပေ ၅၀ မှ ၁၀၀ အကြားတံတား ၃ စင်း၊

(၈) ပေ ၅၀ အောက်တံတား ၁၅ စင်း၊

(၉) ရေပြွန်နှင့် Box Culvert ၁၀၃ စင်း၊ စုစုပေါင်း တံတားနှင့် ရေပြွန် ၁၂၄ စင်း ပါဝင်ပါတယ်။

လမ်းလွှဲပြောင်းပေးရန် ယေဘုယျအားဖြင့်သဘောတူညီမှုရရှိခဲ့စဉ်ကပင် ရှမ်းပြည်နယ် အရှေ့ပိုင်းလမ်းဦးစီးဌာနအနေနဲ့ ပဏာမအချက်အလက်ကောက်ယူလေ့လာခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများလျာထားချမှတ်ခြင်း၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ထားခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ လက်ရှိအချိန်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ နေပြည်တော်ကနေပြီးတော့ လမ်းပုံထုတ်အဖွဲ့ ရောက်ရှိပြီးတော့ တိုင်းတာခြင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်၍ ပုံထုတ်ခြင်း၊ တွက်ချက်စီမံခြင်း၊ ရန်ပုံငွေတင်ပြတောင်းခံခြင်း၊ အရေးကြီးဦးစားပေးအလိုက် လုပ်ငန်းများ စတင်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရေးဆွဲအတည်ပြုပြီးဖြစ်တဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်ခြင်းမရှိသော်လည်း ရန်ပုံငွေခွင့်ပြုရရှိရေး ကြိုးပမ်းဆောင်ရွက်သွားပြီးတော့ ၂၀၁၉ ခုနှစ်၊ မိုးရာသီမှာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းမရှိစေရေး လုပ်ငန်းများကို ဦးစားပေးပြီး ဆောင်ရွက်သွားရန် လျာထားစီမံထားရှိပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့ "ဝ"အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁)မှ ဖောက်လုပ်ထိန်းသိမ်းခဲ့ပြီး ယခုအခါမှာ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသို့ လက်ဆောင်အဖြစ် လွှဲပြောင်းပေးအပ်လာတဲ့ မိုင်းဆတ်- တာချီလိတ်လမ်းအား ရှမ်းပြည်နယ်အတွင်း အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နယ်စပ်ကုန်သွယ်မှုအတွက် အထောက်အကူဖြစ်စေရေး၊ စီမံလျာထားတဲ့ အမျိုးသားလမ်းကွန်ရက် အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေများ ဆက်လက်တင်ပြတောင်းခံပြီးတော့ တည်ဆောက်စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ (၁၈.၁၂.၂၀၁၈)ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကိုတက်ရောက်လာကြပါတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။

ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ မုံးရင်ရေလှောင်တမံနှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံးရင်ရေလှောင်တမံဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ မုံးရင်းကျေးရွာရဲ့ အရှေ့တောင်ဘက် (၃) မိုင် အကွာမှာတည်ရှိပြီးတော့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ စတင်တည်ဆောက်ပြီး ၂၀၁၀- ၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ တူးမြောင်းမကြီးအရှည် (၂) မိုင်၊ လက်တံမြောင်းများအရှည် (၁၅) မိုင်နှင့် တူးမြောင်းအဆောက်အဦ (၁၄၁) ခုရှိသည့် မြေသားတမံ တစ်ခုဖြစ်ပါတယ်။ Main Canal Heavy Cutting မှာ အလျား ၃၁၀၀ ပေရှိပြီး ဆည်ရေပေးဝေနိုင်သည့် အကျိုးပြုဧရိယာမှာ ၁၇၃၀ဧကရှိပါတယ်။ ရေအားလျှပ်စစ် ၁၂၅ ကီလိုဝပ် ၂ လုံးတပ်ဆင်အင်အားဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၂.၂ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ကာ မုံးရင်ကျေးရွာအုပ်စု ဝိန်းနန်ကျေးရွာအုပ်စုအပါအဝင် မန်ဆာလုံကျေးရွာအုပ်စုရှိ နားလင်းကျေးရွာနှင့် ဟော်နားကျေးရွာရှိ ပြည်သူများအား အကျိုးပြုလျက်ရှိပါတယ်။

ပျမ်းမျှအားဖြင့် ၂ နှစ် သို့မဟုတ် ၃ နှစ်တစ်ကြိမ် မိုးရာသီကာလ မိုးများသည့် အချိန်မှာ တောင်ကုန်းမှမြေသားအိကျပြီး စိမ့်ရေများထွက်၍ မြေပြိုကျကာ မြောင်းပိတ်ဆို့ထိခိုက်မှုများ ဖြစ်ပေါ်ခြင်းရှိသည်ကို တွေ့ရှိခဲ့ရပါတယ်။ ၁.၉.၂၀၁၈ ရက်နေ့မှာ မိုးရေချိန် ၃.၂၄ လက်မဖြင့် ရက်ကြာရှည် မိုးရာသွန်းမှုဖြင့် ပင်မရေပေးမြောင်း ပေတိုင် (၂+၂၅၀) ပေနှင့် (၃+၁၀၀) ပေအကြား Heavy Cutting အပိုင်းမှာ မြေပြိုကျခြင်း၊ လက်တံမြောင်းအမှတ် (၄) (RD-1 +500) ပေ မှ (RD- 3 +500 ပေအထိ) ပေ ၂၀၀၀ ခန့် တောင်မြေပြိုကျ၍ မြောင်းဘောင်ပျက်စီးခြင်း၊ တူးမြောင်းအတွင်း သဲနုန်းများပို့ချခြင်း၊ လက်တံမြောင်းအမှတ်(၁)နှင့် လက်တံမြောင်းခွဲ (၁၊ ၂၊ ၃) ပျက်စီးမှုတို့မှာ လက်တံမြောင်းအမှတ်(၁)မှ မြောင်းဘောင်ထိခိုက်မှုအများဆုံးဖြစ်ပြီး ဖို့မြေအပိုင်း၌ တောင်ကျရေတိုက်စားပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။

လားရှိုးခရိုင်၊ လားရှိုးမြို့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့ပြရုံးမှာလည်း အချိန်နှင့်တစ်ပြေးညီ တောင်သူများ မိုးစပါးအောင်မြေ အမြန်ဆုံးပြန်လည်ရရှိပြီး ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ကြိုးစားဆောင်ရွက်ပေးခဲ့သည်ကိုလည်း ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိရပါတယ်။ သို့ပါသော်လည်း ပျက်စီးမှုများ စနစ်တကျပြန်လည်ပြုပြင်တည်ဆောက်ရန် လုပ်ငန်းများစွာကျန် ရှိနေပါသေးတယ်။ သို့ဖြစ်ပါ၍ ယင်းပျက်စီးသွားသော ပင်မရေပေးမြောင်းအား ဒီဇိုင်းပုံစံကျ ကျောက်စီခြင်းနှင့် ကွန်ကရစ်မြောင်းဖုံးများပြုလုပ်ခြင်း၊ လက်တံမြောင်းအမှတ် (၄)အား မြောင်းဘောင်ပုံစံကျ မြေကြီးလုပ်ငန်း

ဆောင်ရွက်ခြင်းနှင့် ကျောက်လိုင်နင်စီခြင်း၊ လက်တံမြောင်းအမှတ်(၁)နှင့် လက်တံမြောင်းခွဲ (၁၊ ၂၊ ၃)တို့အား တူးမြောင်းဒီဇိုင်းပုံစံကျ မြေကြီးလုပ်ငန်း စနစ်တကျ ဆောင်ရွက်ရန် လိုအပ်နေပါတယ်။ ဖွံ့ဖြိုးရေးနောက်ကျပြီး စိုက်ပျိုးရေးလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်းမှုပြုနေရတဲ့ ပြည်သူများ၏ဘဝကိုထောက်ရှု၍ ရှမ်းပြည်နယ်အစိုးရမှ ယင်းလုပ်ငန်းများကို သင့်လျော်သော ရန်ပုံငွေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါ၍ ပြည်သူလူထုများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်နန်းစံဟွမ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နမ္မတူမြို့နယ်၊ မုံးရင်ကျေးရွာရဲ့ အရှေ့တောင်ဘက်(၃)မိုင်ခန့်အကွာမှာရှိတဲ့ မုံးရင်ရေလှောင်တမံဟာ (၈/၂၀၁၈)လအတွင်း (၁.၈.၂၀၁၈ ) ရက်နေ့မှာ မိုးရေချိန် ( ၃.၂၄ ) လက်မဖြင့် ပြင်းထန်စွာရွာသွန်းခဲ့မှုနှင့် ရက်ကြာရှည် မိုးရွာသွန်းခဲ့မှုကြောင့် ပင်မရေပေးတူးမြောင်းမကြီးပေတိုင် (၂+၂၅၀) ပေနှင့် (၃ + ၁၀၀) ပေကြား ( Heavy Cutting )အပိုင်း၌ တောင်စောင်းမြေများ ပြိုကျကာ ရေပေးမြောင်းအဖုံးအပေါ်တွင် မြေသားထု ပျမ်းမျှ(၇)ပေခန့် အထိဖုံးလွှမ်းသွားပြီး မြောင်းဖုံးများ ကျိုးကျခြင်း၊ မြောင်းကျောက်လိုင်နင်နံရံများ ပြိုကျပျက်စီးခြင်းနှင့် ရေပေးမြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ပြီး ဆည်ရေသောက်နယ်တစ်ခုလုံး မိုးစပါးအောင်ရေ ပြည့်ဝစွာရရှိရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါတယ်။

၎င်းအပြင်လက်တံမြောင်းအမှတ်(၄)ပေတိုင် (၁+၅၀၀ )ပေမှ( ၃+ ၅၀၀) ပေထိ( Heavy Cutting )အပိုင်းမှာလည်း ပေ(၂၀၀၀) ခန့် တောင်မြေပြိုကျပြီး မြောင်းဘောင်ပျက်စီးခြင်းနှင့် တူးမြောင်းရေစီးရေလာ ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပါတယ်။ လက်တံမြောင်းအမှတ်(၁)နဲ့ လက်တံ မြောင်းခွဲ (၁၊ ၂၊ ၃) တို့ဟာလည်း ဖို့မြေများအပိုင်းများ၌လည်း မြောင်းဘောင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

မိုးရာသီအတွင်း ထိခိုက်ပျက်စီးခဲ့တဲ့ ပင်မရေပေးတူးမြောင်းမကြီး(Heavy Cutting) အပိုင်းဒီဇိုင်း ပုံစံကျမြေကြီးလုပ်ငန်းနဲ့ ကျောက်စီလုပ်ငန်းနှင့် ကွန်ကရစ်မြောင်းဖုံးများ

ပြုလုပ်ခြင်းလုပ်ငန်း၊ လက်တံမြောင်းအမှတ်(၄) (Heavy Cutting)အပိုင်း တူးမြောင်း ဒီဇိုင်းပုံစံ မြေကြီးလုပ်ငန်းနှင့် ကျောက်လိုင်နင်စီခြင်းလုပ်ငန်း၊ လက်တံမြောင်းအမှတ်(၁)နှင့် လက်တံမြောင်းခွဲများ တူးမြောင်းဒီဇိုင်းပုံစံကျ မြေကြီးလုပ်ငန်းစသည့် လုပ်ငန်းများအား ရေရှည်ခိုင်ခံ့ကောင်းမွန်အောင် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပြီး ၎င်းလုပ်ငန်းများကို သတ်မှတ်တဲ့ ဒီဇိုင်းပုံစံတကျ ပြုပြင်ရန်အတွက် စုစုပေါင်းရန်ပုံငွေ ကျပ်သန်းပေါင်း (၄၇၅.၀၀၀) သန်း လိုအပ်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင်ကျွန်တော်တို့ နမ္မတူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ကလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဒုတိယဝန်ကြီးထံ သွားရောက် တွေ့ဆုံပြီး “မိုးရင်ဆည်ရေပေးမြောင်းမှာ တောင်မြေပြိုကျမှုကြောင့် မြောင်းပိတ်ဆို့မှုအား အမြန်ဆုံးတူးဖော် ဆောင်ရွက်ပေးစေလိုကြောင်း” တင်ပြဆွေးနွေးခဲ့မှုအပေါ် တူးမြောင်းများ အတွင်း သဲ၊ နုန်း ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုအခြေအနေကို အမြန်ဆုံးပြန်လည် တင်ပြရန် ဆည်မြောင်းရုံးချုပ်ကနေပြီးတော့ (၂၈.၉.၂၀၁၈) ရက်စွဲပါစာအမှတ်- ၅၁၄၉ / ၄၉၅ - လင-၂ (ရှမ်း/ မြောက်) ဖြင့် ညွှန်ကြားလာခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဆည်မြောင်းနှင့်ရေအသုံးချ ဦးစီးဌာနအနေနဲ့လည်း ဒေသခံတောင်သူများရဲ့ မိုးစပါးအောင် ရေပေးဝေနေချိန်ဖြစ်ပါ၍ မြောင်းဆုံးမြောင်းဖုံးမှ မြောင်းဖျားရှိ လယ်မြေများအထိ ဆည်ရေရောက်ရှိရေးနှင့် တောင်ပြိုကျမှုကြောင့် ရေပေး မြောင်းများနှင့် လယ်ယာကုန်ထုတ်လမ်းများ ပိုမိုဆိုးရွားစွာ ဆက်လက်ထိခိုက်မှုမဖြစ် စေရေးတို့အတွက်ဆည်ရေသောက်စနစ် တစ်ခုလုံးရဲ့ အဓိကအရေးပါတဲ့တောင်မြေပြိုကျတဲ့ နေရာဖြစ်တဲ့ တူးမြောင်းမကြီး Heavy Cutting အပိုင်းနဲ့ လက်တံမြောင်းအမှတ် ( ၄) Heavy Cutting အပိုင်းတို့မှာ အောက်ခြေအကျယ် (၅)ပေ၊ အနက် (၃.၅)ပေဖြင့် ဆည်ရေ ရောက်ရှိရေး (Open Channel) ဖြစ်အောင် အရေးပေါ် ယာယီပြုပြင်မှုလုပ်ငန်းများအား မဖြစ်မနေ ကနဦးတူးဖော် ဆောင်ရွက်ပေးခဲ့ရပါတယ်။

ဌာနမှ တောင်မြေပြိုကျခဲ့တဲ့ (၉/၂၀၁၈)ရက်အတွင်းမှာဘဲ အချိန်နှင့်တစ်ပြေးညီ (လူအင်အား+ စက်အင်အားဖြင့်) အရေးပေါ်ချက်ချင်း ဆောင်ရွက်ပေးခဲ့သဖြင့် မိုးစပါး စိုက်ခင်းများ ဆည်ရေအခက်အခဲမရှိရယူနိုင်ခဲ့ပြီး ဒီဇိုင်းပုံစံကျ မပြုပြင်မီစပ်ကြား အဆိုပါ မဖြစ်နေ အရေးပေါ်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများဖြစ်သည် ပင်မရေပေးမြောင်းမကြီးနှင့် လက်တံမြောင်း အမှတ်(၄) ပြုပြင်လုပ်ငန်းအတွက် ရန်ပုံငွေကျပ် (၇၃.၈၀၀)သန်းကို မဖြစ်မနေ ဦးစားပေး လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်း (၃) ခုလုံးကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စုစုပေါင်းရန်ပုံငွေကျပ်သန်းပေါင်း ( ၄၇၅.၀၀၀ )သန်း လိုအပ်မှာဖြစ်ပြီး အရေးပေါ်ယာယီပြုပြင်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ဦးစားပေးရန်ပုံငွေလိုအပ်ချက်မှာ( ၇၃.၈၀၀ ) သန်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဇိုင်းပုံစံကျဖြစ်အောင် အပြီးသတ် ပြုပြင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ်(၄၀၁.၂၀၀)သန်း ထပ်မံလိုအပ်မည်ဖြစ်ပြီး ပြည်နယ်အတွင်းမှာရှိတဲ့ လုပ်ငန်းများအတွက် ဦးစားပေးအစီအစဉ်အရ ထည့်သွင်းတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့်ရန်ပုံငွေရရှိမှုပေါ်မှာ မူတည်ပြီး လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှာ ရေးရာကော်မတီ(၁၀)ခုကို ဖွဲ့စည်းခဲ့ရာ အောက်ပါ ရေးရာကော်မတီ(၆)ခု တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၀ အရ ရေးရာကော်မတီဝင်များအဖြစ် နေရာအစားထိုးပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

(၁) **ဥပဒေပြုရေးဆိုင်ရာကော်မတီ**

| | | |
|---|---|---|
| ကြည်း၂၆၁၉၀ | (အစား) | ကြည်း၂၃၈၂၁ |
| ဗိုလ်မှူး အောင်မျိုးကြည် | | ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် |

(၂) **တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ**

| | | |
|---|---|---|
| ကြည်း၂၈၄၇၄ | (အစား) | ကြည်း၄၀၂၄၈ |
| ဗိုလ်မှူး အောင်သူခိုင် | | ဗိုလ်မှူးကျော်ကျော်နိုင် |

(၃) **လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**

ကြည်း၂၃၈၂၁ (အစား) ကြည်း ၅၃၈၈၇

ဒုတိယဗိုလ်မှူးကြီးလှိုင်းထွန်းအောင် ဗိုလ်ကြီးထင်ကျော်

(၄) **တိုင်ကြားစာများစိစစ်ရေးကော်မတီ**

ကြည်း ၃၁၆၅၆ (အစား) ကြည်း ၄၀၀၄၆

ဗိုလ်ကြီးမြင့်ထွန်းနိုင် ဗိုလ်မှူးပြည့်ဖြိုးအောင်

(၅) **တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ**

ကြည်း ၃၃၇၃၁ (အစား) ကြည်း ၅၆၈၅၂

ဗိုလ်ကြီး တေဇာအောင် ဗိုလ်ကြီးပြည့်စုံကိုကို

(၆) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ**

ကြည်း ၃၃၇၉၇ (အစား) ကြည်း ၃၉၃၂၂

ဗိုလ်မှူး ထွန်းထွန်း ဗိုလ်မှူး ခင်လှဝင်း

သို့ဖြစ်ပါ၍ ဖော်ပြပါရေးရာကော်မတီများမှာ ကော်မတီအဖွဲ့ဝင်(၆)ဦးအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၀ အရ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲဖြည့်စွက် တာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်/မြို့နယ်ရုံများ တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၏ ခရိုင်/ မြို့နယ်ရုံးများ တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီး ဌာန၏ ခရိုင်/ မြို့နယ်ရုံးများတိုးချဲ့ဆောက်လုပ် ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ လေ့လာသူ ဧည့်သည်တော်အားလုံးကို မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်း ဆက်သလိုပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ခရိုင်ရုံးများ၊ မြို့နယ်ရုံးများတိုးချဲ့ဆောက်လုပ်ခွင့် ဖွင့်လှစ်ခြင်းကိစ္စကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တစ်ဦးအနေနဲ့ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံဝန်ကြီးအဖြစ် တာဝန်ယူနေတာ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြသည့်နေရာမှာ ခရိုင်ရုံး၊ မြို့နယ်ရုံးများကို အဘယ်ကြောင့် တိုးချဲ့ဖွဲ့စည်းရသည်၊ နောက်ပြီးဆောင်ရွက်သည့်အချိန်မှာ မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သေချာရှင်းပြသွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာဘဲ ပထမဦးဆုံး ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ကျွန်တော်အကျဉ်းချုပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ တင်ပြထားသည့် Slide မှာ ကျွန်တော်တို့ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်း(၇)ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်ချိန်တုန်းက လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဟာ အားလုံး(၁၀)ရပ် ရှိပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်ချထားရေးဦးစီးဌာနမှ အရင်တုန်းက လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် နေရာပြန်လည်ချထားရေးဦးစီးဌာနဘဲ ရှိပါတယ်။ အခုချိန်မှာဆိုရင် လူမှုဝန်ထမ်းဦးစီးဌာန၊ Base စီမံဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနဆိုပြီး ဦးစီးဌာန(၁)ခု တိုးလာတာ ဖြစ်ပါတယ်။ တိုးလာသည့်အခါမှာ ကျွန်တော်တို့ လုပ်ငန်းတွေခွဲဝေမှုရှိပါတယ်။ ပြန်လည်ထူထောင်ရေးဦးစီးဌာနကို လုပ်ငန်းကြီး(၁၀)ရပ်ထဲက မူးယစ်ပြန်ထူလုပ်ငန်း၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့်လုပ်ငန်း၊ လုပ်ငန်းတွေကို ခွဲဝေပေးရတာဖြစ်ပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်တို့က လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းကို ရှေးဦးအရွယ်ကလေး သူငယ်ပြုစု ပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်

ကာကွယ်ရေးမှာ ထည့်သွင်းသွားမှာဖြစ်ပေမဲ့ အခုချိန်မှာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းကို သီးသန့်ခွဲထုတ်ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြလိုတာက ပြန်လည်ထူထောင်ရေးဦးစီးဌာနဟာ ပြည်နယ်မှာသော်လည်းကောင်း၊ ခရိုင်မှာသော်လည်းကောင်း၊ မြို့နယ်မှာသော်လည်းကောင်း ဖွဲ့စည်းထားခြင်း မရှိသေးပါဘူး။ ဗဟိုမှာပဲ ဖွဲ့စည်းထားခြင်း ဖြစ်တဲ့အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းမှန်သမျှဟာ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ပထမဦးဆုံးအနေနဲ့ သုံးမွှာပူးနှင့် သုံးမွှာပူး အထက်ကို ထောက်ပံ့တာ ဖြစ်ပါတယ်။ ဟိုပုံးမြို့မှာ နောက်ဆုံးအနေနဲ့ ထောက်ပံ့တာဖြစ်ပါတယ်။ ၂၀၁၇ခုနှစ်မှာ မိခင်(၅)ဦးကို ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ (၁)ဦးကို ၅၀၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ ၂၀၁၈ခုနှစ်မှာ (၂)ဦး ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ (၁)ဦးကို ၅၀၀၀၀၀/- နှုန်းဖြင့် ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ ရင်ခွင်မဲ့ကလေးများ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းနှင့် ပတ်သက်ပြီး ဗဟိုမှ ရှင်းပြခြင်း၊ ပြည်နယ်နှင့် ပူးပေါင်းဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဖွဲ့စည်းမှု မပြီးသေးပါဘူး။ (၂)ရက်၊ (၃)ရက်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်များကို ဖွဲ့စည်းပြီးဖြစ်မယ်လို့ ယုံကြည်ထားပါတယ်။ ဆက်လက်ပြီး ဗဟိုနှင့်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအောက်မှာ ကွန်ရက်(၂)ခု၊ အသင်း(၃)ခုနှင့် အဖွဲ့(၁)ခု ရှိပါတယ်။ ဒါဟာအရင်က အဖွဲ့ဖြစ်ပါတယ်။ ၎င်းအဖွဲ့ကို ဘယ်သူကကိုင်သလဲဆိုတော့ ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ကိုင်ပါတယ်။ ယခုဆိုရင် (၆)ခု မဟုတ်ဘဲ (၇)ခု ဖြစ်လာပါတယ်။ ရင်ခွင်မဲ့ကလေးများ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေဖြင့် ဥက္ကဋ္ဌကတော့ တာဝန်ခံဖြစ်တဲ့ ကျွန်တော်ကပဲ တာဝန်ယူဆောင်ရွက်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မူလတန်းကြိုကျောင်းများ ဖြစ်ပါတယ်။ ဌာနမူလတန်းကြိုကျောင်း (၁၂)ကျောင်းရှိပြီး အသိအမှတ်ပြု ပုဂ္ဂလိက မူလတန်းကြိုကျောင်း (၅၇)ကျောင်း၊ အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (၁၄၅)ကျောင်း၊ ကလေးပြုစုရေးဌာန (ကျိုင်းတုံ)(၁)ခု ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိအောင် ရှင်းပြချင်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မိခင်ဝိုင်းများအား စောင့်ရှောက်ခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ (၁၅)ဝိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ (၁၄) ဝိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ (၁၇)ဝိုင်းဖြစ်ပါတယ်။ မိခင်ဝိုင်းလုပ်ရသည့် ရည်ရွယ်ချက်မှာ ကျွန်တော်တို့ မိခင်တိုင်းဟာ မူကြိုကျောင်းကို ကလေးတွေကိုပို့ဖို့ အခြေအနေမပေးပါဘူး။ မပေးတဲ့အတွက် ရပ်ရွာအခြေပြု ကျွန်တော်တို့ မိခင်ဝိုင်းတွေ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မိခင်ဝိုင်းဆောင်ရွက်သည့်အခါမှာ ကလေးဦးရေ(၂၀)ဦးကို မိခင်(၁)ဦးက

စောင့်ရှောက်ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့် တခြားမိခင်တွေက ကိုယ့်အလုပ်ကို ကိုယ်လုပ်နိုင်တယ်။ ကလေးများကို စောင့်ရှောက်ပေးထားတာ ဖြစ်ပါတယ်။ ကလေးများကို စောင့်ရှောက်ပေးသည့်အခါမှာ တစ်ရက်ကို ၇၀၀၀ိ/- နှုန်းဖြင့် ထောက်ပံ့ပေးသလို စောင့်ရှောက်ပေးသည့် မိခင်ခေါင်းဆောင်၊ ဝိုင်းခေါင်းဆောင်ကို တစ်လလျှင် ၃၀၀၀၀ိ/- နှုန်းဖြင့် ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ မိခင်ဝိုင်းများကို တကယ်လို့များ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)မှာ မြို့မှာ ဖြစ်စေ၊ ရွာမှာ ဖြစ်စေ ဆောင်ရွက်ချင်တယ်ဆိုလို့ရှိရင် ကျွန်တော်ဆီကို တင်ပြပြီး ကျွန်တော်က ဆက်လက်ဆောင်ရွက်ပြီး ဖွဲ့စည်းပေးသွားမှာ ဖြစ်ပါတယ်။ အချိန်ပိုင်းနှင့် ပြောမည်ဆိုလျှင် ခေါင်းဆောင် မိခင်ရှိနေမယ်၊ ကလေးတွေရှိနေမယ်ဆိုလျှင် နှစ်ရှည်စွာ ထောက်ပံ့ဆောင်ရွက် ပေးသွားမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ကလေးသူငယ်ဥပဒေ မှုခင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ရှမ်း(တောင်)မှာ ဥပဒေငြိစွန်းမှု(၈၉)၊ ဥပဒေမငြိစွန်းသည့်အမှု (၃၀)၊ စုစုပေါင်း(၁၁၉)မှု၊ ရှမ်း(မြောက်)မှာ ဥပဒေငြိစွန်းမှု (၃၃)၊ ဥပဒေမငြိစွန်းသည့်အမှု(၉)မှု၊ အမှုပေါင်း(၄၂)မှု၊ ရှမ်း(ရှေ့)မှာ ဥပဒေငြိစွန်းမှု(၁၈)မှု၊ အမှုစုစုပေါင်း (၁၈)မှု၊ ဤအမှုများသည် ဘာလဲဆိုတော့ ကျွန်တော် ရှင်းပြချင်ပါတယ်။ မူးယစ်ဆေးဝါးမှု ပါပါတယ်။ ရန်ဖြစ်မှုပါပါတယ်။ ခိုးမှုပါပါတယ်။ ဥပဒေမငြိစွန်းမှုဆိုတာ ပြန်ပြီးတရားရင်ဆိုင်ရန်မလိုသည့် ကလေးများကို ဆိုလိုပါတယ်။ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများဆိုတာ ရှမ်း(တောင်)မှာ မန္တလေးလူငယ်သင်တန်းကျောင်းသို့အပ်တာ (၁၂)ဦး၊ မိဘရပ်ထံသို့ ပြန်အပ်/ ငွေဒဏ်ဆောင် (၂၂)ဦးရှိပါတယ်။ အဲဒီကိစ္စမှာ တစ်ခါတစ်လေကျ ကလေးကို ဆုံးမပြုမှု ပြောဆိုပြီးမှ ပြန်အပ်တာရှိသလို၊ တစ်ခါတလေကျ ကလေးက ကျူးလွန်ထားတဲ့အတွက် ငွေကိုလျော်ပြီးမှ ပြန်အပ်တာရှိပါတယ်။ စွဲချက်မတင်မီ လွှတ်လိုက်တာကတော့ တရားစွဲဆိုရန် မသင့်တဲ့ကလေး စွဲချက်မတင်မီ လွှတ်လိုက်တာ ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲက (၆)ခု ဖြစ်ပါတယ်။ ဒီအတိုင်းဘဲ (မြောက်)ပိုင်းအခြေအနေ၊ (ရှေ့)ပိုင်းအခြေအနေကို တင်ပြထားတာ ဖြစ်ပါတယ်။ ဦးရေ(၈၉)ဦး ရှိပါတယ်။ ဒါကို ကျွန်တော် အထူးပြောချင်ပါတယ်။ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများသည် ဘယ်ဘက်ကဓာတ်ပုံသည် ကလေးကို အဖေလုပ်သူက နေ့စဉ် အရက်သောက်ပြီးပြန်လာလျှင် ရိုက်နှက်ထားတာ ဖြစ်ပါတယ်။ ယခုအဲဒီ ကလေးကို ကျိုင်းတုံကလေးပြုစုရေးမှာ စောင့်ရှောက်ထားတာ ဖြစ်ပါတယ်။ ညာဘက်ဓာတ်ပုံသည် ကလေးက (၂)တန်းရောက်နေပါပြီ၊ ဆောင်ရွက်ထားတာရှိပါတယ်။ မီဒီယာ Facebook မှာ ဖော်ပြထားတာကတော့ လူမှုဝန်ထမ်းဦးစီးဌာနက ဘာမှမလုပ်ဘူးဆိုတာကို ဖော်ပြထားတာ ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ အစိုးရအဖွဲ့ဝင်တစ်ဦးအနေနဲ့ ဦးစီးဌာနအနေနဲ့ ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော် ပြောပြခြင်း ဖြစ်ပါတယ်။ အထူး

ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေး မိုးမိတ်ဖြစ်စဉ် ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲပြီးမှ ကလေး(၄)ဦးလုံးကို (၁)သိန်းစီ ရောင်းချလိုက်တာ ဖြစ်ပါတယ်။ အကြီးဆုံး သမီးနှင့် မောင်နှမ (၃)ဦးသည် တောလမ်းမှ ထွက်ပြေးပါတယ်။ လမ်းမှာ (၆)နှစ်အရွယ် ကလေးလေးဆုံးသွားပါတယ်။ (၇)နှစ်ခွဲ အရွယ်ကလေးက မိုးမိတ်ဆေးရုံမှာ ဆုံးသွားပါ တယ်။ ကလေးငယ်လေးသည် မန္တလေးကလေးပြုစုရေးမှာ စောင့်ရှောက်ထားတာ ဖြစ်ပါ တယ်။ (၁)နှစ်ခွဲ ရှိလာပါပြီ။ ဒီသမီးလေးကတော့ အမျိုးသမီးဂေဟာမှာ ထိန်းသိမ်း စောင့်ရှောက်ထားတာ ဖြစ်ပါတယ်။ အဖေနှင့် အမေကို ဆေးဖြတ်ပြီးတော့မှ မန္တလေးပြန်လည် ထူထောင်ရေးစခန်းမှာ အစောင့်အဖြစ် တာဝန်ပေးထားပြီး အမေကိုသမီးနှင့်အတူ ဌာနမှာ ထမင်းချက် တာဝန်ပေးပြီး ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးရတာဖြစ်တဲ့အတွက်ကြောင့် မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသမှာ ထောက်ပံ့ ပေးထားတာ ဖြစ်ပါတယ်။ ထောက်ပံ့ပေးခဲ့ရာမှာ ကလေးသူငယ်များပါသလို မသန်စွမ်းတဲ့ လူလည်းပါတဲ့အတွက် ဗိုးချဲတွေထောက်ပံ့ပေးရတဲ့ အစီအစဉ်တွေရှိပါတယ်။ အမျိုးသမီး စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ မူဆယ်မြို့မှာ (၁)ခု ရှိပါတယ်။ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ရှာင်မြို့မှာ (၁)ခု ရှိပါတယ်။ ကျိုင်းတုံ အမျိုးသမီးအသက်မွေးအတတ်ပညာသင်ကျောင်း ကျိုင်းတုံမှာ (၁)ခု ရှိပါတယ်။ လတ်တလော ဆောင်ရွက်ပြီးစီးမှု တင်ပြချင်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့ကို ရှမ်းပြည်နယ်၊ တောင်ကြီးမှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ရပ်ရွာအခြေပြုအခြေခံ စက်ချုပ်သင်တန်းကို ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့တွင် ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။ လူမှု ဝန်ထမ်းဦးစီးဌာနမှ ကလေးများကို အခမဲ့ဌာနဝန်ထမ်းက (၁)လ သင်ကြားပေးတာ ဖြစ်ပါ တယ်။ (၁)လပြည့်ခဲ့လျှင် သူတို့၏ စားစရိတ်ကို မြို့နယ်အနေနဲ့ ဌာနအနေနဲ့ စီစဉ်တာလည်း ရှိပါတယ်။ ကလေး(၃)ဦးကို စက်တစ်ခုချင်းဆုအနေနဲ့ ချီးမြှင့်ပေးတာ ဖြစ်ပါတယ်။ ရပ်ရွာ အခြေပြုသင်တန်းကို မိုင်းကိုင်မြို့နယ်မှာ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ သက်ကြီး ရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းကို ရှင်းပြလိုပါတယ်။ သက်ကြီး ရွယ်အိုများနေ့မှာ ပြီးခဲ့သည့် (၁-၁၀-၂၀၁၈)ရက်နေ့တွင် မြို့လယ်ဓမ္မာရုံမှာ အဘိုး/ အဘွား (၈၈)ဦးကို (၁)ဦးလျှင် ၂၀၀၀ဝိ/- နှုန်းဖြင့် ထောက်ပံ့ပေးနိုင်တာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် တစ်ပြည်နယ်လုံးမှာ အသက်(၉၀)နှစ်နှင့်(၉၀)နှစ်အထက် အဘိုး/အဘွား အားလုံးစုစုပေါင်း (၁၀၂၃၇)ဦးကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ငွေကတော့ (၃၀၇၁.၁)သိန်း ဖြစ်ပါတယ်။ ယခု ထူးခြားမှုကတော့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အသက်(၈၅)နှစ်နှင့် (၈၅)နှစ်အထက် သက်ကြီး ဘိုးဘွားများကို (၆၈၀၈)ဦးကို လူမှုရေးပင်စင်ပေး မှာဖြစ်ပါတယ်။ (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ)အတွက် (၂၀၄၂.၄)သိန်းကျော် ဖြစ်ပါတယ်။ ထူးခြားမှုမှာ အသက်(၈၅)နှစ်

အထက် အဘိုး/ အဘွားများကို ထောက်ပံ့ပေးသည့်နေရာမှာ ယခင်ကထက် ၃ ဆပိုလာသလို၊ ထောက်ပံ့ပေးသည့် ငွေပမာဏကလည်း ၃ ဆပိုလာမှာ ဖြစ်ပါတယ်။ ခရိုင်ရုံး၊ မြို့နယ်ရုံး များမှာ တိုးချဲ့ဆောင်ရွက်သည့်အချက်လည်း ပါပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ အရေးကြီးတာက အချို့သော အဘိုး/ အဘွားများက အထောက်အထား မခိုင်လုံသည့်အတွက် အသက်ကို သတ်မှတ်လို့ မရတာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ထောက်ပံ့မှုတွေ ဆုံးရှုံးတာ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ကူညီဆောင်ရွက်ရမည့် အပိုင်းထဲမှာလည်း ပါပါတယ်။ ဒါကတော့ ပြီးခဲ့သည့် လပိုင်းလောက်က ဒီနှစ်မှာရှမ်းပြည်နယ်က အသက်အကြီးဆုံးအဘိုး ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ရှမ်းပြည်နယ်ကဖြစ်ပါတယ်။ အသက်(၁၂၅)နှစ်ရှိတဲ့ အဘိုးကို ထောက်ပံ့မှုတွေ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ လုပ်ငန်းပိုင်းမှာ အရင်က သာမန်ဖြစ်ပြီး ယခုတော့ တော်တော်ကို အားထည့်လုပ်ရသည့် လုပ်ငန်းတစ်ခုကတော့ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့မှာ စာရင်းအနေနဲ့ ရှိနေတာက သူငယ်တော်ယေဇူးမသန်စွမ်းနှင့် ပရဟိတဂေဟာ (တောင်ကြီးမြို့)၊ စိန်မေရီမသန်စွမ်းဂေဟာ ပထမအဆင့်(ကျိုင်းတုံမြို့)၊ စိန့်အလွိုက်(စ်) ပထမအဆင့် လားရှိုးမြို့ ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများ အခမ်းအနားကို သူငယ်တော်ယေဇူးမသန်စွမ်းနှင့် မိဘမဲ့ပရဟိတဂေဟာ၌ ကျင်းပနိုင်ခဲ့ပါတယ်။ ဝိုးချဲတွေ ထောက်ပံ့ပေးတာရှိတယ်။ ငွေထောက်ပံ့မှုများလည်း ရှိပါတယ်။ ၂၀၁၇-၂၀၁၈ခုနှစ်မှာ ထောက်ပံ့ပေးခဲ့သည်မှာ ကျပ် ၁၇၈၅၆၀၀၀/- ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးမှာ ဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မသန်စွမ်းသူ (၂.၃)သန်းရှိရာ နိုင်ငံလူဦးရေ၏ (၄.၆)ရာခိုင်နှုန်း တို့သည် မျှော်လင့်ချက်တစ်ခုအနေနဲ့ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှာပါဝင်ဖို့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၁၄)ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ်(၇၀)ဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ကျွန်တော်က ဥက္ကဋ္ဌဖြစ်သလို၊ ဗဟိုအမျိုးသားကော်မတီမှာ အဖွဲ့ဝင်ဖြစ်ပါတယ်။ ဗဟိုမှာ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တာဝန်ယူဆောင်ရွက်ပြီး၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မတီများတွင် ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် လူမှု/ ကယ်ဆယ် တာဝန်ခံဝန်ကြီးများမှ တာဝန်ယူဆောင်ရွက်တာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လာစဉ်က သူငယ်တော်ယေဇူး မသန်စွမ်းနှင့် မိဘမဲ့ပရဟိတဂေဟာသို့ အလှူငွေများ ကိုယ်တိုင်ထောက်ပံ့ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ

ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ထိခိုက်လွယ် အုပ်စုမှ မသန်စွမ်းသူများ (၄၃၈)ဦးအား ကျပ် (၁၃၁.၄)သိန်းကျော် ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ မကြာသေးခင်က ဝန်ကြီးချုပ် ခရီးစဉ်မှာ ဝန်ကြီးချုပ်ကိုယ်တိုင် မသန်စွမ်းသူ(၁၄၈၄)ဦးအား ကျပ်(၄၄၅.၂) သိန်း ထောက်ပံ့မှု ပြုခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်မှာ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)အတွက် မသန်စွမ်းသူ(၃၈၈၇)ဦးအတွက် (၁၁၆၆.၁)သိန်းကျော် ပေးအပ်ထားတာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဖြတ်ပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဖြတ်ပြီး ပြန်လည်ထူထောင်သည့် နေရာမှာ ဒေသဆိုင်ရာမိတ်ဆွေများ၊ ကျန်းမာရေးနှင့် ပတ်သက်သည့်ပုဂ္ဂိုလ်များမှ ကူညီခဲ့ပြီး ပြန်လည်ထူထောင် ရေးလုပ်ငန်းက လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်ထူလုပ်ငန်းများ၊ ဆက်စပ် နေတဲ့ ဌာနများ ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးတာ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် ရှင်းပြချင်တာက လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ် များမှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ Community Base အဲဒါ ရပ်ရွာအခြေပြု ဖြစ်ပါတယ်။ ကျွန်တော်တို့ကို လားဟူ တိုင်းရင်းသားရေးရာဝန်ကြီးတို့က အထူးကူညီခဲ့တာ ဖြစ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ နောက်တစ်ခုက ဟိုပုံးမြို့မှာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ရပ်ရွာလူထုများ၊ ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့အစည်း များကလည်း ကူညီပေးခဲ့ပါတယ်။ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ အထူးတင်ပြလိုတာက ရန်လုံကျိုင်းစခန်းဟာ လောက်ကိုင်မှာ ရှိပါတယ်။ လောက်ကိုင်မှာ ဖြစ်စဉ်လေးတစ်ခု ရှိပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပြီးမှ တံခါးတွေခေါက်ပြီး ဓားများနှင့် လိုက်လံခုတ်တာ (၆)ယောက်သေပါတယ်။ (၁၀)ယောက်ကျော်ကျော် ဒဏ်ရာရခဲ့ပါတယ်။ အဲဒီဖြစ်စဉ်ပြီးတော့ ဒါထက်ဆိုးတဲ့ဖြစ်စဉ်လည်း ရှိပါတယ်။ ဖြစ်စဉ်တွေအများကြီး ရှိပါ တယ်။ သို့သော်လည်း အဲဒီအချိန်က အာရုံစိုက်ပြီး ကျွန်တော်နှင့် လောက်ကိုင်ဒေသဦးစီး ကော်မတီတို့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြီးဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ လောက်ကိုင်၊ ရန်လုံကျိုင်းသည် စခန်းတစ်ခုရှိပါတယ်။ ၎င်းစခန်းသည် အဆောက်အဦတွေ ပြည့်စုံ၊ ရေမီးအပြည့်အစုံ၊ ဟင်းချက်သည့်နေရာအပြည့်အစုံ ရှိပါတယ်။ တစ်ချိန်ကျ ကျွန်တော် မျှော်လင့်မိပါတယ်။ ၎င်းစခန်းကြီးသည် ပြန်ထူစခန်းကြီး ဖြစ်လာမယ်လို့ မျှော်လင့်မိပါတယ်။ နောက်တစ်ခုက အယောက်(၃၀)ကို ဆေးဖြတ်ပြီးမှ ပြန်ထူပေးသည့် နေရာမှာ အခုအချိန်ထိ (၂၈)ယောက်မှာ လုံးဝဆေးမသုံးတော့ဘဲ (၂)ယောက်ပဲ ပြန်သုံး ပါတယ်။ ဒါကိုလည်း Result အနေနဲ့ ကျွန်တော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရန်လုံကျိုင်းစခန်းကို အာရုံပြုထားတာ ဘယ်လောက်ပြုထားလည်းဆို ဆေးဖြတ်တဲ့

သင်တန်းသားများကို ကျွန်တော်တို့အနေနဲ့ အယောက်(၃၀)လောက် သင်တန်းပေးထားတာ ဖြစ်ပါတယ်။ သင်တန်းပေးပြီး ဒီကလေးများသည် (၂)နှစ်တိတိ ဆက်တိုက် Flow Up ပေးနေတာ ဖြစ်ပါတယ်။ နောက်လည်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တာချီလိတ်မှာ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကျွန်တော်အခု ပြောနေတာ ရပ်ရွာအခြေပြုတွေ ဖြစ်ပါတယ်။ ရပ်ရွာအခြေပြုဆိုသည့်နေရာမှာ ကော်မတီမှ ဦးဆောင်သူများ ဖြစ်ပါတယ်။ ဒါလေးလည်း ကျွန်တော်နားလည်စေချင်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနတွင် ရပ်ရွာအခြေပြုမှာ ဘာလုပ်ပေးရလဲဆိုတော့ ပံ့ပိုးပစ္စည်းတွေ ပေးရပါတယ်။ သင်တန်းတွေမှာ ပို့ချပေးရတာများလည်း ရှိပါတယ်။ ပြန်ထူလုပ်ငန်းများကို ဆောင်ရွက်ပေးရတာ ရှိပါတယ်။ စားသောက်မှုကို (၁)နေ့ ကျပ် ၁၀၀၀ဝ/- နှုန်းဖြင့် သင်တန်းသားများကို ကျွေးမွေးရပါတယ်။ ရန်လုံကျိုင်းစခန်း၊ ဒေသဦးစီးမှ ထောက်ပံ့ပေးထားတာ တော်တော်ကို ကောင်းပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ ယခုအချိန်မှာ ရန်လုံကျိုင်းစခန်း၊ စခန်းအခြေပြုသည် ကျိုင်းတုံမှာ (၁)ခု ရှိပါတယ်။ ကျိုင်းတုံမှာ အကြိမ်(၄၀) ကျော် ဆောင်ရွက်ခဲ့ပါတယ်။ နောက်ဆုံးတစ်ခု တင်ပြခြင်းဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းက ကျွန်တော်တို့ လုပ်ငန်းထဲမှာ ပါပါတယ်။ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ (၃၅)ခု ၊ အသိအမှတ်ပြုကိုယ့်အားကိုယ်ကိုးမူလတန်းကြို ကျောင်း (၁၃၁)ခု၊ လူငယ်ရိပ်သာ လုပ်ငန်း(၃)ခု ထောက်ပံ့ပေးရတာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ဒီအဖွဲ့တွေကို ကျပ်သိန်းပေါင်း(၃၂၄၁.၇၂)ထောက်ပံ့ပေးမှု ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြန်ထူစခန်းကို လွှဲရတာဖြစ်ပေမဲ့ လူမှုဝန်ထမ်းဦးစီးအနေနဲ့ ဆောင်ရွက်နေရသည့် လူကုန်ကူးမှုခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဆက်ဆံရေး၊ ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပုံပြပါအတိုင်း ဆိုရင် ရှမ်း(တောင်)မှာ အားလုံး(၁၂)ဦး ဖြစ်ပါတယ်။ ရှမ်း(ရှေ့)မှာ (၁၈)ဦး ဖြစ်ပါတယ်။ ရှမ်း(မြောက်)မှာ (၁၁)ဦးဖြစ်ပါတယ်။ အများဆုံး ပြောရမည်ဆိုရင် ရှမ်း(ရှေ့)မှာ ဖြစ်ပါတယ်။ ပြန်လည်ပေါင်းစပ်သည့်လုပ်ငန်းသည် ကလေးများကို ဘာလုပ်ချင်သလဲမေးရပါတယ်။ လုပ်ချင်သည့်ကိစ္စကို လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးရတာ ဖြစ်ပါတယ်။ ဥပမာ အနေနဲ့ ယိုးဒယားနိုင်ငံကို အမေ၊ အမ၊ ကလေးသွားသည့်အချိန်မှာ အထောက်အထားမခိုင်လုံသည့်အတွက် (၁)လအတွင်းမှာ အဖမ်းခံရပြီး (၁)နှစ်ကြာမှ လူမှုဝန်ထမ်းဦးစီးဌာနသို့ ရောက်လာတာဖြစ်ပါတယ်။ ကလေးက ဝက်မွေးချင်လို့ဆိုပြီး မွေးတယ်၊ ဥပမာအနေနဲ့ ပြထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက အဓိကနေရာရောက်ပါပြီ။ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးအနေနဲ့ ၂၀၁၉ခုနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းသစ်များ ဖြစ်ပါတယ်။ ဘာလုပ်နေလဲဆိုတော့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ Life Cycle Approach

အဖွဲ့နှင့် သွားတာပါ။ သန္ဓေသားမွေးစမှစ၍ သက်ကြီးရွယ်အိုအထိဆောင်ရွက်နေ တာဖြစ်ပါတယ်။ လတ်တလော ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အားလုံး၏ တိုင်ပင်မှုနှင့်ရှမ်းပြည်တစ်ပြည်လုံးတွင် (MCCT) ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် မွေးဖွားလာသည့် ကလေးများကို အသက်(၂)နှစ်အထိ ထောက်ပံ့ပေးသွားမည်ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ရက်ပေါင်း (၁၀၀၀)ရှိပါတယ်။ ရက်ပေါင်း (၁၀၀၀) ဆိုသည်မှာ ဦးနှောက်ဖွံ့ဖြိုးမှုကို ဆိုလိုပါတယ်။ လူမှုဝန်ထမ်းမှလည်း ဆောင်ရွက်သလို အုပ်ချုပ်ရေး၊ ကျန်းမာရေးများကိုလည်း အခြားအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အောက်တိုဘာလ(၁)ရက်နေ့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်မှုကို ကျန်းမာရေးမှ ဆောင်ရွက်နိုင်သော်လည်း အမှန်တကယ် ကိုယ်ဝန်ဆောင်ခြင်း ရှိ/ မရှိကို လွှတ်တော်ကိုယ်စားလှယ်များမှလည်း ကူညီဆောင်ရွက်စေလိုပါတယ်။ စာရင်းမှားယွင်းမှု ဖြစ်နိုင်ချေရှိပါတယ်။ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်ဒုသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌ ၊ လူမှုကာကွယ်ရေးဝန်ကြီးက ဒုတိယဥက္ကဋ္ဌဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်(၁၇) ဦးရှိပါကြောင်း၊ (MCCT)နှင့် ပတ်သက်ပြီး လုပ်ငန်းများမှာ အဆောက်အဦဆောက်လုပ်ခြင်း၊ မော်တော်ဆိုင်ကယ်များဝယ်ယူရန် ဧရာဝတီနှင့် ရှမ်းပြည်နယ် ပူးပေါင်း၍ ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း(၂၀) မြန်မာကျပ်ငွေ သန်းပေါင်း (၃၀၀၀၀) ထောက်ပံ့ထားပါတယ်။ MCCT လုပ်ငန်းတစ်ခုတည်းအတွက် အမေရိကန်ဒေါ်လာ(၁၀)သန်း၊ မြန်မာကျပ်ငွေသန်းပေါင်း (၁၅၀၀၀၀)ကို ထောက်ပံ့ပေးခဲ့ပါတယ်။ ဘဏ္ဍာရေးခွင့်ပြုချက် စတင်အသုံးပြုရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ခွင့်ပြုမိန့်ရရှိထားပြီး ငွေကြေးထောက်ပံ့မှုကို စတင်ဆောင်ရွက်မည့်ကာလမှာ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ World Bank သဘောထားအနေဖြင့် ပြုလုပ်ရမည့် ခရိုင်နှင့် မြို့နယ်များမှာ အဆောက်အဦဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်စေ ကော်မတီတွေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သည့် ကော်မတီဖြစ်ရမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်းမှလည်းပါဝင်မည်ဖြစ်ပါတယ်။ အဆောက်အဦဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်စေ ပြုလုပ်ရာတွင် လွှတ်တော်ဥက္ကဋ္ဌ၏ ထောက်ခံချက် လိုအပ်ပါတယ်။

အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးများအား Social Pension ကို လူမှန်၊ငွေမှန်၊ အချိန်မှန်ဖြစ်စေရန် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သည့်အဖွဲ့မှ ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ခုနှစ် ပထမအကြိမ်တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသမှ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ခုနှစ်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ၂၀၁၈-၂၀၁၉ခုနှစ်တွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း

ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ပါဝင်စေရန် တောင်းဆိုမှု တော်တော်များများတောင်းဆိုရပါတယ်။ ဆောင်ရွက်ပြီးသည့် ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးအဖွဲ့ များကို ဗီလစ်ပိုင်နိုင်ငံတွင် သွားရောက်လေ့လာရန် ဆောင်ရွက်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးအနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါတယ်။ မြေပိုင်ဆိုင်မှု ပုံစံ အထောက်အထားများရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များကော်မတီမှ ဆောင်ရွက်ပေးရ မည်ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းများကို ဌာနပိုင်ဖြစ်စေရန် အပ်ရမည် ဖြစ်ပြီး လိုအပ်သည့်ရုံး၊ မူကြိုကျောင်းများကို အသစ်ပြန်လည်ဆောက်လုပ်ပေးမည်ဖြစ်ပါ တယ်။ ဆိုလိုသည်မှာ ကိုယ်ထူကိုယ်ထ မူကြိုကျောင်းများ ပျောက်သွား၍မရနိုင်ပါကြောင်း၊ ယနေ့မှာပင် မိုးမိတ်မှ လာအပ်ပြီးဖြစ်ကြောင်း၊ ကိုယ်ထူကိုယ်ထမူကြိုကျောင်းလည်းမရှိ၊ မြေပိုင်ဆိုင်မှုကိုလည်း ကူညီပေးခြင်းမရှိပါက ၁၀၀ ပေ ပတ်လည်ကို ကမ္ဘာ့ဘဏ်ငွေကြေး ထောက်ပံ့မှုအကူအညီဖြင့် ဝယ်ယူရမည်ဖြစ်ပါတယ်။ ဝယ်ယူခြင်းဖြစ်စေ၊ ဆောင်ရွက်ခြင်း ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ထွေအုပ်ဦးစီးဌာန၏ထောက်ခံချက် လိုအပ်မည်ဖြစ်ပါတယ်။ World Bank နှင့် သွားရသည့်အတွက် ထောက်ခံချက်ပြုလုပ်သွား ရမှာ ဖြစ်ပါတယ်။ ဒေသပေါက်ဈေးနှုန်းကို ကိုယ်စားလှယ်များက သတ်မှတ်ပေးပြီး ကျွန်တော်တို့ကဝယ်ရမှာဖြစ်ပါတယ်။ ငှားရမ်းခြင်းဆိုသည်မှာ မြေမရှိခြင်း၊ ကိုယ်ထူကိုယ်ထ ကျောင်းများ မရှိခြင်း၊ မူကြိုများမရှိခြင်းအတွက် မြို့နယ်အဆောက်အဦ ငှားရမ်းရပြီး World Bank မှ (၂)နှစ် သက်တမ်းသာ ငှားရမ်းခွင့်ပြုပါတယ်။ ခရိုင်ဖွဲ့စည်းပြီးပါက ဝန်ထမ်း အင်အား (၁၇)ဦး လျာထားပြီး ခန့်အပ်ပေးရပါမည်။ မြို့နယ်တွင်(၇)ဦးဖြစ်ပြီး မြို့နယ်တိုင်း တွင် ဖွဲ့စည်းပေးရပါမည်။ ကိုယ်ထူကိုယ်ထမူကြိုကျောင်းတွင် အပ်နှံမည်ဆိုလျှင် ဌာနပိုင်ရ ပါ က မူကြိုကျောင်းကို အသစ်ပြန်လည် တည်ဆောက်ပြီးပါက အပေါ်ထပ်ကို မြို့နယ်ရုံး (သို့မဟုတ်) ခရိုင်ရုံးထားမည် ဖြစ်ပါတယ်။ အစိုးရပိုင်ကျောင်းဖြစ်သွားပါက ဆရာ/ ဆရာမ (၉)ဦးခန့်အပ်မည် ဖြစ်ပါတယ်။ ခရိုင်လူမှုဝန်ထမ်းရုံး ဆောက်လုပ်ရန်မြေနေရာရရှိမှု ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်ရုံးဆောက်လုပ်ရန် လျှပ်စစ်ရုံးဘေးတွင် မြေနေရာ ရရှိပြီး ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်ရုံး မဟာဗျူဟာလမ်းမကြီးဘေးတွင် မူကြိုကျောင်း ဆောက်လုပ်နေပြီး ရှေ့မျက်နှာစာတွင် မြေကွက်လပ်ကြီးရှိပါတယ်။ ၎င်းမြေကွက်လပ်တွင် လွိုင်လင်ခရိုင်ရုံး ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ လွိုင်လင်မူကြိုကျောင်းသည် ရှိနေတာ ကြာပြီဖြစ်ပြီး ဌာနပိုင်အပ်ရန် စောင့်ရသည်မှာ (၁)နှစ်တာ ကြာပါတယ်။ ဌာနပိုင်အပ်လိုက် သည့်အတွက် အကျိုးများစွာ ရှိပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှေဥမင်ဘုရားလမ်း တွင် ခရိုင်ရုံးဆောက်လုပ်ရန် မြေနေရာပေးပြီး ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် ဒေသရုံးဆောက်လုပ်ခွင့်ရရန် ညှိနှိုင်းနေပါတယ်။ ဆောက်လုပ်ခွင့်ရရှိမည်ဆိုပါက

ဦးစီးဝန်းအတွင်း ခရိုင်ရုံးဆောက်လုပ်သွားမည် ဖြစ်ပါတယ်။ လင်းခေးခရိုင်တွင် မြေနေရာ သတ်မှတ်ထားခြင်း မရှိပါ။ မရှိသည့်အတွက် မြေဝယ်ပေးရမည်ဖြစ်ပါတယ်။ လားရှိုးခရိုင်၊ လားရှိုးလူမှုရေးရုံးတွင် ခရိုင်ရုံးဆောက်လုပ်သွားမည် ဖြစ်ပါတယ်။ ဟိုပန်ခရိုင်ကတော့ ဘတ်ဂျက်ကျပြီး ဆောက်လုပ်တော့မည် ဖြစ်ပါတယ်။ နောက်ပိုင်းတွင် လွိုင်လင်ခရိုင်၊ မက်မန်းခရိုင်များတွင် ဆောက်လုပ်ရန် မြေနေရာရှိထားပြီး ဖြစ်ပါတယ်။ ကျောက်မဲခရိုင်တွင် မူကြိုကျောင်းဖွင့်လှစ်ထားသည်မှာ နှစ်(၄၀)ကျော်ရှိပြီး တပ်ပိုင်မြေ ဖြစ်နေပါတယ်။ တပ်ပိုင်မြေတွင် ဖွင့်လှစ်ခွင့်ရထားသည်ကို ကျေးဇူးတင်ပါတယ်။ မြေကွက်လပ်များရှိပြီး ဆောက်လုပ်ခွင့်ရလျှင် ဆောက်နိုင်ပါတယ်။ ကျောက်မဲသုသာန်နေရာဟောင်း မြေနေရာပေးမည်ဟု ပြောထားပါတယ်။ ရှမ်း(မြောက်)တွင် မိုးမိတ်ခရိုင်ရုံး၊ မက်မန်းခရိုင်ရုံး ဆောက်လုပ်ရန် မြေနေရာရှိထားပြီးဖြစ်ပါတယ်။ ရှမ်း(ရှေ့) ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်၊ တာချီလိတ် ခရိုင်ရုံးများကို ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မြို့နယ်ရုံးများ ဆောက်လုပ်ရန် မြေနေရာရပြီးသည့်နေရာများလည်းရှိသလို၊ မရသေးသည့် နေရာများလည်း ရှိပါတယ်။ တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ ဟိုပုံးမြို့၊ ပင်းတယမြို့၊ ကလောမြို့၊ ရွာငံမြို့၊ ရပ်စောက်မြို့၊ ဖယ်ခုံမြို့များတွင် ရရှိပြီးဖြစ်ပါတယ်။ ဆီဆိုင်ကတော့ မြေနေရာဝယ်ယူရမည် ဖြစ်ပါတယ်။ ပင်လောင်းကတော့ ဆိုင်ကလုံးစင်တာအနီး မြေနေရာ ပေးပါက မြို့နယ်ရုံးဆောက်လုပ် ချင်ပါတယ်။ ဖယ်ခုံရုံးကတော့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ ကူညီပေးထားတဲ့ မြေနေရာရှိပါတယ်။ လွိုင်လင်ခရိုင်တွင် ကွန်ဟိန်းမြို့၊ နမ့်စန်မြို့၊ လဲချားမြို့၊ ကျေးသီးမြို့၊ မိုင်းကိုင်မြို့၊ မိုင်းရှူးမြို့တို့တွင် ဖော်ပြပါအတိုင်း ဖြစ်ပါတယ်။ လဲချားမြို့နှင့် နမ့်စန်မြို့များတွင် မြေနေရာသတ်မှတ်ထားခြင်း မရှိသေးပါ။ လင်းခေးခရိုင်တွင် မိုးနဲမြို့၊ မောက်မယ်မြို့၊ မိုင်းပန်မြို့တို့တွင် ရှိပါတယ်။ မူကြိုကျောင်းများမှ တစ်ဆင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာလည်း ဖော်ပြပါ အတိုင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြေနေရာရသည့် နေရာလည်းရှိသလို မရသည့်နေရာလည်း ရှိပါတယ်။ သိန္နီမြို့သည် မြေပေးမည် လျော်ကြေးပြန်ပေးရမည်၊ မြေဝယ်သည့် သဘောအတိုင်းသာဖြစ်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မူဆယ်ရုံး၊ ကွတ်ခိုင်ရုံး၊ နမ့်ခမ်းရုံးများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်သလို ကျောက်မဲ ခရိုင်အတွင်းရှိ မြို့နယ်ရုံးအားလုံးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နမ္မတူမြို့နှင့် နမ့်ဆန်မြို့များတွင်လည်း မြေနေရာမရှိပါက ဝယ်ယူဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့ကို မြေနေရာဝယ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုင်းလားမြို့၊ ကျိုင်းတုံခရိုင်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မိုင်းမောမြို့၊ ပန်ဝိုင်မြို့၊ ပန်ဆန်းမြို့၊ နားဖန်းမြို့တို့သည် မဝင်ရသည့် (၅)မြို့နယ် ဖြစ်ပါတယ်။ မိမိတို့အနေဖြင့်

မြို့နယ်အားလုံးကို Cover ဖြစ်အောင် ဆောင်ရွက်ရသောကြောင့် အတတ်နိုင်ဆုံး ညှိနှိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လုပ်ငန်းများသည် တင်ပြထားသည့်အတိုင်း လျော့သွားတာ ရှိပေမဲ့ မလျော့ခဲ့ပါဘူး။ ပိုလာတဲ့လုပ်ငန်းများသာ ရှိပါတယ်။ ပိုလာသည့် လုပ်ငန်းများမှာ ရင်ခွင်မဲ့ (၈၅)နှစ်နှင့်အထက် မသန်စွမ်း Data များ ကျန်ရှိပါတယ်။ Data လိုအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များကို အားကိုးပါတယ်။ MCCT လုပ်ငန်းများကို မြို့နယ်လွှမ်းခြုံ မှုရရှိအောင် ကူညီ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါတယ်။ ထိလွယ်၊ ရှလွယ် HIV,AIDS ခံစားနေရသူများကို မိမိတို့ဌာနမှ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ အိမ်တွင်းအကြမ်းဖက်မှု များကိုလည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ လူငယ်ပိုင်းနှင့်ပတ်သက်ပြီး မိမိကိုယ်တိုင် လူငယ်မူဝါဒကော်မတီဥက္ကဋ္ဌဖြစ်ပါတယ်။ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ပြောရမည်ဆိုပါက ရှင်းလင်းတင်ပြရခြင်းကို ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဒီဇင်ဘာလ (၁၂)ရက်နေ့မှ ဒီဇင်ဘာလ (၁၈)ရက်နေ့အထိ အစည်းအဝေး(၅)ရက်ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ်သက်တမ်းဟာ တစ်ဝက်ကျော်လာတာနဲ့အမျှ ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်ပြင်ပ တာဝန်နဲ့ လွှတ်တော် အစည်းအဝေးလုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက် နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ အစည်းအဝေးတစ်ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ် များရဲ့ အများပြည်သူအကျိုးငှာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းကဏ္ဍမှာ အရေ အတွက်အားဖြင့် ပိုမိုများပြားလာတာကို တွေ့ရှိရသလို၊ မေးမြန်းတဲ့မေးခွန်းတွေဟာ ဝေဝေ ဆာဆာ စုံစုံလင်လင်ရှိလာပါတယ်။ သို့သော် အချို့မေးခွန်းများမှာ နည်းဥပဒေမှာပါရှိတဲ့ စည်းကမ်းချက်၊ ကန့်သတ်ချက်များနဲ့ ညီညွတ်ရန် လိုအပ်နေသေးတာကိုလည်း တွေ့ရှိရပါ တယ်။

(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာ အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနတို့အားပေါင်းစပ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ်ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်ရဲ့သဘောတူညီ ချက်ရယူနိုင်ခဲ့ပါတယ်။

ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၀)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၇၅)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ ဝမ်းနည်းကြောင်းအဆို(၁)ခုအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)ကို တင်သွင်းနိုင်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြံပြုလိုသည့်အချက်များကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်နေ့ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ကြဖို့ထပ်မံပြောကြားလိုပါတယ်။ ကိုယ်စားလှယ်များထံမှ အကြံပြုချက်များရရှိပြီးပါက ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီး၏ အစီအမံဖြင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်တဲ့ အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး ယင်းဥပဒေကြမ်းကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းပါ ပြင်ဆင်ချက်ကိုယခုကျင်းပတဲ့ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူနိုင်ခဲ့ပြီး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီက လွှတ်တော်သို့အစီရင်ခံစာကိုဖတ်ကြား တင်ပြနိုင်ခဲ့ပါတယ်။ ပြောင်းရွှေ့သွားသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် အစားထိုးခန့်အပ်သော ကိုယ်စားလှယ်များအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၀ အရ ရေးရာကော်မတီဝင်များအဖြစ် အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူတို့၏ တင်ပြစာနှင့်တိုင်ကြားစာများအရ ရေးရာကော်မတီများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မှတ်တမ်းများနှင့် အစီရင်ခံစာများအရ (၁၇- ၉- ၂၀၁၈) ရက်နေ့မှ (၁၂-၁၂-၂၀၁၈)ရက်နေ့အထိ ရေးရာကော်မတီ(၅)ခု မှ (၇)ကြိမ် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး၊ ရေးရာကော်မတီ(၄)ခုမှ ကော်မတီဝင်များစုပေါင်း၍ (၁)ကြိမ်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ လွှတ်တော်သို့ တိုင်ကြားစာများ ပေးပို့လာတဲ့အခါ သက်ဆိုင်ရာဒေသရှိ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ရှေးဦးအသိပေးစုံစမ်း မေးမြန်းဆောင်ရွက်စေပြီး၊ ဖြစ်စဉ်ပေါ်မူတည်၍ သက်ဆိုင်ရာကော်မတီက ကွင်းဆင်းဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်မှာဖြစ်ကြောင်း အတွေ့အကြုံအရတွေ့ရှိရတာကို ကော်မတီများအား အသိပေးပြောကြားလိုပါတယ်။

ဒီပုံမှန်အစည်းအဝေးရဲ့ (ပဥ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပူးပေါင်းပါဝင်မှုကို ရယူပြီး လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ဆောင်ရွက်မည့်အစီအစဉ်ကို ရှမ်းပြည်နယ်

အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက လွှတ်တော်ကိုယ်စားလှယ်များ အား ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီကိစ္စဟာ မိမိဒေသအတွက် များစွာအထောက်အကူ ပြုစေမှာဖြစ်တဲ့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ ရုံးဝန်ထမ်း များအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆွေးနွေးခြင်း၊ ရလဒ်ကောင်းများ ဖော်ထုတ်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့ (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး ကြားကာလမှာ အလုပ်ရုံဆွေးနွေးပွဲများကို ဖော်ပြပါ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်- ကျွန်းတစ်ထောင်မြေဖောင်ဒေးရှင်း၊ စီဒေါမဟာမိတ်အဖွဲ့၊ UNDP □ NDI□ EMReF □ WCDI □ MEITI □ Pen Myanmar Human Right Documentation□ National Institue for Multiparty Democracy□ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ နှင့် မြန်မာပြည်ပြန်ပြည့်မြဲ စွမ်းအင်အသင်းတို့ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ အစည်းအဝေးကာလာမှာပင်မေတ္တာဖောင်ဒေးရှင်း၊ Pen Myanmar၊ Save the Children နှင့် WFD တို့က အလုပ်ရုံဆွေးနွေးပွဲ(၄)ခုအတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းပြောကြားလိုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌရဲ့အစီအမံဖြင့် ဥပဒေပြုရေး ဆိုင်ရာကော်မတီဟာ NDI ရဲ့ကူညီပံ့ပိုးမှုနဲ့ ကော်မတီကြားနာပွဲကို နိုဝင်ဘာလ (၁)ရက်နေ့မှာ ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်နိုင်ခဲ့ပြီး ကြားနာပွဲမှ တွေ့ရှိချက်များကို လိုအပ်သလို ကူညီဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရအဖွဲ့သို့ အသိပေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါ တယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်ရုံဆွေးနွေးပွဲများမှ ရသော ရလဒ်များကို ကျွန်တော်တို့ ကိုယ်စားလှယ်များက သင့်တော်သလို အသုံးပြုရန်ဖြစ်ပါ တယ်။ရလာဒ်များကို တည်ဆဲဥပဒေများ၊ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ အထူးသဖြင့် ကျွန်တော်တို့ အနီးကပ်ဆုံးလမ်းညွှန်ဖြစ်တဲ့ ရှမ်း ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများတို့နှင့် ရောထွေးလွှမ်းမိုးမှုမရှိစေဘဲ အသုံးချ တတ်ဖို့ လိုအပ်ကြောင်း သတိပြုစေလိုပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ အောက်ဖော်ပြပါအဖွဲ့အစည်း(၈)ခုမှ ကိုယ်စားလှယ် စုစုပေါင်း(၁၃၅)ဦး တက်ရောက်လေ့လာခဲ့ပါကြောင်း မှတ်တမ်းတင်ပြောကြား လိုပါတယ်-

(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁)ဦး

(၂) Rule of Law (၉) ဦး

(၃) ပအိုဝ်းတက္ကသိုလ်ကျောင်းသူ/ကျောင်းသားများ (၁၈)ဦး

(၄) ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီဝင် (၄၁)ဦး

(၅) တောင်ကြီးတက္ကသိုလ် ကျောင်းသူ/ကျောင်းသားများ (၃၈)ဦး

(၆) ပြည်နယ်စီမံကိန်းရုံးဝန်ထမ်းများ (၂၁)ဦး

(၇) ကလောမြို့နယ်စီမံကိန်းရုံးဝန်ထမ်းများ (၄) ဦး

(၈) အင်းသားတိုင်းရင်းသားလူငယ်ကွန်ရက် (၅) ဦး

တို့ဖြစ်ကြပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်တစ်ရပ်ဖြစ်သော (Checked & Balance)ဆိုတဲ့ထိန်းညှိခြင်းကိုဆောင်ရွက်တဲ့အခါ မိမိတို့ဥပဒေပြုရေးကဏ္ဍမှာ ဥပဒေရဲ့ ကျိုးကြောင်းခိုင်မာမှုအတွက် ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းတို့ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍမှာ စီမံခန့်ခွဲမှုအားကောင်းခြင်း၊ ပြည်သူတို့၏ လိုအင်များကို ဖြည့်ဆည်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ဖြစ်ပြီး၊ တရားရေးကဏ္ဍမှာဆိုရင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ အဂတိကင်းစင်ခြင်း၊ ပြည်သူများကို အကာအကွယ်ပြုတဲ့ တရားရေးစနစ်ဖော်ဆောင်ခြင်းတို့ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကကောင်းစွာသိရှိမှသာ ထိန်းညှိခြင်းကို ပီပြင်စွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးမှာ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများဖြစ်သည့် စိတ်ရှည်သီးခံခြင်း၊ သဘောထားကြီးစွာဖြင့်ညှိနှိုင်း အဖြေရှာခြင်းတို့ကို ကျင့်သုံးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ၂၀၁၈ခုနှစ်မှာ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး (၅)ကြိမ်ကျင်းပရာမှာ ယခု(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဟာ ၂၀၁၈ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ကျင်းပတဲ့ အစည်းအဝေးဖြစ်ပါတယ်။ လာမည့်အနီးကပ်ဆုံး ကျင်းပမည့် အစည်းအဝေးဟာ ၂၀၁၉ခုနှစ်မှာဖြစ်တဲ့အတွက်မင်္ဂလာရှိသော နှစ်သစ်အခါ သမယမှာကျွန်တော်တို့တစ်တွေ စုံစုံလင်လင် ပြန်ဆုံတွေ့ကြပြီး၊ လူသစ်၊ စိတ်သစ်၊ အင်အားသစ်တို့ဖြင့် လွှတ်တော်တာဝန်များကို ဆက်လက်ထမ်းဆောင်ကြပါစို့ဟု ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပ ပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်မှ နတ်တော်လဆန်း ၁၁ ရက်ထိ

## (ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ဒီဇင်ဘာလ ၁၈ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များ

**ပထမနေ့ (၁၂-၁၂-၂၀၁၈) ဗုဒ္ဓဟူးနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦး၊ တက်ရောက်သူ (၁၂၂)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ **"ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်း"** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ **"နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား ပေါင်းစပ်၍ "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန"အဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း သဝဏ်လွှာ"** ကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသိန်း (ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး)နှင့် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၊ အဖွဲ့ဝင်)တို့ အသီးသီးကွယ်လွန်အနိစ္စရောက်ရှိသဖြင့် တင်သွင်းသော ဝမ်းနည်းကြောင်း အဆို"** အား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

**ဒုတိယနေ့ (၁၃-၁၂-၂၀၁၈) ကြာသပတေးနေ့**

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦး၊ တက်ရောက်သူ (၁၂၄)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

**တတိယနေ့ (၁၄-၁၂-၂၀၁၈) သောကြာနေ့**

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦး၊ တက်ရောက်သူ (၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်မြို့များပေါ်ရှိ လူနေအိမ်မြေကွက်များနှင့် မြေကွက်များဂရန်သစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်းများကို စီမံချက်တစ်ရပ်ဖြင့်ဆောင်ရွက်ပေးရန် အစိုးရအားတိုက်တွန်းကြောင်း"**ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**စတုတ္ထနေ့ (၁၇-၁၂-၂၀၁၈) တနင်္လာနေ့**

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦး၊

တက်ရောက်သူ (၁၁၆)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော **"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေပြင်ဆင်ချက်"**ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ၏ အစီရင်ခံစာ"** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

**ပဉ္စမနေ့ (၁၈-၁၂-၂၀၁၈) အင်္ဂါနေ့**

၁၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦး၊ တက်ရောက်သူ (၁၁၄)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ၌ **"တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရေးရာကော်မတီဝင်များ အစားထိုး၊ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်း"**ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **"ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများ"**အား ရှင်းလင်းတင်ပြသည်။